http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနီရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၆ )



အရှင်ဂုဏိန္ဒ
သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

1000

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၆ )




**အရှင်ဂုဏိန္ဒ**

သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဇမ္ဗူကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၆ )




အရှင်ကုထိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနိုင်ရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂ ⁂

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲပေါက်
- ရဲရဲလျှောက်
- ရဲရဲပေါ
- ရဲရဲပြော
- ရဲရင့် အနိုင်ရောင် သဘော။

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိမ်ဆောင်
# ဆင်ဖြူတောင် တရားတော်များ

## အမှတ် (၆)


အရှင်ဂုဏိန္ဒ

သာသနဝေဓမ္မာစရိယ

ဆင်ဖြူတောင်စာသင်တိုက်

၁၀/တောင်ရပ်ကွက်

(၁၀၈) တောင်ဘုရားအတွင်း

သာကေတ၊ ရန်ကုန်

ဖုန်း – ၀၁/၅၄၀၈၅၀

http://www.dhammadownload.com


သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဦးဇာနည်ဝင်း (ညွှန်ကြားရေးမှူး)

၏

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်

စာအမှတ် ၁၁၉/၁ (ပုံနှိပ်)/သသန- ၀၇

ခွင့်ပြုချက်အရ

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၄၀-လမ်း(အပေါ်)

သင်္ဂဟပုံနှိပ်တိုက်တွင်

ပုံနှိပ်ထုတ်ဝေသည်။

**ဖြန့်ချိရေး**

သစ္စာမဏ္ဍိုင်စာပေ

ရွှေတိဂုံဘုရားတောင်ဘက်မုခ်။

အုပ်ရေ - ၁၀၀၀

http://www.dhammadownload.com

# အမှာစကား

စာရေးသူသည် ဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ အမှတ် (၆)၌ တရားတော်ပုဒ်ရေ (၂၅)ပုဒ် ရေးသားထားပါသည်။

တရားတော်များကို ရေးသားရာ၌ ကြည့်ရှုမှတ်သားဟောကြားရာတွင် လွယ်ကူစေရန် စိတ်ရည်သန်ကာ ပါဠိတော်များကို မပါဝင်စေဘဲ မြန်မာလို ရေးသားလိုက်ပါသည်။

မူရင်းမှီရာ ပါဠိတော်များကို ကျက်မှတ်ဟောကြားလိုသူ ပါဠိပညာရှင်များအတွက် ပါဠိတော်နောက်ဆက်တွဲကို ရှေ့က တရားတော် အစဉ်အတိုင်း ဖော်ပြထားပါသည်။

လိုအပ်မည်ထင်သော နေရာများ၌ ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ ကောက်နုတ်ချက်များကိုပါ ဖော်ပြထားပါသည်။

ဟောကာပြောကာ သာသနာပြုနိုင်ကြပါစေဟု ပတ္တနာဆု အခါခါပြုလျက်.....

အရှင်ဂုဏိန္ဒ
ဆင်ဖြူတောင်စာသင်တိုက်
သာကေတ ... ရန်ကုန်။
ဖုန်း - ၅၄၀၈၅၊ ၀၉၅၁၄၂၄၆၁

http://www.dhammadownload.com

# မာတိကာ

၁။ ပဌမသမဇိဝိသုတ္တန် ၁
(အေးအေးချမ်းချမ်း ဘဝလမ်း)
* မင်္ဂလာဆောင်၊ မင်္ဂလာအထိမ်းအမှတ်ကုသိုလ်ပြုပွဲတိုင်းဟော

၂။ ဝေယျာဝစ္စကဗ္ဗေရအပဒါန ၉
(ကူညီဆောင်ရွက်+ကောင်းကျိုးဆက်)
* ဝေယျာဝစ္စကူညီလုပ်အားပေးပွဲတိုင်းဟော

၃။ မဂ္ဂဒါယကတ္ထေရအပဒါန ၁၄
(ဘုရားလမ်းပြင် စိတ်ကြည်လင်)
* လမ်းပြင်၊ လမ်းလှူပွဲဟော

၄။ သတ္တုဿဒတာလက္ခဏံ ၁၈
(ပြည့်ဖြိုးလှပ မြတ်ဗုဒ္ဓ)
* ဆွမ်းကပ်ပွဲတိုင်း၊ အနေကဇာတင်စသော ဘုရားပွဲတိုင်းဟော

၅။ သုဝဏ္ဏဝဏ္ဏလက္ခဏံ ၂၁
(ရွှေရောင်အဆင်း ဝင်းဝင်းဝါဝါ)
* သင်္ကန်းလှူပွဲတိုင်း၊ အခင်း, အရုံ, အခြုံလှူပွဲတိုင်း၊
ဆွမ်းကပ်ပွဲတိုင်းဟော

၆။ သမ္ဗုဒ္ဓီဘာဝသုတ္တန် ၂၉
(အရေးကြီးတာ မြတ်သဒ္ဓါ)
* ဒါန, သီလ, ဘာဝနာပွဲတိုင်းဟော

http://www.dhammadownload.com

၇။ ပဏ္ဍိတသုတ္တန် ၃၅
(ချိုးမွှမ်းပညတ် ကုသိုလ်မြတ်)
* ဒါနပွဲတိုင်း၊ ရဟန်းခံ၊ ရှင်ပြု၊ သိက္ခာထပ်ပွဲတိုင်း၊
မိဘကျေးဖူးဆပ်ပွဲတိုင်း၊ မိဘရည်စူးကုသိုလ်ပြုပွဲတိုင်းဟော။

၈။ ကောသနဒါယကတွေ့ရအပဒါန ၅၇
(နေရာလှူက နေရာရ)
* သိမ်, ကျောင်း, ဇရပ်, တန်ဆောင်း၊ စားပွဲ၊ ကုလားထိုင်၊
ခုင္ဒုံ၊ ဖျာ၊ သင်ဖြူး၊ နေရာထိုင်အခင်း လှူပွဲတိုင်းဟော။

၉။ ဝိဟာရာနုမောဒန ၆၇
(သိမြင်ဓမ္မ ငြိမ်းအေးရ)
* သိမ်၊ ကျောင်း စသော နေရာလှူပွဲတိုင်းဟော။

၁၀။ မာရဝတ္ထုလာ ဂါထာ့တစ်ပုဒ် ၇၆
(ယုံကြည်ချမ်းသာ မင်္ဂလာ)
* ပစ္စည်းလေးပါး လှူပွဲတိုင်း၊ ဒါ, သီ, ဘာ ပွဲမျိုးစုံဟော။

၁၁။ ဒါနဝဂ်လာ ဒါန (၂) မျိုး ၈၃
(အလှူအားလုံး အသာဆုံး)
* စာအုပ်လှူပွဲတိုင်း၊ ပညာရေးဆိုင်ရာ ကူညီအားပေးပွဲတိုင်းဟော။

၁၂။ မဏိဘဒ္ဒသုတ် ၈၇
(ချမ်းသာရအောင် သတိဆောင်)
* တရားအားထုတ်ပွဲတိုင်း၊ ကရုဏာပွဲတိုင်း၊ မေတ္တာပွဲတိုင်း၊ အများအကျိုး
သည်ပိုးဆောင်ရွက်ရာ ကူညီအားပေးရာ နေရာတိုင်းဟော။

http://www.dhammadownload.com

၁၃။ မာရဝဏ္ဏလာ ဂါထာတစ်ပုဒ် ၉၇
(သုခချမ်းသာ မင်္ဂလာ)
* မိဘကျေးဇူးဆပ်ပွဲတိုင်း၊ မိဘများရည်စူးပြီး ကုသိုလ်ပြုပွဲတိုင်း၊ ရတနာသုံးပါးပူဇော်ပွဲတိုင်းဟော။

၁၄။ ဘီတာသုတ္တန် ၁၀၆
(ဘဝခုနှောင် အလင်းရောင်)
* ဒါ၊ သီ၊ ဘာ ပွဲတိုင်း၊ မွေးနေ့ပွဲတိုင်းဟော။

၁၅။ အရဟံဂုဏ်တော်ဖွင့် ၁၁၄
(ပုံတော်၊ ဂုဏ်တော် + တွဲပူဇော်)
* ဘုရားပွဲတိုင်း၊ အနေကဇာတင်ပွဲ၊ ဘုရားပူဇော်ပွဲ၊ ဘုရားဖူးပွဲဟော။

၁၆။ မွေးနေ့အစစ် မွေးနေ့ချစ် ၁၂၁
* မွေးနေ့ပွဲတိုင်းဟော

၁၇။ အဂ္ဂပ္ပသာဒသုတ်လာ ဂါထာတစ်ပုဒ် ၁၂၈
(မွေးနေ့ကောင်းကျိုး အမြဲတိုး)
* မွေးနေ့ပွဲနှင့် ဒါ၊ သီ၊ ဘာ ပွဲမျိုးစုံဟော။

၁၈။ မိဂိယာဘိနီသုတ္တန် ၁၃၂
(ကျေးဇူးသိတတ် ကျေးဇူးဆပ်တာ ရတနာ)
* အနန္တငါးပါး ပူဇော်ပွဲ၊ ကျေးဇူးဆပ်ပွဲတိုင်းဟော။

၁၉။ အဘိဏှပစ္စဝေက္ခိတဗ္ဗဋ္ဌာနသုတ်၊ တိရောကုဋ္ဋပေတဝတ္ထု ၁၃၆
(ဖြေ၊ ဝေ၊ အမျှ ကောင်းကျိုးရ)
* အသုဘနာရေးပွဲတိုင်း၊ ရည်စူးကုသိုလ်ပြုပွဲတိုင်းဟော။

http://www.dhammadownload.com

၂၀။ သပ္ပုရိသဒါနသုတ္တန် ၁၄၂
(ကောင်းသောအလှူ ကောင်းသောလူ)
* ရဟန်းခံ, ရှင်ပြု ကုသိုလ်ပွဲတိုင်း၊ ဝါဆို, ကထိန် သင်္ကန်းကပ်လှူပွဲတိုင်း၊ မွေးနေ့ပွဲတိုင်း (ကာလဒါန ကုသိုလ်ပွဲတိုင်း) ဟော။

၂၁။ မဟာသုတသောမဇာတ် ၁၅၈
(မွေးနေ့ဆင်ခြင် မွေးနေ့ရှင်)
* မွေးနေ့ပွဲတိုင်း၊ ဒါ, သီ, ဘာ ပွဲတိုင်း၊ ပွဲမျိုးစုံဟော။

၂၂။ အနဗ္ဗရာယိက ဓမ္မကထာ ၁၆၅
(အန္တရာယ်မပြု ဂုဏ်လေးခု)
* အန္တရာယ်ကင်း ကုသိုလ်ပြုပွဲတိုင်း၊ ဘုရားအနေကဇာတင်၊ အိမ်သစ်တိုက်သစ်တက်၊ ဆိုင်သစ်ဖွင့်ပွဲ၊ နေရာအသစ်ဖွင့်ပွဲ၊ မြေသန့်, နေရာသန့်ပွဲတိုင်းဟော။

၂၃။ ဗူဠသုဂန္ဓတ္ထေရအပဒါန ၁၇၂
(ဘဝတစ်ခု အလှစု)
* ဒါ, သီ, ဘာ ပွဲမျိုးစုံဟော။

၂၄။ အာလောကသုတ် ၁၇၈
(အရောင်အားလုံး အသာဆုံး)
* တရားလှူပွဲတိုင်း၊ စာအုပ်လှူပွဲတိုင်း၊ ပညာရေးအားပေးပွဲတိုင်း၊ ဂုဏ်ပြုပူဇော်ပွဲတိုင်းဟော။

၂၅။ မာရဝတ္ထု ၁၈၆
(သုခချမ်းသာ မင်္ဂလာ)
* မိဘ, ဆရာသမား၊ မိတ်ကောင်း, ဆွေကောင်းများ ပူဇော်ပွဲ၊ ရည်စူးကုသိုလ်ပြုပွဲတိုင်း၊ ပွဲမျိုးစုံဟော။

http://www.dhammadownload.com

http://www.dhammadownload.com



## "အေးအေးချမ်းချမ်း ဘဝလမ်း"
## တရားတော်

ဒီနေ့ မင်္ဂလာမောင်မယ်တွေ ဖြစ်ကြတဲ့ မောင် (　　) မ (　　)တို့ရဲ့ မင်္ဂလာပွဲမှာ ဟောကြားမည့်တရားတော်က "အေးအေးချမ်းချမ်း ဘဝလမ်း" တရားတော်တဲ့။

ဘာတရားတဲ့လဲ? (အေးအေးချမ်းချမ်းဘဝလမ်း တရားတော်ပါဘုရား)

မင်္ဂလာဆောင်ကြတဲ့ မင်္ဂလာမောင်မယ်တွေရဲ့ ဘဝခရီးလမ်းမှာ အစစအရာရာ အဆင်ပြေပြီးတော့ အေးအေးချမ်းချမ်းဖြစ်စေချင်တယ်။

ဒါ့ကြောင့် ဒီတရားလေးကို ရွေးပြီးတော့ ဟောကြားခြင်းဖြစ်တယ်။

ဘဝခရီးလမ်း အေးအေးချမ်းချမ်းဖြစ်ဖို့အတွက် စကားသုံးခွန်းကို လိုက်နာကျင့်ကြံရမယ်။ အဲဒီစကားလေး သုံးခွန်းကတော့ -

### ညီညီလျှောက်လှမ်း ဘဝလမ်း

၁။　ညီညီလျှောက်တဲ့၊ ဘာတဲ့လဲ? (ညီညီလျှောက်ပါဘုရား)

ညီညီလျှောက်ဆိုတာ နှစ်ကိုယ်ကို တစ်ကိုယ်ပေါင်း၊ နှစ်စိတ်ကို တစ်စိတ်ပေါင်းပြီးတော့ ဘဝခရီးလမ်း လျှောက်လှမ်းကြတဲ့အခါမှာ သူ့မိဘ၊ ကိုယ့်မိဘ၊ သူ့ဆရာ၊ ကိုယ့်ဆရာ၊ သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုး၊ သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေတွေရဲ့ အပေါ်မှာ ယေတာ၊ ကျွေးတာ၊ လှူတာတန်းတာတွေ အညီအမျှ ဖြစ်ဖို့ လိုတယ်လို့ ဆိုလိုတာပါ။

http://www.dhammadownload.com



သူ့ဖက်၊ကိုယ့်ဖက် အညီအမျှ ထည့်တွက်ဖို့ လိုတယ်။ အညီအမျှ ငဲ့ကွက်ဖို့ လိုတယ်။ အဲဒီလို သူ့ဖက်၊ကိုယ့်ဖက် အညီအမျှ ထည့်တွက်၊ ငဲ့ကွက်တဲ့ အိမ်ထောင်ရေးဟာ သာယာစိုပြေတယ်၊ အေးချမ်းတယ်။ "သိကြားမင်း ဆင်းဖျက်လို့ မပျက်နိုင်ပေါင်"ဆိုတဲ့ အိမ်ထောင်ရေးဟာ ညီညီလျှောက်လှမ်းတဲ့ အိမ်ထောင်ရေးကို ဆိုလိုတာပါပဲ။

အမျိုးသားကလည်း အမျိုးသမီးဖက်၊ အမျိုးသမီးကလည်း အမျိုးသားဖက်ကို ထည့်တွက်၊ ငဲ့ကွက်ပြီးတော့ ဘဝခရီးလမ်းကို ညီညီလျှောက်လှမ်းမယ်ဆိုရင် အဲဒီ အိမ်ထောင်ရေးဟာ ဘယ်တော့မှ မကွဲမအက်ပါဘူး။ ဘယ်တော့မှ မပြိုမပျက်ပါဘူး။

ကိုယ့်ဖက်ကိုတော့ ထည့်တွက်တယ်၊ ငဲ့ကွက်တယ်။ သူ့ဖက်ကိုတော့ ထည့်မတွက်ဘူး၊ မငဲ့ကွက်ဘူးဆိုရင် အဲဒီအိမ်ထောင်ရေးမျိုးဟာ ကွဲတတ်တယ်၊ အက်တတ်တယ်၊ ပျက်တတ်တယ်။

ဒါ့ကြောင့် ဒီနေ့ မင်္ဂလာမောင်မယ်တွေကို မှာချင်တာကတော့ သူ့ဖက်၊ ကိုယ့်ဖက်ထည့်တွက် ငဲ့ကွက်ပြီးတော့ ညီညီလျှောက်ပါလို့ မှာချင်ပါတယ်။

ဒါကတော့ လောကဝတ် (လောကရေး) အနေနဲ့ ညီညီလျှောက်နိုင်းတာပါ။

ဓမ္မရေးအနေနဲ့လည်း ညီညီလျှောက်ဖို့ လိုပါသေးတယ်။ မင်္ဂလာမောင်မယ် နှစ်ဦးလုံး သဒ္ဓါရှိဖို့ လိုတယ်၊ သီလရှိဖို့လိုတယ်၊ စာဂရှိဖို့လိုတယ်၊ အသိဉာဏ် ပညာရှိဖို့လိုတယ်။

အဲဒီလို လောကရေး၊ ဓမ္မရေးအနေနဲ့ ညီညီလျှောက်လှမ်းတဲ့ အိမ်ထောင်ရေးဟာ သာယာတယ်၊ ငြိမ်းချမ်းတယ်၊ စိမ်းလန်းတယ်၊ စိုပြေတယ်။

ကဲ…ကဗျာလေးတွေလိုက်ဆို–

* သူ့ဖက်ကိုယ့်ဖက်၊ ထည့်ကာတွက်၊ မကွဲမအက်ပါ။
* သူ့ဖက်ကိုယ့်ဖက်၊ ငဲ့ကာကွက်၊ မကွဲမအက်ပါ။
* သူ့ဖက်ကိုယ့်ဖက်၊ ထည့်မတွက်၊ ကွဲကြအက်ကြမှာ။
* သူ့ဖက်ကိုယ့်ဖက်၊ မငဲ့ကွက်၊ ကွဲကြအက်ကြမှာ။
* ညီညီလျှောက်လှမ်း၊ ဘဝလမ်း၊ အေးချမ်းအောင်မြင်မှာ။

http://www.dhammadownload.com



## ကြည်ကြည်လျှောက်လှမ်းဘဝလမ်း

နောက်နံပါတ် (၂) စကားတစ်ခွန်းကတော့ ကြည်ကြည်လျှောက်တဲ့၊ ဘာတဲ့လဲ? (ကြည်ကြည်လျှောက်ပါဘုရား)

ကြည်ကြည်လျှောက်ဆိုတာ မေတ္တာကိုပြောတာ။ မေတ္တာဆိုတာ ရေကြည်ရေအေးနဲ့ တူတယ်။ အမျိုးသားက အမျိုးသမီးအပေါ်မှာ အမျိုးသမီးက အမျိုးသားအပေါ်မှာ မေတ္တာရေကြည်ရေအေးလေး ပက်ဖျန်းပြီးတော့ ပြုစုယုယမယ်၊ ပြောမယ်,ဆိုမယ်၊ ကြံစည်တွေးတောမယ်ဆိုရင် အဲဒီ အိမ်ထောင်ရေးဟာ သာယာမယ်၊ ငြိမ်းချမ်းမယ်၊ စိမ်းလန်းမယ်၊ စိုပြေမယ်။

## စိတ်မကောက်ရေး သတိပေး

ဒီနေရာမှာ ရွာတစ်ရွာက ဇနီးမောင်နှံနှစ်ယောက် အကြောင်းလေး ပြောပြချင်သေးတယ်။ ယောကျ်ားက သူ့ဇနီးကို သိပ်ချစ်တယ်။ သိပ်ချစ်တော့ အခြားအမျိုးသားတွေနဲ့ ရောရောနှောနှောနေထိုင်တာ၊ ပြောတာ,ဆိုတာတွေ မကြိုက်ဘူး။ သဝန်တိုတယ်ဆိုပါတော့ အဲဒီလို ရောရောနှောနှော ပြောဆိုနေထိုင်တာတွေ တွေ့မြင်ရပြီဆိုရင် ယောကျ်ားက သူ့ဇနီးကို စိတ်ကောက်ပြီး စကားမပြောတော့ဘူးတဲ့။ မိန်းမကက သူ့ယောကျ်ားအထာကို သိပြီးတော့ သူ့ယောကျ်ားကို ဒီလိုပြောပြီး ချော့လိုက်တယ်တဲ့။ အဲဒီ ချော့တဲ့စကားလေးကို မင်္ဂလာမယ် မ (   )က သေသေချာချာ မှတ်ထားနော်။ (မှန်လှပါဘုရား)

အဲဒီစကားလေးကတော့ "ယောကျ်ားဆိုတာ စိတ်မကောက်ရဘူး"တဲ့။ (အားလုံးရယ်ကြ)

မင်္ဂလာမောင် (   )လည်း မှတ်ထားနော်။ (မှန်လှပါဘုရား)

ဘာတဲ့လဲကွ? (ယောကျ်ားဆိုတာ စိတ်မကောက်ရပါဘုရား)

နောက်ပြီး ဆက်ပြောသေးတယ်။ မောင်ရယ် "စိတ်ကောက်တယ်ဆိုတာ မိန်းမတွေအလုပ်"တဲ့။ (အားလုံးရယ်ကြ)

မင်္ဂလာ မောင် (   ) သေသေချာချာမှတ်နော်။ (မှန်လှပါဘုရား) သဝန်တိုတာ၊ စိတ်ကောက်တာ ဘယ်သူ့ အလုပ်တဲ့လဲ? (မိန်းမတွေအလုပ်ပါဘုရား)

http://www.dhammadownload.com



ယောကျာ်းဆိုတာ သဝန်မတိုရဘူး။ စိတ်မကောက်ရဘူးလို့ ဆိုလိုတာနော်။ (မှန်လှပါဘုရား)

## နှုတ်မကောက်ရေး သတိပေး

ကဲ…အမျိုးသားအကြောင်းတော့ ပြောပြီးပြီ။ အမျိုးသမီးအကြောင်းလေး ထပ်ပြောရဦးမယ်။

အဲဒီ အမျိုးသမီးလေးကလည်း သူ့ယောကျာ်း စီးပွားရေး သိပ်အဆင်မပြေဘူးဆိုရင် နှုတ်က ပွစိပွစိနဲ့ အမြဲတစေ ပြောနေတတ်တယ်တဲ့။

အဲဒီလို ခဏခဏ အပြောခံရတော့ ယောကျာ်းက သူ့ဇနီးကို ဆုံးမတဲ့ သဘောနဲ့ ဒီလိုပြောလိုက်တယ်တဲ့။

"မိန်းမဆိုတာ နှုတ်မကောက်ရဘူး"တဲ့။ (အားလုံးရယ်ကြ)

ကဲ…မင်္ဂလာ မောင် ( ) သေသေချာချာ မှတ်ထားနော်။ (မှန်လှပါဘုရား)

မင်္ဂလာမယ်ဖြစ်တဲ့ မ ( )က အစစအရာရာ အဆင်မပြေလို့ ပွစိပွစိလုပ်နေရင် ဘယ်လိုပြောမလဲ? (မိန်းမဆိုတာ နှုတ်မကောက်ရပါဘုရား)

မင်္ဂလာမယ်ဖြစ်တဲ့ မ ( ) ကလည်း သေသေချာချာမှတ်ထားပါ။ ဒီစကားလေးတွေဟာ လက်တွေ့ဘဝမှာ တကယ်အသုံးဝင်တဲ့၊ အသုံးကျတဲ့ လိုက်နာဖွယ်ရာ စကားလေးဖြစ်လို့ ထည့်ပြီးပြောနေတာပါ။

အဲဒီရွာတစ်ရွာက ဇနီးမောင်နှံနှစ်ယောက်အကြောင်းကို ကောက်ချက်ချ လိုက်တော့ ယောကျာ်းဆိုတာ စိတ်မကောက်ရဘူး။ မိန်းမဆိုတာ နှုတ်မကောက် ရဘူး (ပွစိ ပွစိ မလုပ်ရဘူး) ဒီလိုနော်။ (မှန်လှပါဘုရား)

ကဲ…ကဗျာလေးလိုက်ဆို -

* ကြည်ကြည်လျှောက်လှမ်း၊ ဘဝလမ်း၊ အေးချမ်းအောင်မြင်မှာ။

## တည်တည်လျှောက်လှမ်း ဘဝလမ်း

နောက်နံပါတ် (၃) စကားတစ်ခွန်းကတော့ တည်တည်လျှောက်တဲ့၊ ဘာတဲ့လဲ? (တည်တည်လျှောက်ပါဘုရား)

http://www.dhammadownload.com



တည်တည်လျှောက်ဆိုတာ သစ္စာကို ပြောတာ။ "တစ်ယောက်ကို တစ်ယောက်၊ ပိတောက်ဆို ပိတောက်" ဆိုတဲ့အတိုင်း အမျိုးသားက အမျိုးသမီးရဲ့အပေါ်မှာ၊ အမျိုးသမီးက အမျိုးသားရဲ့အပေါ်မှာ သစ္စာတရား အပြည့်အဝနဲ့ တည်တည်လျှောက်ရမယ်လို့ ဆိုလိုတာပါပဲ။

## ရင်းနှီးကျွမ်းဝင် ဂုဏ်ထူးရှင်

ဒီနေရာမှာ ဘုရားလက်ထက်က ဇနီးမောင်နှံ နှစ်ယောက်အကြောင်းကို ပြောပြလိုပါသေးတယ်။ ဘုရားလက်ထက်က ဘုရားရှင်နဲ့ ရင်းနှီးအကျွမ်းဝင်တဲ့ နေရာမှာ ဧတဒဂ်ဂုဏ်ထူးရရှိတဲ့ နကုလပိတာ၊ နကုလမာတာ တို့အကြောင်းပါ။ (အံ။ ပါ၊ ၁၊ ၃၇၂)

## ဘေသကဠာ နေတော်ခါ

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားကောင်တွေကို ဘေးမဲ့ပေးရာ ဘေသကဠာတောမှာ သီတင်းသုံးနေတော်မူပါတယ်။

## နကုလပိတာ လျှောက်ထားလွှာ

အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ နံနက်ပိုင်း အချိန်မှာ သင်္ကန်းကိုပြင်ဝတ်ပြီး သပိတ်သင်္ကန်းကို ယူကာ နကုလပိတာသူကြွယ်အိမ်ကို ကြွတော်မူပါတယ်။ ခင်းထားတဲ့ နေရာမှာ ထိုင်တော်မူပါတယ်။

အဲဒီအချိန်မှာ နကုလပိတာ သူကြွယ်နှင့် နကုလမာတာ သူကြွယ်မတို့ဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ကြပြီး ရှိခိုးကာ တစ်နေရာမှာ ထိုင်နေတဲ့ နကုလပိတာ သူကြွယ်က မြတ်စွာဘုရားကို "အရှင်ဘုရား၊ တပည့်တော်ဟာ ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတာ သူကြွယ်မကို ထိမ်းမြားယူဆောင်ခဲ့ချိန်မှ စပြီးတော့ စိတ်နဲ့တောင်မှ နကုလမာတာသူကြွယ်မကို လွန်ကာ ကျင့်မိတယ်ရယ်လို့ တပည့်တော် မသိစဖူးပါ။ ကိုယ်နဲ့ကတော့ ပြောဆိုဖို့ မလိုတော့ပါဘုရား။ တပည့်တော်တို့ နှစ်ယောက်လုံး ခုဘဝမှာလည်း အချင်းချင်းတွေ့မြင်လို

http://www.dhammadownload.com



ကြပါတယ်။ နောင်တမလွန်ဘဝမှာလည်း အချင်းချင်း တွေ့မြင်လိုကြပါတယ်ဘုရား''လို့ လျှောက်ထားပါတယ်။

အဲဒီ လျှောက်ထားချက်ကလေးကို မင်္ဂလာမောင်ဖြစ်တဲ့ မောင် ( )က နည်းယူပြီး လိုက်နာကျင့်သုံးပါ။ မိမိအမျိုးသမီးရဲ့အပေါ်မှာ သစ္စာတရား အပြည့်အဝနဲ့ တည်တည်လျှောက်ပုံလေး ဖြစ်ပါတယ်။

## နကုလမာတာ လျှောက်ထားလွှာ

အဲဒီလို နကုလပိတာက လျှောက်ထားပြီးတဲ့အခါမှာ နကုလမာတာ သူကြွယ်မကလည်း အားကျမခံ လျှောက်ထားပါတယ်။

မြတ်စွာဘုရားကို ''အရှင်ဘုရား၊ နကုလပိတာ သူကြွယ်ဟာ ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ တပည့်တော်မကို ထိမ်းမြားယူဆောင်ခဲ့ချိန်မှ စပြီးတော့ စိတ်နဲ့တောင်မှ နကုလပိတာ သူကြွယ်ကို လွန်ကာ ကျင့်မိတယ်ရယ်လို့ တပည့်တော်မ မသိပါဘူး။ ကိုယ်နဲ့ကတော့ ပြောဆိုဖွယ် မလိုတော့ပါဘုရား။ အရှင်ဘုရား တပည့်တော်တို့ဟာ ယခုဘဝမှာလည်း အချင်းချင်း တွေ့မြင်လိုကြပါတယ်။ နောင်တမလွန်ဘဝမှာလည်း အချင်းချင်း တွေ့မြင်လိုကြပါတယ်ဘုရား''လို့ လျှောက်ထားပါတယ်။

အဲဒီ လျှောက်ထားချက်ကို မင်္ဂလာမယ်ဖြစ်တဲ့ မ ( )က နည်းယူပြီး လိုက်နာကျင့်သုံးပါ။ မိမိအမျိုးသားရဲ့အပေါ်မှာ သစ္စာတရား အပြည့်အဝနဲ့ တည်တည် လျှောက်ပုံလေး ဖြစ်ပါတယ်။

အဲဒီလို တစ်ယောက်ရဲ့အပေါ်မှာ တစ်ယောက်က သစ္စာတရားနဲ့ တည်တည်လျှောက်မယ်ဆိုရင် အဲဒီ အိမ်ထောင်ရေးဟာ သာယာငြိမ်းချမ်း စိမ်းလန်းစိုပြေကာ အစစအရာရာ အဆင်ပြေအောင်မြင်မှာ သေချာပါတယ်။

ကဲ...ကဗျာလေးလိုက်ဆို -

* တည်တည်လျှောက်လှမ်း၊ ဘဝလမ်း၊ အေးချမ်း အောင်မြင်မှာ။

## ခုနောင်တွေ့ကြောင်း တရားကောင်း

အဲဒီလို လျှောက်ထားကြတဲ့ နကုလပိတာနဲ့ နကုလမာတာ သူကြွယ်မတို့ကို ဘုရားက ဆက်ပြီးတော့ တရားဟောပါတယ်။ ဟောတဲ့တရားကတော့

http://www.dhammadownload.com



ခုနှောင်ဘဝ တွေ့မြင်ရကြောင်း တရားကောင်းပါ။ ဒါယကာတို့၊ ဇနီး မောင်နှံ နှစ်ဦးဟာ ခုဘဝ,နောင်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးမှာ တွေ့မြင်ချင်တယ်ဆိုရင် နှစ်ဦးလုံးဟာ -

၁။ ယုံကြည်မှု သဒ္ဓါ တူညီရမယ်၊
၂။ ကိုယ်ကျင့်သီလ တူညီရမယ်၊
၃။ စွန့်ကြဲမှုစာဂ တူညီရမယ်၊
၄။ အသိဉာဏ်ပညာ တူညီရမယ်လို့ ဟောကြားတော်မူပါတယ်။

## စံပြဇနီးမောင်နှံ ဖြစ်စေရန်

လင်မယားနှစ်ယောက်လုံးဟာ သဒ္ဓါတရားနဲ့လည်း ပြည့်စုံရမယ်၊ အလှူခံပုဂ္ဂိုလ်တွေရဲ့ စကားအဓိပ္ပာယ်ကိုလည်း သိရမယ်၊ ကိုယ်,နှုတ်,နှလုံးကို လည်း စောင့်စည်းကြရမယ်၊ စကားပြောတဲ့အခါမှာလည်း ချစ်စဖွယ်ကောင်း တဲ့ စကားလေးတွေကိုပဲ ရွေးချယ်ပြီးတော့ ပြောကြားရမယ်၊ တရားနဲ့အညီ အသက်မွေးကြရမယ်။

(ဒီအချက်အလက်ကောင်းတွေဟာ စံပြဇနီးမောင်နှံတွေဖြစ်ရေး နည်းလမ်း ပေးထားတဲ့ အချက်အလက်ကောင်းတွေ ဖြစ်တယ်။)

## ကောင်းကျိုးစီးပွား များပြားချမ်းသာ

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ အရာရာတူမျှတဲ့ လင်မယားတွေမှာ ကောင်းကျိုးစီးပွား အစားအစာတွေ များပြားနေမှာပါပဲ။ ချမ်းချမ်းသာသာ နေကြရမှာပါပဲ။ အဲဒီလို စံပြဇနီးမောင်နှံတွေ ကြည့်ပြီးတော့ ရန်သူတွေတောင် မကျေမနပ်ဖြစ်နေမှာ သေချာပါတယ်။

## တရားကျင့်က လိုတရ

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ အရာရာတူမျှတဲ့ လင်မယားတွေဟာ ဒီဘဝမှာ တရားကျင့်ကြတဲ့အတွက် နတ်ရွာလောကဘုံဘဝမှာ ကာမတရား

http://www.dhammadownload.com



အစားစား အဖုံဖုံ လိုတိုင်း၊တတိုင်း ရကြကုန်ပြီးတော့ နှစ်သက်မွေ့လျော် ပျော်ရမှာ ဖြစ်တယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။ (အံ၊ ပါ၊ ၁၊ ၃၇၃)

ဒီနေ့ မင်္ဂလာမောင်မယ်တွေ အဓိကအနေနဲ့ လိုက်နာဖွယ်ရာ စကားသုံးခွန်းကို အသိဉာဏ်ပေးတဲ့တရားက ဘာတရားတဲ့လဲ? (အေးအေး ချမ်းချမ်းဘဂလမ်း တရားပါဘုရား)

ကဲ...ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* ညီညီလျှောက်လှမ်း၊ ဘဝလမ်း၊ အေးချမ်းအောင်မြင်မှာ။
* ကြည်ကြည်လျှောက်လှမ်း၊ ဘဝလမ်း၊ အေးချမ်းအောင်မြင်မှာ။
* တည်တည်လျှောက်လှမ်း၊ ဘဝလမ်း၊ အေးချမ်းအောင်မြင်မှာ။

ဒီနေ့ မင်္ဂလာမောင်မယ်တွေဖြစ်ကြတဲ့ မောင်(   ) မ (   )တို့ ညီညီ၊ ကြည်ကြည်တည်တည် လျှောက်နိုင်ကြပါစေ။

* * *

http://www.dhammadownload.com



စုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်
သုတ္တဝဂ်၊ ဝေယျာဝစ္စကတ္ထေရအပဒါန်ကို တန်ဆာဆင်၍
ဟောကြား ပြောကြားအပ်သော

# "ကူညီဆောင်ရွက် + ကောင်းကျိုးဆက်"
## တရားတော်

ဒီနေ့ ဝေယျာဝစ္စဆောင်ရွက်နေကြသူတွေကို အသိဉာဏ်ပေးမည့် တရားတော်က ''ကူညီဆောင်ရွက် + ကောင်းကျိုးဆက်''တရားတော်တဲ့။

ဘာတရားတဲ့လဲ? (ကူညီဆောင်ရွက်ကောင်းကျိုးဆက်) တရားတော်ပါ ဘုရား။

### ကုသိုလ်အလုပ် ကူညီလုပ်တာ

ဝေယျာဝစ္စဆိုတာ သူတစ်ပါးရဲ့ ကုသိုလ်အလုပ်တွေကို ကူညီလုပ်ကိုင်ပေးတာကို ဝေယျာဝစ္စလို့ ခေါ်ပါတယ်။

ဝိပဿီမြတ်စွာဘုရားရဲ့ သာသနာတော်မှာ ကုသိုလ်အလုပ်တွေ စုပေါင်းပြီး လုပ်ကြတဲ့ အသင်းအဖွဲ့ ရှိခဲ့တယ်။ အဲဒီအချိန်တုန်းက ဒီဝေယျာဝစ္စက မထေရ် အလောင်း သူတော်ကောင်းဟာ ကိစ္စအားလုံးမှာ ကြောင့်ကြစိုက်ပြီး အမှုကြီး အမှုငယ် အသွယ်သွယ်တွေ ဆောင်ရွက်ခဲ့ဖူးတယ်။

ဒီနေရာလေးကြည့်ပြီးတော့ ဝေယျာဝစ္စဆိုတာ ရတနာသုံးပါး၊ မိဘဆရာသမား အစထားတဲ့ သူတစ်ပါးတွေရဲ့ ကိစ္စအားလုံးမှာ ကြောင့်ကြစိုက်ပြီး အမှုကြီး အမှုငယ် အသွယ်သွယ်တွေကို ဆောင်ရွက်သူလို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါကို ကဗျာလေး စီထားတယ်၊ လိုက်ဆိုကြပါ။

* အမှုကြီးငယ်၊ အသွယ်သွယ်ကို၊ တကယ်နေ့ည၊ မမေ့ကြဘဲ၊ ကြောင့်ကြစိုက်သူ၊ ဆောင်ရွက်သူကို၊ မှတ်ယူသေချာ၊ ဝေယျာဝစ္စ ခေါ်ဆိုရ၏။

ဒီမထေရ်အလောင်း သူတော်ကောင်းလေးလုပ်ခဲ့တာ ဘာအလုပ်လဲ? (ဝေယျာဝစ္စအလုပ်ပါဘုရား)

## အဆင့်နိမ့်သူ ဘယ်လိုလူ

တချို့က ဝေယျာဝစ္စလုပ်ရမှာ ဖျင်းကြတယ်။ တချို့ကြတော့လည်း ဝေယျာဝစ္စလုပ်ရတာကို အဆင့်နိမ့်တယ်၊ အောက်တန်းကျတယ် ထင်တတ်ကြတယ်။ အမှန်ကတော့ ဝေယျာဝစ္စလုပ်တာဟာ အဆင့်အတန်းမြင့်တဲ့ အလုပ်ဖြစ်ပါတယ်။ တချို့လူတွေက ဝေယျာဝစ္စလုပ်သူတွေကို အထင်သေးတတ်ကြတယ်၊ အဲဒီ အထင်သေးသူတွေဟာ တကယ်တော့ အဆင့်နိမ့်သူတွေပါပဲ။

## အဆင့်မြင့်သူ ဘယ်လိုလူ

မိမိကို ကိုးကွယ်ဆည်းကပ်သူတွေထဲမှာ တချို့ အလှူရှင်တွေဟာ ကိုယ်တိုင်ဝေယျာဝစ္စလုပ်သူတွေပါ တွေ့ရပါတယ်။ သူတို့ကို အလှူရှင်လို့တောင် မထင်ရပါဘူး။ တချို့ အလှူရှင်တွေ ပန်းကန်ဆေးတဲ့နေရာသွားပြီး ကူလိုက်ပါဦးမယ်ဆိုပြီး ပန်းကန်တွေ သွားဆေးတာတောင် တွေ့ရပါတယ်။ ဒီအပြုအမူတွေဟာ ကိုယ်တိုင် အဆင့်မြင့်သူတွေဖြစ်ကြောင်း ဖော်ပြနေတာပါပဲ။

တချို့ ဒကာ၊ဒကာမတွေကတော့ အများမလုပ်ချင်တဲ့ ပန်းကန်၊ ခွက်ဆေးတဲ့အလုပ် တပည့်တော်တို့ လုပ်မယ်ဆိုပြီး ပန်းကန်၊ ခွက်ဆေးတဲ့ နေရာသွားပြီး လုပ်ကိုင်တာတွေ တွေ့ရပါတယ်။ ဒီနေရာလေးကို ကြည့်ပြီး ကောက်ချက်ချရမယ်ဆိုရင်တော့ သူများမလုပ်ချင်တဲ့ ဝေယျာဝစ္စတွေကို ရွေးပြီး လုပ်ကိုင်သူတွေဟာ တကယ့်အဆင့်မြင့်သူတွေလို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



## ကြည်လင်ခြေတော် ရှိခိုးမျှော်

ဒီဝေယျာဝစ္စက မထေရ်အလောင်း သူတော်ကောင်းလေး သူ့မှာ လှူဖွယ် ဝတ္ထုပစ္စည်း ဘာမှ မရှိပါဘူးတဲ့။

ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ သီလက္ခန္ဓစတဲ့ ကျေးဇူးကို ဆည်းပူးပြီးတဲ့ မြတ်စွာဘုရားရဲ့ ခြေတော်တို့ကို အထူးကြည်လင်တဲ့စိတ်နဲ့ ရှိခိုးခဲ့ပါတယ် တဲ့။

## အပါယ်လွတ်ရ ဝေယျာဝစ္စ

ဒီဘဒ္ဒကမ္ဘာမှ ကိုဆယ့်တစ်ကမ္ဘာထက်မှာ သူဟာ အမှုးကြီးငယ် ဆောင်ရွက်ခဲ့တဲ့အခါမှစပြီးတော့ အပါယ်လေးပါးလားရောက်ရတာ မသိဘူး ပါဘူးတဲ့။ ဒီလို အပါယ်လွတ်ရတဲ့ ကောင်းကျိုးဟာ အမှုကြီးငယ် အသွယ်သွယ် ကို ဆောင်ရွက်ရတဲ့ကောင်းကျိုး ဖြစ်ပါတယ်တဲ့။

## ကူညီဆောင်ရွက်ကောင်းကျိုးဆက်

ဒီနေရာလေးကို ကြည့်လိုက်တော့ ဘုရားရဲ့ ဝေယျာဝစ္စအလုပ် ကူညီ ဆောင်ရွက်လုပ်ကိုင်သူ သူ့အတွက် အပါယ်လွတ်တဲ့ကောင်းကျိုးဆက်သွားတာ တွေ့ရတယ်နော်။ (မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ? (ကူညီဆောင်ရွက် ကောင်းကျိုးဆက်တရားတော်ပါဘုရား)

ဒီနေ့ ဝေယျာဝစ္စလုပ်နေသူ ဒကာ၊ဒကာမတွေ ဝမ်းသာရမှာက ဝေယျာ ဝစ္စကုသိုလ်ဆိုတာ အပါယ်လွတ်တဲ့ကုသိုလ်ဖြစ်နေပါလားလို့ ဝမ်းမြောက်ဝမ်းသာ ရမယ်နော်။ (မှန်လှပါဘုရား)

## မင်းမြတ်စကြာ ဖြစ်ရရှာ

ဒီဘဒ္ဒကမ္ဘာမှ ရှစ်ခုမြောက် ကမ္ဘာထက်မှာတော့ ရတနာခုနစ်ပါးနဲ့ ပြည့်စုံပြီး များမြတ်တဲ့ မိုလ်ပါအင်အားရှိတဲ့ "သုစိန္တိတ" ဆိုတဲ့ စကြာဝတေး မင်း ဖြစ်ခဲ့ဖူးတယ်တဲ့။

http://www.dhammadownload.com



## ကူညီဆောင်ရွက် ကောင်းကျိုးဆက်

ကူညီဆောင်ရွက်တဲ့ကုသိုလ်ဟာ စကြာဝတေးမင်းဖြစ်သည်အထိ ကောင်းကျိုးတွေ ဆက်သွားတယ်နော်။ (မှန်လှပါဘုရား)

ကောင်းကျိုးတွဆက်သွားအောင် ဘာလုပ်ရမလဲ? (ကူညီဆောင်ရွက်ရမှာ ပါဘုရား)

## ကူရင်ညီတယ် မှတ်သားဖွယ်

''ကူညီ''ဆိုတဲ့စကားလေးကို စဉ်းစားလိုက်တော့ ကူရင်ညီတယ်၊ ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ်၊ ဟိုဘက်ကျောင်းနဲ့ ဒီဘက်ကျောင်း၊ ဟိုဘက်ရွာနဲ့ ဒီဘက်ရွာ စသဖြင့်ပေါ့။ ကူညီရင် ကူတဲ့အတွက် အစစအရာရာ အဆင်ပြေမယ်၊ အောင်မြင်မယ်၊ ညီမယ်နော်။ (မှန်လှပါဘုရား)

ဒါကြောင့် သူတစ်ပါးရဲ့ ကုသိုလ်အလုပ်တွေကို စိတ်ပါလက်ပါ စေတနာပါပါနဲ့ ကူညီဆောင်ရွက်ကြပါလို့ တိုက်တွန်းပါတယ်။

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင်ရဟန္တာ ဖြစ်ရသည်အထိ ကောင်းကျိုးတွေ ဆက်သွားပါတယ်။

ဝေယျာဝစ္စလုပ်ရတဲ့ကောင်းကျိုးတွေကို အကျဉ်းချုပ်ကြည့်ကြရအောင် -

၁။ အပါယ်လေးပါးလွတ်ရခြင်း၊

၂။ စကြာဝတေးမင်းဖြစ်ရခြင်း၊

၃။ ရဟန္တာဖြစ်ရခြင်းဆိုတဲ့ကောင်းကျိုးတွေ ဖြစ်ပါတယ်။

http://www.dhammadownload.com



ကဲ…ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်-

* အပါယ်လေးဖြာ၊ လွတ်ရတာ၊ ဘယ်အရာကြောင့်လဲ?
အပါယ်လေးဖြာ၊ လွတ်ရတာ၊ ကူညီတာကြောင့်ပါ။
* မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်အရာကြောင့်လဲ?
မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ကူညီတာကြောင့်ပဲ။
* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်အရာကြောင့်လဲ?
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ကူညီတာကြောင့်ပဲ။
* ကူညီဆောင်ရွက်၊ ကောင်းကျိုးဆက်၊ မပျက်ရပုံပဲ။
* ကူညီဆောင်ရွက်၊ ကောင်းကျိုးဆက်ခေါ်၊ တရားတော်လာတိုင်း၊ မဆိုင်းမတွ၊ သမိုင်းလှဖို့၊ နွေညသူတစ်ပါး၊ ကုသိုလ်များကို၊ ကြိုးစားခုနှောင်၊ ကူညီဆောင်၊ ခုနှောင်ကောင်းမှာပဲ။

ကူညီဆောင်ရွက်ကောင်းကျိုးဆက်
တရားတော် ပြီးပြီ။
(၂၀-၁၀-၂၀၀၇)
နံနက် (၉)နာရီ ပြီး။

× × ×

http://www.dhammadownload.com



စုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိတော်၊
ဆဋ္ဌဝဂ်၊ မင်္ဂလဒါယကတ္ထေရ အပဒါန်ကို တန်ဆာဆင်၍
အသိဉာဏ်ပေးဟောကြားပြောကြားအပ်သော

# ''ဘုရားလမ်းပြင် စိတ်ကြည်လင်''
တရားတော်

## မြတ်စွာတောကြွ ဖူးမြင်ရ

စက္ခုငါးပါးရှိတော်မူတဲ့ မြတ်စွာဘုရားဟာ မြစ်ကို ကူးပြီး တောထဲကို ကြွတော်မူပါတယ်။

မြတ်တဲ့လက္ခဏာတော်ရှိတော်မူတဲ့ သိဒ္ဓတ္ထမြတ်စွာဘုရားကို မင်္ဂလဒါယက မထေရ်အလောင်း သူတော်ကောင်းလေးဟာ ဖူးမြင်ရပါတယ်။

## ညီညွတ်အောင်ပင် လမ်းပြုပြင်

မင်္ဂလဒါယကမထေရ်အလောင်းသူတော်ကောင်းလေးဟာ ပေါက်တူး၊ ခြင်းတောင်းကို ယူပြီးတော့ သိဒ္ဓတ္ထမြတ်စွာဘုရား ကြွတော်မူရာ လမ်းခရီးကို ညီညွတ်အောင် ပြုပြင်လိုက်ပါတယ်။

ဘဝခရီးလမ်း ကြမ်းတမ်းသူတွေကို မှာချင်တာကတော့ လမ်းပြင်ဖို့၊ လမ်းလျှောဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။

http://www.dhammadownload.com



## စိတ်ကူးစင်ဖြူ ယာဉ်အလှူ

ဒီနေရာမှာ ဒကာမကြီးတစ်ယောက်အကြောင်းကို ပြောချင်ပါသေးတယ်။ သံဃာတော်တွေ စာမေးပွဲဖြေတဲ့ နေ့ရာသီအချိန်ရောက်ရင် စာမေးပွဲဖြေတဲ့ နေရာကို သူတို့ကားနဲ့ လိုက်ပို့ပါတယ်။ အဲဒီ ဒကာမကြီးက "တပည့်တော်ရဲ့ ဘဝခရီးလမ်း ကြမ်းတမ်းလွန်းလို့ ဖြစ်လေရာဘဝတိုင်းမှာ သွားလမ်းလာလမ်း အေးအေးဆေးဆေး ပြေပြေပြစ်ပြစ် ချောချောမောမော ဖြစ်ချင်လို့ ယာနဒါန ပြုတာပါဘုရား"လို့ လျှောက်ထားပါတယ်။

သူ့စိတ်ကူးနဲ့ သူ့ရဲ့ ယာနဒါနဲ့ဟာ တကယ်တော့ အတုယူစရာ ကောင်းပါတယ်။ ယာနဒါနဟာ မိမိသွားလိုရာ ရောက်လိုရာကို ချမ်းချမ်းသာသာ လျှင်လျှင်မြန်မြန် ရောက်ကြောင်း ကုသိုလ်ကောင်းဖြစ်ပါတယ်။ ယာနဒါနဟာ ချမ်းသာမျိုးစုံကို လှူရာရောက်ပါတယ်။ (ယာနဒေါ သုခဒေါ ဟောတိ) (သံ၊ ပါ၊ ၁၊ ၂၉)

## ဘုရားလမ်းပြင် စိတ်ကြည်လင်

မဂ္ဂဒါယကမထေရ်အလောင်း သူတော်ကောင်းလေးဟာ လမ်းကို ညီညွတ်အောင် ပြုပြင်ပြီးတော့ မြတ်စွာဘုရားကို ရှိခိုးကာ မိမိစိတ်ကို ကြည်လင်စေပါတယ်။

သူ့ရဲ့ ကုသိုလ်ကို စစ်တမ်းထုတ်ကြည့်လိုက်တဲ့အခါမှာ လမ်းပြင်တာရယ်၊ ဘုရားရှိခိုးတာရယ်၊ စိတ်ကြည်လင်တာရယ် ဒီ (၃)မျိုး တွေ့ရတယ်နော်။ (မှန်လှပါဘုရား)

ဒီနေရာလေးကို ကြည့်ပြီး ပြောလိုတာကတော့ စိတ်ထဲမှာ မကြည်မလင် ဖြစ်နေရင် လမ်းပြင်လမ်းရှင်းတဲ့ ကုသိုလ်တွေ အမြန်ထလုပ်လိုက်ပါ။ ဒါမှမဟုတ် ဘုရားအမြန်ထပြီး ရှိခိုးလိုက်ပါလို့ ပြောလိုတာပါပဲ။

ကုသိုလ်လုပ်တာတွေ၊ ဘုရားရှိခိုးတာတွေဟာ စိတ်ကြည်လင်ကြောင်း ကုသိုလ်ကောင်းတွေပါပဲ။

http://www.dhammadownload.com



ဒီမဂ္ဂဒါယကာမထေရ်အလောင်း သူတော်ကောင်းလေးဟာ ဘုရားလမ်းပြင်လိုက်တော့ သူ့စိတ်တွေ ကြည်လင်သွားတယ်နော် (မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ? (ဘုရားလမ်းပြင်စိတ်ကြည်လင်တရားပါဘုရား)

## အပါယ်လွတ်ချင် လမ်းလှူ့ပြင်

ဒီ ဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်မှာ လမ်းပြင်တဲ့ကောင်းမှုကို ပြုခဲ့ရှိန်မှစပြီးတော့ အပါယ်လေးပါးလားရောက်ရတာ မသိပါဘူးတဲ့။ အဲဒီ အပါယ်လေးပါးလွတ်မြောက်ရတဲ့ ကောင်းကျိုးဟာ လမ်းပြင်၊ လမ်းလှူရတဲ့ ကောင်းကျိုးဖြစ်တယ်တဲ့။

ဒီတော့ အပါယ်လေးပါးလွတ်ချင်ရင် လမ်းပြင်လမ်းလှူရမယ်နော် (မှန်လှပါဘုရား)

## သုပ္ပဗုဒ္ဓ မင်းဖြစ်ရ

နောက်ပြီးတော့ (၅၇) ကမ္ဘာထက်မှာ လူဖွေကို အစိုးရတဲ့ လူ့ဘွဲ့ရဲ့ ရှေ့သွားဖြစ်တဲ့ အမည်က "သုပ္ပဗုဒ္ဓ" လို့ ထင်ရှားတဲ့မင်း ဘက်ကြိမ်ဖြစ်ဖူးတယ်တဲ့။

ဒီတော့ လမ်းပြင်၊ လမ်းလှူခြင်းဟာ မင်းဖြစ်ကြောင်း ကုသိုလ်ကောင်း ဖြစ်နေတယ်နော်။ (မှန်လှပါဘုရား)

## မြတ်ရဟန္တာ ဖြစ်ရရှာ

ဒီ ဂေါတမဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင် ရှင်ရဟန္တာ ဖြစ်ရပါတယ်။

http://www.dhammadownload.com



ကဲ…ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

* အပါယ်လေးဖြာ၊ လွတ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
အပါယ်လေးဖြာ၊ လွတ်ရတာ၊ လမ်းဒါနကြောင့်ပဲ။
အပါယ်လေးဖြာ၊ လွတ်ရတာ၊ လမ်းပြင်တာကြောင့်ပဲ။

* သုပ္ပဗုဒ္ဓ၊ မင်းဖြစ်ရ၊ ဘယ်ဒါနကြောင့်လဲ?
သုပ္ပဗုဒ္ဓ၊ မင်းဖြစ်ရ၊ လမ်းဒါနကြောင့်ပဲ။

* မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ လမ်းဒါနကြောင့်ပဲ။
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ လမ်းပြင်တာကြောင့်ပဲ။

(၁၀-၁၀-၂၀၀၇)
ညနေ (၅)နာရီ ပြီး။

× × ×

http://www.dhammadownload.com



ဒီဃနိကာယ်၊ ပါထိကဝဂ္ဂပါဠိ၊ လက္ခဏာသုတ်
သဏ္ဌာနဒေသနာလက္ခဏာကို တန်ဆာဆင်၍
ဟောကြားပြောကြားအပ်သော

# "ပြည့်ဖြိုးလှပ + မြတ်ဗုဒ္ဓ"
# တရားတော်

ဒီနေ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတွေနဲ့ ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာ,ဒကာမတွေကို ဟောကြားမည့် တရားတော်က "ပြည့်ဖြိုးလှပ မြတ်ဗုဒ္ဓ"တရားတော်တဲ့။

ဘာတရားတဲ့လဲ? (ပြည့်ဖြိုးလှပမြတ်ဗုဒ္ဓ) တရားတော်ပါဘုရား။

## ခုနစ်ဌာန ပြည့်ဖြိုးလှ

ကဲ‥စပြီးတော့ ဟောကြားနာကြရအောင်။

ဘုရားအလောင်း သူတော်ကောင်းကြီးဟာ ရှေးဘဝများစွာက မွန်မြတ်တဲ့ အရသာနဲ့ ပြည့်စုံတဲ့ စားဖွယ်၊ သောက်ဖွယ် အသွယ်သွယ်တွေကို ပေးလှူခဲ့ဖူးတယ်။

အဲဒီ ကုသိုလ်ကံကြောင့် ကံအားလျော်စွာ နတ်စည်းစိမ်ကို ခံစားပြီး နောက်မှာ လူ့ပြည်ရောက်ရတဲ့အခါ–

၁။ ခြေဖမိုးတော်နှစ်ဖက်၊

၂။ လက်ဖမိုးတော်နှစ်ဖက်၊

၃။ ပုခုံးတော်နှစ်ဖက်၊

၄။ လည်ကုတ်တော်ဆိုတဲ့ (၇)ဌာနတို့မှာ အသားတော်ပြည့်ဖြိုးခြင်းဆိုတဲ့ လက္ခဏာတော်ကြီးကို ရတော်မူတယ်။ (ပါထိကဝဂ္ဂပါဠိ၊ ၁၂၄၊ ဋ္ဌ-၁၀၉)

http://www.dhammadownload.com



ဒီနေရာလေးကို ကြည့်ပြီးတော့ "ပြည့်ဖြိုးလှပ မြတ်ဗုဒ္ဓ" လို့ အမည်ပေး ထားတာ ဖြစ်ပါတယ်။

## ရွေးချယ်ဟောကြား ဒီတရား

ဒီနေ့ ဒကာ၊ ဒကာမတွေမှာလည်း ဖြစ်လေရာဘဝတိုင်းမှာ သက်ရှိ၊ သက်မဲ့ အစစအရာရာ ပြည့်ဖြိုးပြီး အလှတိုးကြောင်း ကုသိုလ်ကောင်းကြီးကို ဆည်းပူးအားထုတ်နေရတယ်လို့ ဝမ်းမြောက်ဝမ်းသာပီတိဖြာနိုင်ကြပါစေ ဆိုတဲ့ အနေအားဖြင့် ဒီတရားကို ရွေးချယ်ပြီး ဟောကြားလိုက်ပါတယ်။

## ဖြစ်ရာဘဝ များစွာရ

ဘုရားအလောင်း သူတော်ကောင်းကြီးဟာ အဲဒီလက္ခဏာတော်ကြီးနဲ့ ပြည့်စုံတော်မူတဲ့အတွက် လူဘောင်မှာ နေမယ်ဆိုရင် စကြာမင်းဖြစ်မယ်၊ ရဟန်း ပြုရင် သဗ္ဗညုမြတ်စွာဘုရားဖြစ်မယ်။ မွန်မြတ်တဲ့ အရသာနဲ့ ပြည့်စုံတဲ့ ခဲဖွယ်၊ စားဖွယ်၊ သာယာဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တွေကို များစွာရတော်မူတယ်။

## ပေါများရကြောင်း ကုသိုလ်ကောင်း

ဒီနေ့ ဆွမ်းဒကာ၊ ဒကာမတွေမှာလည်း ဘဝတိုင်း,ဘဝတိုင်း မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ် အသွယ်သွယ်တွေ ရရာရကြောင်း၊ အစားအသောက်တွေ ပေါများကြောင်း ကုသိုလ်ကောင်းလုပ်နေရတယ်လို့ မှတ်သားကြပါ။

## ပီတိအခါခါ ပွားနိုင်ပါစေ

ဆွမ်း,ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာအဝဝ ပေးလှူခြင်းဒါနဟာ ခန္ဓာကိုယ်အဆစ်အချိုး ပြည့်ဖြိုးလှပကြောင်း၊ စားဖွယ်သောက်ဖွယ်အသွယ်သွယ် ပေါများကြောင်း ကုသိုလ်ကောင်းဖြစ်တယ်လို့ အချုပ်အားဖြင့် မှတ်သားပြီး ပီတိပွားနိုင်ကြပါစေလို့ ဆုပေးဆုတောင်းမိပါတယ်။

http://www.dhammadownload.com



## ပြည့်ဖြိုးလှပ မြတ်ဒါန

ဒီနေရာလေးကို ကြည့်ပြီး "ပြည့်ဖြိုးလှပ မြတ်ဒါန" "ပြည့်ဖြိုးလှပ ပေါ်များရ" လို့ တရားအမည်တွေပေးပြီး ဟောမယ်ဆိုရင်လည်း ရတယ်နော်။ (မှန်လှပါဘုရား)

## ဦးဃောသိတ လင်္ကာလှ

ကဲ...တချိန်တုန်းက မန္တလေးမြို့၊ တောင်ပြင်ဘုံကျော်ကျောင်းတိုက်၊ ဒေါင်းကျောင်းမှာ သီတင်းသုံးတဲ့ ဆရာတော် ဦးဃောသိတ ရေးသားတော်မူခဲ့တဲ့ သတ္တုဿဒလက္ခဏာတော်ဆိုင်ရာ ဘုရားရှိခိုးလင်္ကာလေးရွတ်ဆိုပြီး တရားသိမ်းကြရအောင်။

၁။ ချိုမြိန်ကောင်းမြတ်၊ ရသာဓာတ်ကို၊ ဆက်ကပ်ပူဇော်၊ လှူဘူးသော်ကြောင့်၊

၂။ ခြေတော်ဖမိုး၊ လက်ဖမိုးတော်၊ ပုခုံးတော်နှင့်၊ ကုတ်တော်ခုနစ်ချက်၊ စုံလျက်ဖြိုးဖြိုး၊ ညှပ်ရိုးပုခုံး၊ လက်ရုံးရင်တော်၊ ခုနစ်ဖော်လည်း၊ ရှုမြော်မညိုး၊ ဆူဖြိုးတင့်စွာ၊ လက္ခဏာဖြင့်၊

၃။ အရသာဓာတ်၊ ထူးအမြတ်ကို၊ မပြတ်သုံးဆောင်တော်မူရပါသော မြတ်စွာဘုရား ။

(မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၄၄)

(၂၁-၁၀-၂၀၀၇)
ညနေ (၅)နာရီ

× × ×

http://www.dhammadownload.com



ဒီဃနိကာယ်၊ ပါထိကဝဂ္ဂပါဠိတော်၊ လက္ခဏာသုတ်
သုဝဏ္ဏဝဏ္ဏလက္ခဏာကို တန်ဆာဆင်၍
အသိဉာဏ်ပေးဟောကြားပြောကြားအပ်သော

# "ရွှေရောင်အဆင်း ဝင်းဝင်းဝါဝါ"
# တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) တို့ရဲ့ သင်္ကန်းကပ်ပွဲမှာ ဟောကြားမည့် တရားတော်က "ရွှေရောင်အဆင်း ဝင်းဝင်းဝါဝါ"တရားတော်တဲ့။

ဘာတရားတဲ့လဲ? (ရွှေရောင်အဆင်းဝင်းဝင်းဝါဝါတရားတော့်ပါဘုရား) ကဲ···စပြီးတော့ ဟောကြနာကြရအောင်။

## ဒေါသကင်းမှု အတုယူပါ

ဘုရားအလောင်း သူတော်ကောင်းကြီးဟာ ရှေးဘဝများစွာက အမျက်ဒေါသ နည်းပါးတော်မူခဲ့ပါတယ်။ အမျက်ထွက်လာရင်လည်း အဲဒီအမျက်ကို အမြန်ဆုံးပယ်ဖျောက်ထိန်းသိမ်း ငြိမ်းအေးစေတော်မူခဲ့ပါတယ်။

စိတ်ပူပန်ခြင်း ဉပါယာသတရားလည်း နည်းပါးတော်မူခဲ့ပါတယ်။ သူတစ်ပါးတွေက အမျက်ထွက်ဖွယ်ရာ အများကြီး ပြောလာပေမယ့်လည်း ဒေါသရဲ့အစွမ်းဖြင့် စိတ်ရဲ့ငြိစွန်းခြင်း၊ အမျက်ထွက်ခြင်း၊ ဖောက်ပြန်ခြင်း၊ အကြိတ်အခဲတည်ခြင်း မရှိခဲ့ပါဘူး။

(ပါထိကဝဂ္ဂပါဠိ - ၁၃၀၊ ၄ - ၁၁၆)

http://www.dhammadownload.com



ဘုရားအလောင်း သူတော်ကောင်းကြီးရဲ့ ဒေါသကင်းပုံ၊ ဒေါသနည်းပုံတွေဟာ အတုယူစရာကောင်းတယ်နော်။ (မှန်လှပါဘုရား)

ဒေါသဖြစ်လာရင် ဘုရားအလောင်းတော်ရဲ့ ဒေါသကင်းပုံ၊ ဒေါသနည်းပုံကို အာရုံပြုကြည့်ညှိပြီး ဒေါသကို ချုပ်ထိန်းရမယ်နော်။ (မှန်လှပါဘုရား)

## ကိုယ့်ခေါင်းကိုယ်ခေါက်

ဘုန်းကြီးတို့လည်း ဒေါသကြီးလွန်းလို့ ကိုယ့်ကိုယ်ကို အမြဲသတိပေးနေရပါတယ်။ စာသင်တိုက်ဆိုတော့ မ,တစ်ရာသားတွေ အုပ်ချုပ်နေရပါတယ်။ စည်းကမ်းမလိုက်နာ စာမကြိုးစားတဲ့ ဦးဇင်းတွေ၊ ကိုရင်တွေကို စိတ်တိုပြီး ရိုက်နှက်တော့မယ်ဆိုရင် တအားမရိုက်ဖြစ်အောင် သတိပေးတဲ့အနေနဲ့ ကိုယ့်ကိုယ်ကို ဆုံးမတဲ့ကဗျာလေးတစ်ပုဒ် ရေးထားတယ်။ အဲဒီကဗျာလေးရွတ်လိုက်ရင် မထိုးဖြစ် မရိုက်ဖြစ်တော့ဘူး။ ဒဏ်လောက်ပဲ ပေးလိုက်ပါတယ်။ တစ်ခါတလေတော့လည်း ကိုယ့်ခေါင်းကို (၃)ချက်ခေါက်ဆိုပြီး ခေါက်ခိုင်းလိုက်ပါတယ်။ ကိုယ့်ခေါင်းကိုယ်ခေါက်ဆိုတော့ စဉ်းစားကြည့်ပေါ့ဗျာ။ ကိုယ်တော်ချောတွေက မနာအောင် သာသာလေးခေါက်ကြတာပေါ့။ ကိုယ့်လက်နဲ့ခေါက်ရင် ကိုယ်ကနာနာခေါက်မှာဆိုတော့ ကိုယ့်လက်လည်း နာမယ်၊ သူတို့ခေါင်းလည်းနာမယ်။ ဒါ့ကြောင့် ဘုန်းကြီးက ဒါတွေ သတိထားပြီးတော့ ကိုယ့်ခေါင်းကို (၃)ချက်ခေါက်လို့ ခိုင်းလိုက်တာပါပဲ။

## ဆရာတော်ဆီက ပညာရပြီ

တစ်ခါတော့ မြို့ထဲက ဒကာမကြီးမိသားစု ကျောင်းရောက်လာခိုက် အပြစ်ရှိတဲ့ ကိုရင်လေးတစ်ပါးကို မင်းကိုယ့်ခေါင်းကို (၃)ချက်ခေါက်လိုက်လို့ ခိုင်းလိုက်ပါတယ်။ ဒကာမကြီးက "ဆရာတော် အဲဒီလို ဘာဖြုလို့ ခိုင်းတာလဲဘုရား" လို့ မေးလျှောက်ပါတယ်။ ဘုန်းကြီးက "အပြစ်ရှိလို့ပေါ့" လို့ ဖြေလိုက်ပါတယ်။ ဒကာမကြီးက သူ့ကလေးတွေဘက်ကို ကြည့်ပြီးတော့ သားတို့ သမီးတို့ မြင်တယ်နော်။ အမေလည်း ဆရာတော်ဆီက ပညာရပြီ။

http://www.dhammadownload.com



သားတို့ သမီးတို့ အပြစ်ရှိရင် အမေကိုယ်တိုင် မရိုက် မခေါက်တော့ဘူး။ ကိုယ့်ခေါင်းကို ခေါက်ဖို့ ပြင်ထားလို့ ပြောဆိုနေသံ ကြားလိုက်ရပါသေးတယ်။

## ဒေါသကင်းရေး ကဗျာလေး

ကဲ...အမျက်ဒေါသကင်းရေး ကိုယ့်ကိုယ်ကို သတိပေး ဆုံးမထားတဲ့ ကဗျာလေးလိုက်ဆို။

* ဒေါသအမျက်၊ ချောင်းချောင်းထွက်က -
  အသက်လည်းတို၊
  ရုပ်လည်းအို၏၊
  မစိုမျက်နှာ၊
  မုန်းစရာတည့်။

အမျက်ဒေါသဖြစ်ရင် (အမျက်ဒေါသထွက်လာရင်) အသက်တိုမယ်နော်။ (မှန်လှပါဘုရား) ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ အသက်တိုချင်သလား။ အသက်ရှည်ချင်သလား။ (အသက်ရှည်ချင်ပါတယ်ဘုရား) အေး...အသက်ရှည်ချင်ရင် စိတ်ရှည်ရမယ်နော်။ (မှန်လှပါဘုရား)

အစစအရာရာ သည်းခံရမယ်နော်။ (မှန်လှပါဘုရား) အသက်တိုချင်ရင်တော့ စိတ်တိုတဲ့။ စိတ်တိုဆိုတာ သိရဲ့လား? (မသိပါဘုရား) အေး...မသိရင် မှတ်ထား။ စိတ်တို (စိုတိတ်တဲ့) ဘာတဲ့လဲ? စိုတိတ်ပါဘုရား။ စိတ်တိုရင် သူရောကိုယ်ပါ စိုစိုပြေပြေ သာသာယာယာ အေးအေးချမ်းချမ်း မဖြစ်တော့ဘူး။ စိုပြေမှု၊ သာယာမှု၊ အေးချမ်းမှုတွေ တိတ်ဆိတ်သွားတယ်လို့ ဆိုလိုတာပါပဲ။

## အမျက်ကင်းဆေး, ရုပ်ပျိုဆေး

နောက်ပြီးတော့ ရုပ်အိုလွယ်တယ်တဲ့။ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ရုပ်ပျိုချင်သလား။ ရုပ်အိုချင်သလား။ (ရုပ်ပျိုချင်ပါတယ်ဘုရား) အေး...ရုပ်ပျိုချင်ရင် စိတ်ပျိုဖို့ လိုတယ်နော်။ (မှန်လှပါဘုရား) မြန်မာစကားက ဘာတဲ့လဲ။ "စိတ်ပျိုတော့ ကိုယ်နု" လို့ ဆိုထားတယ် မဟုတ်လား။ (မှန်လှပါဘုရား) စိတ်ပျိုတော့ (စိတ်ထဲမှာ ဒေါသတွေ ကင်းဝေးနေတော့) ရုပ်ရေအဆင်းလည်း

ကြည်လင်လန်းဆန်းပြီး ဖျော့လာတာပါပဲ။ ရုပ်အိုမှာ ကြောက်သူတွေ အမျက်ဒေါသကင်းဝေးဖို့ လိုတယ်နော်။ (မှန်လှပါဘုရား)

## အပြင်မှားမှ သတိပြုပါ

တချို့ ဒကာ၊ ဒကာမတွေက ရုပ်အိုမှာ ကြောက်လို့ ရုပ်ကိုပဲ ပြင်နေကြတယ်။ အမှန်ကတော့ ဒေါသစိတ်ကို ပြင်ရမှာ ဖြစ်ပါတယ်။ အပြင်မှားမှ သတိပြုပါလို့ ပြောချင်ပါတယ်။ ရုပ်ကိုလည်း ထိုက်သင့်သလောက်တော့ ပြင်ရမှာပေါ့။ တကယ်အဓိကပြင်ရမှာက လောဘ၊ ဒေါသ၊ မောဟ စတဲ့ အကုသိုလ်စိတ်တွေကို နည်းအောင် ပါးအောင် ပြင်ရမှာ ဖြစ်ပါတယ်။

## သတိပေးကဗျာ မှတ်စရာ

ဟိုတုန်းက ရွာတစ်ရွာမှာ ဆရာတော်ကြီးတစ်ပါးက တရားဟောပြီးခါနီးရင် လူတွေကို လောဘ၊ ဒေါသ၊ မောဟတွေ နည်းပါးအောင်၊ သတိထားနိုင်အောင် ကဗျာလင်္ကာလေးတွေ ချပေးတယ်။ အဲဒီ ကဗျာလေးတွေ ကြိုက်လို့ မှတ်သားခဲ့တယ်။ လိုက်ဆိုကြပါ။

* အသက်တွေလည်း ကြီးပြီ။
  လောဘတွေ ကြီးတုန်းပဲလား?
* အသက်တွေလည်း ကြီးပြီ။
  ဒေါသတွေ ကြီးတုန်းပဲလား?
* အသက်တွေလည်း ကြီးပြီ။
  မောဟတွေ ကြီးတုန်းပဲလား?
* အသက်တွေလည်း ကြီးပြီ။
  မာနတွေ ကြီးတုန်းပဲလား?
* အသက်တွေလည်း ကြီးပြီ။
  သတိတွေ မကြီးသေးဘူးလား?

http://www.dhammadownload.com



* အသက်တွေလည်း ကြီးပြီ။
အသိတွေ မကြီးသေးဘူးလား?
* အသက်တွေလည်း ကြီးပြီ။
သဘောထားတွေ မကြီးသေးဘူးလား?
* ဆံပင်တွေလည်း ဖြူနေပြီ။
စိတ်ထားတွေ မဖြူသေးဘူးလား?

## မစိုမျက်နှာ

နောက်ပြီးတော့ မစိုမျက်နှာတဲ့၊ အမျက်ဒေါသထွက်သူရဲ့ မျက်နှာဟာ စိုစိုပြေပြေ မရှိဘူးလို့ ဆိုလိုတာနော်။ (မှန်လှပါဘုရား)

## မုန်းစရာ

နောက်ပြီးတော့ မုန်းစရာတည့်တဲ့။ အမျက်ဒေါသထွက်သူရဲ့ မျက်နှာဟာ ချစ်စရာကောင်းသလား? မုန်းစရာကောင်းသလား? (မုန်းစရာကောင်းပါတယ်ဘုရား)

## ဒေါသဖြစ်လာ ရွတ်ကဗျာ

ဘုန်းကြီးတော့ ဒေါသဖြစ်လာရင် အဲဒီကဗျာလေး ရွတ်လိုက်ပါတယ်။ ဒေါသကို ထိန်းပြီးသား ဖြစ်သွားပါတယ်။

ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေလည်း ဒီကဗျာလေးရအောင် မှတ်သွားပြီး အိမ်မှာ စာရေးကာ ကပ်ထားပါ။ ဒေါသဖြစ်လာရင် အဲဒီကဗျာလေးရွတ်ပြီး ဒေါသကို ထိန်းလိုက်ပါ။

## ဒေါသဖြေဆေး စကားလေးတွေ

နောက်ပြီးတော့ ဒေါသဖြေဆေးလေးပေးဦးမယ်။ ယူကြမလား? (ယူပါမယ်ဘုရား)

http://www.dhammadownload.com



သေသေချာချာမှတ်ထားနော်။ (မှန်လှပါဘုရား)

* ဒေါသဖြစ်လာရင် စကားမပြောပါနဲ့။
* ဒေါသဖြစ်လာရင် ပါးစပ်ကိုပိတ်ပါ။
* ဒေါသဖြစ်လာရင် အိပ်လိုက်ပါ။
* ဒေါသဖြစ်လာရင် ဘာမှမလုပ်ပါနဲ့။
* ဒေါသဖြစ်လာရင် ဘာမှ မပြောပါနဲ့။

## နူးညံ့ခြင်းရဲ့ ပေးလျှုံ

အမျက်ဒေါသအကြောင်း ပြောလာတာ တော်တော်လေး စုံသွားပါပြီ။ ရှေ့ဆက်ကြပါစို့။

နောက်ပြီးတော့ ဘုရားအလောင်းသူတော်ကောင်းကြီးဟာ နူးညံ့သိမ်မွေ့တဲ့ အခင်းအရုံအဝတ်အထည်မျိုးစုံတွေကိုလည်း ပေးလှူတော်မူခဲ့ဖူးတယ်။

## ရွှေရောင်အဆင်း ဝင်းဝင်းဝါဝါ

အဲဒီကောင်းမှုကုသိုလ်ကံတွေကြောင့် နတ်စည်းစိမ်တွေကို ခံစားပြီးတဲ့အခါ တစ်ဖန်လူ့ပြည်ရောက်တော်မူတဲ့အခါမှာ ရွှေရောင်အဆင်းကဲ့သို့ ဝါဝင်းတဲ့ အရေးအဆင်းရှိခြင်းဆိုတဲ့ လက္ခဏာတော်ကြီးကို ရရှိတော်မူတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ "ရွှေရောင်အဆင်း ဝင်းဝင်းဝါဝါ"လို့ တရားအမည်ပေးထားတာနော်။ (မှန်လှပါဘုရား)

## သက်နှံးလှူရ ဝမ်းသာကြပါ

ဒီတော့ ဒီနေ့ ဒကာ၊ဒကာမတွေ နူးညံ့သိမ်မွေ့တဲ့ သင်္ကန်းတွေ၊ အခင်းအရုံတွေ လှူဒါန်းခြင်းဟာ ဘဝတိုင်းမှာ မိမိတို့ရဲ့ အသားအရေတွေ ရွှေအဆင်းလို ဝါဝင်းကြောင်း ကုသိုလ်ကောင်းမှုကို ပြုနေရတယ်လို့ ဝမ်းမြောက်ဝမ်းသာကြပါ။

http://www.dhammadownload.com



## မိတ်ချဲ

ဘုန်းကြီးတော့ ကိုယ့်ကိုယ်ကို စဉ်းစားကြည့်မိတယ်။ [illegible]ပက သက်နှ်းမလှူခဲ့ဖူးထင်တယ်။ အသားက မိတ်ချဲ မဲချိတ်နေတာပဲ။ (အားလုံး ရယ်ကြ)

ဘုရားအလောင်းသူတော်ကောင်းကြီးက အဲဒီရွှေရောင်အဆင်းကဲ့သို့ ဝါဝင်းတဲ့ လက္ခဏာတော်ကြီးနဲ့ ပြည့်စုံတော်မူတဲ့အတွက် လူ့ဘောင်မှာနေမယ် ဆိုရင် စကြာမင်းဖြစ်မယ်၊ ရဟန်းပြုရင် ဘုရားဖြစ်မယ်၊ နောက်ပြီးတော့ သိမ်မွေ့ နူးညံ့တဲ့ အဝတ်အရုံ အခြုံအခင်းတွေကို ရလွယ်ခြင်းဆိုတဲ့ အကျိုးဆက်ကို ရတော်မူပါတယ်။

## အကြောင်းလေးဖြာ သိစရာ

အသားအရေ ရွှေရောင်အဆင်းဝါဝင်းကြောင်း ကုသိုလ်တွေကတော့ -

၁။ ရှေးဘဝများစွာက စားဖွယ်သောက်ဖွယ်လှူခဲ့ခြင်း။

၂။ အဝတ်အရုံ အခြုံအခင်း လှူခဲ့ခြင်း။

၃။ တံမြက်လှည်းကျင်းသုတ်သင်ခဲ့ခြင်း။

၄။ အမျက်မထွက်ခဲ့ခြင်းဆိုတဲ့အကြောင်းတွေကို တွေ့ရပါတယ်။

(ပါထိကဝဂ္ဂ၊ ၌-၁၁၆)

## ချောမောလှပ သေချာလှ

ဒီနေ့ ဒကာ၊ ဒကာမတွေမှာလည်း အဲဒီ ကုသိုလ်တွေ စုံလင်နေတာကို တွေ့ရပါတယ်။ ဒီတော့ ဘဝတိုင်းမှာ အသားဖြူမယ်၊ ရုပ်ရည်အဆင်းရွှေရောင် လို ဝင်းဝင်းဝါဝါဖြစ်ပြီး ချောမောလှပမှာ သေချာပါတယ်လို့ ပြောဟောခဲ့ပါတယ်။

http://www.dhammadownload.com



## ဒေါင်းကျောင်းထေရ ကဗျာလှ

ကဲ - "ဒေါင်းကျောင်းထေရ ကဗျာလှ" နဲ့ တရားသိမ်းကြရအောင်-

၁။ ချိုးဖွဲ့နှိပ်စက်၊ ဆိုတုံ့လျက်လည်း၊ အမျက်မလို၊ စိတ်မတိုခဲ့၊ ကြည်ညိုချမ်းမြေ့၊ ချောမွေ့နူးမွတ်၊ အဝတ်အရုံ၊ အခြုံအခင်း၊ လှူခဲ့ခြင်းကြောင့် -

၂။ အဆင်းအရည်၊ ဖမ့်ပြည်ရွှေသို့၊ လျှံဝေဝင်းဝါ၊ လက္ခဏာဖြင့် -

၃။ ဖဲဝါကတ္တီ၊ သိုးမွေးထည်နှင့်၊ ပိုးထည်နုပျောင်း၊ ထည်လိပ်ကောင်းကို၊ လူပေါင်းမြပ်ဟွာ၊ နတ်အဝါတို့၊ များစွာကပ်လှူ၊ မပြတ်ရတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

(မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၎၊ ၎ါး)

၂၂-၁၀-၀၇
ည (၇) နာရီပြီး။

* * *

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ပဌမပဏ္ဏာသက၊ စူဠဝဂ်၊ သမ္မုခီဘာဝသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော

## "အရေးကြီးတာ မြတ်သဒ္ဓါ" တရားတော်

### အရေးကြီးတာ မြတ်သဒ္ဓါ

ဒီနေ့ ဦး (    ) ဒေါ် (    )မိသားစုတို့ရဲ့ သဒ္ဓါ ဆွမ်းကပ်ပွဲမှာ ဟောကြားမည့်တရားတော်က "အရေးကြီးတာ မြတ်သဒ္ဓါ"တရားတော်တဲ့။ ဘာတရားတဲ့လဲ? (အရေးကြီးတာ မြတ်သဒ္ဓါ) တရားတော်ပါဘုရား။

### သဒ္ဓါဆွမ်းမြတ်သူတို့ကပ်

ဒီနေ့ ဆွမ်းကပ်တဲ့ ဒကာ, ဒကာမတွေကို ဘာအတွက် ဆွမ်းကပ်တာလဲ လို့ မေးလိုက်တော့ သဒ္ဓါဆွမ်းပါဘုရားလို့ လျှောက်ထားကြပါတယ်။ ဒါ့ကြောင့် သဒ္ဓါတရားအရေးကြီးပုံလေးကို တင်ပြဟောကြားမည့် "အရေးကြီးတာ မြတ်သဒ္ဓါ"တရားတော် ဖြစ်ပါတယ်။

### သုံးမျိုးထင်ရှားကောင်းမှုပွား

သမ္မုခီဘာဝသုတ္တန်မှာ ဘုရားရှင်က ရဟန်းတို့ တရားသုံးမျိုး မျက်မှောက် ထင်ရှားရှိတဲ့အတွက်ကြောင့် သဒ္ဓါတရားနဲ့ ပြည့်စုံသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဟာ များစွာသော ကောင်းမှုကို ဖြစ်ပွားစေတယ်လို့ ဟောကြားတော်မူပါတယ်။ (အံ၊ ပါဠိ၊ ၁၊ ၁၄၈၊ ဋ္ဌ- ၂/၁၃၁)

http://www.dhammadownload.com



### အဲဒီတရားသုံးမျိုးကတော့

၁။ ရဟန်းတို့ ယုံကြည်ချက် သဒ္ဓါတရား မျက်မှောက်ထင်ရှားရှိတဲ့ အတွက်ကြောင့် သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဟာ များစွာသော ကောင်းမှုကို ဖြစ်ပွားစေတယ်တဲ့။

### အရေးကြီးတာ မြတ်သဒ္ဓါ

သဒ္ဓါတရားသာမရှိရင် ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကောင်းမှုတွေ လုပ်ဖြစ်မှာ မဟုတ်ပါဘူး။ သဒ္ဓါတရားရှိတော့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုတွေ၊ အခြားသောကောင်းမှုတွေ လုပ်ဖြစ်သွားပါတယ်။

ပဋ္ဌာန်းပါဠိတော်ကြီးမှာ သဒ္ဓါတရာအရေးကြီးပုံကို ဒီလိုဟောထားတာ တွေ့ရပါတယ်။

သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊
သီလံ သမာဒိယတိ၊
ဥပေါသထကမ္မံ ကရောတိ၊
ဈာနံ ဥပ္ပါဒေတိ၊
ဝိပဿနံ ဥပ္ပါဒေတိ၊
မဂ္ဂံ ဥပ္ပါဒေတိ၊
အဘိညံ ဥပ္ပါဒေတိ၊

သမာပတ္တိံ ဥပ္ပါဒေတိ လို့ ဟောထားတာ တွေ့ရပါတယ်။ (ပဋ္ဌာန၊ ပါဠိ၊ ၁၊ ၁၄၅)

ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ ယုံကြည်ချက်သဒ္ဓါတရားကို အားကြီးသမှီ အမှီပြုရမှ ဒါနပြုနိုင်၊ သီလ ဆောက်တည်နိုင်၊ ဥပုသ်စောင့်သုံးနိုင်၊ ဈာန်၊ ဝိပဿနာ၊ မဂ်၊အဘိညာဉ်၊သမာပတ်တွေ ဖြစ်စေနိုင်တယ်လို့ ဆိုလိုပါတယ်။

သဒ္ဓါတရားရှိမှ လောကီ၊ လောကုတ္တရာကောင်းမှု၊ ကောင်းကျိုး အမျိုးမျိုးတွေဖြစ်စေနိုင်တဲ့အတွက်ကြောင့် သဒ္ဓါတရားကို အရေးကြီးတဲ့ တရားလို့ သတ်မှတ်ရပါတယ်။

ဒီနေ့ ဒကာ၊ဒကာမတွေ ဆွမ်းစတဲ့ ကုသိုလ်တွေ ပြုနေတာဟာ (ပြုဖြစ်တာဟာ) ဘာ့ကြောင့်လဲဆိုရင် သဒ္ဓါတရားကြောင့်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



သဒ္ဓါတရားသာမရှိရင် ဒါနကုသိုလ်စတဲ့ ကုသိုလ်တွေ ပြုဖြစ်ပါ့မလား? (မပြုဖြစ်ပါဘုရား)

ဒီတော့ ကောင်းမှုကောင်းကျိုးအမျိုးမျိုးတွေဖြစ်ဖို့အတွက် သဒ္ဓါအရေး မကြီးဘူးလား? (အရေးကြီးပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့ တရားက ဘာတဲ့လဲ? (အရေးကြီးတာ မြတ်သဒ္ဓါ) တရားပါဘုရား။

## မြတ်မှု၊ ရပ်မှု သတိပြု

သဒ္ဓါတရားရှိရင် ကောင်းမှုကောင်းကျိုးအမျိုးမျိုးတွေရပြီး၊ မြတ်ပြီး၊ သဒ္ဓါတရား မရှိရင်တော့ ကောင်းမှုကောင်းကျိုးအမျိုးမျိုးတွေ ရပ်ပြီနော်။ (မှန်လှပါဘုရား)

## အရေးကြီးတာ လှူဖွယ်ပါ

၂။ နောက်ပြီးတော့ ရဟန်းတို့ အလှူဝတ္ထုရဲ့ မျက်မှောက်ထင်ရှားရှိတဲ့ အတွက်ကြောင့် သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတွေဟာ များစွာသော ကောင်းမှုတွေကို ဖြစ်ပွားစေတာတဲ့။

ဒီနေ့ ဒကာ၊ ဒကာမတွေရဲ့ ထင်ရှားရှိနေတဲ့ လှူဖွယ်ဝတ္ထုတွေနဲ့၊ ယုံကြည်ချက်သဒ္ဓါတရားပေါင်းစပ်လိုက်ကြတော့ အခုကောင်းမြတ်တဲ့ "သဒ္ဓါ ဆွမ်းကပ်ပွဲကြီး"ဖြစ်ပြီးတော့ ကောင်းမှုကောင်းကျိုးအမျိုးမျိုးတွေ တိုးပွား သွားတယ်နော်။ (မှန်လှပါဘုရား)

ဒီ နံပါတ် (၂)အချက်ကို ကြည့်လိုက်ပြန့်တော့ လှူစရာ လှူဖွယ်ဝတ္ထုလည်း အရေးကြီးတာ တွေ့ရပါတယ်။ သဒ္ဓါတရားကတော့ ရှိပါတယ်။ လှူဖွယ်ဝတ္ထုက မရှိရင်လည်း ဒီသဒ္ဓါဆွမ်းကပ်ပွဲ အောင်မြင်ပါ့မလား? (မအောင်မြင်ပါဘုရား)

ဒီတော့ နံပါတ် (၂)အနေနဲ့ အရေးကြီးတာက လှူဖွယ်ဖြစ်နေတော့ "အရေးကြီးတာ လှူဖွယ်ပါ"လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



## စိတ်ဖြစ်ရုံမျှ ကျိုးများလှ

တချို့ ဒကာ၊ဒကာမတွေက လျှောက်ကြတယ်။ တပည့်တော်တို့က တအားလှူချင်တာပဲ။ ဒါပေမယ့် တအားမလှူနိုင်သေးလို့ စိတ်မကောင်းဘူး ဘုရားလို့ လျှောက်ကြပါတယ်။ အဲဒီလို စိတ်မကောင်းသူတွေ၊ အားငယ်နေသူတွေကို ဘုန်းကြီးတို့က စိတ်မကောင်း မဖြစ်ပါနဲ့၊ အားမငယ်ပါနဲ့။ အဲဒီလို လှူချင်တဲ့စိတ်လေးတွေ ဖြစ်နေရုံနဲ့ပင် ကောင်းမှုကောင်းကျိုးတွေ အများကြီး ဖြစ်နေကြောင်း (ကုသိုလ်တွေ တိုးပွားနေကြောင်း) ဘုရားဟောထားတာ ရှိတယ်လို့ အားပေးရပါတယ်။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၁၉၄)

## အရေးကြီးတာ လှူခံပါ

၃။ နောက်ပြီးတော့ ဘုရားက ရဟန်းတို့ အလှူခံပုဂ္ဂိုလ်တွေရဲ့ မျက်မှောက် ထင်ရှားရှိနေတဲ့အတွက်ကြောင့် သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ များစွာသော ကောင်းမှုကောင်းကျိုး အမျိုးမျိုးတွေကို ဖြစ်ပွားစေတာတဲ့။

ဒီနေ့ ဘုရားကိုယ်စား သံဃာတော်ဆိုတဲ့ အလှူခံ ပုဂ္ဂိုလ်တွေ ထင်ရှား ရှိနေတဲ့အတွက်ကြောင့် ဒကာ၊ ဒကာမတွေမှာ ဒီလိုသဒ္ဓါဆွမ်းကပ်ပွဲတွေ ဖြစ်ပြီးတော့ ကောင်းမှုတွေ အများကြီး တိုးပွားနေတာ ဖြစ်တယ်။

ဒီတော့ နံပါတ် (၃)အနေနဲ့ အရေးကြီးတာက အလှူခံပုဂ္ဂိုလ်ဆိုတာ ဖြစ်နေတော့ ''အရေးကြီးတာ အလှူခံပုဂ္ဂိုလ်ပါ''လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

## အရေးကြီးတာ သုံးမျိုးလာ

ဒီတရားတော်ကို ကောက်ချက်ချလိုက်တဲ့အခါမှာ -

၁။ သဒ္ဓါလည်း အရေးကြီးတယ်၊

၂။ လှူဖွယ်လည်း အရေးကြီးတယ်၊

၃။ အလှူခံပုဂ္ဂိုလ်လည်း အရေးကြီးတယ် ဆိုတာကို တွေ့ရပါတယ်။

http://www.dhammadownload.com



## အရေးအကြီးဆုံးမှာ မြတ်သဒ္ဓါ

တကယ်အရေးကြီးဆုံးကတော့ သဒ္ဓါတရားပါပဲ။ ဒါကို အဋ္ဌကထာက ဒီလိုပြောထားတယ်။ သဒ္ဓါတရား မဖြစ်ဘူးဆိုရင် လှူဖွယ်ရှိနေပေမယ့် လှူဖြစ်မှာ မဟုတ်ပါဘူးတဲ့။ အလှူခံပုဂ္ဂိုလ်တွေ တွေ့နေပေမယ့် လှူဖြစ်မှာ မဟုတ်ပါဘူးတဲ့။ လှူဖွယ်နဲ့ အလှူခံပုဂ္ဂိုလ်ဆိုတာ ရဖို့ရန် မခက်ပါဘူးတဲ့၊ လွယ်ကူပါတယ်တဲ့။ သဒ္ဓါတရား ဖြစ်ဖို့သာ အဓိကအနေနဲ့ တကယ်ခက်ခဲတာပါ။ မလွယ်ကူတာ ဖြစ်ပါတယ်တဲ့။ (အံ၊ ဋ္ဌ-၂၊ ၁၃၁)

## နောက်မှ ဒကာ ဆွမ်းကပ်ပါ

ဒီနေရာမှာ သာဓက ပြထားတာကတော့ အရင်ဆွမ်းစားပင့်ထားတဲ့ ရှင်မောဂ္ဂလ္လာန်ရဲ့ ဒကာကို သာဓက ပြထားပါတယ်။ ရှင်မောဂ္ဂလ္လာန်က အရင်ဆွမ်းစားပင့်ထားတဲ့ ဒကာကို "ဒကာ၊ ကောလိယမင်းသမီး သုပ္ပဝါသာဟာ ခုနစ်နှစ်၊ ခုနစ်ရက် ကာလပတ်လုံး မိန်းမောတွေဝေကာ ကိုယ်ဝန်ဆောင်ခဲ့ရတယ်။ သုပ္ပဝါသာဟာ ခု သားလေးဖွားမြင်လာပါတယ်။ အဲဒီ သုပ္ပဝါသာက ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်ဖို့ ပင့်ဖိတ်နေပါတယ်။ ဒီတော့ ဒကာက ဒကာရင်းဆိုတော့ သုပ္ပဝါသာမင်းသမီးကို အရင်ဆွမ်းကပ်ဖို့ ခွင့်ပြုလိုက်ပါ၊ ဒကာက နောက်မှ ကပ်ပါ"လို့ ပြောပါတယ်။

## ဥစ္စာ၊အသက် ယုံကြည်ချက်

အဲဒီလို ရှင်မောဂ္ဂလ္လာန်က ပြောပြတော့ အဲဒီ ဒကာရင်းက "အရှင်ဘုရား မောဂ္ဂလ္လာန်တဲ့၊ အရှင်ဘုရားဟာ တပည့်တော်ရဲ့ စည်းစိမ်ဥစ္စာ၊ အသက်၊ ယုံကြည်မှု သဒ္ဓါတရားဆိုတဲ့ ဒီတရား (၃)မျိုး မပျက်စီးအောင် တာဝန်ယူနိုင်မယ်ဆိုရင် ကောလိယမင်းသမီး သုပ္ပဝါသာကို အရင်ဆွမ်းကပ်ပါစေ၊ တပည့်တော်ကတော့ နောက်မှပဲ ဆွမ်းကပ်ပါတော့မယ်လို့ လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားတော့ ရှင်မောဂ္ဂလ္လာန်က "ဒကာ၊ သင့်ရဲ့ စည်းစိမ်ဥစ္စာနဲ့ အသက်ဆိုတဲ့ ဒီတရားနှစ်မျိုး မပျက်စီးရအောင်တော့ ငါတာဝန်

http://www.dhammadownload.com



ယူနိုင်ပါတယ်တဲ့။ သင့်ရဲ့ သဒ္ဓါတရား မပျက်စီးရအောင်တော့ ငါတာဝန် မယူနိုင်ပါဘူး၊ သဒ္ဓါတရားကိုတော့ သင်ကိုယ်တိုင်ပဲ တာဝန်ယူပါ''လို့ ပြောပြပါတယ်။

ဒီတော့ ဒီအကြောင်းအရာလေးတွေကို ထောက်ကြည့်လိုက်တဲ့အခါမှာ သဒ္ဓါတရားဖြစ်ဖို့၊ သဒ္ဓါတရား မပျက်စီးဖို့ဆိုတာ အရေးအကြီးဆုံးဖြစ်တာ တွေ့ရတယ်နော်။ (မှန်လှပါဘုရား) (အံ၊ ၄၊ ၂၊ ၁၃၂။ ဥဒါန်ပါဠိ-၉၆)

## ကဗျာလင်္ကာ လိုက်ဆိုပါ

ကဲ…ဒီနေ့ ဆွမ်းဒကာ၊ ဒကာမတွေကို အဓိကအနေနဲ့ ဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ? (အရေးကြီးတာ မြတ်သဒ္ဓါ)တရားပါဘုရား။

ကဲ…ကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

၁။ အရေးကြီးတာ၊ လောကမှာ၊ ဘယ်ဟာဖြစ်သလဲ?
အရေးကြီးတာ၊ လောကမှာ၊ သဒ္ဓါတရားပဲ။

၂။ အရေးကြီးတာ၊ လောကမှာ၊ ဘယ်ဟာများပါလဲ?
အရေးကြီးတာ၊ လောကမှာ၊ လှူဖွယ်ရာများပါပဲ။

၃။ အရေးကြီးတာ၊ လောကမှာ၊ ဘယ်ဟာဖြစ်သလဲ?
အရေးကြီးတာ၊ လောကမှာ၊ သံဃာလှူခံပဲ။

* ကောင်းမှုတိုးတာ၊ လောကမှာ၊ ဘယ်အရာကြောင့်လဲ?
ကောင်းမှုတိုးတာ၊ လောကမှာ၊ သဒ္ဓါကြောင့်ပါပဲ။

* ကောင်းမှုတိုးတာ၊ လောကမှာ၊ ဘယ်အရာကြောင့်လဲ?
ကောင်းမှုတိုးတာ၊ လောကမှာ၊ လှူဖွယ်ရာကြောင့်ပဲ။

* ကောင်းမှုတိုးတာ၊ လောကမှာ၊ ဘယ်အရာကြောင့်လဲ?
ကောင်းမှုတိုးတာ၊ လောကမှာ၊ သံဃာကြောင့်ပါပဲ။

အရေးကြီးတာ မြတ်သဒ္ဓါ တရားတော်ပြီးပြီ။

* * *

http://www.dhammadownload.com



အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ပဌမပဏ္ဏာသက၊
စူဠဝဂ်၊ ပဏ္ဍိတသုတ္တန်ကို
တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော

# ''ချီးမွမ်းပညတ် + ကုသိုလ်မြတ်''
## တရားတော်

ဒီနေ့ သိမ်ကျောင်း ဒါယိကာမကြီး ဒေါ်နုနုရီရဲ့ အောင်မြေစောသိမ်တော်ကြီး လှူဒါန်းပွဲမှာ ဟောကြားမည့် တရားတော်က ''ချီးမွမ်းပညတ် ကုသိုလ်မြတ်''တရားတော်တဲ့။

ဘာတရားတဲ့လဲ? (ချီးမွမ်းပညတ်ကုသိုလ်မြတ် တရားတော်ပါဘုရား)

### သိမ်ဆိုတာကို သိဖို့လို

အဲဒီ ''ချီးမွမ်းပညတ် ကုသိုလ်မြတ်''ဆိုတဲ့ တရားတော်ကို စပြီးတော့ မဟောကြားခင်မှာ ဒီနေ့အလှူက သိမ်ကျောင်းတော်ကြီးအလှူဆိုတော့ ''သိမ်''ဆိုတာ ဘာလဲလို့ သိစရာလေးကို အရင်ပြောပြီးမှ တရားဆက် ဟောကြတာပေါ့။

သိမ်ဆိုတာ ''သီမ''ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ အမည်ဖြစ်တယ်။ ''သီမ''ဆိုတဲ့ ပါဠိက အပိုင်းအခြားကို ဟောပါတယ်။ တိုင်းပြည်၊ မြို့နယ်၊ ရပ်ရွာများရဲ့ နယ်မြေအပိုင်းအခြားကို သိရအောင် ကျောက်တိုင် စတာတွေနဲ့ ပိုင်းခြားသတ်မှတ်ထားတဲ့ အရပ်ဒေသကို ပါဠိလို ''သီမ''မြန်မာလို ''သိမ်''လို့ ခေါ်ရပါတယ်။

http://www.dhammadownload.com



အဲဒီအတိုင်းပါပဲ ရဟန်းတော်တွေ ဥပုသ်ပြုခြင်း၊ ရဟန်းခံခြင်းစတဲ့ သံဃာ့ကိစ္စ (သံဃာ့ကံ)တွေ ပြုလုပ်ရန်အတွက် ပိုင်းခြားသတ်မှတ်ထားတဲ့နေရာကို "သီမ-သိမ်"လို့ ခေါ်ရပါတယ်။

အဲဒါလေးကို မှတ်ထားလို့ လွယ်ကူအောင် လင်္ကာလေး စီထားတယ်။ အားလုံးလိုက်ဆိုကြပါ။ "ဥပုသ်ပြုပြန်၊ ရဟန်းခံစ၊ မြတ်သံဃာ့ကံ၊ ပြုလုပ်ရန်တွက်၊ အမှန်ပိုင်းခြား၊ သတ်မှတ်ထားရာ၊ မြတ်နေရာကို သိမ်ဟုဆို၏။"

သိမ်အကြောင်းလေးပြောပြီးတော့ ဒီနေ့ဟောမည့် "ချီးမွမ်းပညတ် ကုသိုလ်မြတ်"ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြားရအောင် -

ဘုရားရှင်က ပဏ္ဍိတသုတ်တော်မှာ ရဟန်းတို့ ပညာရှိ သူတော်ကောင်းတွေ ပညတ်အပ်တဲ့ တရားသုံးမျိုး ရှိတယ်တဲ့။

ဒီနေရာမှာ မှတ်သားစရာကတော့ ပညာရှိတွေ ပညတ်အပ်တယ်ဆိုတာ ပညာရှိတွေဟောထားတာ၊ ပညာရှိတွေ ချီးမွမ်းတာကို ဆိုလိုတာပါပဲ။

## အကျိုးနှစ်ပါး ခွဲခြားမြင်သိ ပညာရှိ

ဒီနေရာမှာပဲ ပညာရှိဆိုတာ ဘာလဲ? လို့ သိဖို့လိုပါတယ်။ ပညာရှိဆိုတာ ကောင်းကျိုးစီးပွား အစားစားတွေ မဖြစ်တာကို ရှောင်ကြဉ်တယ်။ ကောင်းကျိုးစီးပွား အစားစားတွေ ဖြစ်တာကို ယူတယ်၊ ဆောင်တယ်။ အဲဒီလို ဆိုးကျိုး၊ ကောင်းကျိုးဆိုတဲ့ အကျိုးနှစ်ပါးကို ခွဲခြားသိမြင်တဲ့အတွက်ကြောင့် ပညာရှိကို "ပဏ္ဍိတ"လို့ ဆိုတယ်တဲ့။ (အံ၊ ပါ၊ ၁၊ ၃၅၅)

ဒီတော့ အကျိုးနှစ်ပါးကို ခွဲခြားမြင်သိသူကို ပညာရှိလို့ ဆိုလိုတယ်နော်။ (မှန်လှပါဘုရား)

## ဝမ်းမြောက်ဝမ်းသာ ကြည်နူးပါ

ဒီနေ့ သိမ်ဒါယိကာမကြီး ဒေါ်နုနုရီ ဝမ်းမြောက်ဝမ်းသာရမှာကတော့ ဒီသိမ်တော်ကြီးအလှူဟာ ရဟန်း သံဃာဖော်တွေအတွက် ခုနောင်ကောင်းကျိုး

http://www.dhammadownload.com



အမျိုးမျိုးတွေ ဖြစ်စေမယ်။ အလှူရှင် မိမိအတွက်လည်း ခုနှောင်ကောင်း ကျိုးအမျိုးမျိုးတွေ တိုးပွားစေမှာ ဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာရမယ်။

နောက်ပြီးတော့ ငါဟာ ပညာရှိအလုပ်တွေကို လုပ်နေရသူ၊ ပညာရှိသူ ဖြစ်တယ်လို့လည်း ဝမ်းမြောက်ဝမ်းသာ ကြည်နူးနေရမယ်။

## ပိတ်ထားမှာဆို မလှူလို

ဒီနေရာမှာ သိမ်ဒါယိကာမကြီး ဒေါ်နုနုရီရဲ့ ပညာရှိသူဖြစ်ပုံ၊ ပညာရှိပုံလေးကို တင်ပြပေးချင်ပါသေးတယ်။ ကျောင်းလှူဖို့ လျှောက်ထားစဉ်က ဖြစ်ပါတယ်။ ဒါယိကာမကြီး ဒေါ်နုနုရီက "တပည့်တော်က တပည့်တော် လှူတဲ့ ကျောင်းကို ပိတ်ထားမည့်ကျောင်းဆို မလှူချင်ဘူးဘုရား" လို့ လျှောက်ထားပါတယ်။

ဒါယိကာမကြီး ဒေါ်နုနုရီဆိုလိုတာကတော့ နေထိုင်သီတင်းသုံးမည့် ရဟန်းသံဃာများမရှိလို့ ပိတ်ထားရခြင်း၊ နေထိုင်သီတင်းသုံးမည့် ရဟန်းသံဃာတွေ အများကြီး ရှိပင်ရှိငြားသော်လည်း စာသင်စာချ ပရိယတ်လုပ်ငန်း၊ တရားအားထုတ်ခြင်း၊ တရားပြခြင်း၊ ပဋိပတ်လုပ်ငန်း ဆိုတဲ့ လုပ်ငန်းနှစ်ခုတွင် တစ်မျိုးမျိုးကိုမှ မလုပ်ဘဲ ပိတ်ထားခြင်းမျိုးကို ဆိုလိုကြောင်း သိရပါတယ်။

## ပညာရှိသူ ရွေးချယ်လှူ

ပညာရှိသူဆိုတာ လောက၊ သာသနာအရာရာအတွက် ကောင်းကျိုး ထွက်အောင် ဆောင်ရွက်တဲ့ နေရာတွေကိုပဲ ရွေးချယ်ပြီး လှူဒါန်းပါတယ်။ ပိတ်မထားတဲ့ နေရာတွေကိုပဲ လှူဒါန်းပါတယ်။ ဒီနေ့ တရားနာနေကြတဲ့ ဒကာ၊ ဒကာမတွေလည်း သိမ်ဒါယိကာမကြီး ဒေါ်နုနုရီထုံး နှလုံးမူပြီးတော့ မိမိတို့ ပင်ပင်ပန်းပန်းရှာလို့ ရှိထားတဲ့ အရှိပစ္စည်းတွေကို နာကြားလို့ သိထားတဲ့ တရားအသိဉာဏ်တွေနဲ့ တွဲပြီးတော့ ပိတ်မထားတဲ့ (ပရိယတ်၊ ပဋိပတ်) တစ်မျိုးမျိုးကြိုးစားအားထုတ်နေတဲ့ နေရာတွေကို ရွေးချယ်ပြီး လှူဒါန်းနိုင်ကြပါ စေလို့ တိုက်တွန်းနှိုးဆော်မိပါတယ်။

http://www.dhammadownload.com



## ချီးမွမ်းပညတ် ကုသိုလ်မြတ်မှာ သုံးမျိုးလာ

ဘုရားစတဲ့ ပညာရှိ သူတော်ကောင်းတွေ ဟောကြား ပညတ်ချီးမွမ်းအပ်တဲ့ ကုသိုလ်မြတ်တရားသုံးမျိုးဆိုတာ ဘာတွေလဲဆိုတော့ -

## ဒါနပညတ် ချီးမွမ်းအပ်

၁။ ရဟန်းတို့ ပေးလှူခြင်း "ဒါန"ကို ပညာရှိ သူတော်ကောင်းတွေ ဟောကြားပညတ်ချီးမွမ်းအပ်တယ်တဲ့။

ကိုယ့်ရှိတာလေး ကိုယ်တစ်ယောက်တည်းမစားဘဲ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်း ဆွေကောင်းများနဲ့ ခွဲခြမ်းဝေဖန်မျှတပြီး စားသုံးတဲ့ ပေးလှူခြင်းဒါနဆိုတာ ဘုရားစတဲ့ ပညာရှိသူတော်ကောင်းတွေ ချီးမွမ်း သတ်မှတ်ပညတ်အပ်တဲ့ ကုသိုလ်မြတ်တစ်မျိုးလို့ မှတ်သားကြပြီးတော့ ဒါနကို ရဲရဲကြီး ပြုသင့်ပါတယ်။

## ရဲရဲပြုရေး အားပေးစကား

ဒီနေရာမှာ ဒါနကောင်းမှု ရဲရဲပြုဖို့ အားပေးထားတဲ့ ဘုရားရဲ့ အားဆေးစကားလေးကို တင်ပြချင်ပါသေးတယ်။ ဘုရားရှင်က "ရဟန်းတို့ ငါဘုရား သိသလို သတ္တဝါတွေဟာ ပေးလှူခြင်းဒါနရဲ့ အကျိုးကို သိကြမယ်ဆိုရင် မပေးမလှူဘဲ စားသုံးကြမှာ မဟုတ်ဘူးတဲ့။

နောက်ပြီးတော့ သတ္တဝါတွေရဲ့ ဖြုစင်နေတဲ့ စိတ်ကို နှမြောဝန်တိုမှု မစ္ဆရိယအညစ်အကြေးဟာ လွှမ်းမိုးအနိုင်ယူနိုင်မှာ မဟုတ်ပါဘူးတဲ့။

အလှူခံပုဂ္ဂိုလ်တွေ ရောက်လာတယ်ဆိုရင် နောက်ဆုံး ထမင်းလုပ်လေး ကိုတောင် မပေးမလှူဘဲ စားသုံးမှာ မဟုတ်ပါဘူးတဲ့။ ဒီစကားတွေဟာ ဒါနပြုရေး အားပေးထားတဲ့ အားဆေးစကားတွေပါပဲ။

## ဖြူစင်စိတ်ရိုး အနက်ဆိုး

ခုတော့ သတ္တဝါတွေဟာ ငါဘုရားသိသလို ဒါနရဲ့ အကျိုးကို မသိကြတဲ့ အတွက် မပေးမလှူဘဲ စားသုံးနေကြတာ ဖြစ်တယ်။ မပေးလို မလှူလို

http://www.dhammadownload.com



နမြော၀န်တိုမှု အညစ်အကြေး မစ္ဆရိယတရားဆိုးကြီးက သတ္တ၀ါတွေရဲ့ ဖြူစင်တဲ့စိတ်ကို အနက်ရောင်ဆိုးကာ လွှမ်းမိုးပိုင်ပိုင် အနိုင်ယူနေတာ ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ ဖြူစင်တဲ့ စိတ်ရိုးစိတ်လှလေးကို အနက်ရောင်ဆေးဆိုးနေတာဟာ မပေးလို မလှူလိုတဲ့ ၀န်တိုမှု မစ္ဆရိယဖြစ်နေတယ်ဆိုတာကို တွေ့ရပါတယ်။

(ဒါနသုတ်၊ ဣတိဝုတ်ပါဠိ - ၂၀၇)

## ဒါနစွမ်းအင် သိစေချင်

ဒီနေရာမှာပဲ ဒါနပြုရင် အကျိုးငါးမျိုးရကြောင်း ဘုရားဟောထားတာ တင်ပြချင်ပါသေးတယ်။

သီဟစစ်သူကြီးက "ဒါနရဲ့ မျက်မှောက်ဘ၀မှာပင် ရမည့် ကိုယ်တွေ့ အကျိုးကို ညွှန်ပြနိုင်ပါသလား"လို့ လျှောက်ထားတဲ့အခါ ဘုရားက ညွှန်ပြနိုင်ကြောင်း အကျိုးငါးပါးဟောကြားတော်မူပါတယ်။

အဲဒီအကျိုးတွေကတော့ -

### ၁။ လူတွေရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊

ပေးသူ၊ ကျွေးသူကို တိရစ္ဆာန်တွေကတောင် ချစ်ခင်မြတ်နိုးကြပါတယ်။ ကိုက်ချင်ဟောင်ချင်တဲ့ ခွေးကို ထမင်းလုံးလေးတစ်လုံးလောက် ကျွေးလိုက်တဲ့ အတွက် မကိုက်တာ မဟောင်တာ လူတိုင်းတွေ့ဖူးပါလိမ့် မယ်။ လူတွေ ချစ်ခင်မြတ်နိုးတာကတော့ ပြောနေစရာ တောင် မလိုလောက်ပါဘူး။

ဒီနေရာမှာ နီတိက "ပေးတာလှူတာဟာ ချစ်ဆေး၊ မပေးမလှူတာဟာ မုန်းဆေး၊ ဒါနဆိုတာ အခြံအရံပေါကြောင်း ဆေးစွမ်းကောင်း၊ ဒါနမပြုတာဟာ အထီးကျန်မဲ့ ဆင်းရဲကြောင်းဆေးပါပဲ"လို့ ဆိုထားတာ တွေ့ရပါတယ်။

### ၂။ ကောင်းဝဏ်သတင်း ကျော်စောခြင်း၊

သူများကောင်းစားစေချင်တဲ့စိတ်နဲ့ ပေးသူကျွေးသူဟာ ထင်ပေါ်ကျော်ကြား လူကြိုက်များအောင် အထူး ကြိုးစားအားထုတ်နေစရာ မလိုပါဘူး။ အများကပင် ဒါနရှင်ကို ဝဏ်တင်ကြ ဖော်ထုတ်ပြစမြဲပါ။

http://www.dhammadownload.com



၃။ သူတော်ကောင်းတွေ အလှူရှင်ထံဆိုက်ဆိုက် မြိုက်မြိုက်ရောက်ရှိလာခြင်း၊

သူတော်ကောင်းတွေ ရောက်လာပြီဆိုရင် ကုသိုလ်တရားတွေ တိုးပွားရတယ်။ ခုနောင်ကောင်းကျိုးအလင်းရောင် အမျိုးမျိုးကို ပေးတတ်တဲ့ တရားလက်ဆောင်တွေ ရရှိရတယ်။ လောကမှာ အခြားလက်ဆောင်အမျိုးမျိုးထက် ကောင်းတဲ့လက်ဆောင်ဟာ တရားလက်ဆောင်ပဲ ဖြစ်တယ်။

## လက်ဆောင်ကောင်းရွေး ပေးလှူနိုင်စေ

ဒီနေရာမှာ ဘုန်းကြီးရဲ့ စိတ်နေစိတ်ထားနဲ့ ဝါသနာလေးကို တင်ပြချင်သေးတယ်။ ဘုန်းကြီးက ဒကာ၊ ဒကာမတွေကို ကျောင်းမှာ ဧည့်ခံစားစရာတွေလုပ်ပြီး ဖိတ်ကျွေးလေ့ မရှိပါဘူး။ စဉ်းစားတွေးတောမိတာက ဒီလိုပါ၊ ဒကာ၊ ဒကာမတွေကို ဖိတ်ပြီး ကျွေးမွေးရင် အစားဆိုတာ တစ်နေ့တာ ခဏလေးလောက်ပဲ အဆာပြေပြီး အကျိုးရှိတယ်။ ဒီတော့ အစားအလှူကို မပေးမလှူဘဲ ခုဘဝ နောက်ဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် ဘဝတိုင်အောင် အသိဉာဏ်အလင်းရောင် အမျိုးမျိုးကို ပေးလှူရာရောက်တဲ့ တရားအလှူကိုပဲ ပေးလှူဟာကောင်းတယ်။ တရားအလှူဟာ အစားအလှူထက် အကျိုးများတယ်။ အခြားသော သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းတွေ လှူတာထက်လည်း အကျိုးများတယ်လို့ စဉ်းစားတွေးတောဆုံးဖြတ်ပြီးတော့ မိဘကျေးဇူး ရွှေစာထူး၊ အဆောင်ကောင်း ဂါထာတော်များ၊ စကားနှစ်ရွေးမှန်များ၊ အပူငြိမ်းအေး ဖြေဆေးတစ်ခွက်၊ ကဗျာချိုချို စာတိုတိုများ စတဲ့ တရားစာအုပ်တွေကို များစွာရိုက်နှိပ်ထားပြီး ဆွမ်းစားကွမ်းစားကြွရာအိမ်များ၊ တရားဟောကြွရာ မြို့၊ ရွာများ၊ ကျောင်းရောက်လာသူများကို တရားကျွေးသော သဘောဖြင့် တရားအလှူပေးလှူဖြစ်ကယ်။

ကိုးကွယ်ဆည်းကပ်သူ ဒကာ၊ ဒကာများကိုလည်း အစားအလှူ (အခြားအလှူ)ထက် မြတ်တဲ့ တရားအလှူ (တရားစာအုပ်)အလှူကိုပဲ လှူဖို့ တိုက်တွန်းလေ့ရှိတယ်။

အစားအလှူက ခဏလေးပဲ အကျိုးရှိတာ။ တရားအသိဉာဏ် (စာအုပ်)အလှူက ခုရောနောင်ပါ တစ်သံသရာလုံးအတွက် အကျိုးရှိတာလို့လည်း နှိုင်းယှဉ် ပြကာ ပြောဟောပြတယ်။

http://www.dhammadownload.com



သာရေးနာရေး ကိစ္စလေးတွေ ကြုံလာတဲ့အခါမှာလည်း အခြား လက်ဆောင်ထက်ကောင်းတဲ့ တရားစာအုပ် လက်ဆောင်ပေးဖို့ပဲ နှိုးဆော်တာ များတယ်။

လက်ဆောင်ကောင်း ရွေးပေးလှူနိုင်ကြပါစေလို့ အမြဲတစေ ဆုတောင်း နေမိပါတယ်။

## ၄။ ဘယ်ပရိသတ်ထဲကိုပဲဝင်ဝင် ရဲရဲဝံ့ဝံ့ဝင်ရောက်နိုင်ခြင်း။

မကောင်းမှုပြုထားသူတွေကတော့ မိမိရဲ့ အပြစ်တွေကို တွေးပြီး ပရိသတ်ထဲ ဝင်ရောက်သွားလာရမှာ ကြောက်လန့်နေပေမယ့် သူတစ်ပါးတွေရဲ့ ချီးမွမ်းမှု၊ ချစ်ခင်မှု ခံရနေရသူ ဒါနရှင်တွေကတော့ မိမိတို့ရဲ့ ဒါနတွေကိုတွေးပြီး ပီတိတွေ တဖွားဖွားဖြစ်ကာ ပရိသတ် မျိုးစုံထဲ ဝင်ရောက်သွားလာရမှာ အမြဲတစေ ရဲဝံ့နေပါ တယ်။

ဒီ အကျိုးလေးပါးဟာ ယခုမျက်မှောက်ဘဝမှာ ရရှိတဲ့ ကောင်းကျိုး တွေပါပဲ။

## ၅။ သေတဲ့အခါမှာ နတ်ပြည်ကို ရောက်ရပါတယ်။

(အံ၊ ပါ၊ ၂၊ ၃၃)

### ဒါနအကျိုး ငါးမျိုးကဗျာ

ဒါနစွမ်းအင် သိစေချင်တဲ့အတွက် ဒါနအကျိုးငါးပါးကို ကဗျာ လင်္ကာလေးတွေ ရေးထားတယ်။ အဲဒီ ကဗျာလင်္ကာလေးတွေကို လိုက်ဆိုကြပါ။

* ဒါနပြုလှူင်၊ များလူရှင်၊ ချစ်ခင်မြတ်နိုးမှာ။
* သူတော်ကောင်းမြတ်၊ မြဲချဉ်းကပ်၊ မပြတ်ရောက်လို့လာ။
* ကောင်းဂုဏ်သတင်း၊ ကျော်စောခြင်း၊
  လက်ငင်း ကောင်းကျိုးပါ။
* ပရိသတ်လေးပါး၊ ဝင်ရောက်သွား၊ စိတ်ကားရဲဝံ့တာ။
  ဒါနမျက်မှောက်၊ ကောင်းကျိုးရောက်၊ အံ့လောက်လေးပါးလာ။

http://www.dhammadownload.com



* သေပြီးသည့်နောက်၊ နတ်ပြည်ရောက်၊ အံ့လောက်ကောင်းကျိုးပါ။
ဒါနပြုရ၊ ကျိုးငါးပြ၊ ဗုဒ္ဓဟောကြားတာ။

ဘုရားစတဲ့ ပညာရှိသူတော်ကောင်းတွေကို ချီးမွမ်းပညတ်တဲ့ နံပါတ်တစ် ကုသိုလ်က ဘာကုသိုလ်တဲ့လဲ။ (ဒါနကုသိုလ်ပါဘုရား)

ဒီနေ့ ဟောတဲ့ တရားက ဘာတရားတဲ့လဲ။ (ချီးမွမ်းပညတ်ကုသိုလ်မြတ်) တရားပါဘုရား။

"ကုသိုလ်မြတ်"ဆိုတဲ့ အတိုင်းပါပဲ။ ကိုယ်ပြုတဲ့ ဒါနကုသိုလ်ဟာ ကိုယ့်အတွက်၊ လောကအတွက်၊ သာသနာအတွက် ခရေနောင်ပါ မြင့်မြတ်တဲ့ ကောင်းကျိုး အဖြာဖြာကိုပဲ ပေးဆောင်တယ်နော်။ (မှန်လှပါဘုရား)

## မိဘနဲ့တူ သိမ်အလှူ

ဒီနေ့အလှူက သိမ်ကျောင်းအလှူဖြစ်တယ်။ သိမ်ဆိုတာ သာသနာအတွက် အဓိက ပဓာနကျတယ်။ လူသားတစ်ယောက် လူ့လောကရောက်လာဖို့အတွက် မိဘဟာ အဓိက ပဓာနကျသလို သာသနာပြုရဟန်းတော်တွေ ပေါ်ပေါက်လာဖို့ အတွက် သိမ်ဟာအဓိကပဓာန ကျပါတယ်။

ဒီတော့ နှိုင်းယှဉ်ကြည့်ရှု သတိပြုပြီးတော့ ပြောချင်တာကတော့ သိမ်ဆိုတာ မိဘနဲ့ တူတယ်လို့ ပြောချင်ပါတယ်။

သိမ်ဆိုတာ ဘာနဲ့တူ? (မိဘနဲ့တူပါတယ်ဘုရား)

ဒီနေ့ ဖခင်ကြီး ဦးအောင်မြင့် + မိခင်ကြီး ဒေါ်စောခတို့အတွက် ရည်စူးချက်ထားပြီးတော့ သမီး ဖြစ်သူ သိမ်အစ်မကြီး ဒေါ်နုနုရီက လှူဒါန်းတာဆိုတော့ မိဘတွေအတွက်လှူတဲ့ မိဘနဲ့တူတဲ့ သိမ်အလှူတော် ဖြစ်နေတယ်ဆိုတာကို သတိပြုပြီးတော့ ဝမ်းသာကြည်နူး ပီတိထူးတွေ ဖြစ်နေရမယ်။

သာသနာတော်အတွက် မရှိမဖြစ် လိုအပ်တဲ့ အဓိက ပဓာနကျတဲ့ သိမ်ကျောင်းတော်ကြီးလှူနေရတယ်လို့ ဝမ်းမြောက်ဝမ်းသာရမယ်။

http://www.dhammadownload.com



## အမေနဲ့တူ သိမ်အလှူ

နောက်ပြီးတော့ နိုင်းယှဉ်ကြည့်ရှုသတိပြုပြီး ပြောချင်တာကတော့ "သိမ်ဆိုတာ အမေနဲ့ တူတယ်"လို့ ပြောချင်တာပါပဲ။

သိမ်ဆိုတာ ဘာနဲ့တူ? (အမေနဲ့တူပါတယ်ဘုရား) အမေ့ဖက် မျက်နှာလိုက်ပိုပြီးပြောတာမဟုတ်ဘူးနော်။ စောစောက မိဘနဲ့ တူတယ်ဆိုတဲ့နေရာမှာ အဖေကို ပြောပြီးပြီနော်။ (မှန်လှပါဘုရား)

ဘာပဲဖြစ်ဖြစ်၊ ဘယ်သူတွေ ဘာပဲပြောပြော အမေ့ကိုတော့ ပိုလိုက်တာပေါ့။ (အားလုံးရယ်ကြ) အမေဆိုတာ ပိုမှကြိုက်တာ။ (အားလုံးရယ်ကြ)

ကဲ…ထားပါတော့ အမေဆိုတာ သားကောင်း သားမြတ်တွေကို မွေးဖွားပေးနိုင်သလို သိမ်ဆိုတာ ပရိယတ်၊ ပဋိပတ် သာသနာပြု အကျော်အမော် သာသနာပြု သူရဲကောင်းရဟန်းတော်တွေကို မွေးဖွားပေးနိုင်တဲ့အတွက် သိမ်ဆိုတာ အမေနဲ့တူတယ်လို့ တင်စားပြီး ပြောဆိုလိုပါတယ်။

လှူတာကလည်း များသောအားဖြင့် အမေတွေကများတော့ အမေနဲ့ တင်စားပြောဆိုတာ ပိုပြီးသဘာဝကျတယ်နော်။ (မှန်လှပါဘုရား)

## သိမ်အတွက်လှူရာ ဆိုစေတာ

သိမ်ဒါယိကာမကြီး ဒေါ်နုနုရီနဲ့ အားလုံးသော သိမ်အလှူရှင်တွေ သိမ်အတွက် လှူစဉ်အခါက ပိုပြီး သဘောပေါက်နားလည်အောင် ကုသိုလ်စိတ်တွေ တဖွားဖွားဖြစ်ပေါ်အောင် အောက်ပါအတိုင်း လိုက်ပြီးဆိုခိုင်းပါတယ်။ ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေလည်း ဝစီကုသိုလ်ဖြစ်အောင် လိုက်ဆိုကြပါ။

အရှင်ဘုရား တပည့်တော်များသည် သာသနာပြု ရဟန်းတော်များစွာ မွေးဖွားပေးနိုင်သော အမေနဲ့တူသော သိမ်အလှူတော် လှူဒါန်းပါကုန်၏။

## နေရာကောင်းတွေ ရပါစေ ဆုတောင်း

ဤကောင်းမှုသည် တပည့်တော်တို့အား အိုးအိမ် တိုက်တာ ရာထူးဌာနန္တရ အစရှိသော လောကီ လောကုတ္တရာ နေရာကောင်းများ ရရာရကြောင်း

http://www.dhammadownload.com



တောင်းမြတ်သော အထောက်အပံ့ကောင်းသည် စင်စစ် မသွေ ဖြစ်ပါစေသားလို့ လိုက်ဆိုစေကာ လှူစေ ဆုတောင်းစေပါတယ်။

## ပီတိတဖွားဖွား ဖြစ်စေသား

ဒီတော့ ဒကာ၊ ဒကာမတွေ ပီတိဖြစ်ရမှာက သိမ်လှူရတာဟာ မိဘနဲ့တူတဲ့ အလှူ၊ အမေနဲ့တူတဲ့အလှူ လှူနေရတာပါလားရယ်လို့ ပီတိတွေ တဖွားဖွား ဖြစ်နေ ရမယ်နော်။ (မှန်လှပါဘုရား)

## လူတွေပြောကြ စကားလှ

လောကလူတွေ ပြောနေကြတဲ့ စကားတွေ ရှိနေတယ်မဟုတ်လား၊ ဘာတဲ့လဲဟင်? "ရတနာမှာစိန်၊ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာသိမ်" ဒီလို မဟုတ်လား? (မှန်လှပါဘုရား)

ရတနာမှာတော့ စိန်ဟာ အကောင်းဆုံး၊ အမြတ်ဆုံး၊ တန်ဖိုးအရှိဆုံး။ သင်္ကန်းလှူတဲ့အခါမှာ ကထိန်သင်္ကန်းလှူရတာ အကောင်းဆုံး၊ အမြတ်ဆုံး၊ ကျောင်းလှူတဲ့အခါမှာတော့ သာသနာပြုရဟန်းကောင်း ရဟန်းမြတ်တွေကို မွေးဖွားပေးနိုင်တဲ့ သိမ်အလှူဟာ အကောင်းဆုံး၊ အမြတ်ဆုံး၊ အကျိုးအရှိဆုံးလို့ ပြောဆိုကြတယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ သိမ်ဒါယိကာမကြီး ဒေါ်နုနုရီ ဝမ်းသာရမှာက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စတဲ့ ပစ္စည်းအလှူတွေထဲမှာ အကောင်းဆုံး၊ အမြတ်ဆုံး၊ အကျိုးအရှိဆုံး၊ အကျိုးအများဆုံး သိမ်ကျောင်းတော်ကြီး လှူနေရတယ်လို့ ပီတိ ဖြစ်ရမယ်၊ ဝမ်းသာရမယ်။

## အားလုံးလှူရာ ရောက်သည်သာ

ဒီနေရာမှာပဲ ကျောင်းအလှူဟာ အား၊ အဆင်း၊ ချမ်းသာ၊ မျက်စိ ဆိုတဲ့ အလှူအားလုံးကို လှူရာရောက်တယ်ဆိုတာကို တင်ပြချင်ပါသေးတယ်။

(သံ၊ ၠ၊ ၁၊ ၇၈၊ ၇၉)

http://www.dhammadownload.com



## အားအင်လှူရာ ရောက်ပုံမှာ

ကျောင်းအဆောက်အဦ နေရာအလှူဟာ အားအင်ကိုလည်း လှူရာရောက်ပါတယ်။ ဆွမ်းခံသွားတဲ့အခါမှာပဲဖြစ်ဖြစ်၊ အခြားကိစ္စတစ်ခုခုအတွက် ခရီးသွား ခရီးထွက်တဲ့အခါမှာပဲဖြစ်ဖြစ် အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်မှု ဖြစ်တတ်ပါတယ်။ လူတွေပြောကြတယ် မဟုတ်လား။ ခရီးပန်းလို့ အေးအေးဆေးဆေး အနားယူနေတာ အိပ်နေတာဆိုတာတွေပါပဲ။ ဆွမ်းခံကြွရာ၊ ခရီးမှ ပြန်လာရာ အချိန်တွေမှာ အေးမြကြည်လင်တဲ့ ရေစင် ရေကောင်းကိုသောက်ပြီး ချိုးပြီးရင် ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်းတွေထဲမှာ ဝင်ပြီး အနားယူလိုက်တော့ အမောပြေ၊ အပန်းပြေကာ မကြာခင်မှာဘဲ အားအင်တွေ တိုးပွားလာနိုင်ပါတယ်။ ဒါကတော့ ကျောင်းအဆောက် အဦအလှူဟာ အားအင်ကို ဖြစ်စေပုံပါပဲ။ အားအင်ကို လှူရာ ရောက်ပုံပါပဲ။

ကဲ…ကဗျာလင်္ကာလေးလိုက်ဆို။

* အားအင်လှူရာ၊ ရောက်ဖို့ရာ၊ ဘယ်ဟာလှူရမယ်။
အားအင်လှူရာ၊ ရောက်ဖို့ရာ၊ ကျောင်းသာလှူရ မယ်။

## အဆင်းလှူရာ ရောက်ပုံမှာ

နောက်ပြီးတော့ အပြင်မှာ ခရီးသွားနေရသူတွေမှာ နေပူလေပူနဲ့ မြူမှုန်တွေကြောင့် အသားအရေအဆင်းတွေဟာ ကြည့်မကောင်းအောင် ညှိုးမဲပြီး ဖောက်ပြန်နေတတ်တယ်။ အပြင်က ခရီးက ပြန်လာပြီးတော့ ကျောင်းစတဲ့ အဆောက်အဦထဲမှာ ဝင်ရောက်ပြီး တစ်ခဏလေးလောက် အပန်းဖြေကာ အနားယူအိပ်စက်လိုက်ရရင် "အိပ်ရေးဝတော့ လှလုံးလှ"ဆိုတဲ့ စကားအတိုင်းပဲ ရုပ်ရေအဆင်းဟာ သိသိသာသာကြီး ကြည်လင်လှပတင့်တယ်လာပါတယ်။

ဒါကတော့ ကျောင်းအဆောက်အဦအလှူဟာ အဆင်းကိုလည်း လှူရာရောက်စေပုံပါပဲ။

ကဲ…ကဗျာလင်္ကာလေးတွေလိုက်ဆို။

* အဆင်းလှူရာ၊ ရောက်ဖို့ရာ၊ ဘယ်ဟာလှူရမယ်။
အဆင်းလှူရာ၊ ရောက်ဖို့ရာ၊ ကျောင်းသာလှူရမယ်။

http://www.dhammadownload.com



## ချမ်းသာလျှရာ ရောက်ပုံမှာ

ကိစ္စကြီးငယ် အသွယ်သွယ်အတွက် အပြင်မှာ ခရီးသွား ခရီးထွက်နေရသူတွေမှာ ဆူးငြောင့်ခလုတ်တွေ စူးမိတတ်တယ်။ မြွေ၊ကင်းစတဲ့ အဆိပ်ရှိတဲ့ သတ္တဝါတွေရဲ့ ကိုက်ခဲတာကိုလည်း ခံရတတ်တယ်။ မိုးရွာတော့ အအေးဒဏ်၊ အစိုဒဏ်၊ နေပူတော့ အပူဒဏ်၊ အခြောက်ဒဏ်တွေ ခံစားပြီးတော့ နေရတတ်တယ်။ ဓားပြသူခိုး လူဆိုးလူယုတ်တွေကလည်း အလွယ်တကူ ဖမ်းယူလုယက် နှိပ်စက်နိုင်တယ်။

အဆောက်အဦအတွင်းမှာ တံခါးကို လုံခြုံစွာပိတ်ပြီးနေသူအတွက် အထက်မှာ ပြောခဲ့ပြီးတဲ့ ဘေးရန်တွေ ကင်းဝေးပြီးတော့ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံပြီး စာချ စာသင် တရားဟောတရားပြသူတွေမှာလည်း တည်ကြည်မှု သမာဓိရပြီးတော့ ချမ်းသာမှုတွေ ဖြစ်ရတယ်။

ဒါကတော့ ကျောင်းအလှူဟာ ချမ်းသာကို လှူရာ ရောက်စေပုံပါပဲ။

ကဲ…ကဗျာလင်္ကာလေးတွေလိုက်ဆို။

* ချမ်းသာလှူရာ၊ ရောက်ဖို့ရာ၊ ဘယ်ဟာလှူရမယ်။

* ချမ်းသာလှူရာ၊ ရောက်ဖို့ရာ၊ ကျောင်းသာလှူရမယ်။

## မျက်စိလှူရာ ရောက်ပုံမှာ

နောက်ပြီးတော့ အပြင်မှာ ခရီးသွားလုပ်ကိုင်နေရသူတွေမှာ ချွေးတွေ ထွက်လာတတ်တယ်။ မျက်စိမှာလည်း လေပူ၊ နေပူ၊ မြူမှုန်တွေကြောင့် ဖန်တန်တန် စပ်တပ်တပ် ဖြစ်နေတတ်တယ်။ ကျောင်းစတဲ့ အဆောက်အဦအတွင်းမှာ တစ်ခဏလေးလောက် ဝင်ရောက်ပြီးတော့ အပန်းဖြေ အနားယူ အိပ်စက်နေထိုင်လိုက်ရင် မျက်စိတွေ ကြည်လင်လာတယ်။ ဒါကတော့ ကျောင်းအလှူဟာ မျက်စိကို လှူရာရောက်စေပုံပါပဲ။

ကဲ…ကဗျာလင်္ကာလေးတွေလိုက်ဆို။

* မျက်စိလှူရာ၊ ရောက်ဖို့ရာ၊ ဘယ်ဟာလှူရမယ်။

မျက်စိလှူရာ၊ ရောက်ဖို့ရာ၊ ကျောင်းသာလှူရမယ်။

http://www.dhammadownload.com



## ပီတိပွားဖွယ် အသွယ်သွယ်

ဒီနေ့ အောင်ဇမ္ဗူစေတီသိမ်တော်ကြီး ဒါယိကာမ ဒေါ်နုနုရီ ဝမ်းသာပီတိဖြစ်ရမှာက သိမ်ကျောင်းတော်ကြီး အလှူတော်ဟာ အားအင်၊ အဆင်း၊ ချမ်းသာ၊ မျက်စိ ဆိုတဲ့ အလှူအားလုံးကို လှူရာရောက်နေပါလားလို့ သတိပြုကာ ဝမ်းသာရမယ်၊ ပီတိဖြစ်ရမယ်။

သိမ်ကျောင်းအလှူတော်နဲ့ တွဲဖက်ပြီးတော့ ဆွမ်း၊ သင်္ကန်းစတဲ့ ပစ္စည်း (၉)မျိုးလည်း လှူထားတာ တွေ့ရပါတယ်။ ဒီအလှူအားလုံးဟာ ပီတိပွားစရာတွေချည်းပါပဲ။

ဘုရားစတဲ့ ပညာရှိသူတော်ကောင်းတွေ ချီးမွမ်းပညတ်တဲ့ ကုသိုလ်မြတ်တွေချည်းပါပဲ။

## ဒါနနဲ့ ဓနု

ဒီ "ဒါန"ကုသိုလ်တွေဟာ ကုသိုလ်ရှင်အတွက် ဘဝတိုင်းမှာ စီးပွားဥစ္စာဆိုတဲ့ "ဓန"တွေကို ဖြစ်စေမှာပါပဲ။ "ဒါနနဲ့ဓန"ဟာ အမြဲတစေ တွဲနေမှာပါပဲ။

ကဲ…ကဗျာလင်္ကာလေးလိုက်ဆို။

- ✱ ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်၊ သိမှတ်ဘယ်ဟာလဲ။
- ✱ ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်၊ သိမှန်ဒါနပဲ။
- ✱ ဒါနပြုသူ၊ ဖြစ်ရာမူ၊ ရယူ "ဓန"ပဲ။

## ရှင်ရဟန်းပြု ချီးမွမ်းမှု

၂။ ပညာရှိသူတော်ကောင်းတွေ ဟောကြားပညတ် ချီးမွမ်းအပ်တဲ့ ကုသိုလ်မြတ်က ရှင်ရဟန်းပြုခြင်းဖြစ်တယ်တဲ့၊ ဘာတဲ့လဲ? (ရှင်ရဟန်းပြုခြင်းပါဘုရား)

ကိုယ်တိုင်သာသနာထဲ ဝင်ရောက်ပြီးတော့ ရှင်ရဟန်းပြုနိုင်ရင်လည်း ပြုပါ။ ကိုယ်တိုင်ဝင်ရောက်ပြီးတော့ မပြုနိုင်ဘူးဆိုရင်လည်း သာသနာထဲ ဝင်ရောက်ပြီးတော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပြည့်စုံအောင် ကြိုးစား

http://www.dhammadownload.com



အားထုတ်နေသူတွေကို ပစ္စည်းလေးပါးနဲ့ ချီးမြှောက်ထောက်ပံ့ပါ။ ကိုယ်တိုင်သာသနာထဲ ဝင်ရောက်ပြီးတော့ သာသနာ့တာဝန်ထမ်းဆောင်နေသလို အကျိုးများ အကျိုးရှိသွားတာပါပဲ။

## အဖျက်ကြုံရ သူ့ဘဝ

ဒီနေရာမှာ သတ္တာဟပမ္ဗဖိတ မထေရ်အကြောင်းလေးကို ပြောပြချင်ပါသေးတယ်။

သူကိုယ်တိုင် ရဟန္တာဖြစ်ပြီးတော့ ပြန်ပြော၊ ပြန်ဟောထားတဲ့ သူ့ဘဝသူ့အကြောင်းလေးပါ။

လူတွေဟာဝိပဿီဘုရားရဲ့ တပည့်သား သံဃာတော်တွေကို ရိုသေမြတ်နိုးကြပါတယ်။ သူကတော့ စည်းစိမ်ဥစ္စာတွေ ပျက်စီးခြင်း၊ ဆွေမျိုးတွေပျက်စီးခြင်းနဲ့ ကြုံတွေ့နေရပါတယ်တဲ့။ (အပဒါန၊ ပါဠိ၊ ၁၊ ၂၇၃)

## ငြိမ်းအေးရန်ရှု ရဟန်းပြု

သူဟာ အဲဒီ ပျက်စီးခြင်းတွေနဲ့ ကြုံတွေ့ပြီးတော့ သံဝေဂရကာ ပျက်စီးခြင်းတွေ ငြိမ်းအေးရန်အတွက် ရဟန်းပြုလိုက်ပါတယ်တဲ့။ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ မြတ်စွာဘုရားဆုံးမတာတွေကို လိုလိုလားလားနဲ့ လိုက်နာကျင့်သုံးပြီး ခုနစ်ရက်လုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ပါတယ်တဲ့။

## ခုနစ်ရက်ဝတ် အပါယ်လွတ်

ဒီဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်မှာ သူဟာ ရဟန်းပြုခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်ဘေးမှ လွတ်မြောက်ခဲ့ရပါတယ်တဲ့။ ဒီ အပါယ်လွတ်တဲ့ကောင်းကျိုးဟာ ရဟန်းခုနစ်ရက်လောက် ဝတ်ခဲ့ရတဲ့ ကောင်းကျိုးဖြစ်ပါတယ်တဲ့။

ရှင်ရဟန်းပြုပြီး ဘုရားဆုံးမတဲ့အတိုင်း ကောင်းစွာ လိုက်နာကျင့်သုံးခြင်းဟာ အပါယ်လွတ်ကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်နေတာကို တွေ့ရပါတယ်။

http://www.dhammadownload.com



## မြတ်ရဟန္တာ ဖြစ်ရာ

ဒီဘုရားလက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်တော်မူပါတယ်။

ဒီ ရှင်ရဟန်းပြုခြင်းဟာ ဘုရားစတဲ့ ပညာရှိ သူတော်ကောင်းတွေ ဟောကြားပညတ်ချီးမွမ်းအပ်တဲ့ ကုသိုလ်မြတ် ဖြစ်တယ်နော်။ (မှန်လှပါဘုရား)

ကဲ···ကဗျာလင်္ကာလေးတွေလိုက်ဆို။

* ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်၊ သိမှတ်ဘယ်အရာ။
* ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်၊ သိမှတ်ရှင်ပြုတာ။
* ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်၊ သိမှတ်ရဟန်းပြုတာ။

## မိဘပြုစု ချီးမွမ်းမှု

၃။ ရဟန်းတို့ မိဘတွေကို ပြုစုလုပ်ကျွေးခြင်းကိုလည်း ဘုရားစတဲ့ ပညာရှိသူတော်ကောင်းတွေ ဟောကြားပညတ် ချီးမွမ်းအပ်တယ်တဲ့။

ဒီနေ့ သိမ်ဒါယကာမကြီး ဒေါ်နုနုရီ ဘာလုပ်နေတာလဲလို့ မေးရင် ဖခင်ကြီး ဦးအောင်မြင့်+မိခင်ကြီး ဒေါ်စောခ တို့အတွက် ရည်စူးပြီးတော့ သိမ်တော်ကြီး အလှူပေးရင်းနဲ့ မိဘကျေးဇူးဆပ်နေတာဖြစ်တယ်လို့ ဖြေရမှာ ဖြစ်ပါတယ်။

သိမ်ဒါယိကာမကြီး ဘာလုပ်နေတာတဲ့လဲ? (မိဘ ကျေးဇူးဆပ်နေတာပါဘုရား)

## မရှိလည်းဆပ် ရှိလည်းဆပ်

ဒီနေရာမှာ အတွေ့အကြုံလေးတစ်ခု ပြောပြချင်ပါသေးတယ်။ ဘုန်းကြီးက ဘုန်းကြီးရေးထားတဲ့ ''မိဘကျေးဇူး ရွှေစာထုး''ဆိုတဲ့ စာအုပ်လေးကို ကျောင်းရောက်လာတဲ့ မိသားစုတစ်စုကို ပေးလိုက်ပါတယ်။ ပေးပြီးတော့ ဘုန်းကြီးက ဒီစာအုပ်လေးကို ဖတ်ပါ။ ဖတ်ပြီးရင် ဒီစာအုပ်ထဲပါ စာတွေကို မှတ်ပါ။ မှတ်ပြီးရင် မိဘကျေးဇူးကို ဆပ်ပါလို့'' ''ဖတ်၊ မှတ်၊ ဆပ်''လို့ ပြောလိုက်ပါတယ်။

http://www.dhammadownload.com



အဲဒီလို ဘုန်းကြီးက ပြောလိုက်တဲ့အခါမှာ အဲဒီ မိသားစုက "ဆရာတော်၊ တပည့်တော်တို့က မိဘကျေးဇူး ဆပ်တော့ ဆပ်ချင်ပါတယ်။ ဒါပေမယ့် တပည့်တော်တို့မှာ မိဘတွေ မရှိတော့ပါဘူးဘုရား"လို့ လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားသူတွေကို ဘုန်းကြီးက "မိဘကျေးဇူးဆိုတာ ရှိမှ ဆပ်ရတာ မဟုတ်ဘူး။ မရှိလည်း မိဘတွေ ဘဝတစ်ပါးပြောင်းသွားတဲ့ နောက်ဆုံး နေ့ရက်တွေကိုမှတ်ပြီးတော့ ဆွမ်း၊ သင်္ကန်းစတဲ့ ကောင်းမှုတွေပြုကာ အမျှဝေရတယ်။ ကျေးဇူးဆပ်ရတယ်"လို့ ပြောပြရပါတယ်။ သူတို့က မရှိရင် ဆပ်စရာမလိုတော့ဘူး ထင်နေကြပါတယ်။ မိဘတွေရဲ့ သားသမီးလိုချင်တဲ့ မျှော်လင့်ချက်ငါးပါးထဲမှာ မိဘတွေ သေဆုံးသွားတဲ့အခါ အလှူဒါနတွေလုပ်ပြီး အမျှပေးဝေခြင်း (လှူမျှ ဝေ၍) ဆိုတဲ့ အချက်အလက်ဟာ အဓိက ပဓာနကျတဲ့ အချက်ဖြစ်ကြောင်း နေ့စဉ် ဘုရား၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးကပ်လှူတဲ့ ကုသိုလ်တွေကစပြီး မရှိတော့တဲ့ မိဘတွေကို အမျှပေးဝေဖို့လိုကြောင်း၊ မိဘကျေးဇူးဆိုတာ မရှိလည်း ဆပ်ရကြောင်း၊ ရှိလည်း ဆပ်ရကြောင်း သတိ ပေးဟောပြောလိုက်ရပါတယ်။

* မရှိလည်းဆပ်၊ ရှိလည်းဆပ်၊ မိဘမြတ်ကျေးဇူး။

## ဒီနေ့ဟောဖော် တရားတော်

ဒီနေ့ မရှိတော့တဲ့ မိဘနှစ်ပါးဖြစ်သူ ဦးအောင်မြင့်+ ဒေါ်စောခတို့အတွက် ရည်စူးပြီး သိမ်အလှူတော်ကြီး ပေးလှူကာ ကျေးဇူးဆပ်နေတာဟာ ဘုရားစတဲ့ ပညာရှိ၊ သူတော်ကောင်းတွေ ဟောကြားပညတ်ချီးမွမ်းအပ်တဲ့ ကုသိုလ်မြတ်ကို လုပ်နေတာ ဖြစ်တယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ ဟောနေတဲ့တရားက ဘာတရားတဲ့လဲ? (ချီးမွမ်းပညတ် ကုသိုလ်မြတ် တရားပါဘုရား)

## သိဖွယ်စုံလင် ပြောပြချင်

ဒီနေ့ ကုသိုလ်ပွဲက "အောင်ဇမ္ဗူစောသိမ်ဇတော်ကြီး" လှူဒါန်းပြီးတော့ မိဘကျေးဇူး ရည်စူးပေးဆပ်တဲ့ ကုသိုလ်ပွဲဆိုတော့ မိဘကျေးဇူးဆိုင်ရာ သိဖွယ်ရာတွေကို ပြောပြချင်ပါသေးတယ်။

http://www.dhammadownload.com



## နှစ်တစ်ရာပြုစု မကျေမှု

ဘုရားက "ရဟန်းတို့ မိဘနှစ်ပါးတို့ရဲ့ ကျေးဇူးတွေကို ကျေအောင် ဆပ်ဖို့ရန် မလွယ်ကူပါဘူး"လို့ ဟောကြားတော်မူပါတယ်။

(အံ၊ ပါ၊ ၁၊ ၆၃၊ ၄၊ ၂၊ ...)

ရဟန်းတို့ သားသမီးဖြစ်သူဟာ အသက်တစ်ရာတန်းမှာ ဖြစ်နေတယ်။ အသက်တစ်ရာပြည့်အောင်ပင် အသက်ရှည်ကာ အမေ့ကိုတော့ ညာဘက် ပုခုံးပေါ်မှာတင်ပြီး အဖေ့ကိုတော့ဘယ်ဘက် ပုခုံးပေါ်မှာတင်ကာ နှစ်ပေါင်း တစ်ရာကာလပတ်လုံး ပြုစုလုပ်ကျွေး ပြုစုတယ် ဆိုပါတော့။ နောက်ပြီးတော့ အနံ့အသက်ကောင်းအောင် အမွှေးအကြိုင်လိမ်းပေးခြင်း၊ အညောင်းအညာ ပြေအောင် နင်းနှိပ်ပေးခြင်း၊ ရေပူရေအေးချိုးပေးခြင်း၊ ခြေတွေ လက်တွေကို ဆုပ်နယ်ပေးခြင်းတွေနဲ့ နှစ်ပေါင်းတစ်ရာ ကာလကြာအောင် ပြုစုလုပ်ကျွေး ပေမယ့်လည်း မိဘကျေးဇူးတွေက များနေတဲ့အတွက် မိဘကျေးဇူး မကျေ နိုင်သေးပါဘူးလို့ ဟောကြားတော်မူပါတယ်။

## ရွှံ့ဖွယ်စွန့်လည်း မကျေမြဲ

နောက်ပြီးတော့ မိဘတွေဟာ သားသမီးတွေရဲ့ ပခုံးပေါ်မှာပဲ ကျင်ကြီး၊ ကျင်ငယ်တွေ စွန့်ချတယ်ဆိုပါစို့။ အဲဒီလို စွန့်ချတာကို သားသမီးတွေက သဘောကျ ကျေနပ်ကာ ပြုစုလုပ်ကျွေးငြားသော်လည်းပဲ မိဘကျေးဇူး မကျေနိုင်သေးပါဘူးတဲ့။

## မင်းအဖြစ်ပေး မကျေသေး

နောက်ပြီးတော့ ရဟန်းတို့ ကိုယ်က ရတနာတွေ များစွာရှိတဲ့ ဒီမဟာပထဝီမြေကြီးကို အုပ်ချုပ်အစိုးရတဲ့ စကြာဝတေးမင်းဖြစ်နေတယ် ဆိုပါစို့။ အဲဒီ ကိုယ်ရရှိထားတဲ့ စကြာဝတေးမင်းရာထူးကြီးကို ကိုယ်တိုင်မယူတော့ဘဲ မိဘတွေကို အမေတို့၊ အဖေတို့၊ သားသမီးတို့ ရရှိထားတဲ့ စကြာဝတေးမင်း ရာထူးကြီးကို အမေတို့ အဖေ တို့ကို ပေးလှူပါတယ်လို့ ပြောဆိုပြီး အဲဒီ စကြာဝတေးမင်း ရာထူးကြီး ပေးပြီးတော့ ကျေးဇူးဆပ်တာတောင်မှ မိဘ ကျေးဇူးဟာ မကျေသေးပါဘူးတဲ့။

http://www.dhammadownload.com



စကြာဝတေးမင်းရာထူးဆိုတာ လောကီမှာ အမြတ်ဆုံးရာထူးပါပဲ။ လောကီနည်းနဲ့ဆပ်တဲ့ နေရာမှာလည်း အမြတ်ဆုံးဆပ်နည်းပါပဲ။ အဲဒီလို စကြာဝတေးမင်း ရာထူးကြီးကို ပေးပြီး ဆပ်တာတောင်မှ မကျေသေးတဲ့ အရာဟာ မိဘကျေးဇူးအရာပဲ ဖြစ်ပါတယ်။

စကြာဝတေး၊ မင်းအဖြစ်ပေးကာ၊ ဆပ်တုံပါလည်း၊ နှစ်ဖြာမိဘ၊ ကျေးဇူးလှကား၊ အလွန်များ၍၊ မှတ်သား ပိုင်ပိုင်၊ မကျေနိုင်ဟု၊ ဘုန်းလှိုင်မြတ်စွာ၊ ဟောပြပါ၏။

## ဘယ်လိုဆပ်ဆပ် မကျေမှတ်

ဆိုလိုတာကတော့ မိဘကျေးဇူးဆိုတာ လောကီနည်းနဲ့ဆပ်လို့ကတော့ ဘယ်လိုနည်းနဲ့ပဲဆပ်ဆပ် မကျေနိုင်သေးဘူးလို့ ဆိုလိုပါတယ်။

လောကီနည်းပေါင်း၊ ရာ၊ထောင်၊သောင်း၊သိန်း၊ သန်းကိန်းကုဋေ၊ ပေးဆပ်ပေလည်း၊ နှစ်တွေမိဘ၊ ကျေးဇူးလှကား၊ အလွန်များ၍၊ နှစ်ပါးမိဘ၊ ကျေးဇူး လှခိုင်၊ မကျေနိုင်ဟု၊ ဘုန်းလှိုင်မြတ်စွာ၊ ဟောပြပါ၏။

## မကျေနိုင်ပါ အကြောင်းလေးဖြာ

အဲဒီလို လောကီနည်းအမျိုးမျိုးနဲ့ ပေးဆပ်လို့ မကျေတာဟာ ဘာ့ကြောင့်လဲဆိုတော့-

ရဟန်းတို့ မိဘတွေက သားသမီးတွေရဲ့အပေါ်မှာ ကျေးဇူးများစွာ ပြုထားသူတွေ ဖြစ်ကြတယ်။ ကြီးပြင်း ရွယ်ရောက် လူလားမြောက်အောင် ကြီးပွားတိုးတက်အောင် စောင့်ရှောက်ကြသူတွေ ဖြစ်တယ်။ ကျွေးမွေးကြသူတွေဖြစ်တယ်။ ဒီလောကကြီးမှာ ပေါ်လာတဲ့ ကောင်းတာ ဆိုးတာ အရာရာကို သိခွင့် မြင်ခွင့် ခံစားခွင့် ရအောင် ပြသူကြသူတွေဖြစ်တယ်။ အဲဒီလို အကြောင်းတွေကြောင့် မကျေနိုင်တာ ဖြစ်ပါတယ်။

http://www.dhammadownload.com



## လောကကိုပြ မိနှင့်ဖ

ဒီနေရာမှာ "လောကကို ပြသသူ"ဆိုတဲ့ သဘောကို အကျယ်ချဲ့ပြချင်သေးတယ်။ မိဘတွေဟာ သားသမီးတွေ မွေးလာတဲ့အခါမှာ တောထဲ၊ တောင်ထဲ၊ ချောက်ထဲ၊ ချောင်းထဲ၊ မြစ်ထဲမှာ ပစ်ချလိုက်မယ်ဆိုရင် အဲဒီ သားသမီးတွေဟာ အသက်သေဆုံးပြီးတော့ လောကမှာ ပေါ်လာတဲ့ ကောင်းတာဆိုးတာ အရာရာကို သိမြင်ခွင့် ခံစားခွင့် ရရှိမှာ မဟုတ်ပါဘူးတဲ့။ ခုတော့ မိဘတွေဟာ အဲဒီလို ပစ်မချတဲ့အတွက် သားသမီးတွေဟာ လောကမှာ ပေါ်လာတဲ့ ကောင်းတာ၊ ဆိုးတာ အရာရာတွေကို သိမြင်ခွင့်၊ ခံစားခွင့်ရရှိသွားကြတယ်တဲ့။ ဒါ့ကြောင့် မိဘတွေဟာ "လောကကို ပြသသူတွေ ဖြစ်ပါတယ်" လို့ အဋ္ဌကထာက ဖွင့်ပြပါတယ်။ (အံ၊ ဋ္ဌ၊ ၂၊ ၂၈)

## ကျေးရာကျေးကြောင်း ဆပ်နည်းကောင်း

လောကမှာ မကျေနိုင်တဲ့နည်းရှိရင် ကျေနိုင်တဲ့ နည်းတွေလည်း ရှိရမယ်ပေါ့။ အဲဒီ ကျေနိုင်တဲ့ ကျေးရာကျေးကြောင်း နည်းလမ်းကောင်းတွေကတော့ -

၁။ သဒ္ဓါတရား မရှိသေးတဲ့ မိဘကို သဒ္ဓါတရားရှိအောင်၊

၂။ သီလမရှိသေးတဲ့ မိဘကို သီလရှိအောင်၊

၃။ မပေးလို့ မလှူလိုတဲ့ မိဘကို ပေးလှူချင်လာအောင်၊

၄။ ပညာမရှိတဲ့ မိဘကို ပညာရှိအောင် ပြောဟော တိုက်တွန်း နှိုးဆော်ပေးရင် မိဘတွေရဲ့ ကျေးဇူးတွေကို ကျေအောင် ပြန်ဆပ်ရာ ရောက်ပါတယ်။

အဲဒီ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာဆိုတဲ့ တရားလေးမျိုးအားနည်းနေတဲ့ မိဘတွေကို သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတရားတွေ အားကောင်းအောင် ပြုလုပ်ပေးရင် ကျေးဇူးတွေ ကျေတယ်လို့ မှတ်သားထားကြပြီး ကျေအောင် ဆပ်ကြပါ။

## ကျေးရာကျေးကြောင်း ကဗျာကောင်း

"သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ မရှိပါသည့် နစ်ဖြာ မိဘ၊ ကျေးဇူးလှတွေ၊ ကျေနိုင်စေရေး၊ အမြဲတွေးကာ၊ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ ပြည့်စုံလာအောင်၊

http://www.dhammadownload.com



သားမောင်သမီး၊ အသီးသီးတို့၊ အပြီးနေ့ည၊ မိနှင့်ဖကို၊ ပြော့ပြဟောပြ၊ တိုက်တွန်းကြလျှင်၊ မိဘကျေးဇူး၊ ဂုဏ်အထူးတွေ၊ ကျေနိုင်ပေဟု၊ ဟောကြားပြသည့်၊ သုံးလူ့မြတ်စွာ စကားတည်း''

## အမြတ်ဆုံး မိဘလုပ်ကျွေးပြုစုနည်း

အမြတ်ဆုံး မိဘလုပ်ကျွေးပြုစုနည်း (ကျေးဇူးကျေအောင်ပြုစုလုပ်ကျွေးနည်း) နောက်တစ်မျိုးကတော့

၁။ မိဘတွေကို ရတနာသုံးပါး ကြည်ညိုအောင် ဆောင်ရွက်တိုက်တွန်း နှိုးဆော်ပေးရမယ်။

၂။ သီလနဲ့ ပြည့်စုံအောင် ပြောဟောတိုက်တွန်းပေးရ မယ်။

၃။ ရဟန်းခံ၊ ရှင်ပြုပေးရမယ်။ ဒီသုံးမျိုးနဲ့ ပြုစုလုပ်ကျွေးခြင်းဟာ အမြတ်ဆုံးမိဘလုပ်ကျွေးနည်းဖြစ်တယ်။ မိဘကျေးဇူး အထူး ကျေအောင်ဆပ်နည်းကောင်း ဖြစ်တယ်။ (သုတ္တနိပါတ်၊ ၄-၂၊ ၂၁)

မိဘကျေးဇူးနဲ့ ပတ်သက်ပြီး ပြောဟောလာတာ တော်တော်လေး စုံလင်သွားပါပြီ။ မိဘတွေရဲ့ ဗြဟ္မာဂုဏ်၊ လက်ဦးဆရာဂုဏ်၊ မြတ်အလှူခံဂုဏ်၊ အိမ်ဦးနတ်ဂုဏ်တွေကို အာရုံပြုပြီးတော့ မိဘတွေရဲ့ နာမည်တွေ ပါဝင်စေကာ ''အောင်ဇမ္ဗူစောသိမ်တော်ကြီး''လို့ အမည်ပေးပြီး မိဘတွေကို ရည်စူး လှူဒါန်းပူဇော်တဲ့ ဒီသိမ်အလှူတော်ဟာ ဘုရားစတဲ့ ပညာရှိသူတော်ကောင်းတွေ ဟောကြားပညတ် ချီးမွမ်းအပ်တဲ့ ကုသိုလ်မြတ် ကုသိုလ်ကောင်း ဖြစ်ပါတယ်လို့ အဓိက ရည်ညွှန်းမီးမောင်းထိုး အသိဉာဏ်ပေးတဲ့ ''ချီးမွမ်းပညတ် ကုသိုလ်မြတ်'' တရားတော် ဖြစ်ပါတယ်။

ဘုရားက ရဟန်းတို့ ပညာရှိသူတော်ကောင်းတွေ ဟောကြားပညတ် ချီးမွမ်းအပ်တဲ့ တရားတော်တွေဟာ အဲဒီ ဒါနပြုခြင်း၊ ရှင်ရဟန်းပြုခြင်း၊ မိဘတွေကို ပြုစုလုပ်ကျွေး ခြင်းဆိုတဲ့ တရားသုံးမျိုးပဲ ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



## နောက်ဆုံးဟောထုတ် အကျဉ်းချုပ်

နောက်ဆုံးအနေအားဖြင့် ဂါထာတော်နှစ်ပုဒ်နဲ့ -

* အလှူပေးခြင်း
* သူတစ်ပါးတွေကို မညှင်းဆဲခြင်း
* သီလစောင့်ထိန်းခြင်း
* ဣန္ဒြေကိုဆုံးမခြင်း
* မိဘတွေကို ပြုစုလုပ်ကျွေးခြင်း ကို -

ပညာရှိသူတော်ကောင်းတွေ ဟောကြားပညတ် ချီးမွမ်းအပ်တယ်။

ပညာရှိသူတော်ကောင်းတွေ ဟောကြားပညတ် ချီးမွမ်းအပ်တဲ့ အကြောင်း (၃)မျိုးတို့ကို ဉာဏ်အမြင်နဲ့ ပြည့်စုံသူ အရိယာပညာရှိဟာ မှီဝဲရမယ်၊ လိုက်နာကျင့်သုံးရမယ်၊ အဲဒီလို လိုက်နာကျင့်သုံးသူဟာ ချမ်းသာအေးမြ နတ်ပြည်လောကကို ရောက်ရမယ်လို့ အကျဉ်းချုပ် ဟောကြားတော်မူပါတယ်။

ကဲ...ကဗျာလင်္ကာလေးတွေလိုက်ဆို -

* ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်၊ သိမှတ်ဘယ်အရာ။
* ချီးမွမ်းပညတ်၊ ကုသိုလ်မြတ်လှ၊ မြတ်မိဘ၊ နွေးညွှ လုပ်ကျွေးတာ။
* မိဘကျေးဇူး၊ ဂုဏ်အထူး၊ ရည်စူးပေးလှူတာ။
* မိဘကျေးဇူး၊ ဂုဏ်အထူး၊ ရည်စူးပေးဆပ်တာ။

## မိဘကျေးဇူး အထူးသိတတ် အထူးဆပ်ကျိုး

မိဘကျေးဇူးအထူးသိတတ် အထူးဆပ်သူတွေဟာ ဒီဘဝမှာ ပညာရှိသူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကို ခံယူရတယ်၊ သေတဲ့အခါမှာတော့ နတ်ပြည်လောကကို ရောက်ရတယ်။

ကဲ ... မိဘကျေးဇူး အထူးသိတတ် အထူးဆပ်ကျိုး ကဗျာလေးနဲ့ တရားသိမ်းကြရအောင် ...

http://www.dhammadownload.com



**မိဘကျေးဇူး**
**အထူးသိတတ် အထူးဆပ်ကျိုး**

* မိဘကျေးဇူး၊ မြင်းမိုရ်ဦးကို၊
အထူးသိတတ်၊ အထူးဆပ်သော်၊
လူတော်လူကောင်း၊ လူအပေါင်းက၊
ငြိမ့်ကြောင်းသံသာ၊ ဖန်ခါခါပင်၊
ဤမှာဘဝ၊ ချီးမွမ်းကြပြန်၊ ချီးမွမ်းခံရ။
* သေသွားကလည်း၊ လေးဝအပါယ်၊
ဝေးရကွယ်၍၊ တကယ်အံ့လောက်၊
နတ်ပြည်ရောက်ရ၊ ဝမ်းမြောက်ရသည်၊
မိဘကျေးဇူး ဆပ်ကျိုးတည်း။

(၃၁-၁၀-၂၀၀၇)
နေ့ (၁)နာရီပြီး။

× × ×

http://www.dhammadownload.com



## ဓုဋ္ဌကနိကာယ်၊ ထေရာပဒါနပါဠိတော် သင်္ကသမ္မုဋ္ဌကဝဂ်၊ ကောသနဒါယကတ္ထေရအပဒါန်ကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော

## "နေရာလှူက နေရာရ" တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ကျောင်းအလှူပွဲမှာ ဟောကြားမည့် တရားတော်က "နေရာလှူက နေရာရ" တရားတော်တဲ့။

ဘာတရားတဲ့လဲ? (နေရာလှူက နေရာရ) တရားတော်ပါဘုရား။

ကဲ .. စပြီးတော့ ဟောကြနာကြရအောင် ...

### သူနေတာက ဂေါသိတ

ဟိမဝန္တာရဲ့ အနီးမှာ ဂေါသိတဆိုတဲ့ တောင်ရှိတယ်။ အဲဒီ တောင်မှာ ကောသနဒါယကမထေရ်အလောင်း သူတော်ကောင်းလေးဟာ သစ်မ်းကျောင်းကို ကောင်းစွာ ဆောက်လုပ်ထားတယ်။ သစ်ရွက်မိုးကျောင်းလေးကို ကောင်းစွာ ဖန်ဆင်းထားတယ်။ (အပဒါန်၊ ပါဠိ၊ ၂/၄)

### အမည်လှပ နာရဒ

အမည်ကတော့ နာရဒလို့ ထင်ရှားပါတယ်။ အဲဒီ နာရဒဆိုတဲ့ အမည်လေးက စိတ်ဝင်စားစရာကောင်းလှပါတယ်။ မွေးဖွားလာတဲ့အခါမှာ မြူမှုန်ညစ်ကြေး ကင်းစင်ဝေးကာ စင်ကြယ်တဲ့ ကိုယ်ခန္ဓာရှိတဲ့အတွက် နာရဒလို့ ခေါ်ပါတယ်။ မြန်မာလို ခေါ်မယ်ဆိုရင်တော့ မောင်ညစ်ကင်း၊ မောင်စင်ကြယ်လို့ ခေါ်နိုင်ပါတယ်။

(အပဒါန်၊ ဋ္ဌ၊ ၂၊ ၁၅၁)

http://www.dhammadownload.com



## လမ်းစဉ်စင်ကြယ် ရှာနေတယ်

လူတွေကတော့ သူ့ကို "ကဿပ" လို့လည်း သိကြပါတယ်၊ ခေါ်ကြပါတယ်။ သူဟာ စင်ကြယ်တဲ့ လမ်းစဉ်ကို ရှာမှီးပြီးတော့ ဂေါသိတတောင်မှာ နေပါတယ်။ စောစောက ပြောခဲ့တဲ့ မောင်စင်ကြယ်ဆိုတဲ့ နာမည်နဲ့ စင်ကြယ်တဲ့ လမ်းစဉ်ကို ရှာမှီးနေတယ်ဆိုတာဟာလည်း ဆက်စပ်ကြည့်တော့ သဘာ၀ကျလှပါတယ်။

## ပဒုမုတ္တရ ကောင်းကင်ကြွ

တရားအားလုံးကို တစ်ဖက်ကမ်းရောက်အောင် သိမြင်တော်မူတဲ့ မာန်ငါးပါးကို အောင်မြင်တော်မူတဲ့ ပဒုမုတ္တရာ မြတ်စွာဘုရားဟာ ဆိတ်ငြိမ်ရာကို အလိုရှိတော်မူတဲ့အတွက် ကောင်းကင်ကနေ ကြွသွားတော်မူပါတယ်။

## ပဒုမုတ္တရာ မည်ပုံမှာ

ဒီနေရာမှာ ဆက်စပ်နေတဲ့အတွက် "ပဒုမုတ္တရ" အမည်တော်ရပုံလေးကို တင်ပြချင်ပါသေးတယ်။

၁။ ပဒုမာကြာနဲ့တူတဲ့ နှုတ်ခမ်းတော်ရှိတော်မူခြင်း။
၂။ ပဒုမာကြာကဲ့သို့ အညစ်အကြေးကင်းပြီး သန့်ရှင်းတဲ့ အရေအဆင်း ရှိတော်မူခြင်း။
၃။ ရေနှင့်ပဒုမာကြာဟာ အချင်းချင်းမကပ်ငြိသလိုဘဲ လောကနဲ့မကပ်ငြိခြင်း။
၄။ လုံ့လရှိတော်မူတဲ့ မြတ်စွာဘုရားဟာ ကြာပဒုမာ ပွင့်ချပ်နဲ့တူတဲ့ မျက်လုံးတော်ရှိတော်မူခြင်း။
၅။ ပဒုမာကြာလိုပဲ နှစ်သက်ဖွယ်ရှိခြင်း။
၆။ ပဒုမာကြာလိုပဲ မြတ်တဲ့အနံ့ရှိတော်မူခြင်းကြောင့် "ပဒုမုတ္တရ" အမည်တော်ရှိတော်မူတာ ဖြစ်ပါတယ်။

(ဝက္ကလိတ္ထေရအပဒါန်၊ အပဒါန၊ ပါဠိ၊ ၂၊ ၁၁၅)

http://www.dhammadownload.com



## ရောင်ခြည်ဖူးမြင် နေရာပြင်

တောရဲ့အထက်မှာ ကြွသွားတော်မူတဲ့ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်ကို ဖူးမြင်ရတဲ့အတွက် သစ်သားညောင်စောင်းကို ခင်းပြီးတော့ သစ်နက်ရေကိုလည်း ဖြန့်ခင်းထားပါတယ်။

## လက်အုပ်ချီကာ လျှောက်ထားရှာ

နေရာခင်းပြီးတော့ ဦးခေါင်းမှာ လက်အုပ်ချီပြီး ဝမ်းမြောက်စကား ပြောကြားကာ ဒီစကားကို လျှောက်ထားလိုက်ပါတယ်။

## ဆေးကုပေးပါ စောမြတ်စွာ

ကြီးသောလှူလရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားဟာ ကိလေသာ မြှားငြောင့်ကို နုတ်တော်မူတတ်ပါတယ်။ ကိလေသာ အနာနှိပ်စက်နေသူတွေကို ဆေးကုတော်မူတတ်ပါတယ်။ မြတ်စွာဘုရား ကိလေသာ ရောဂါနှိပ်စက်ခံနေရတဲ့ တပည့်တော်ကို ဆေးကုပေးတော်မူပါ။

## မအိုမပျက် ကောင်းကျိုးတွက်

ရဟန်းမြတ်ဖြစ်တော်မူတဲ့ ဘုရားမြတ်၊ အနာကင်းလိုသူ၊ အတတ်ပညာကို လိုလား၍ ပေးလှူသူတွေဟာ အရှင်ဘုရားကို ဖူးမြော်ကြပါတယ်။ ကောင်းကျိုးတွေ မလွဲစေကန် ပြီးမြောက်ရရှိကြပါတယ်။ အဲဒီလူတွေရဲ့ ဘဝဟာ မအိုတော့ပါ၊ မပျက်စီးတော့ပါ။

## စေတနာဖြူ နေရာလှူ

မြတ်စွာဘုရား၊ တပည့်တော်မှာ လှူစရာမရှိပါ။ တပည့်တော်ဟာ ကြွေကျလို့ မြေခတဲ့ သစ်သီးတွေကိုသာ စားလေ့ရှိပါတယ်။ တပည့်တော်မှာ ဟောဒီနေရာလေးပဲ လှူစရာရှိပါတယ်။ မြတ်စွာဘုရား၊ အရှင်ဘုရားသည် သစ်သားညောင်စောင်းမှာ ထိုင်နေတော်မူပါလို့ စေတနာဖြူဖြူနဲ့နေရာ လှူပေး ပါတယ်။

ဘာအလှူပေး? (နေရာအလှူပေးပါတယ်ဘုရား)

http://www.dhammadownload.com



## တခဏကြာ မိန့်ဆိုတာ

မြတ်စွာဘုရားက ကြောက်ရွံ့ခြင်းကင်းတဲ့ ခြင်္သေ့မင်းလို ညောင်စောင်းမှာ ထိုင်တော်မူပါတယ်။ တခဏကြာတဲ့အခါမှာ ဒီစကားကို မိန့်တော်မူပါတယ်။

## တောင့်တလိုရာ ပြည့်စုံမှာ

သင်ဟာ ရွံ့ရှာခြင်းကင်းသူ ဖြစ်ပါလော့၊ မကြောက်ပါနဲ့။ သင်ဟာ ဓောတိရသပတ္တမြားကို ရထားသူ ဖြစ်တယ်။ သင်တောင့်တတဲ့ဆုအားလုံးဟာ နောင်အခါမှာ သင့်အတွက် ပြည့်စုံလာပါလိမ့်မယ်။

## လယ်ယာကောင်းက မြတ်ဗုဒ္ဓ

ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ အမြတ်ဆုံးဘုရားမှာ သင်ပြုတဲ့ ကောင်းမှုဟာ အချည်းနှီးမဖြစ်ပါဘူး။ စိတ်ကိုကောင်းစွာ ဆောက်တည်ထားသူဟာ မိမိကိုယ်ကို သံသရာဝဋ်မှ ထုတ်ဆောင်ရန် စွမ်းနိုင်သူ ဖြစ်ပါတယ်။

## အပါယ်လွတ်မှာ လှူနေရာ

ဒီနေရာ အလှူနဲ့စေတနာတောင့်တမှုတို့ကြောင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်လွတ်မယ်။

## သိကြား၊ စကြာ ကြိမ်များစွာ

သိကြားမင်း အကြိမ် (၅၀) ဖြစ်မယ်၊ စကြာဝတေးမင်း အကြိမ် (၈၀) ဖြစ်မယ်။

## ချမ်းချမ်းသာသာ သံသရာ

ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ မရေမတွက်နိုင်အောင်ဖြစ်မယ်၊ အလုံးစုံသောဘဝတွေမှာ ချမ်းချမ်းသာသာနဲ့ သံသရာမှာ ကျင်လည်ရမယ်။

http://www.dhammadownload.com



## နေရာလှူက နေရာရ

သိကြားမင်းဆိုတဲ့ နေရာကောင်း၊ စကြဝတေးမင်း ဆိုတဲ့နေရာကောင်း၊ ပဒေသရာဇ်မင်းဆိုတဲ့ နေရာကောင်းတွေ ရရှိတာဟာ နေရာလှူခဲ့တဲ့ ကောင်းမှုကြောင့် ဖြစ်တယ်။ အဲဒီလို မြင့်မြတ်တဲ့နေရာကောင်းတွေရရှိခြင်းကို ရည်ရွယ်ပြီးတော့ "နေရာလှူက နေရာရ" တရားတော်လို့ အမည်ပေးထားတာ ဖြစ်တယ်။

## နေရာလိုသူ နေရာလှူ

ဖြစ်လေရာ ဘဝတိုင်းမှာ နေရာကောင်းတွေရလိုသူတွေဟာ နေရာလှူ ရတယ်။

## စင်္ကာပူဝယ် အတုယူဖွယ်

ဒီနေရာမှာ စင်္ကာပူနိုင်ငံရောက်စဉ်က အတွေ့အကြုံလေးကို တင်ပြချင် သေးတယ်။ စင်္ကာပူနိုင်ငံက ကားတွေ၊ ရထားတွေမှာ အဖိုးကြီး၊ အဖွားကြီး တွေရဲ့ပုံတွေ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရဲ့ပုံတွေ၊ ကလေးလေးတွေပါလာတဲ့ လူတွေရဲ့ပုံတွေ ရေးဆွဲထားတယ်။ အင်္ဂလိပ်စာတွေ၊ တရုပ်စာတွေနဲ့လည်း ရေးထားပါတယ်။ ဆိုလိုတာကတော့ အဖိုးအဖွား၊ ကိုယ်ဝန်ဆောင်၊ ကလေးပါသူများ ဒီကား ဒီရထားပေါ်မှာ ရောက်လာရင် ကိုယ်ရရှိထားတဲ့ ထိုင်ခုံနေရာလေး သူတို့ကို စာနာညာတာပြီး နေရာပေးလိုက်ပါလို့ ဆိုလိုတာပါပဲ။ ဒါဟာ စင်္ကာပူမှာ အတုယူစရာကောင်းတာပဲ ဖြစ်ပါတယ်။

အဲဒီ အတုယူစရာကောင်းတဲ့ မြင်ကွင်းလေးကို ကြည့်ပြီးတော့ ရင်တွင်းအေးက ကဗျာလေးတွေ ပေါ်လာပြီး ရေးမိပါတယ်။ အဲဒီ စင်္ကာပူမှာ ရေးမိခဲ့တဲ့ အတုယူစရာ ကဗျာလေးတွေလိုက်ဆိုကြည့်ကြရအောင် -

- အဖိုးအဖွား၊ ရောက်လာငြား၊ ထသွားပေးနေရာ။
- ကိုယ်ဝန်ဆောင်များ၊ ရောက်လာငြား၊ ထသွားပေးနေရာ။
- ကလေးပါသူ၊ ရောက်လာမူ၊ ကြည်ဖြူပေးနေရာ။
- စင်္ကာပူဝယ်၊ တုယူဖွယ်၊ တကယ်ကောင်းလှတာ။

http://www.dhammadownload.com



အတုယူဖွယ်ကောင်းတာ ဘယ်မှာတဲ့လဲ? (စက်ာပူမှာပါဘုရား) မြန်မာနိုင်ငံမှာ ဟုတ်ရဲ့လား? (မဖြေ အားလုံးရယ်ကြ)

## သံဃာတော်များသာ ရေးထားတာ

ဘုန်းကြီးတို့ မြန်မာနိုင်ငံက ကားရှေ့ခန်းတွေမှာ ''သံဃာတော်များသာ'' လို့ ရေးမထားဘူးလား? (ရေးထားပါတယ်ဘုရား) တကယ်တော့ သံဃာတော်တွေ ထိုင်ရရဲ့လား? (မဖြေ၊ ရယ်ကြ)

သံဃာတော်တွေ မထိုင်ရတဲ့အတွက် ဆရာတော်တစ်ပါးက ပြောတယ်၊ အေးကွာတဲ့၊ ကားရှေ့ခန်းတွေမှာတော့ ''သံဃာတော်များသာ'' လို့ ရေးထားတာပဲ။ တကယ်တော့ ''ကားဆရာကတော်တွေသာ'' ထိုင်နေတာ တွေ့ရတယ်တဲ့။ (အားလုံးရယ်ကြ)

## နေရာရကြောင်း ကုသိုလ်ကောင်း

ကဲ .. ထားပါတော့၊ ပြောလိုတာကတော့ အဲဒီ ကား, ရထားစီးချိန်လေးမှာလည်း ကိုယ်ရရှိထားတဲ့ နေရာ ထိုင်ခုံလေးတွေ ထပေးလိုက်ခြင်းဟာလည်း နေရာအလှူ ဖြစ်သွားတယ်နော်။ (မှန်လှပါဘုရား)

ကိုယ့်အိမ်ကို ရဟန်းသံဃာ၊ မိဘ၊ ဆရာသမား အစထားတဲ့ ပုဂ္ဂိုလ်တွေရောက်လာချိန်မှာလည်း ဖျာ, သင်ဖြူး, ကုလားထိုင်လေးတွေ ခင်းပေး၊ ချပေးလိုက်တာဟာလည်း နေရာအလှူပါပဲ။

အဲဒီနေရာအလှူကောင်းမှုတွေဟာ ဖြစ်လေရာ ဘဝတိုင်းမှာ အိုးအိမ်တိုက်တာ၊ ကျောင်းကန်၊ ရာထူး ဌာနန္တရဆိုတဲ့ နေရာကောင်းတွေ ရရာရကြောင်း ကုသိုလ်ကောင်းတွေ ဖြစ်သွားတာပါပဲ။

## ကောင်းကင်တက်ကြွ မြတ်ဗုဒ္ဓ

ပဒုမုတ္တရမည်တော်မူတဲ့ ရဲရင့်တော်မူတဲ့ မြတ်စွာဘုရားဟာ အဲဒီ ပြောခဲ့ပြီးတဲ့ စကားတော်ကို မိန့်တော်မူပြီးတော့ ကောင်းကင်မှာ ပျံသန်းတဲ့ ဟင်္သာမင်းလို ကောင်းကင်သို့ တက်ကြွ (ပြန်ကြွ) တော်မူတယ်။

http://www.dhammadownload.com



## နေရာလှူက ယာဉ်တွေရ

ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားနဲ့တကွ သံလျှင်း (ထမ်းစဉ်) တွေ ရရှိတာဟာ နေရာတစ်ခု လှူရခြင်းရဲ့ ကောင်းကျိုးဖြစ်တယ်။ နေရာလှူခြင်းဟာ နေရာသာမက ယာဉ်မျိုးစုံတွေကိုပါ ရရှိတာကို သတိပြုပြီးတော့ နေရာတစ်ခုစေတနာပြုကာ လှူဖြစ်အောင်လှူပါလို့ တိုက်တွန်းပါတယ်။

## နေရာလှူက ပလ္လင်ရ

သူဟာ တောထဲဝင်လို့ နေရာကို အလိုရှိတယ်ဆိုရင် သူ့ရဲ့စိတ်အကြံကို သိပြီးတော့ နေစရာထိုင်စရာ ပလ္လင်ဟာ သူ့အနီးမှာ ရောက်လာတယ်တဲ့။

နေရာလှူတာဟာ နေစရာ ထိုင်စရာ ပလ္လင်ပါ ရတယ်လို့ သတိပြုကာ နေရာအလှူ ပေးလှူကြပါ။

## ရေလယ်ခေါင်မှာ ပလ္လင်လာ

သူဟာ ရေလယ်ခေါင်ရောက်လို့ နေရာကို အလိုရှိတယ်ဆိုရင် သူ့စိတ်အကြံကို သိပြီးတော့ နေစရာ ထိုင်စရာ ပလ္လင်ရောက်လာတယ်တဲ့။

ဒီနေရာလေးမှာ စဉ်းစားမိတာကတော့ လှေ, သင်္ဘောနဲ့ ရေလမ်းခရီး သွားသူတွေ လှေ, သင်္ဘောမှောက်တဲ့အခါ၊ စက်ပျက်တဲ့အခါမျိုးမှာ ကယ်မည့်သူ တွေ့တာ၊ မှီခိုအားထားစရာ တုံးတွေ၊ တိုင်တွေ အသင်သင့်တွေ့ ရတာတွေဟာ ကျောင်းကန်, ဇရပ်, ဖျာ, သင်ဖြူး, ကုလားထိုင်စတဲ့ နေရာအလှူတွေ လှူခဲ့တဲ့ ကောင်းမှုကြောင့် ဖြစ်နိုင်တယ်လို့ တွေးမိတာပါပဲ။

ဒီတော့ နေရာအလှူဟာ ရေဘေးတွေလည်း ကင်းဝေးနိုင်တယ်လို့ ကောက်ချက်ချမိပါတယ်။ ရေဘေးကင်းလိုသူ နေရာလှူပါလို့ တိုက်တွန်းပါတယ်။

## ပလ္လင်အလှ တစ်သိန်းရ

လူ, နတ် ဖြစ်လေရာ ဘဝတိုင်းမှာ သူ့ကို ပလ္လင်ပေါင်းတစ်သိန်းက အမြဲတစေ ခြံရံနေရတယ်တဲ့။ ပလ္လင်ပေါင်းတစ်သိန်းရတယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



## ဘဝလည်းကောင်း အမျိုးကောင်း

သူဟာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝနှစ်မျိုးမှာပဲ ဖြစ်ရတယ်တဲ့။ မင်းမျိုး (သို့မဟုတ်) ဗြာဟ္မဏမျိုးဆိုတဲ့ အမျိုးနှစ်ပါးမှာပဲ ဖြစ်ရတယ်တဲ့။

ကောင်းမြတ်တဲ့ဘဝနှစ်မျိုး၊ ကောင်းမြတ်တဲ့အမျိုး နှစ်မျိုးမှာပဲ ဖြစ်ရတယ်လို့ ဆိုလိုပါတယ်။

ဘဝကောင်းကောင်း၊ အမျိုးကောင်းကောင်းမှာ ဖြစ်လိုသူတွေကို ကျောင်းလှူပါ၊ နေရာထိုင်ခင်းလှူပါ၊ နေရာလှူပါလို့ မှာချင်ပါတယ်။

## တရားပလ္လင် ရယူချင်

အတုမရှိတဲ့ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ်ဖြစ်တဲ့ မြတ်စွာဘုရားအား နေရာတစ်ခုကို ပေးလှူခဲ့ခြင်းကြောင့် တရားဆိုတဲ့ ပလ္လင်ကို ယူပြီးကော့ အာသဝမရှိဘဲ နေရပါတယ်တဲ့။

ဆိုလိုတာကတော့ လောကီအခြားပလ္လင်တွေ မြတ်တဲ့ လောကုတ္တရာ ရဟန္တာအဖြစ်ဆိုတဲ့ တရားပလ္လင်ကြီး ရရှိတော်မူတယ်လို့ ဆိုလိုတာပါပဲ။

အဲဒီ တရားပလ္လင် (ရဟန္တာ) အဖြစ် လောကုတ္တရာ နေရာကောင်းကြီး ရတာဟာလည်း နေရာအလှူကြောင့်ပါပဲ။ ဒီတော့ ကျောင်း၊ ကန့်၊ ဇရပ်၊ ဖျာ၊ သင်ဖြူး၊ နေရာထိုင်ခင်း၊ ကော်ဇောစတဲ့ နေရာအလှူတွေဟာ လောကီ၊ လောကုတ္တရာ နေရာကောင်း၊ နေရာမြတ်တွေ ရရာရကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်တယ်လို့ မှတ်သားကြပါ။

## အပါယ်လေးဖြာ မသိပါ

ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်မှာ နေရာအလှူကို ပေးလှူခဲ့တဲ့ အချိန်ကစပြီးတော့ အပါယ်လေးပါး လားရောက်ရတာကို မသိဘူးပါဘူးတဲ့။ အပါယ်လေးပါး လွတ်ရတာဟာ နေရာတစ်ခုပေးလှူရခြင်းရဲ့ ကောင်းကျိုး ဖြစ်တယ်တဲ့။

ကျောင်း၊ ကန့်စတဲ့ နေရာအလှူဟာ အပါယ်လွတ်ကြောင်း ကုသိုလ် ကောင်းဖြစ်တယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



## မြတ်ရဟန္တာ ဖြစ်ရရှာ

နောက်ဆုံးတော့ ဒီဘုရားလက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးပိုင်ရှင် ရဟန္တာ ဖြစ်ရပါတယ်။

## နေရာလှူက နေရာရ

ကဲ…ဒီနေ့ နေရာကျောင်းအလှူပေးလှူကြတဲ့ ဦး (   ) ဒေါ် (   ) မိသားစုတွေကို အစိကအသိဉာဏ်ပေးလိုက်တဲ့ တရားတော်က ဘာတရား တဲ့လဲ? (နေရာလှူက နေရာရ) တရားတော်ပါဘုရား။

## တရားသိမ်းကဗျာ လိုက်ဆိုပါ

ကဲ…ကဗျာလက်ာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

၁။ သိကြားရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
သိကြားရာဇာ၊ ဖြစ်ရတာ၊ နေရာဒါနပဲ။

၂။ မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ နေရာဒါနပဲ။

၃။ ပဒေသရာဇာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
ပဒသရာဇာ၊ ဖြစ်ရတာ၊ နေရာဒါနပဲ။

၄။ ဆင်ယာဉ်စစ္စာ၊ ယာဉ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
ဆင်ယာဉ်စစ္စာ၊ ယာဉ်ရတာ၊ နေရာဒါနပဲ။

၅။ တောသို့ဝင်ရာ၊ ပလ္လင်လာ၊ ဘယ်ဒါနကြောင့်လဲ?
တောသို့ဝင်ရာ၊ ပလ္လင်လာ၊ နေရာဒါနပဲ။

၆။ ရေလည်ရောက်ရာ၊ ပလ္လင်လာ၊ ဘယ်ဒါနကြောင့်လဲ?
ရေလည်ရောက်ရာ၊ ပလ္လင်လာ၊ နေရာဒါနပဲ။

၇။ လူ့နတ်ဖြစ်ရာ၊ ပလ္လင်လာ၊ ဘယ်ဒါနကြောင့်လဲ?
လူ့နတ်ဖြစ်ရာ၊ ပလ္လင်လာ၊ နေရာဒါနပဲ။

၈။ လူ့နတ်နှစ်ဖြာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
လူ့နတ်နှစ်ဖြာ၊ ဖြစ်ရတာ၊ နေရာဒါနပဲ။

http://www.dhammadownload.com



၉။ မင်း,ပုဏ္ဏားမှာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
မင်း,ပုဏ္ဏားမှာ၊ ဖြစ်ရတာ၊ နေရာဒါနပဲ။
၁၀။ အာသဝကင်းကွာ၊ နေရတာ၊ ဘယ်ဒါနကြောင့်လဲ?
အာသဝကင်းကွာ၊ နေရတာ၊ နေရာဒါနပဲ။
၁၁။ အပါယ်လေးဖြာ၊ ဝေးရတာ၊ ဘယ်ဒါနကြောင့်လဲ?
အပါယ်လေးဖြာ၊ ဝေးရတာ၊ နေရာဒါနပဲ။
၁၂။ မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ ဘယ်ဒါနကြောင့်လဲ?
မြတ်ရဟန္တာ၊ ဖြစ်ရတာ၊ နေရာဒါနပဲ။

**နေရာလှူက နေရာရ တရားတော်ပြီးပြီ။**
**(၂၃-၁၀-၀၇)**
**ည (၇)နာရီ ပြီး။**

× × ×

http://www.dhammadownload.com



## ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်
## သေနာသနက္ခန္ဓက၊ ပဌမဘာဏဝါရ၊ ဝိဟာရာနုဇာနနကို
## တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော

## ''သိမြင်ဝမ္မ ငြိမ်းအေးရ''
## တရားတော်

ဒီနေ့ ကျောင်းဒါယကာ ဦး ( )၊ ကျောင်း ဒါယကာမ ဒေါ် ( ) တို့ရဲ့ ကျောင်းလှူပွဲမှာ ဟောကြားမည့်တရားတော်က ''သိမြင်ဝမ္မ ငြိမ်းအေးရ''တရားတော်တဲ့။

ဘာတရားတဲ့လဲ? (သိမြင်ဝမ္မ ငြိမ်းအေးရ)တရားတော်ပါဘုရား။

### ဝေဠုဝန်မှာ စောမြတ်စွာ

ကဲ…စပြီးတော့ ဟောကြားနာကြရအောင်။ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ရာဇဂြိုဟ်ပြည့် ရှင့်နက်တွေကို အစာကျွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ (စူဠဝဂ္ဂပါဠိ၊ ၂၉၀၊ ၄/၅၈)

### တော,သစ်ပင်ရင်း နေကြခြင်း

အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ ရဟန်းတွေအတွက် ကျောင်းကို မပညတ်ရသေးပါဘူး။

ရဟန်းတွေဟာ တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံ အရပ်တွေမှာ နေကြရပါတယ်။

http://www.dhammadownload.com



## ကြည်ညိုဖွယ်ဝတ်သွားလာပုံ

အဲဒီရဟန်းတွေဟာ နံနက်စောစောအချိန်မှာပဲ မိမိ တို့ နေထိုင်ရာအရပ်တွေက နေပြီးတော့ ကြည်ညိုစရာ ကောင်းတဲ့ ရှေ့သို့ တက်ခြင်း၊ နောက်ဆုတ်ခြင်း၊ တူရူ ကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းနဲ့ မျက်လွှာချပြီးတော့ ဣရိယာပုတ်နဲ့ ပြည့်စုံစွာ ထွက်ခွာ လာကြပါတယ်။

## ကြည်ညိုကြည်လင် သူဌေးပင်

အဲဒီ နံနက်စောစော အချိန်မှာပဲ ရာဇဂြိုဟ်သူဌေးဟာ ရဟန်းတွေကို မြင်ရတော့ သူ့စိတ်ထဲမှာ ကြည်လင်သွားပါတယ်၊ ကြည်ညိုသွားပါတယ်။

ရဟန်းတွေရဲ့ စောင့်ထိန်းမှု ဣန္ဒြေဟာ ရာဇဂြိုဟ်သူဌေးရဲ့ နှလုံးသားကို အပြုံးတရား၊ ပီတိတရား အစားစားတွေ ဖြစ်ပွားစေပါတယ်။ "ဣန္ဒြေရှိခြင်းဟာ လူသားတွေရဲ့ နှလုံးသားကို ဖမ်းစားနိုင်တယ်" လို့ ကောက်ချက်ချရမှာပဲ။

## သွားလာစားသောက် တရားရောက်

တပည့်တွေကိုလည်း သွားနည်း၊ စားနည်းတွေ အရေးကြီးတဲ့အကြောင်း ပြောရင်း သွားလာတဲ့အခါ၊ စားသောက်တဲ့အခါတွေမှာ သတိနဲ့၊ အသိနဲ့ သွားလာဖို့ စားသောက်ဖို့ ကဗျာလေးတွေ သင်ပေးထားပါတယ်။ သွားလာ စားသောက်တရားရောက်ရေးကဗျာလေးတွေပါပဲ။

အဲဒီကဗျာလေးတွေကတော့-

* ကိုယ့်ရှေ့ ကိုယ်ကြည့်၊ သတိရှိ၊ အသိနဲ့သာသွား
* ကိုယ့်ရှေ့ ကိုယ်ကြည့်၊ သတိရှိ၊ အသိနဲ့သာစား။

ဆိုတဲ့ ကဗျာလေးတွေပါပဲ။

## ကျောင်းလှူဒါန်းရေး လျှောက်ထားမေး

ကြည်ညိုစိတ်ဖြစ်သွားတဲ့ ရာဇဂြိုဟ်သူဌေးဟာ ရဟန်းတွေထံ ချဉ်းကပ်ပြီးတော့ "အရှင်ဘုရားတို့၊ တပည့်တော်ကျောင်းဆောက်ပြီး လှူမယ် ဆိုရင် တပည့်တော်ရဲ့ကျောင်းမှာ နေကြမလား" လို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



## ရဟန်းတွေက ပြန်ပြောပြ

ရဟန်းတွေက "ဒါယကာ၊ မြတ်စွာဘုရားက ကျောင်းကို ခွင့်မပြု သေးဘူး" လို့ ပြန်ပြောကြပါတယ်။

## အကြောင်းပြန်ပါ လျှောက်ထားလွှာ

ရာဇဂြိုဟ်သူဌေးက အရှင်ဘုရားတို့ အဲဒီလိုဆိုရင် မြတ်စွာဘုရားကို မေးလျှောက်ပြီးတော့ တပည့်တော်ကို အကြောင်းပြန်ပါ" လို့ လျှောက်ထား ပါတယ်။

## ရဟန်းတွေက လျှောက်ထားကြ

ရဟန်းတွေက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ ရှိခိုးကာ တစ်နေရာမှာ ထိုင်ပြီးတော့ "အရှင်ဘုရား၊ ရာဇဂြိုဟ်သူဌေးက ကျောင်းတွေ ဆောက်လိုပါ တယ်။ ဘယ်လိုပြုရပါမလဲဘုရား" လို့ လျှောက်ထားကြပါတယ်။

## ခွင့်ပြုအကောင်း ကျောင်းငါးကျောင်း

မြတ်စွာဘုရားက "ရဟန်းတို့ နှစ်ဖက်မိုးကျောင်း၊ တစ်ဖက်မိုးကျောင်း၊ ပြာသာဒ်ရှည်၊ ပြာသာဒ်ဦးပြည်း၊ ဂူ ဆိုတဲ့ ကျောင်းငါးကျောင်းတို့ကို ခွင့်ပြုတယ်" လို့ မိန့်တော်မူပါတယ်။

## ကျောင်းပေါင်းခြောက်ဆယ် ဆောက်လိုက်တယ်

ရဟန်းတွေက ရာဇဂြိုဟ်သူဌေးကို အကြောင်းပြန်လိုက်ပါတယ်။ ရာဇဂြိုဟ်သူဌေးက တစ်ရက်တည်းနဲ့ပဲ ကျောင်းပေါင်းခြောက်ဆယ် ဆောက်လိုက် ပါတယ်။ ကျောင်းပေါင်းခြောက်ဆယ် ဆောက်ပြီးတဲ့အခါမှာ ရာဇဂြိုဟ်သူဌေးဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရှိခိုးကာ တစ်နေရာမှာ ထိုင်ပြီးတော့ -

အရှင်ဘုရား၊ မြတ်စွာဘုရားသည် နက်ဖြန်အတွက် တပည့်တော်ရဲ့ ဆွမ်းကို ရဟန်းသံဃာနဲ့အတူ လက်ခံတော်မူပါ" လို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



## ဆိတ်ဆိတ်နေကာ လက်ခံရှာ

မြတ်စွာဘုရားက ဆိတ်ဆိတ်နေကာ လက်ခံတော်မူပါတယ်။ ရာဇဂြိုဟ်သူဌေးဟာ မြတ်စွာဘုရားလက်ခံတော်မူတာကို သိပြီးတော့ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီး အရိုအသေပြုကာ ပြန်သွားပါတယ်။

## အချိန်တန်တာ လျှောက်ထားလှာ

ရာဇဂြိုဟ်သူဌေးဟာ နောက်နေ့ မိမိအိမ်မှာ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို စီမံစေပြီးတော့ "အရှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ"လို့ မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

## သူဌေးအိမ်ကြွ မြတ်ဗုဒ္ဓ

မြတ်စွာဘုရားဟာ နံနက်အချိန်မှာ သင်္ကန်းကို ပြင်ဝတ်တော်မူကာ သပိတ်၊ သင်္ကန်းကို ယူပြီးတော့ ရာဇဂြိုဟ်သူဌေးအိမ် ဆွမ်းစားကြွပါတယ်။ ခင်းထားတဲ့နေရာမှာ ရဟန်းသံဃာနဲ့အတူ ထိုင်နေတော်မူပါတယ်။

## ကိုယ်တိုင်သူဌေး ပြုစုပေး

ရာဇဂြိုဟ်သူဌေးဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်အပေါင်းကို မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေနဲ့ ကိုယ်တိုင်လုပ်ကျွေးပြုစုပါတယ်။

## ကောင်းမှုနတ်ပြည် လိုလားသည်

မြတ်စွာဘုရား ဆွမ်းစားပြီးချိန်မှာ ရာဇဂြိုဟ်သူဌေးဟာ တစ်နေရာမှာ ထိုင်နေပြီးတော့ "အရှင်ဘုရား၊ တပည့်တော်ဟာ ကောင်းမှုကိုလိုလား၊ နတ်ပြည်ကို လိုလားတဲ့အတွက် ကျောင်းပေါင်းခြောက်ဆယ် ဆောက်လုပ်ပြီးပါပြီ။ အရှင်ဘုရားအနေနဲ့ အဲဒီကျောင်းတွေကို ဘယ်လိုပြုကျင့်ရပါ့မလဲ"လို့ မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

http://www.dhammadownload.com



## သံဃာလှူပါ ဒါယကာ

မြတ်စွာဘုရားက "ဒါယကာ သင်သည် အဲဒီ ကျောင်းပေါင်း ခြောက်ဆယ်တို့ကို လာပြီး လာလတ္တံ့ဖြစ်တဲ့ အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာကို လှူပါ"လို့ မိန့်တော်မူပါတယ်။

## သံဃာလှူရှာ ဒါယကာ

ရာဇဂြိုဟ်သူဌေးဟာ ဘုရားမိန့်တော်မူတဲ့အတိုင်း သံဃာကို လှူလိုက်ပါတယ်။

## အေး၊ပူ မနေး ပယ်ဖျောက်ပေး

မြတ်စွာဘုရားက ဒီဂါထာတွေနဲ့ ဝမ်းမြောက်ဖွယ်ရာကျောင်း အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ကျောင်းအလှူဟာ အအေးကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်၊ အပူကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်။ နောက်ပြီးတော့ သားရဲ၊ မြွေကင်းသန်း၊ ခြင်၊ လေအေး၊ မိုးပေါက်တွေကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်။

## ဘုရားချီးမွမ်း ကျောင်းလှူဒါန်း

နောက်ပြီးတော့ ဖြစ်လာတဲ့ လေပြင်း၊ လေပူတွေ ကိုလည်း ပယ်ဖျောက်နိုင်တယ်။ ကိန်းအောင်းနေထိုင်ရန်၊ ချမ်းသာရန်၊ ဈာန်ဝင်စားရန်၊ ဝိပဿနာ ရှုရန်အတွက် သံဃာကို ကျောင်းလှူခြင်းဟာ မြတ်တယ်လို့ မြတ်စွာဘုရားက ချီးမွမ်းတော်မူပါတယ်။

ဒီနေ့ ကျောင်းဒကာ၊ ဒကာမတွေ ဝမ်းသာရမှာကတော့ ငါတို့ရဲ့ ကျောင်းအလှူဟာ ဘုရားချီးမွမ်းတဲ့အလှူ ဖြစ်နေတယ်လို့ ဝမ်းသာရမှာပါပဲ။

## ကောင်းကျိုးသိကာ ကျောင်းဆောက်ပါ

အဲဒီလို ကျောင်းအလှူကို ဘုရားချီးမွမ်းတော်မူတဲ့ အတွက်ကြောင့် မိမိရဲ့ ခုနောင်ကောင်းကျိုးအမျိုးမျိုးကို သိမြင်သူ ပညာရှိဟာ မွေ့လျော်ဖွယ်ကောင်းတဲ့ ကျောင်းတွေကို ဆောက်လုပ်ရမယ်။

http://www.dhammadownload.com



## ကြားမြင်များသူ ရွေးချယ်လှူ

ဆောက်လုပ်ပြီးတော့ အဲဒီကျောင်းတွေမှာ ပရိယတ်ဆိုင်ရာ အကြားအမြင်၊ ပဋိပတ်ဆိုင်ရာ အကြားအမြင် ဗဟုသုတရှိတော်မူကြတဲ့ ရဟန်းတွေကို ရွေးချယ်ပြီးတော့ နေထိုင်စေရမယ်တဲ့။

စာသင်စာချ၊ တရားဟော၊ တရားပြ၊ တရားတွေး၊ တရားရေး၊ တရားအလုပ် ကြိုးစားအားထုတ်တော်မူကြတဲ့ ရဟန်းတွေကို ရွေးချယ်ပြီးတော့ ကျောင်းလှူရမယ်၊ ကျောင်းထိုင်ပင့်ရမယ်၊ ကျောင်းပေါ်မှာ နေထိုင်စေရမယ်လို့ ဆိုလိုတာနော်။ (မှန်လှပါဘုရား)

## ပိတ်ထားမှာဆို မလှူလို

ဒီနေရာမှာ ဘုန်းကြီးရဲ့ စာသင်တိုက်မှာ "အောင်ဖမ္ဗူဇော သိမ်တော်ကြီး" မြေညီထပ်၊ ပထမထပ် သိမ်အလှူရှင် ဒါယိကာမကြီး ဒေါ်နုနုရီ အကြောင်းလေး ပြောပြချင်ပါသေးတယ်။ တစ်နေ့ ဒါယကာကြီး ဦးမောင်အေး+ဒါယိကာမကြီး ဒေါ်သိန်းရီ မိသားစုတို့က ဆွမ်းစားပင့်ရင်း ကျောင်းဆောက်လိုကြောင်း လျှောက်ထားကြပါတယ်။ ကျောင်းလှူမည့်သူကတော့ ဒေါ်နုနုရီ ဖြစ်ပါတယ်။

ဒေါ်နုနုရီက "ဆရာတော်၊ တပည့်တော်က ကျောင်းဆောက်လှူချင်လို့ပါ၊ တပည့်တော်က တပည့်တော်ဆောက်ပြီး လှူထားတဲ့ ကျောင်းကို ပိတ်ထားမည့် ကျောင်းဆိုရင် မလှူချင်ပါဘူး"လို့ လျှောက်ထားပါတယ်။

သူဆိုလိုတာကတော့ သူလှူတဲ့ကျောင်းကို နေထိုင်မည့်သူ မရှိလို့ ပိတ်ထားခြင်း၊ နေထိုင်မည့်သူရှိပင် ရှိငြားသော်လည်းပဲ နေ့စဉ် စာသင်၊ စာချ၊ တရားဟော၊ တရားပြ၊ တရားတွေး၊ တရားရေး၊ တရားထိုင်၊ တရားအားထုတ်ခြင်းဆိုတဲ့ ပရိယတ်၊ ပဋိပတ်အလုပ်တွေကို မလုပ်ဘဲ ပိတ်ထားခြင်းတွေကို ဆိုလိုကြောင်း သိရပါတယ်။

မှန်ပါတယ်၊ မိမိလှူတဲ့ ကျောင်းပေါ်မှာ ဘုရားနိုင်းတဲ့၊ ဘုရားကြိုက်တဲ့ ပရိယတ်၊ ပဋိပတ်ဆိုတဲ့ အလုပ်နှစ်မျိုးကို မလုပ်ဘဲနေခြင်းဟာ မိမိအတွက်၊ သူတစ်ပါးအတွက်၊ အလှူရှင်များအတွက် အကျိုးမထွက်တဲ့အတွက် (အမြတ်မထွက်တဲ့အတွက်) ကောင်းမှုကောင်းကျိုး အမျိုးမျိုးကို ပိတ်ထားရာရောက်ကြောင်း သတိမူသင့်ပါတယ်။

http://www.dhammadownload.com



သိမ်ဒါယိကာမကြီး ဒေါ်နုနုရီ လျှောက်ထားတဲ့ စကားလေးကို သဘောကျလွန်းလို့ မှတ်သားပြီး ခုလို ဆက်စပ်နေတဲ့နေရာမှာ တင်ပြလိုက်တာပါပဲ။

သိမ်ဒါယိကာမကြီး ဒေါ်နုနုရီ လျှောက်ထားတဲ့ စကားလေးဟာ ပရိယတ်၊ ပဋိပတ် အကြားအမြင်များသူ၊ ပရိယတ်၊ ပဋိပတ်အလုပ်ကြိုးစားအားထုတ်နေသူ ရဟန်းတွေကို နေစေရမယ်ဆိုတဲ့ ဘုရားစကားနဲ့လည်း ညီနေတာကို တွေ့ရပါတယ်။

## သတိထားကာ ကျောင်းလှူပါ

ဒီနေ့ တရားနာနေကြတဲ့ ဒကာ၊ ဒကာမတွေလည်း ကျောင်းလှူမယ်ဆိုရင် သိမ်ဒါယိကာမကြီး ဒေါ်နုနုရီလိုပဲ သတိ၊ အသိထားပြီးတော့ လှူကြပါလို့ တိုက်တွန်းလိုပါတယ်။

## လိုရာပေးလှူ ဖြောင့်မတ်သူ

အဲဒီ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး ဖြောင့်မတ် ရဟန်းမြတ်တွေကို သင့်လျော်တဲ့ စားဖွယ်၊ သောက်ဖွယ်၊ သင်္ကန်း၊ အိပ်ရာနေရာတွေလည်း ကြည်ညိုတဲ့စိတ်နဲ့ ပေးလှူရမယ်တဲ့။

ကျောင်းလှူပြီးရင် ပြီးရောဆိုပြီး ပစ်မထားရဘူး။ ကျောင်းတစ်ခါပဲ လှူတဲ့ ကျောင်းတစ်ခါ မလုပ်ရဘူး။ ကျောင်းဒကာလုပ်ရမယ်။ ကျောင်းဒကာဆိုတာ ကျောင်းမှာ လိုအပ်လောက်မယ့်အရာတွေကို ကြည့်ပြီးတော့ လှူတာဟာ ကျောင်းဒကာ ဖြစ်တယ်။

## တရားကောင်းရွေး ဟောပြောပေး

မိမိတို့ လှူဒါန်းထားတဲ့ကျောင်းမှာ နေထိုင်ကြတဲ့ ပရိယတ်၊ ပဋိပတ်စုံလင် ရဟန်းတော်အရှင်မြတ်တွေက ကျောင်းဒကာ၊ ဒကာမတွေကို ဆင်းရဲအားလုံးကို ပယ် ဖျောက်တတ်တဲ့ တရားကောင်း တရားမြတ်တွေကို ရွေးချယ်ပြီးတော့ ဟောပြကြတယ်။ ဒီအချက်အလက်ဟာ ကျောင်းဒကာ၊ ဒကာမတွေအတွက် ထူးခြားတဲ့ အခွင့်အရေးကောင်းတစ်ခုပါပဲ။

http://www.dhammadownload.com



## သိမြင်မှု ငြိမ်းအေးရ

ဒီသာသနာတော်မှာပဲ ကျောင်းဒကာ၊ ဒကာမတွေဟာ ရဟန်းတော်တွေ ဟောပြ တရားကောင်း တရားလှတွေကို သိမြင်ပြီးတော့ အာသဝတရားဆိုးတွေ ဝေးကွာပြီးတော့ ငြိမ်းအေးရတယ်။ ရဟန္တာဖြစ်ရတယ်လို့ ဘုရားက အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ဒီနေရာလေးကို ကြည့်ပြီးတော့ ဒီနေ့ ဦး ( ) ဒေါ် ( ) ကျောင်းဒကာ၊ ဒကာမတွေကို အသိဉာဏ် ပေးလိုက်တဲ့ တရားက "သိမြင်မှု ငြိမ်းအေးရ" တရားတော် ဖြစ်ပါတယ်။

ကျောင်းအလှူရှင်တွေဟာ ဒီဘဝမှာပဲ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတွေရဲ့ မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ အနှစ်သာရ မရှိတဲ့ တရားသဘောတွေ၊ ဖြစ်ပျက်တွေကို သိမြင်ပြီးတော့ ကိလေသာ အာသဝ ကင်းဝေးစင်ကြယ်ကြပြီး ရဟန္တာဖြစ်ရ၊ ငြိမ်းအေးရတဲ့အထိ ကောင်းကျိုးတွေ ရှိသွားနိုင်ပါတယ်လို့ ဝမ်းမြောက်ဖွယ်ရာ ကျောင်းအနုမောဒနာ တရားဟောကြားခဲ့ပါတယ်။

## နေရာမှုထ ပြန်ကာကြွ

မြတ်စွာဘုရားက ရာဇဂြိုဟ်သူဌေးကို ဒီဂါထာတွေ နဲ့ အနုမောဒနာတရား ဟောကြားပြီးတော့ နေရာမှုထကာ ပြန်ကြွတော်မူပါတယ်။

ကဲ…ကျောင်းဒါန အနုမောဒနာဆိုင်ရာ လင်္ကာလေးတွေနဲ့ တရားသိမ်းကြပါစို့။

* ရာဇဂြိုဟ်ခေါ်၊ သူဌေးကျော်ကို၊ ရှင်တော်ဗုဒ္ဓ၊ ဝမ်းသာရအောင်၊ မေတ္တာဆောင်ထား၊ ကျောင်းတရား၊ ဟောကြားပြလေပြီ။
* ကျောင်းအလှူကား၊ အေး,ပူများ၊ ပယ်ရှားဖျောက်ပေးသည်။
* သားရဲအကြမ်း၊ မြွေကင်းသန်း၊ ဘေးဆန်းပယ်ပေးသည်။
* ခြင်နဲ့လေအေး၊ မိုးပေါက်ဘေး၊ ပယ်ပေး,ဖျောက်ပေးသည်။
* လေပြင်းတစ်ထွေ၊ လေပူတွေ၊ မသွေပယ်ပေးသည်။
* ကိန်းအောင်းနေရန်၊ ချမ်းသာပြန်၊ အမှန်မြတ်လှသည်။
* ဈာန်တွေဝင်စား၊ ဝိ-ရှုပွား၊ ထူးခြားမြတ်လှသည်။

http://www.dhammadownload.com



* သံဃာတော်မှာ၊ ကျောင်းလှူတာ၊ မြတ်စွာချီးမွမ်းသည်။
* မိမိကောင်းကျိုး၊ အမျိုးမျိုးမြင်၊ ပညာရှင်၊ ကျောင်းပင် ဆောက်ရမည်။
* ကျောင်းဆောက်ပြီးလျှင်၊ ကြားမြင်များလတ်၊ ရဟန်းမြတ်၊ ရွေးမှတ်လှူရမည်။
* ကိုယ်, နှုတ်, စိတ်ဓာတ်၊ ဖြောင့်မတ်ရဟန်း၊ ဂုဏ်ရည်မှန်းရွှယ်၊ စား,သောက်ဖွယ်ဆန်း၊ သင်္ကန်း, အိပ်ရာ၊ မြတ်နေရာ၊ ကြည်သာလှူရမည်။
* ရဟန်းတော်က၊ ကျောင်းလှူကြသူ၊ အများလှူကို၊ အပူဆင်းရဲ၊ အကုန်စဲအောင်၊ အမြဲမွေ၊ ဟောဖော်ပြတာ၊ နာကြားကာပင်၊ အပူစင်၍၊ သိမြင်ဓမ္မ၊ အာသဝက္ခာ၊ ငြိမ်းအေးကာ၊ ရဟန္တာဖြစ်ရသည်။
* ရာဇဂြိုဟ်ခေါ်၊ သူဌေးကျော်ကို၊ ရှင်တော်ဗုဒ္ဓ၊ ကျောင်း ဒါနကို၊ သိရအောင်ပင်၊ ဟောပြညွှန်ကာ၊ စောမြတ်စွာ၊ ပြန်ကာကြွလေပြီ။
* သိမြင်ဓမ္မ၊ ငြိမ်းအေးရ၊ ဟောပြပြီးပါပြီ။

သိမြင်ဓမ္မငြိမ်းအေးရ တရားတော်ပြီးပြီ။

(၂၄-၁၀-၂၀၀၇)
ညနေ (၅)နာရီ ပြီး။

× × ×

http://www.dhammadownload.com



## ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ နာဂဝဂ်၊ မာရဝတ္ထုလာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ အသိဉာဏ်ပေးဟောကြားပြောကြားအပ်သော

## "ယုံကြည်ချမ်းသာ + မင်္ဂလာ" တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ သဒ္ဓါဆွမ်း (သင်္ကန်း၊ ကျောင်း၊ ဆေး) ကပ်လှူပွဲမှာ ဟောကြားမည့်တရားတော်က "ယုံကြည်ချမ်းသာမင်္ဂလာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ (ယုံကြည်ချမ်းသာ+မင်္ဂလာတရားတော်ပါဘုရား)

ဆွမ်းစားလာပင့်တော့ ဘာအတွက်ပင့်တာလဲလို့ မေးတော့ ဦး ( ) ဒေါ် ( )က သဒ္ဓါဆွမ်းပါဘုရားတဲ့။

ဒါကြောင့် ဘုန်းကြီး (ဦးဇင်း)တို့က သဒ္ဓါဆွမ်းနဲ့ ပတ်သက်တဲ့ ဒီတရားလေးကို ရွေးပြီးတော့ ဟောမှာဖြစ်ပါတယ်။

ကဲ...စပြီးတော့ ဟောကြနာကြရအောင်။

သုခံ ယာဝ ဇရာ သီလံ၊
သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၃၂၅)

http://www.dhammadownload.com



၁။ သုခံ ယာဝ ဇရာ သီလံ

သီလံ - ငယ်,လတ်,ကြီးသူ၊ အားလုံးလူတို့၊ ကြည်ဖြူသီတိုင်း၊ ယဉ်,မရိုင်းလှ၊ မြတ်သီလသည်၊ ယာဝဇရာ-ပျိုရွယ်ကာစ၊ အိုချိန်ကျအောင်၊ သုခံ-ခု,နောင်ဘဝ၊ မင်္ဂလာရအောင်၊ ဆိုပြအကောင်း၊ ချမ်းသာကြောင်း ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

× × ×

### သီတိုင်းလှတာ သီလပါ

သီလကို လွယ်လွယ်ပြောရင် သီတိုင်းလှတာကို သီလလို့ ပြောချင်တယ်။ ကာယကံသုံးပါးကောင်းအောင် သီမယ်၊ ဝစီကံလေးပါးကောင်းအောင် သီမယ်ဆိုရင် သီတဲ့လူတိုင်း လှတယ်။ ငယ်သူ၊ လတ်သူ၊ ကြီးသူ၊ မင်း၊ ရဟန်း၊ သူဌေး၊ သူဆင်းရဲ၊ ဘယ်သူပဲသီသီ သီတဲ့လူတိုင်း, သီတဲ့အရွယ်တိုင်း တင့်တယ် လှပတယ်။ ဒါ့ကြောင့် သီတိုင်းလှတာကို သီလလို့ ပြောပါတယ်။

ကိုယ်,နှုတ်နှစ်ပါးကို ကောင်းစွာချုပ်ထိန်းခြင်း သီလ ရှိထားရင် အိုရာကျအောင် သုခချမ်းသာ မင်္ဂလာဖြစ်တယ်။ အမှန်ကတော့ ခုနောင် ဘဝ မင်္ဂလာနိဗ္ဗာန်ရအောင် သုခချမ်းသာမင်္ဂလာဖြစ်တယ်လို့ မှတ်ယူပါ။

ဒီတော့ အိုရာကျအောင်၊ ခုနောင်ဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ သုခချမ်းသာမင်္ဂလာဖြစ်ချင်ရင် သီလကို ဆောင်ရမယ်နော် (မှန်လှပါဘုရား)

ဒီနေ့ သဒ္ဓါဆွမ်းကပ်နေတဲ့ ဒကာ,ဒကာမတွေ အခု သီလယူချိန်၊ တရားနာချိန်မှာ သီလမရှိကြဘူးလား (ရှိကြပါတယ်ဘုရား)

အေး...သီလရှိရင် ဘယ်အထိ ချမ်းသာမတဲ့လဲ (အိုချိန်အထိပါ ဘုရား)

သီလရှိရင် ချမ်းသာတယ်၊ မင်္ဂလာဖြစ်တယ်ဆိုတော့ "သီလချမ်းသာ+မင်္ဂလာ"တရားလို့ အမည်ပေးရင်လည်း ရပါတယ်။

ကဲ...ကဗျာလေးတွေလိုက်ဆို။

*အိုချိန်ကျအောင်၊ ချမ်းသာအောင်၊ ဘာကိုဆောင်ရမယ်။*

*အိုချိန်ကျအောင်၊ ချမ်းသာအောင်၊ သီလဆောင်ရမယ်။*

*မဂ်ဖိုလ်ရအောင်၊ ချမ်းသာအောင်၊ ဘာကိုဆောင်ရမယ်။*

http://www.dhammadownload.com



*မင်္ဂလာရအောင်၊ ချမ်းသာအောင်၊ သီလဆောင်ရမယ်။*
*သီလရှိက၊ အိုချိန်ကျ၊ သုခမင်္ဂလာ။*
*သီလရှိက၊ သီတိုင်းလှ၊ သုခမင်္ဂလာ။*
*သီလရှိက၊ သီတိုင်းလှ၊ သီလရှိကြပါ။*
*သီလရှိက၊ အမြဲလှ၊ သုခမင်္ဂလာ*

၂။ **သုခါ သဒ္ဓါ ပတိဋ္ဌိတာ။**

**သဒ္ဓါ ပတိဋ္ဌိတာ** - သဒ္ဓါတရား၊ မလှုပ်ရှားဘဲ၊ ထူးခြားခိုင်ခိုင်၊ မယိုင်ခန့်ခန့်၊ မြဲတည်တန့်ခြင်းသည်။ **သုခါ** - ခုနောင်ဘဝ၊ မင်္ဂလာရအောင်၊ ဆိုပြအကောင်း၊ ချမ်းသာကြောင်း ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

× × ×

သဒ္ဓါဆိုတာဘာလဲ? ယုံတာ၊ကြည်တာကို သဒ္ဓါလို့ ဆိုတယ်။ ယုံမှလည်း ကြည်တယ်။ ကြည်မှလည်း ယုံတယ်။ ယုံတာနဲ့ ကြည်တာဟာ တွဲနေတယ်။ ယုံလို့ကြည်၊ ကြည်လို့ယုံ ဒီလိုအပြန်အလှန် ယူရမယ်နော် (မှန်လှပါဘုရား)

ဘာတွေကို ယုံသလဲ? ဘုရားကို ယုံတယ်၊ တရားကို ယုံတယ်၊ သံဃာကို ယုံတယ်၊ ကံကို ယုံတယ်၊ ကံရဲ့ အကျိုးပေးကို ယုံတယ်၊ ခုဘဝကို ယုံတယ်၊ နောက်ဘဝကို ယုံတယ်။ ဒီ (၇)မျိုးရဲ့အပေါ်မှာ ယုံတယ်။ ဒီ (၇)မျိုးရဲ့ အပေါ်မှာ ကြည်တယ်။ ယုံနဲ့ကြည်နဲ့ပေါင်းတော့ ယုံကြည်တယ်။ ယုံကြည်တော့ သဒ္ဓါဆွမ်း (သင်္ကန်း၊ ကျောင်း၊ ဆေး) ကုသိုလ်တွေ လုပ်ဖြစ်တယ်။ အဲဒီလို ယုံကြည်ချက်နဲ့ ကုသိုလ်တွေလုပ်ဖြစ်တော့ ဒကာ၊ ဒကာမတွေမှာ ခုဘဝ၊ နောက်ဘဝ၊ မင်္ဂလာနိဗ္ဗာန်ရအောင် သုခချမ်းသာ မင်္ဂလာတွေ ဖြစ်မယ်။ ယုံကြည်တော့ ချမ်းသာဖြစ်မယ်၊ မင်္ဂလာဖြစ်မယ်လို့ အသိဉာဏ်ပေးပါတယ်။

ချမ်းသာချင်ရင်၊ မင်္ဂလာဖြစ်ချင်ရင် စောစောက ပြောခဲ့တဲ့ (၇)မျိုးရဲ့ အပေါ်မှာ ယုံကြည်ရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ (ယုံကြည်ချမ်းသာ မင်္ဂလာတရားပါဘုရား)

သုခချမ်းသာမင်္ဂလာဖြစ်အောင် ဘာကိုဆောင်ရမတဲ့လဲ။ (ယုံကြည်ချက်သဒ္ဓါကို ဆောင်ရမှာပါဘုရား)

ကဲ...ကဗျာလေးတွေလိုက်ဆို။

*ချမ်းသာရအောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။*

*ချမ်းသာရအောင်၊ ခုရောနောင်၊ သဒ္ဓါဆောင်ရမယ်။*

*မင်္ဂလာဖြစ်အောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။*

*မင်္ဂလာဖြစ်အောင်၊ ခုရောနောင်၊ သဒ္ဓါဆောင်ရမယ်။*

*သဒ္ဓါခိုင်က၊ အမြဲလှ၊ သုခမင်္ဂလာ။*

*သဒ္ဓါခိုင်အောင်၊ သတိဆောင်၊ ခုနောင်ကြိုးစားပါ။*

၃။　သုခေါ ပညာယ ပဋိလာဘော

ပညာယ ပဋိလာဘော - လောကီ, လောကုတ်၊ အဟုတ်နှစ်ဝ၊ ပညာလုကို၊ ထာဝရရှင်းရှင်း၊ ရရှိခြင်းသည်။ သုခေါ - ခုနောင်ဘဝ၊ မင်္ဂဖိုလ်ရအောင်၊ ဆိုပြအကောင်း၊ ချမ်းသာကြောင်း ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

× × ×

ပညာဆိုရင် လောကီပညာပဲဖြစ်ဖြစ်၊ လောကုတ္တရာပညာပဲဖြစ်ဖြစ်၊ ဘယ်ပညာကိုပဲရရ၊ ပညာရရင် သုခချမ်းသာမင်္ဂလာဖြစ်တယ်။ လောကီပညာရရင် လောကီကောင်းကျိုးချမ်းသာမင်္ဂလာဖြစ်မယ်။ မိမိရဲ့ ခန္ဓာကိုယ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမှတ်ဆင်ခြင်တဲ့ ဝိပဿနာပညာဖြစ်ရင် (ဝိပဿနာပညာရရင်) ခုနောင်ဘဝ မင်္ဂဖိုလ်နိဗ္ဗာန်ရသည်အထိ သုခချမ်းသာမင်္ဂလာဖြစ်တယ်။

http://www.dhammadownload.com



## ပြင်တတ်တာကို + ပညာဆို

ပညာကို အမြင်သစ်နဲ့ လွယ်လွယ်ပြောရရင် ပြင်တတ်တာကို ပညာလို့ ပြောချင်ပါတယ်။ ဘာတဲ့လဲ? (ပြင်တတ်တာကို ပညာပါဘုရား) မိမိတို့ သင်ယူမှတ်သားထားတဲ့ သညာများကို အခြေခံပြီးတော့ ပြင်ပြင်ပြီးတော့ တစ်ထွာပြတစ်ထောင်မြင်၊ တစ်တောင်ပြ တစ်လံမြင်ပြီးတော့ ပြင်ပြင် သုံးတတ်တာ၊ သွားတတ်တာ၊ စားတတ်တာ၊ သောက်တတ်တာ၊ နေတတ် ထိုင်တတ်တာ၊ ဝတ်တတ်တာတွေကို ပညာလို့ ဆိုချင်ပါတယ်။ ချဲ့ထွင်ပြီးတော့ ပြင်တတ်၊ သိတတ်တာ စသည်ကို ဆိုလိုပါတယ်။ ပညာအကြောင်းပြောရင် မဆုံးပါဘူး။

သင်ယူမှတ်သားထားတာကို သညာလို့ လွယ်လွယ်ပြောချင်ပါတယ်။ သညာလောက်လို့ ဘဝမှာ အချိန်ကုန်နေလို့ မဖြစ်ပါဘူး။ သင်လိုတတ်တဲ့ သညာကို ပြင်ပြင်ပြီးသုံးတတ်တဲ့ ပညာနဲ့တွဲပြီး သုံးတတ်၊ ကျင့်တတ်၊ နေတတ်၊ ထိုင်တတ်၊ စားတတ်၊ ဝတ်တတ်ဖို့ လိုပါတယ်။ သညာကို ပညာနဲ့တွဲပါလို့ မှာချင်ပါတယ်။ သညာတတ်က အောက်ခြေလွတ်တယ်။ အောက်ခြေလွတ် တော့ အောက်ခြေယိုင်တယ်။ အောက်ခြေယိုင်တော့ အောက်ခြေမခိုင်တော့ အပေါ်ကို မတတ်နိုင်တော့ဘူး။ အောက်ခြေမခိုင်ပဲနဲ့ အပေါ်တက်လည်း လဲမှာကွဲမှာပါပဲ။

ပညာတတ်က အောက်ခြေခိုင်တယ်။ အောက်ခြေက စပြီး ခိုင်တော့ အောက်ခြေမယိုင် အောက်ခြေမလွတ်တော့ အပေါ်တက်လေ အမြင့်ရောက်လေ ကြီးပွားတိုးတက်လေ၊ ကြည့်ကောင်းလေ၊ ကြည့်လှလေပါပဲ။

မှတ်သားမှုသညာနဲ့ ပညာတတ်ဟာ အဲဒီလို အလှကွာပါတယ်။ ဘဝ ကွာပါတယ်။

ဒီနေ့ ဦး (       ) ဒေါ် (       )တို့ မိသားစုဟာ တရားအသိဉာဏ် ပညာတွေ ရယူပြီးတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ကုသိုလ်တွေ ပြုလုပ် နေကြတဲ့အတွက် ခနောင်ဘဝ မင်္ဂလိန်ရှည်အထိ သုခချမ်းသာ မင်္ဂလာတွေ ဖြစ်ပါလိမ့်မယ်လို့ အသိဉာဏ်ပေးပါတယ်။

http://www.dhammadownload.com



ဒီတော့ သုခချမ်းသာမင်္ဂလာဖြစ်အောင် ပညာကို ဆောင်ရမယ်နော် (မှန်လှပါဘုရား) ဘာကို ဆောင်ရမတဲ့လဲ? (ပညာကို ဆောင်ရမှာပါ ဘုရား)

ဒီတော့ ပညာဆောင်မှ ချမ်းသာရ၊ ပညာဆောင်တာ မင်္ဂလာတရားလို့ လည်း မှတ်ပါ။

ကဲ…ကဗျာလေးတွေလိုက်ဆို။

*ချမ်းသာရအောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။*

*ချမ်းသာရအောင်၊ ခုရောနောင်၊ ပညာဆောင်ရမယ်။*

*မင်္ဂလာဖြစ်အောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။*

*မင်္ဂလာဖြစ်အောင်၊ ခုရောနောင်၊ ပညာဆောင်ရမယ်။*

*ပညာရကာ၊ ခုနောင်လှ၊ သုခမင်္ဂလာ။*

*ပညာရကာ၊ အမြဲလှ၊ သုခမင်္ဂလာ။*

၄။ **ပါပါနံ အကရဏံ သုခံ။**

**ပါပါနံ** - မကောင်းမှုဆို၊ အကုသိုလ်တို့ကို။ **အကရဏံ** - အရဟာတွမင်၊ စားသန်လျက်ဖြင့်၊ ပယ်ဖျက်ခုတ်ထွင်၊ အပြုတ်နှင်ရှင်း၊ မပြုခြင်းသည်။ **သုခံ** - ခုနောင်ဘဝ၊ မင်္ဂဖိုလ်ရအောင်၊ ဆိုပြအကောင်း၊ ချမ်းသာကြောင်း ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

× × ×

## ဥက္ကဋ္ဌသုံးမျိုး

ဘုရားရှင်က မကောင်းတာတွေကို ကိုယ်နဲ့လည်း မလုပ်ပါနဲ့၊ နှုတ်နဲ့ လည်း မပြောပါနဲ့၊ စိတ်နဲ့လည်း မကြံပါနဲ့တဲ့။ ကိုယ်ကိုအုပ်ပါ (ကိုယ်ဥက္ကဋ္ဌ) နှုတ်ကိုအုပ်ပါ (နှုတ်ဥက္ကဋ္ဌ) စိတ်ကိုအုပ်ပါ (စိတ်ဥက္ကဋ္ဌ) ဥက္ကဋ္ဌသုံးမျိုး။ ဘယ်နှစ်မျိုးတဲ့လဲ (သုံးမျိုးပါဘုရား) ဘယ်နှစ်မျိုးအုပ်ရမတဲ့လဲ? (သုံးမျိုးအုပ် ရမှာပါဘုရား)

ကိုယ်ကို ထိန်းပါ၊ နှုတ်ကို ထိန်းပါ၊ စိတ်ကို ထိန်းပါ။ ထိန်းရမှာ သုံးမျိုး၊ ဘယ်နှစ်မျိုးတဲ့လဲ? (သုံးမျိုးပါဘုရား)

http://www.dhammadownload.com



ကိုယ်၊ နှုတ်ကို သီလနဲ့ အုပ်ထိန်းရမယ်။ စိတ်ကို သမထ၊ ဝိပဿနာ၊ ဘာဝနာနဲ့ အုပ်ထိန်းရမယ်။ အဲဒီလို ကိုယ်၊ နှုတ်၊ စိတ်ကို အုပ်ထိန်းနိုင်ပြီ ဆိုရင် ခုနောင်ဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သုခချမ်းသာ မင်္ဂလာ ဖြစ်မယ်နော် (မှန်လှပါဘုရား)

အမှန်ကတော့ မကောင်းမှုတွေကို အရဟတ္တမဂ် ဓားသန်လျက်နဲ့ ပယ်ဖျက်ခုတ်ထွင် အပြုတ်နှင်နိုင်မှ သုခချမ်းသာမင်္ဂလာအစစ် ဖြစ်မယ်။

ဒီနေ့ ဦး ( ) ဒေါ် ( )တို့ မိသားစုတွေဟာ ဆွမ်း (သင်္ကန်း၊ ကျောင်း၊ ဆေး) ဆက်ကပ်နေတဲ့အခါမှာ ကောင်းတာတွေလုပ်၊ ကောင်းတာတွေပြော၊ ကောင်းတာတွေ ကြံနေကြတာဆိုတော့ သုခချမ်းသာမင်္ဂလာတို့မှာ ဖြစ်နေကြတယ်လို့ ဝမ်းမြောက်ကြရမယ်။

ကဲ…ကဗျာလေးတွေလိုက်ဆို။

*မကောင်းပါပ၊ မပြုက၊ သုခမင်္ဂလာ။*

*မကောင်းပါပ၊ မပြောက၊ သုခမင်္ဂလာ။*

*မကောင်းပါပ၊ မကြံက၊ သုခမင်္ဂလာ။*

*မကောင်းပါပ၊ အုပ်+ထိန်းက၊ သုခမင်္ဂလာ။*

ဒီနေ့ သဒ္ဓါဆွမ်းကပ်ပွဲမှာ အဓိကဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ? (ယုံကြည်ချမ်းသာမင်္ဂလာတရားတော်ပါဘုရား)

ယနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ယုံကြည်ချမ်းသာ မင်္ဂလာတရားတော်လာတဲ့အတိုင်း လိုက်နာကျင့်သုံး ရှင်ပြုံးအေးမြ ဘေးဘယကွာ အေးမြသာယာရှိကြပါစေ။ အေးမြသာယာ ယုံကြည်စွာဖြင့် သာသနာမှု မကြာမကြာ အခါခါပြုနိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ အရှင်ဘုရား)

ယုံကြည်ချမ်းသာ + မင်္ဂလာတရားတော်ပြီးပြီ။

× × ×

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ် + ဒုကနိပါတ်ပါဠိ + တတိယပဏ္ဏာသက + ဒါနဝဂ်လာ ဒါနနှစ်မျိုးကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြားပြောကြားအပ်သော

## "အလှူအားလုံး + အသာဆုံး" တရားတော်

ဒီနေ့ ဦး (　　) ဒေါ် (　　) မိသားစုတို့ရဲ့ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် တရားစာအုပ်မြတ်တွေ လှူဒါန်းကော်ရော်ပူဇော်တဲ့ပွဲမှာ ဟောကြားမည့် တရားတော်က "အလှူအားလုံး အသာဆုံး" တရားတော်တဲ့။

ဘာတရားတဲ့လဲ? (အလှူအားလုံး အသာဆုံးတရားပါဘုရား)

ကဲ…စပြီးတော့ ဟောကြားနာကြရအောင်။

**ဒွေမာနိ ဘိက္ခဝေ ဒါနာနိ။**

(အံ၊ ပါ၊ ၁၊ ၉၀)

**ဘိက္ခဝေ** - ရဟန်းတို့၊ **ဒါနာနိ** -, အလှူဒါနတို့သည်။ **ဣမာနိဒွေ**- ဤနှစ်မျိုးတို့ပါပေတည်း။

ရဟန်းတို့ အလှူဒါနနှစ်မျိုးရှိတယ်။

**ကတမာနိဒွေ** -

အဲဒီနှစ်မျိုးက ဘာတွေလဲဆိုရင် -

**အာမိသဒါနဉ္စ ဓမ္မဒါနဉ္စ၊**

**ဣမာနိ ခေါ ဘိက္ခဝေ ဒွေဒါနာနိ။**

**အာမိသဒါနဉ္စ** - ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး၊ ပစ္စည်းလေးခု၊ ပေးလှူမှု လည်းကောင်း၊ **ဓမ္မဒါနဉ္စ** - နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်းစု၊ ပေးလှူမှု လည်းကောင်းတည်း။

http://www.dhammadownload.com



**ဘိက္ခဝေ** - ရဟန်းတို့။ **ဒါနာနိ** - အလှူတို့သည်။ **ဣမာနိဒွေ** - ဤနှစ်တို့ပါပေတည်း။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးပေးလှူမှုကို အာမိသဒါနလို့ ခေါ်တယ်။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားကောင်းတွေ ပေးလှူမှုကို ဓမ္မဒါနလို့ခေါ်တယ်။ ရဟန်းတို့ ဒါနဟာ ဒီနှစ်မျိုးပဲလို့ ဟောတော်မူပါတယ်။

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့က ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တရားစာအုပ်မြတ်တွေ လှူဒါန်းတာဟာ နိဗ္ဗာန်ရောက်ကြောင်း တရားစာအုပ်ကောင်းတွေ လှူတာဖြစ်တဲ့အတွက် ဓမ္မဒါန (တရားအလှူ) ဖြစ်တယ်။

ဒီနေ့လှူတဲ့ ပိဋကတ်စာအုပ်တွေကို သံဃာတော်များက သင်ယူပို့ချကြမယ်။ သင်ထားတဲ့အတိုင်း ကိုယ်တိုင်ကျင့်ကြံကြမယ်။ ဒကာ၊ ဒကာမတွေကိုလည်း တစ်ဆင့်အားဖြင့် ဟောပြောညွှန်ပြ ဆိုဆုံးမကြမယ်။ ဒကာ၊ ဒကာမတွေကလည်း လိုက်နာကျင့်သုံးကြမယ်။ ဒီတော့ ဆရာ၊ ဒကာအားလုံး နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းများကို ကျင့်ကြံကြတာ နိဗ္ဗာန်ကို ရောက်ကြရမယ်။

တို့အလှူရှင်တွေဟာ တရားအလှူကြီး လှူနေရတယ်။ နိဗ္ဗာန်အလှူကြီး လှူနေရတယ်။ သံဃာတော်တွေဟာ တို့လှူတဲ့ တရားစာအုပ်တွေ ကြည့်ပြီး ကျင့်ကြံကြိုးစားအားထုတ်တော့ သံဃာတော်များမှာ ပညာကြီးကြမယ်။ သံဃာတော်တွေ ပညာကြီးရသလို သံဃာတော်တွေက တစ်ဆင့် တို့ကိုပြန်ပြီး ဟောပြောတော့ တို့လည်း လက်တွေ့ပညာကြီးရမယ်။ ဒီတော့ တို့အလှူဟာ ပညာကြီးကြောင်း ပညာအလှူကောင်းကြီးလည်း ဖြစ်တယ်။ ဘုရားအကြောင်းတွေ သိရတဲ့အတွက် ဘုရားအလှူကောင်းကြီးလည်း ဖြစ်တယ်။ သံဃာတော်များကို လှူရတဲ့အတွက် သံဃာအလှူကောင်းကြီးလည်း ဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြရမယ်။

တို့အလှူဟာ ကောက်ချက်အကျဉ်းချုပ်ချလိုက်ရင် ဘုရားလှူရာလည်း ရောက်တယ်။ တရားလှူရာလည်း လှတယ်။ တရားတွေတကယ် မကွယ်

http://www.dhammadownload.com



ပျောက်အောင် စာသင်စာချ တာဝန်လုတွေကို နွေးညဆောင်ရွက် ကြိုးစားသင်အံ ပို့ချနေတဲ့ သံဃာတွေကို လှူရတဲ့အတွက် သံဃာအလှူလည်း ဖြစ်တယ်။ ပညာကြီးကြောင်း ပညာအလှူကောင်းလည်း ဖြစ်တယ်။ "ပညာနရာနံရတနံ" (သံ၊ ပါ၊ ၁၊ ၃၃) ဆိုတဲ့အတွက် ပညာအလှူဟာ လောကီရတနာတွေထက် သာလွန်ကောင်းမြတ်တဲ့ ရတနာအလှူကောင်းကြီးလည်း ဖြစ်တယ်လို့ မှတ်ကြရမယ်။

**တေဒဂ္ဂံ ဘိက္ခဝေ ဣမေသံဒွိန္နံဒါနာနံ၊**
**ယဒိဒံ ဓမ္မ ဒါနန္တိ။**

**ဘိက္ခဝေ** - ရဟန်းတို့။ **ဒွိန္နံ** - နှစ်မျိုးကုန်သော၊ **ဣမေသံဒါနာနံ** - အာမိသ,ဓမ္မ၊ ဤအလှူဒါနတို့တွင်။ **ယဒိဒံ ဓမ္မဒါနံ** - အကြင်တရားအလှူသည်။ (**အတ္ထိ** - ရှိ၏) **ဧတံ** - ဤတရားအလှူသည်။ **အဂ္ဂံ** - အလှူအားလုံး၊ အသာဆုံးမှတ်၊ အမြတ်ဆုံးပုံသေ ဖြစ်ရပါပေ၏။

အဲဒီ အာမိသဒါန၊ ဓမ္မဒါနဆိုတဲ့ အလှူနှစ်မျိုးမှာ ဓမ္မဒါန (တရားအလှူဟာ) အသာဆုံး အမြတ်ဆုံးအလှူ ဖြစ်တယ်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ (ဓမ္မပဒ၊ ၄၊ ၂၊ ၃၅၂)**

တရားအလှူဟာ အလှူအားလုံးကို အောင်နိုင်တယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးမျိုး စတဲ့ အာမိသဒါန အလှူအားလုံးကို အောင်နိုင်တဲ့ အလှူဟာ တရားဟော၊ တရားပြ၊ တရားရေး၊ တရားဝေ၊ တရားကျင့်၊ တရားစာအုပ်အလှူဖြစ်တယ်လို့ မှတ်ယူပါ။

ဒီတော့ တို့တရားစာအုပ်များ လှူရတာဟာ အလှူအားလုံး အသာဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံး အအောင်ဆုံး အလှူကြီးဖြစ်တယ်လို့ မှတ်ယူနိုင်အောင် အသိဉာဏ်ပေးတဲ့ "အလှူအားလုံး အသာဆုံး"တရား ဖြစ်တယ်။ ဘာတရားတဲ့လဲ? (အလှူအားလုံး အသာဆုံးတရားပါဘုရား)

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလုံးလှူရာရောက်အောင်၊ ပညာကြီးအောင်၊ ပညာလှူရာရောက်အောင်၊ ပညာရတနာအလှူဖြစ်အောင်၊ နိဗ္ဗာန်အလှူဖြစ်အောင်၊ အသာဆုံးအလှူဖြစ်အောင် တရားစာအုပ်တွေ လှူရမယ်၊ ဘာလှူရမတဲ့လဲ? (တရားစာအုပ်တွေ လှူရမှာပါဘုရား)

http://www.dhammadownload.com



ကဲ…ရှစ်လုံးဖွဲ့ကဗျာလေးလိုက်ဆို။

*ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး+မနေးလှူလျှင်*

*အာမိသဟု+ခေါ်ပြုအစဉ်။*

*တရားစာအုပ်+အဟုတ်လှူလျှင်၊*

*သာဆုံးပြ+ဓမ္မဒါနပင်။*

ကဲ‥"အလှူအားလုံး + အသာဆုံး" ပညာကြီးကြောင်း နည်းလမ်း ကောင်းကဗျာလေးနဲ့ တရားသိမ်းကြရအောင် လက်အုပ်ချီ -

"ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး၊ ပစ္စည်းလေးဖြာ၊ အားလုံးဒါန၊ လှူသမျှထက်၊ ဓမ္မတရား၊ ဟောကြားနာယူ၊ စာအုပ်အလှူကား၊ အလှူအားလုံး၊ အသာဆုံးဟု (အမြတ်ဆုံးဟု၊ အကောင်းဆုံးဟု၊ အအောင်ဆုံးဟု) မြတ်ဘုန်း ဇိနော်၊ ဟောမိန့်ဖော်သည် လှူနော်စာအုပ်အလှူတည်း (လှူနော်တရား အလှူတည်း)

သာဓု သာဓု သာဓု

× × ×

## ပညာကြီးကြောင်း + နည်းလမ်းကောင်း

"လောကီ+လောကုတ္တရာ၊ ပညာဆီမီး၊ အရောင်ကြီးတို့၊ အပြီး တောက်ပ၊ ကြီးမားကြရန်၊ အဓိဋ္ဌာန်ဖြင့်၊ စိတ်အကြံမြင့်မြတ်၊ ပ်ဋ္ဌကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ စာအုပ်မြတ်ကို စိတ်ဓာတ်ကြည်ဖြူ၊ ဒီအလှူကား၊ ထူးခြားလှစွာ၊ ဖြစ်ရာဘဝ၊ လောက+လောကုတ်၊ အဟုတ်အတည်း၊ နှစ်လီ ပညာ၊ စွယ်စုံသာရ၊ ကြီးမားကြလျက်၊ မဂ္ဂဖလ၊ နိဗ္ဗာန်ရွှေပြည်၊ ရောက်ရသည်အထိ၊ ကောင်းကျိုး ရှိသည်၊ မြတ်သည့်စာအုပ်လှူကျိုးတည်း"

သာဓု သာဓု သာဓု

× × ×

http://www.dhammadownload.com



## သံယုတ္တနိကာယ + သဂါထာဝဂ္ဂသံယုတ်ပါဠိတော် + ယက္ခသံယုတ် + မဏိဘဒ္ဒသုတ်ကို တန်ဆာဆင်၍ အသိဉာဏ်ပေးဟောကြားပြောကြားအပ်သော

## "ချမ်းသာရအောင် + သတိဆောင်" တရားတော်

ဒီနေ့ ဦး (　) ဒေါ် (　)တို့ရဲ့ တရားအလှူပွဲမှာ ဟောကြားမည့် တရားတော်က "ချမ်းသာရအောင်+သတိဆောင်"တရားတော်တဲ့။

ဘာတရားတဲ့လဲ? (ချမ်းသာရအောင် သတိဆောင်တရားတော်ပါဘုရား)

သူသူငါငါ သတ္တဝါတွေ မချမ်းသာချင်ကြဘူးလား? (ချမ်းသာချင်ကြပါတယ်ဘုရား)

အေး··ချမ်းသာချင်ရင် ဆောင်ရမည့်တရားကို ရွေးပြီးတော့ ဟောမှာနော် (မှန်လှပါဘုရား)

ကဲ··စပြီးတော့ ဟောကြနာကြရအောင်။

**ဧကံ သမယံ ဘဂဝါ မဂဓေသု ဝိဟရတိ**
**မဏိမာလိကေ စေတိယေ၊ မဏိဘဒ္ဒဿ**
**ယက္ခဿ ဘဝနေ။**

**(သံ၊ ပါ၊ ၁၊ ၂၁၀)**

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် မဂဓတိုင်း မဏိဘဒ္ဒဘီလူးရဲ့ ဗိမာန်ဖြစ်တဲ့ မဏိမာလိကနတ်ကျွန်းမှာ သီတင်းသုံးနေတော်မူပါတယ်။

http://www.dhammadownload.com



**အထခေါ မဏိဘဒ္ဒေါ ယက္ခော**

**ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ**

**ဘဂဝတော သန္တိကေ ဣမံဂါထံ အဘာသိ။**

**(သံ၊ ပါ၊ ၁၊ ၂၁၀)**

အဲဒီမဏိမာလိကနတ်ကွန်းမှာ သီတင်းသုံးနေတော်မူတဲ့အခါမှာ မဏိဘဒ္ဒဘီလူးဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်လာပြီးတော့ ဒီဂါထာကို ရွတ်ဆို လျှောက်ထားပါတယ်။

**သတိရိုက + ကောင်းမြတ်ရ**

**သတိမတော သဒါ ဘဒ္ဒံ**

**(သံ၊ ပါ၊ ၁၊ ၂၁၀)**

သတိရှိသောသူ အမြဲတန်းကောင်းမြတ်တယ်တဲ့၊ ဒီတော့ အမြဲတမ်း ကောင်းမြတ်ချင်ရင် သတိရှိတဲ့သူ ဖြစ်ရမယ်၊ သတိဆောင်ရမယ်နော်။ (မှန်လှပါဘုရား)

အမြဲတန်းကောင်းကျိုးတွေရချင်ရင် အမြဲတမ်း သတိရှိနေဖို့လိုတယ်။ သွားရာ,လာရာ,စားရာ,သောက်ရာ,နေရာ,ထိုင်ရာ,ဝတ်ရာ,ရုံရာ,ပြုရာ, ပြောရာ,ကြံရာ အားလုံးပါဝင်တယ်နော်။ (မှန်လှပါဘုရား)

သတိဆို ပိုသည်မရှိ၊ သတိဆို လိုသည်သာရှိ။ ဒီလိုဆိုကြတယ် မဟုတ်လား။ (မှန်လှပါဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဒကာ,ဒကာမတွေ အမြဲတမ်းကောင်းမြတ်တဲ့ ကောင်းကျိုးတွေ မလိုချင်ကြဘူးလား။ (လိုချင်ကြပါတယ်ဘုရား)

အေး…လိုချင်ရင် ဘာဆောင်ရမတဲ့လဲ? (သတိဆောင်ရမှာပါဘုရား)

ပြုရာ, ပြောရာ, ကြံရာကစ အရာရာမှာ သတိဆောင်ပါ၊ သတိဆောင်ရင် ကိုယ်လိုလားတဲ့၊ ကိုယ်လိုချင်တဲ့ ကောင်းမြတ်တဲ့ ကောင်းကျိုးတွေ အမြဲ ရလာပါလိမ့်မယ်။ အမြဲအပြည့်အဝအောင်မြင်လာပါလိမ့်မယ်။

ကဲ··လက်ာလေးတွေ လိုက်ဆိုကြ။

* ကောင်းမြတ်ရအောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။
* ကောင်းမြတ်ရအောင်၊ ခုရောနောင်၊ သတိဆောင်ရမယ်။

http://www.dhammadownload.com



* သွားရာ၊ လာရာ၊ စားသောက်ရာ၊ သတိပါပါစေ။
* နေရာ၊ ထိုင်ရာ၊ ဝတ်ရုံရာ၊ သတိပါပါစေ။
* ပြုရာ+ပြောရာ၊ ကြံစည်ရာ၊ သတိပါပါစေ။
* ပြုလည်းသတိ၊ ပြောသတိ၊ ကြံလည်း သတိရှိပါစေ။
* သတိရှိလျှင်၊ အမြဲပင်၊ လူရှင်ကောင်းမြတ်ပေ။
* ကောင်းမြတ်ရအောင်၊ သတိဆောင်၊ ခုနှောင် အမြဲနေ။
* သတိရှိသူ၊ များရှင်လူ၊ ရယူကောင်းကျိုးတွေ။

ဘီလူးဆိုပြီး အထင်မသေးနဲ့၊ ဘုရားကို သူလျှောက်ထားတဲ့စကားက အဆင့်မြင့်ပါတယ်။ သတိနဲ့နေတဲ့ ဘီလူးဖြစ်ဖို့ သတိရှိသူ အမြဲတန်းကောင်းမြတ်တယ်ဆိုတဲ့ ဒီစကားကို လျှောက်ထားတာတတ်တာဖြစ်မှာပါပဲ။ ဒီလိုပဲ ကောက်ချက်ချမိပါတယ်။

## သတိရှိက + ချမ်းသာရ

နောက်ထပ်ပြီးလျှောက်ထားချက်က

**သတိမာ သုခမေဓတိ။**

(သံ၊ ပါ၊ ၁၊ ၂၁၀)

သတိရှိတဲ့သူ ချမ်းသာကို ရတယ်တဲ့။

လောကမှာ ကြီးပွားတိုးတက်တဲ့သူတွေကို လိုက်ကြည့်၊ သူတို့ဟာ လောကမှာ သူတို့ရဲ့ ကြီးပွားရေး၊ စီးပွားရေး၊ အောင်မြင်ရေးများအတွက် အမြဲသတိထားကြတယ်။ အဲဒီလို သတိရှိတဲ့အတွက်၊ သတိထားတဲ့အတွက် သူတို့ဟာ လောကမှာ ကြီးပွားတိုးတက်ချမ်းသာရကြတာပါပဲ။ ချမ်းသာရချင်ရင် သတိဆောင်ရမယ်၊ သတိထားရမယ်။ ဒါလောကရေးအနေနဲ့ ပြောတာပါ။

လောကလွတ်မြောက်ရေး၊ သံသရာလွတ်ရေးကြည့်ပြန်တော့လည်း သတိဟာ အရေးအကြီးဆုံးဖြစ်နေပါတယ်။ မိမိရဲ့ ရုပ်၊ နာမ် ဓမ္မသင်္ခါရတွေကို တရားရှုမှတ်တဲ့အခါမှာ သတိဟာ ရှေ့တန်းက ပါဝင်နေပါတယ်။ ခုဘဝ၊ နောက်ဘဝ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာရသည်အထိ ချမ်းသာတွေရချင်ရင် သတိဆောင်ရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



သတိဟာ ချမ်းသာအားလုံးကို ပေးနိုင်တဲ့တရားဖြစ်တယ်။ ဒီတော့ တရားဟောသူတွေ၊ တရားနာသူတွေ ချမ်းသာရအောင် ဘာဆောင်ရမတဲ့လဲ? (သတိဆောင်ရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ ဒကာ၊ ဒကာမတွေကို ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ? (ချမ်းသာရအောင် သတိဆောင်တရားတော်ပါဘုရား)

လောကကြီးပွားတိုးတက်ချမ်းသာရေးအတွက်လည်း သတိဆောင်၊ ခေတ်စကားနဲ့ပြောရင် ဈေးကွက်သတိထား၊ ဈေးကွက်ကို မျက်ခြေမပြတ်စေနဲ့။ ဒီလိုနော်။ (မှန်လှပါဘုရား)

လောကလွတ်ရေး ချမ်းသာရေးအတွက်လည်း မိမိရဲ့ ရုပ်နာမ်ဓမ္မသင်္ခါရ တရားများရဲ့အပေါ်မှာ အမြဲသတိထားရှုမှတ်နေရမယ်။ သတိရှိရင် တရားရှိနေတာပဲ။ တရားရှိနေရင် ချမ်းသာတာပဲ။ ကျန်းမာရေးမကောင်းတဲ့အခါမှာတောင် ကိုယ့်ကျန်းမာရေးမကောင်းပုံ ခန္ဓာရဲ့အပေါ်မှာ ပေါ်သမျှသတိကပ်ပြီး သတိနဲ့ မပြတ်မလပ်ရှုမှတ်နေရင် ကျန်းမာရေးကောင်းသွားတာပဲ။ ကျန်းမာရေးမကောင်းသူများ သတိထားရှုပါ။ ရောဂါဝေဒနာများ အမြန်ပျောက်ကြောင်း တရားကောင်းဟာ သတိဖြစ်တယ်လို့ မှာလိုပါတယ်။

သတိတရားဟာ ရောဂါပျောက်ကြောင်း ဆေးကောင်းဝါးကောင်း ဖြစ်ပါတယ်။ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပတို့ ကျန်းမာရေးမကောင်းတုန်းက ဘုရားရှင်ကြွသွားတော်မူပြီး သတိတရားဆေးကြီးစပြီး တိုက်ကျွေးတော်မူလိုက်တာ ထိုရဟန္တာအရှင်မြတ်ကြီးနှစ်ပါး ရောဂါတွေ ပျောက်ကင်းသွားဖူးပါတယ်။ သတိရှိနေရင် ချမ်းသာမှုသာမက ကျန်းမာမှုပါရတယ်နော်။ (မှန်လှပါဘုရား)

အဓိကပြောလိုတာကတော့ ချမ်းသာရအောင် သတိဆောင်၊ သတိဆောင်က ခုနောင်ဘဝမင်္ဂဖိုလ်နိဗ္ဗာန် ချမ်းသာရသည်အထိ ချမ်းသာရှိတယ်၊ ချမ်းသာရတယ်လို့ ပြောလိုဟောလိုတာပါပဲ။

ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ။

- *ချမ်းသာရအောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။*
- *ချမ်းသာရအောင်၊ ခုရောနောင်၊ သတိဆောင်ရမယ်။*
- ချမ်းသာရအောင်၊ သတိဆောင်၊ ခုနောင်ချမ်းသာမှာ။

http://www.dhammadownload.com



* *သတိဆောင်က၊ ခုနောင်လှ၊ မုချချမ်းသာမှာ။*
* *သတိအဆောင်၊ ဤလူ့ဘောင်၊ အဆောင်အလှပါ။*
* *သတိရှိက၊ ချမ်းသာရ၊ လျှောက်ပြဘီလူးပါ။*
* *သတိရှိက၊ ချမ်းသာရ၊ ကျွန်းမာကြရမှာ။*

## သတိဆောင်လတ် + အမြဲမြတ်

နောက်ထပ်လျှောက်ပုံက

**သတီမတော သုဝေ သေယျော။**

**(သံ၊ ပါ၊ ၁၊ ၂၁၀)**

သတိရှိတဲ့သူ အမြဲကို မြတ်တယ်တဲ့။

- ခုနောင်ဘဝ မင်္ဂဖိုလ်နိဗ္ဗာန် ချမ်းသာရသည်အထိ အမြဲမြတ်ချင်ရင် သတိဆောင်ရမှာဖြစ်တယ်။

အမြဲမြတ်အောင် ဘာဆောင်ရမတဲ့လဲ။ (သတိဆောင်ရမှာပါဘုရား)

အမြဲတန်းကောင်းကျိုးတရား အမြတ်တွေတွေ့ရအောင် သတိဆောင်နိုင်ကြပါစေလို့ ဆုပေးဆုတောင်းခဲ့ပါတယ်။

ကဲ…လင်္ကာလေးတွေလိုက်ဆို။

* *အမြဲမြတ်အောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။*
* *အမြဲမြတ်အောင်၊ ခုရောနောင်၊ သတိဆောင်ရမယ်။*
* *သတိဆောင်လတ်၊ အမြဲမြတ်၊ မပြတ်ဆောင်ရမယ်။*
* *သတိဆောင်လျှင်၊ များလူရှင်၊ အစဉ်မြတ်ရမယ်။*

## ဘေးရန်လွတ်အောင် + သတိဆောင်

နောက်ထပ်လျှောက်ပုံက -

**ဝေရာစ ပရိမုစ္စတိ။**

**(သံ၊ ပါ၊ ၁၊ ၂၁၀)**

သတိရှိရင် ဘေးရန်အပေါင်းမှာလည်း လွတ်နိုင်ပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



ကဲ…လင်္ကာလေးတွေလိုက်ဆို။

* *ဘေးရန်လွတ်အောင်၊ ခုရောနှောင်၊ ဘာကိုဆောင်ရမယ်။*

* *ဘေးရန်လွတ်အောင်၊ ခုရောနှောင်၊ သတိဆောင်ရမယ်။*

မဏိဘဒ္ဒဘီလူးက ဘုရားရှင်ကို အဲဒီလို လေးချက်လျှောက်ထားတယ်နော်။ (မှန်လှပါဘုရား)

အဲဒီလို ဘီလူးက လျှောက်ထားပြီးတဲ့အခါမှာ ဘုရားရှင်က ဘယ်လို အတည်ပြုပေးလိုက်သလဲဆိုတော့ -

**သတီမတော သဒါဘဒ္ဒံ။**

သတိရှိတဲ့သူ အမြဲတန်းကောင်းမြတ်တာ မှန်တယ်။

**သတီမာ သုခမေဓတိ။**

သတိရှိတဲ့သူ ချမ်းသာကိုရတာလည်း မှန်တယ်။

**သတီမတော သုဝေ သေယျော။**

သတိရှိတဲ့သူ အမြဲကို မြတ်တာလည်း မှန်တယ်။ ဒီသုံးချက်ကိုတော့ မှန်တယ်လို့ အတည်ပြုပေးလိုက်တယ်နော်။ (မှန်လှပါဘုရား)

**ဘေးရန်လွတ်ကြောင်း + အဆောင်ကောင်း ၂-မျိုး**

**ဝေရာ နပရိမုစ္စတိ။**

သတိရှိတဲ့သူဟာ သက်မဲ့ဘေးရန်တွေက လွတ်နိုင်ပေမယ့် သက်ရှိဘေးရန်တွေကတော့ မလွတ်နိုင်သေးဘူးတဲ့။ သက်ရှိဘေးရန်တွေက လွတ်အောင် ဘုရားက ဆက်လက်ပြီးတော့ အသိဉာဏ်ပေး အဆောင်ကောင်းပေးတော်မူပါတယ်။ ဘယ်လိုဟောပေးလိုက်သလဲဆိုတော့ -

**ယဿ သဗ္ဗမဟောရတ္တံ၊**

**အဟိံသာယ ရတော မနော။**

**မေတ္တံသော သဗ္ဗဘူတေသု၊**

**ဝေရံ တဿ နကေနစိ။**

**(သံ၊ ပါ၊ ၁၊ ၂၁၀)**

http://www.dhammadownload.com



အကြင်ရဟန္တာပုဂ္ဂိုလ်အား အလုံးစုံသော နေ့ညဥ့်ကာလပတ်လုံး မညှင်းဆဲခြင်း၌ မွေ့လျော်တဲ့စိတ်ရှိကာ သတ္တဝါအားလုံးရဲ့အပေါ်မှာ မေတ္တာအစုထားရှိပြီး နေတယ်။ ထိုရဟန္တာပုဂ္ဂိုလ်အား တစ်ဦးတစ်ယောက်နဲ့မှ ခိုက်ရန်မရှိ (ဘေးရန်မရှိ)လို့ ဟောတော်မူလိုက်ပါတယ်။

ဆိုလိုတာကတော့ ရဟန္တာပုဂ္ဂိုလ်ဆိုတာ သတ္တဝါအားလုံးရဲ့အပေါ်မှာ ကရုဏာ,မေတ္တာ အမြဲထားပြီးတော့ နေတော်မူတယ်။ အဲဒီ ကရုဏာ,မေတ္တာ ထားရှိတဲ့ (ကရုဏာ,မေတ္တာအားပြည့်တဲ့) ရဟန္တာပုဂ္ဂိုလ်များသာလျှင် ဘယ်သူနဲ့မှ ခိုက်ရန်မရှိ (ဘေးရန်မရှိ)လို့ ဟောတော်မူလိုတာပါပဲ။ ဒီတော့ သက်ရှိဘေးရန်အပေါင်းမှ လွတ်အောင် မညှင်းဆဲတဲ့ သနားတဲ့ ကရုဏာသူများရဲ့ ကောင်းကျိုးကို တကယ်လိုလားတဲ့ မေတ္တာတရားတွေ ဆောင်ထားရမယ်နော်။ (မှန်လှပါဘုရား)

ကိုယ့်သန္တာန်မှာ ကရုဏာ၊ မေတ္တာတရားတွေ ကိန်းအောင်းနေမှ ဘေးရန်အပေါင်းမှလွတ်ဖို့ စိတ်ချရမယ်။ ကရုဏာ,မေတ္တာတရားတွေ မကိန်းသေးဘူးဆိုရင် ဘေးရန်လွတ်ဖို့ စိတ်မချရသေးဘူး။

အို…မဏိဘဒ္ဒဘီလူး၊ ဘေးရန်အပေါင်းက လွတ်ချင်ရင်တော့ သတိဆောင်ထားရုံနဲ့ မပြည့်စုံသေးဘူး။ ကရုဏာနဲ့ မေတ္တာ ထပ်ဆောင်ပါဦးလို့ အဆောင်ကောင်း ပေးတော်မူလိုက်တယ်နော် (မှန်လှပါဘုရား)

ဒီတော့ သက်ရှိဘေးရန်အပေါင်းမှ လွတ်အောင် ဘာဆောင်ရမတဲ့လဲ။ (ကရုဏာမေတ္တာဆောင်ရမှာပါဘုရား)

သတိဟာ အဆောင်ကောင်း၊ ကရုဏာနဲ့ မေတ္တာဟာလည်း အဆောင်ကောင်းလို့ မှတ်ရမယ်နော် (မှန်လှပါဘုရား)

အဆောင်ကောင်းသုံးမျိုး၊ ဘယ်နှစ်မျိုးတဲ့လဲ? (သုံးမျိုးပါဘုရား)

သတိ၊ ကရုဏာ၊ မေတ္တာ ဒီသုံးမျိုးနော်။ (မှန်လှပါဘုရား)

ကဲ…လင်္ကာလေးတွေလိုက်ဆို။

* ဘေးရန်လွတ်အောင်၊ ခုရောနောင်၊ ဘာကိုဆောင်ရမယ်။
* ဘေးရန်လွတ်အောင်၊ ခုရောနောင်၊ ကရုဏာဆောင်ရမယ်။
* ဘေးရန်လွတ်အောင်၊ ခုရောနောင်၊ မေတ္တာဆောင်ရမယ်။

http://www.dhammadownload.com



* ကရုဏာ,မေတ္တာ၊ ဆောင်ထားပါ၊ လွတ်မှာဘေးရန်ကွယ်။
* မြတ်ကရုဏာ၊ မြတ်မေတ္တာ၊ ဆောင်ပါဘေးရန်ကွယ်။
* မြတ်ကရုဏာ၊ မြတ်မေတ္တာ၊ ဆောင်ပါဘေးရန်ပျယ်။

## အဆောင်သုံးပါး

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောလိုက်တဲ့ တရားတော်ကို အဆောင်သုံးပါးတရားတော်လို့လည်း အမည်ပေးလို့ရတယ်နော်။ (မှန်လှပါဘုရား)

## စာအုပ်မှသည် ရင်အုပ်ဆီသို့

အဲဒီ သတိ၊ ကရုဏာ၊ မေတ္တာဆိုတဲ့ အဆောင်သုံးပါးကို စာအုပ်ထဲက နေပြီးတော့ ရင်အုပ်ထဲကို ပြောင်းထည့်ရမယ်နော်။ (မှန်လှပါဘုရား)

စာအုပ်ထဲကစာကို ရင်အုပ်ထဲထည့်ကာ လိုက်နာကျင့်သုံးရမယ်လို့ ဆိုလိုပါတယ်။

## အဆောင်သုံးပါး + ရင်မှာထား

အဲဒီအဆောင်သုံးပါး ရင်မှာအမြဲထားပါ။ ဘယ်မှာထားရမတဲ့လဲ? (ရင်မှာထားရမှာပါဘုရား)

## အဆောင်သုံးပါး + ရင်မှာထားသော်

အဲဒီအဆောင်သုံးပါး ရင်မှာထားပြီး လိုက်နာကျင့်သုံးရင် အမြဲတစေ ကောင်းမြတ်နေမယ်၊ ချမ်းသာသုခအမြဲရမယ်၊ အမြဲမပြတ်မြင့်မြတ်နေမယ်၊ သက်မဲ့သက်ရှိဘေးရန်အားလုံးမှ လွတ်မယ်၊ ဘယ်သူနဲ့မှ ခိုက်ရန်မရှိ။ (ရန်မရှိဘဲ) အေးအေးမြမြနေရယ်ဆိုတဲ့ ကောင်းကျိုးတွေ ရယူနိုင်မှာ ဖြစ်တယ်။

## အကျဉ်းချုပ်

ကဲ…ဒီနေ့ ဟောလိုက်တဲ့ တရားတော်ကို အကျဉ်းချုပ်ကြည့်ကြရအောင်။

http://www.dhammadownload.com



၁။ အမြဲကောင်းမြတ်အောင် သတိဆောင်ရမယ်။

၂။ ချမ်းသာကိုရအောင် သတိဆောင်ရမယ်။

၃။ အမြဲမြတ်အောင် သတိဆောင်ရမယ်။

၄။ ဘေးရန်လွတ်အောင် ကရုဏာ၊မေတ္တာဆောင်ရမယ်ဆိုတဲ့ အဓိက အချက်တွေကို တွေ့ရပါတယ်။

## ချမ်းသာရအောင် + သတိဆောင်

ဒီနေ့ အဓိကအမည်ပေးဟောလိုက်တဲ့ တရားက ဘာတရားတဲ့လဲ? (ချမ်းသာရအောင် သတိဆောင်တရားပါဘုရား)

ဒကာ၊ ဒကာမတွေက ချမ်းသာချင်ကြသူတွေဆိုတော့ ချမ်းသာရအောင် သတိဆောင်ဆိုတဲ့ အမည်လေး ရွေးပေးလိုက်တာပါပဲ။

## ပေါ်ပြီ တော်ပြီ

ဒီနေ့ အဓိက အမည်ပေးဟောလိုက်တဲ့ တရားအမည်ပေါ်သွားပြီလား? (ပေါ်သွားပါပြီဘုရား)

အေး…ပေါ်ပြီဆိုရင် တော်ပြီ။

## ရေစက်ချအမျှဝေစာတမ်း

ကဲ…ဒီနေ့ဟောရ၊ နာရတဲ့ တရားအလှူတွေနဲ့ အခြားဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကို အားလုံးရစေ အမျှဝေကြရအောင် ရေစက်ခွက်ကိုင် အားလုံးလိုက်ဆို။

၁။ အရှင်ဘုရား တပည့်တော်များသည် ရတနာသုံးပါးလုံးကို အားရပါးရ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်သာသာ ညီညီညာညာ ပူဇော်ကြပါကုန်၏။

၂။ ဤကောင်းမှုများကြောင့် နိဗ္ဗာန်ချမ်းသာ လျှင်မြန်ဆောစွာ ရောက်ရပါလို တောင်းဆုဆိုကြပါကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာ ကျင်လည်ရာ၌ ယနေ့ကဲ့သို့ သာသနာတော်ကြီးနှင့် တွေ့ကြုံရ၍ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်း၊

http://www.dhammadownload.com



ဆွေကောင်းများ၏ ကျေးဇူးတရားကို အထူးသိတတ်၊ အထူးပြောဟတ်၊ အထူး မှတ်ဘတ်၊ အထူးဆပ်တတ်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ရပါလို့ ဆုတောင်းကြပါကုန်၏။

ဘဝတိုင်း၌ ပညာကြီးခြင်း၊ ပညာရေးပန်းတိုင်များ ဘွဲ့ထူးဂုဏ်ထူး စုံစုံညီညီ ပြည့်ပြည့်ဝဝရရှိသည်အထိ ပညာပြီးခြင်း၊ ပညာကျော်ခြင်း၊ ပညာ တော်ခြင်း၊ ပညာပေါ်လွှင်ထင်ရှားခြင်း၊ အသံကောင်းခြင်း၊ ကံကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ အသံသာခြင်း၊ ကံသာခြင်း၊ ဉာဏ်သာခြင်း၊ အသက်ရှည် ခြင်း၊ အဆင်းလှခြင်၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ရာထူးဂုဏ်သိန် အရှိန်အဝါကြီးမားခြင်း အစရှိသော ကောင်းကျိုးချမ်းသာများ နေ့နေ့ညည ပြည့်ပြည့်ဝဝ ကျကျနန လှလှပပ ရရပါလို ဆုတောင်းဆိုကြပါကုန်၏။

၃။ ယနေ့ ယခုပြုလိုက်ရသော တရားအလှူ၊ အခြားအလှူ ဒါနသီလ ဘာဝနာပေါင်းစု မြတ်ကောင်းမှု၏ အဖို့ဘာဂ မှန်သမျှကို မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတရား အလွန်များသည့် အမိအဘ အဘိုးအဘွား ဆရာသမား အစထား၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ ပြည့်ရှင်မင်း၊ သိကြားမင်း၊ ယမမင်း၊ စတုလောကပါလနတ်မင်းကြီးလေးယောက် တို့နှင့် မြင်အပ်, မမြင်အပ်နစ်ရပ်များစွာ နတ်လူပြဟ္မာသတ္တဝါတို့အား သိစေ ရစေ ပေးမျှဝေသည် ကောင်းပေသာခု ခေါ်စေသော်။

အားလုံး အမျှ၊ အမျှ၊ အမျှ
ယူတော်မူကြပါကုန်လော့။ (၃)ကြိမ်

သာဓု သာဓု သာဓု
(၁၂-၂-၂၀၀၃)
ည (၁၀း၃၀) ပြီး၏။

× × ×

http://www.dhammadownload.com



## ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ နာဂဝဂ်၊ မာရဝတ္ထုလာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ အသိဉာဏ်ပေးဟောကြားပြောကြားအပ်သော

## "သုခချမ်းသာ + မင်္ဂလာ" တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( )တို့က ဘဝတစ်ပါးပြောင်းသွားကြတဲ့ ဖခင်ကြီး ဦး ( ) မိခင်ကြီး ဒေါ်( )အတွက် ရည်စူးချက်ထားပြီးတော့ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းတို့အား မွန်မြတ်လှသော ဆွမ်း, သင်္ကန်း စတဲ့ လှူဖွယ်ဝတ္ထုအစုစုနဲ့ ဆက်ကပ်လှူဒါန်းတဲ့ မိဘကျေးဇူးဆပ်ပွဲ၌ ဟောကြားမည့်တရားတော်က "သုခချမ်းသာ+မင်္ဂလာ"တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ (သုခချမ်းသာ+မင်္ဂလာတရားတော်ပါဘုရား)

အေး…အဲဒီတရားတော်ကို စပြီးတော့ ဟောကြရအောင်။

၁။ သုခါ မတ္တေယျတာ လောကေ။

(ဓမ္မပဒ၊ ၂၊ ၃၊ ၃၂၅)

လောကေ - ဟောဒီသတ္တလောကကြီး၌။ မတ္တေယျတာ - မြင့်မိုရ်တောင်ဦး၊ မကကျူသား၊ ကျေးဇူးများသည့်၊ အမိအပေါ်မှာ ကောင်းစွာမနေး၊ ပြုစုလုပ်ကျွေးခြင်းသည်၊ သုခါ - ခုနောင်ဘဝ၊ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ၊ သုခချမ်းသာ၊ အစဉ်သာကြောင်း၊ မင်္ဂလာကောင်းဖြစ်ပါပေ၏။

ဒီလောကမှာ မြင်းမိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူးတရား အလွန်များတဲ့ အမေ့ကို ပြုစုလုပ်ကျွေးခြင်းဟာ ခုဘဝ၊ နောက်ဘဝ မဂ်ဖိုလ်နိဗ္ဗာန် ရသည်အထိ သုခချမ်းသာမင်္ဂလာဖြစ်တယ်တဲ့။

http://www.dhammadownload.com



ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ အမေ့ရဲ့ကျေးဇူးတွေကို အောက်မေ့ တသ သတိရပြီးတော့ အမေဆုံးတဲ့ အမေနေ့ကို မှတ်ပြီးတော့ အမေ့အတွက် ရည်ရွယ်ချက်ထားပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်သူမြတ်တွေကို ပင့်ဖိတ်ကာ ဆွမ်းသင်္ကန်းစတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေနဲ့ ဆက်ကပ်လှူဒါန်းခြင်း ဟာ ဘဝတစ်ပါးပြောင်းသွားတဲ့ အမေသိရှိဝမ်းမြောက်နမော်သာဓုခေါ်ဆိုနိုင် မယ်ဆိုရင် အကယ်၍ ပြိတ္တာဘဝဖြစ်နေမယ်ဆိုရင် အဲဒီပြိတ္တာဘဝကနေ လွတ်မြောက်ပြီးတော့ လူ့ဘုံနတ်ဘုံ အရပ်စုံမှာ စားဖွယ်, သောက်ဖွယ်, နေဖွယ်, ထိုင်ဖွယ်, ဝတ်ဖွယ်, ရုံဖွယ် ဘုံဗိမာန်ပဒေသာပင်စတဲ့ ကောင်းကျိုးတရားတွေ ရရှိခံစားနိုင်မှာ ဖြစ်တယ်။

ဒီတော့ ဒီနေ့ပြုတဲ့ ကုသိုလ်တွေဟာ ဘဝတစ်ပါးပြောင်းသွားတဲ့ အမေ့ အတွက် သုခချမ်းသာမင်္ဂလာ ဖြစ်တယ်။

ယနေ့ ကျန်ရစ်တဲ့ မိသားစုများမှာလည်း အမေဆုံးတဲ့ အမေနေ့ သတိမှတ် ပြီးတော့ ကုသိုလ်တွေ ပြုလုပ်ပေးလိုက်ရတော့ တို့အမေ့ကျေးဇူးဆပ်နေရတယ် ဆိုပြီး စိတ်ထဲမှာ သုခချမ်းသာ ဖြစ်နေတယ်၊ မင်္ဂလာဖြစ်နေတယ်ပေါ့။ သုခ ချမ်းသာဖြစ်နေရင်လည်း မင်္ဂလာဖြစ်နေတာပဲ။ မင်္ဂလာဖြစ်နေရင်လည်း သုခ ချမ်းသာဖြစ်နေတာပါပဲ။ သုခနဲ့မင်္ဂလာဟာ ကွဲနေတဲ့တရားမဟုတ်ဘူး။ သုခနဲ့ မင်္ဂလာဟာ တွဲနေတဲ့တရားဖြစ်တယ်။

သုခချမ်းသာနဲ့ မင်္ဂလာတွဲပြီးတော့ အသိဉာဏ်ပေးတဲ့ သုခချမ်းသာ မင်္ဂလာတရားတော်နော်။ (မှန်လှပါဘုရား)

အမေဆုံးတဲ့နေ့မှာ အမေ့ကျေးဇူးဆပ် ကုသိုလ်ပြုပေးနေတာဟာ အမေ့ အတွက် သုခချမ်းသာမင်္ဂလာ၊ ယနေ့ မိသားစုအတွက် သုခချမ်းသာမင်္ဂလာတွေ ဖြစ်နေတယ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

## အမေနေ့နှစ်နေ့

အမေနေ့နှစ်နေ့ရှိတယ်။ ဘယ်နှစ်နေ့တဲ့လဲ? (နှစ်နေ့ပါဘုရား)

၁။ အမေမွေးနေ့

၂။ အမေဆုံးတဲ့နေ့ရယ်လို့ အမေနေ့နှစ်နေ့နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကိုယ့်မှာ အမေသက်ရှိထင်ရှားရှိနေသေးရင် အမေ့မွေးနေ့ကို မှတ်ပြီးတော့ အမေနေ့ လုပ်ပေးပါ။ အမေက ကိုယ့်ကို ငယ်ငယ်တုန်းက တစ်လပြည့်၊ တစ်နှစ်ပြည့်စတဲ့ မွေးနေ့တွေ လုပ်ပေးခဲ့တယ်။ အဲဒီ ကိုယ့်မွေးနေ့လုပ်ပေးခဲ့တဲ့ အမေ့ရဲ့ကျေးဇူးတွေကို မှတ်ပြီးတော့ အမေ့မွေးနေ့ အမေနေ့ လုပ်ပေးပါ။

ကိုယ့်မှာ အမေမရှိတော့ဘူးဆိုရင်တော့ အခုလိုပဲ အမေဆုံးတဲ့ အမေနေ့ကို မှတ်ပြီး ကုသိုလ်တွေပြု အမျှပေးဝေခြင်းနဲ့ အမေနေ့လုပ်ပေးကာ ကျေးဇူးဆပ်ရမယ်နော်။ (မှန်လှပါဘုရား)

အဲဒီလို အမေ့မွေးနေ့၊ အမေဆုံးတဲ့နေ့တွေ မှတ်ပြီး ကုသိုလ်တွေ လုပ်ပေးကာ ကျေးဇူးဆပ်ခြင်းဟာ ခုနောင်ဘဝ မင်္ဂလိနိဗ္ဗာန်ရသည်အထိ သုခချမ်းသာ မင်္ဂလာဖြစ်တယ်။

အမိကအားဖြင့် အမေ့မွေးနေ့ မမေ့နဲ့၊ အမေဆုံးတဲ့နေ့ မမေ့နဲ့၊ အမေနေ့ နှစ်နေ့ မမေ့နဲ့လို့ မှာလိုပါတယ်။ အမေမမေ့ရင် သုခချမ်းသာမင်္ဂလာ ဖြစ်တယ်နော်။ (မှန်လှပါဘုရား)

## အတုယူဖွယ်မွေးနေ့

စကားမစပ်ပြောရဦးမယ်။ တစ်ခါက သူငယ်ချင်းကျောင်းထိုင်ဆရာတော် တစ်ပါးကို အရှင်ဘုရားမွေးနေ့ မလုပ်ဘူးလားလို့ မေးလိုက်တော့ သူက မလုပ်ဘူးတဲ့။ ကိုယ့်မွေးနေ့ရောက်လာရင် ကိုယ့်ကို မွေးတဲ့အမေကို သွားပြီးတော့ စားစရာ၊ သောက်စရာ၊ ဝတ်စရာတွေ ဝယ်ပြီးတော့ ကျွေးလိုက်ပေးလိုက်တယ်တဲ့။ တော်တော်သဘာဝကျတဲ့မွေးနေ့ပါပဲ။ ကိုယ့်ကို မွေးပေးလိုက်တဲ့ အမေကို ကျေးဇူးဆပ်ပုံကောင်းလေးဖြစ်တဲ့အတွက် အင်မတန်နည်းယူစရာ ကောင်းပါတယ်။ ဒီတော့ ကိုယ့်မွေးနေ့ရောက်လာရင် အမိကဝယ်ပေးရမှာ အမေ၊ အမိက ဝယ်ကျွေးရမှာ အမေ ဖြစ်တယ်နော်။ (မှန်လှပါဘုရား)

ဒါပေမယ့် ခုခေတ်သားသမီးတွေက ကိုယ့်မွေးနေ့ရောက်လာရင် အမေကို မေ့နေတတ်ကြတယ်။ အမေကို မွေးနေ့လက်ဆောင်မပေးဘဲ အမေမဟုတ်သူတွေကို မွေးနေ့လက်ဆောင်ပေးနေကျတာဟာ အမေများမှာ ရင်နာစရာကောင်းပါတယ်။ စောစောက ပြောခဲ့တဲ့ ဆရာတော်တစ်ပါးရဲ့ မွေးနေ့လုပ်ပုံကို အတုယူကြစမ်းပါလို့ မှာလိုပါတယ်။

http://www.dhammadownload.com



### အမေရစေ + များများဝေ

ဒကာမကြီးတစ်ယောက်ကတော့ သူ့ရဲ့မွေးနေ့ ကျောင်းမှာ သံဃာကုန်ဆွမ်းလာကပ်ရင်း တပည့်တော်ကို မွေးရတဲ့အမေ ဒီနေ့ သိပ်ဆင်းရဲမှာပဲတဲ့။ ဒါကြောင့် တပည့်တော်ရဲ့ မွေးနေ့လုပ်တဲ့ကုသိုလ်တွေကို ဘဝတစ်ပါးပြောင်းသွားတဲ့ အမေကို သိပါစေ၊ ရပါစေလို့ အမျှများများဝေပေးပါဘုရားလို့ လျှောက်ထားဖူးပါတယ်။ ကိုယ့်မွေးနေ့မှာ အမေမမေ့တဲ့ သဘောများပါပဲ။

ကဲ…လင်္ကာလေးတွေလိုက်ဆို။

- * *မြတ်မိခင်လှ၊ လုပ်ကျွေးက၊ သုခမင်္ဂလာ။*
- * *မြတ်မိခင်လှ၊ ပြုစုက၊ သုခမင်္ဂလာ။*
- * *မြတ်မိခင်လှ၊ မမေ့က၊ သုခမင်္ဂလာ။*
- * *မြတ်မိခင်လှ၊ သိဆပ်က၊ သုခမင်္ဂလာ။*
- * *မြတ်မိခင်လှ၊ ရည်စူးက၊ သုခမင်္ဂလာ။*
- * *အမေမမေ့၊ အမေနေ့၊ မမေ့သိဆပ်ပါ။*

ကဲ…ထားပါတော့ နောက်တစ်ပိုဒ်ဆက်ဟောကြပါစို့။

### ၂။ အထော ပေတ္တေယျတာ သုခါ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၅)

**အထော** - နောက်တစ်မျိုးကတော့၊ (ဆိုပြမှား၊ ထိုမှတစ်ပါးကတော့)၊ **ပေတ္တေယျတာ** - မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးများလှ၊ မြတ်လှဖခင်၊ ကျေးဇူးရှင်၌၊ အစဉ်မနေး၊ ပြုစုလုပ်ကျွေးခြင်းသည်။ **သုခါ** - ခုနောင်ဘဝ၊ မဂ်ဖိုလ်နိဗ္ဗာန်ရအောင်၊ သုခချမ်းသာ၊ မင်္ဂလာစစ်၊ အမှန်ပင် ဖြစ်ပါပေ၏။

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဖခင်ကြီး ဦး ( ) အတွက် ရည်စူးချက်ထားပြီးတော့ ကုသိုလ်တွေပြုပေးနေတာဟာ အဖေ့အတွက်လည်း သုခချမ်းသာမင်္ဂလာဖြစ်မယ်။ ကုသိုလ်ပြုပေးနေကြသူမိသားစုများအတွက်လည်း ခုဘဝနောင်ဘဝမဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ သုခချမ်းသာမင်္ဂလာဖြစ်တယ်။

http://www.dhammadownload.com



ဘုရားက အမေမမေ့နဲ့လို့ ဟောပြီးတော့ အဖေလည်း မမေ့နဲ့လို့ ဟောတော်မူလိုက်ပါတယ်။ လောကလူတွေက အဖေကို မေ့နေတတ်ကြတယ်။ အမေနေ့လုပ်တာ သိရတယ်။ အဖေနေ့လုပ်တာ မကြားရဘူး။ ဘုန်းကြီးတို့က တော့ အမေနေ့လည်းလုပ်၊ အဖေနေ့လည်း လုပ်ပါလို့ မှာချင်ပါတယ်။ အမေနဲ့ အဖေပေါင်းပြီးတော့ မိဘနေ့လို့လုပ်ရင် ပိုပြီးတော့ သဘာဝကျပါတယ်။

**အဖေနေ့နှစ်နေ့**

အဖေနေ့လည်း နှစ်နေ့လို့ မှတ်ပါ။

၁။ အဖေမွေးနေ့

၂။ အဖေဆုံးတဲ့နေ့တွေပါ။

ကိုယ့်မှာအဖေရှိနေသေးရင် အဖေ့မွေးနေ့လုပ်ပေး၊ အဖေမရှိတော့ရင်လည်း အခုလို အဖေဆုံးတဲ့နေ့မှတ်ပြီးတော့ ကုသိုလ်တွေပြု အမျှဝေပေးရမယ်နော်။ (မှန်လှပါဘုရား)

အဖေကျေးဇူးကို သိခြင်း၊ မှတ်ခြင်း၊ ဆပ်ခြင်းဟာ သုခချမ်းသာမင်္ဂလာ ဖြစ်တယ်။ အဖေနေ့နှစ်နေ့ မမေ့နဲ့လို့ မှာချင်ပါတယ်။

ကိုယ့်မွေးနေ့ရောက်လာရင် အဖေရှိနေသေးရင် အဖေ့ကို မွေးနေ့ လက်ဆောင် ဝယ်ပေးပါ၊ ကျွေးပါ။ ပြုစုပါ၊ စောင့်ရှောက်ပါ။ အဖေမရှိတော့ ရင်လည်း ကိုယ့်မွေးနေ့ပြုရတဲ့ ကုသိုလ်တွေကို ဘဝတစ်ပါးပြောင်းသွားတဲ့ အဖေ အထူးအားဖြင့် သိပါစေ၊ ရပါစေလို့ အမျှပေးဝေရမယ်နော်။ (မှန်လှပါ ဘုရား)

ကဲ…လင်္ကာလေးတွေလိုက်ဆို။

* *မြတ်ဖခင်လှ၊ လုပ်ကျွေးက၊ သုခမင်္ဂလာ။*
* *မြတ်ဖခင်လှ၊ ပြုစုက၊ သုခမင်္ဂလာ။*
* *မြတ်ဖခင်လှ၊ မမေ့က၊ သုခမင်္ဂလာ။*
* *မြတ်ဖခင်လှ၊ သိဆပ်က၊ သုခမင်္ဂလာ။*
* *မြတ်ဖခင်လှ၊ ရည်စူးက၊ သုခမင်္ဂလာ။*
* *ဖခင်မွေး၊ ဖခင်နေ့၊ မမေ့သိဆပ်ပါ။*

http://www.dhammadownload.com



## ၃။ သုခါ သာမညတာ လောကေ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၃၂၅)

**လောကေ** - လောက၌။ **သာမညတာ** - တာ၀န်နှစ်ရပ်၊ ထမ်းဆောင်တတ်သည့်၊ အမြတ်သားကျော်၊ ရဟန်းတော်၌၊ လန်းပျော်နှေ့ညာ၊ ပူဇော်ကြရင်း၊ ကောင်းစွာကျင့်ခြင်းသည်။ **သုခါ** - ခုနောင်ဘ၀၊ မဂ်ဖိုလ်နိဗ္ဗာန်ရအောင်၊ သုခချမ်းသာ၊ မဂ်လာစစ်၊ အမှန်ပင်ဖြစ်ပါပေ၏။

ရဟန်းတော်တွေကို ဘုရားလုပ်ခိုင်းတဲ့ အလုပ်နှစ်မျိုးရှိတယ်။ စာသင်စာချ စာပြစာတွေး စာရေးစတဲ့.ပရိယတ်လုပ်ငန်း (သင်ယူတဲ့လုပ်ငန်း)၊ သင်ယူထားတဲ့အတိုင်း လိုက်နာကျင့်သုံးအားထုတ်မှု ပဋိပတ်လုပ်ငန်းများပါပဲ။ အဲဒီလုပ်ငန်းနှစ်မျိုးကိုလုပ်နေရင် သီလ၊ သမာဓိ၊ ပညာတွေ ဖြစ်နေတယ်။ အဲဒီလုပ်ငန်းနှစ်မျိုးလုပ်နေတဲ့ ရဟန်းတွေကို ရဟန်းတော်၊ ရဟန်းကောင်း၊ ရဟန်းမြတ်လို့ ခေါ်တယ်။ အဲဒီ ရဟန်းတော်၊ ရဟန်းကောင်း၊ ရဟန်းမြတ်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးနဲ့ ထောက်ပံ့အားပေးနေရင် အားပေးကြသူတွေမှာ ခုဘ၀ နောက်ဘ၀ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ သုခချမ်းသာမင်္ဂလာဖြစ်တယ်။ ရဟန်းကောင်း, ရဟန်းမြတ်တွေကို မမေ့နဲ့လို့ ဆိုလိုတယ်။ ရဟန်းကောင်း, ရဟန်းမြတ်တွေကို မမေ့ခြင်းဟာ သုခချမ်းသာမင်္ဂလာဖြစ်နေတယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ မိဘများကို ရည်စူးပြီးတော့ ရဟန်းကောင်း, ရဟန်းမြတ်တွေကို ရွေးချယ်ပြီး လှူဒါန်းကြတာဟာ ဘ၀တစ်ပါးပြောင်းသွားကြတဲ့ မိဘတွေအတွက် ယနေ့ ကုသိုလ်ပြုပေးကြတဲ့ မိသားစုအတွက် ယနေ့ကြွရောက်ချီးမြှောက်တော်မူကြတဲ့ ရဟန်းတော်တွေအတွက် သုခချမ်းသာမင်္ဂလာဖြစ်တယ်။

ကဲ…လင်္ကာလေးတွေလိုက်ဆိုကြ။

* ရဟန်းတော်လှ၊ မမေ့က၊ သုခမင်္ဂလာ။
* ရဟန်းကောင်းလှ၊ မမေ့က၊ သုခမင်္ဂလာ။
* ရဟန်းကောင်းလှ၊ ပူဇော်က၊ သုခမင်္ဂလာ။
* ရဟန်းကောင်းလှ၊ လှူဒါန်းက၊ သုခမင်္ဂလာ။
* ရဟန်းမမေ့၊ ရဟန်းနေ့၊ မမေ့သိလှူပါ။

http://www.dhammadownload.com



## ၄။ အထော ဗြဟ္မညတာ သုခါ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၅)

**အထော** - ဆိုပြမမှား၊ ထိုမှတစ်ပါးကတော့။ **ဗြဟ္မညတာ** - ဘုရား+ ပစ္စေကာ၊ ရဟန္တာဉ္ဈ၊ သေချာမမှား၊ စေတနာထား၍၊ အားပါးတရ၊ လှူဒါန်း ကြရင်း၊ ကောင်းစွာကျင့်ခြင်းသည်။ **သုခါ** - ခနောင်ဘ၀၊ မင်ဖိုလ်နိဗ္ဗာန်ရ အောင်၊ သုခချမ်းသာ၊ မင်္ဂလာစံစီ၊ အမှန်ပင်ဖြစ်ရပါပေ၏။

ဒီအပိုဒ်နဲ့ ဘာပြောသလဲဆိုတော့ ဘုရား, ပစ္စေကာ, ရဟန္တာအရှင်သူ မြတ်များရဲ့အပေါ်မှာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးနဲ့ လှူဒါန်းကော်ရော်ပူဇော်ခြင်းဟာ ခဘ၀ နောင်ဘ၀ မင်ဖိုလ်နိဗ္ဗာန်ရသည်အထိ သုခချမ်းသာမင်္ဂလာ ဖြစ်တယ်တဲ့။ ရှင်းရှင်းပြောရရင် ဘုရားမမေ့နဲ့၊ ပစ္စေကာ ဗုဒ္ဓါမမေ့နဲ့၊ ရဟန္တာတွေ မမေ့နဲ့ ဒီလိုဆိုလိုတာနော်။ (မှန်လှပါဘုရား)

ဒီနေ့ မိဘများရည်စူးပြီးတော့ ဘုရားရဲ့ပုံပေါ်မှာ ဘုရားရဲ့ အရဟတာ အစလာတဲ့ ဂုဏ်တော်တွေ ဖော်ပြီးတော့ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး စတဲ့ ကုသိုလ်တွေ ပြုလုပ်ပေးနေတာဟာ မိဘများအတွက် ယနေ့ မိသားစုအတွက် သုခချမ်းသာမင်္ဂလာတွေ ရယူနေကြတာဖြစ်တယ်။

*ကဲ…လင်္ကာလေးတွေ လိုက်ဆိုကြ။*

* *မြတ်စွာဗုဒ္ဓ၊ မမေ့ကာ၊ သုခမင်္ဂလာ။*

* *ပစ္စေဗုဒ္ဓ၊ မမေ့ကာ၊ သုခမင်္ဂလာ။*

* *ရဟန္တာလှ၊ မမေ့ကာ၊ သုခမင်္ဂလာ။*

* *မြတ်စွာဗုဒ္ဓ၊ လှူဒါန်းကာ၊ သုခမင်္ဂလာ။*

* *ပစ္စေဗုဒ္ဓ၊ လှူဒါန်းကာ၊ သုခမင်္ဂလာ။*

* *ရဟန္တာလှ၊ လှူဒါန်းကာ၊ သုခမင်္ဂလာ။*

ကဲ…ဒီနေ့ ဘ၀တစ်ပါးပြောင်းသွားကြတဲ့ ဖခင်ကြီး ဦး (　　) မိခင်ကြီး ဒေါ် (　　)အတွက် ရည်စူးပြီးပြုတဲ့ ဖခင်ကျေးဇူးဆပ် (မိခင် ကျေးဇူးဆပ်၊ မိဘကျေးဇူးဆပ်) ကုသိုလ်ပြုပွဲမှာ အသိဉာဏ်ပေးဟောကြား လိုက်တဲ့ တရားက ဘာတရားတော်တဲ့လဲ? (သုခချမ်းသာမင်္ဂလာတရားတော် ပါဘုရား)

http://www.dhammadownload.com



အေး…ဟုတ်ပြီ။ ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်ကြရအောင်။

၁။ အမေ မမေ့နဲ့။

၂။ အဖေ မမေ့နဲ့။

၃။ ရဟန်းကောင်းတွေ မမေ့နဲ့။

၄။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေ မမေ့နဲ့၊ ဒီလို မဟုတ်လား? (မှန်လှပါဘုရား)

မမေ့သုခ၊ မေ့ဒုက္ခနော် (မှန်လှပါဘုရား)၊ ခံ့နှစ်လုံးမတူဘူး၊ မမေ့လေးပါး သုခလေးပါးတရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော် (မှန်လှပါဘုရား)

အဲဒီ အထက်ကဖော်ပြခဲ့တာတွေ မမေ့ရင် (ကျေးဇူးသိ၊ ကျေးဇူးဆပ်ရင်) သုခချမ်းသာမင်္ဂလာဖြစ်တယ်နော်။ (မှန်လှပါဘုရား)

ကဲ…နိဗ္ဗာန်ကို ဆုတောင်းကာ၊ မိဘများကို အဓိကထားပြီး ရေစက်သွန်းချ အမျှဝေကြရအောင် ရေစက်ခွက်ကိုင် အားလုံးလိုက်ဆိုကြပါ။

၁။ အရှင်ဘုရား တပည့်တော်များသည် ဘဝတစ်ပါးပြောင်းသွားကြသော ဖခင်ကြီး ဦး (   ) မိခင်ကြီး ဒေါ် (   )အားရည်စူးပြီး ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား မွန်မြတ်လှသော ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုဖြင့် ဆက်ကပ်လှူဒါန်းပါကုန်၏။

၂။ ယနေ့ယခု ပြုလိုက်ရသော ဒါနသီလဘာဝနာပေါင်းစု မြတ်ကောင်းမှုများကို ဘဝတစ်ပါးပြောင်းသွားသော ဖခင်ကြီး ဦး (   ) မိခင်ကြီး ဒေါ် (   )သည် သိရှိဝမ်းမြောက်နမော်သာဓုခေါ်၍ လူ့ဘုံနတ်ဘုံအရပ်စုံ၌ စားဖွယ်၊ သောက်ဖွယ်၊ နေဖွယ်၊ ထိုင်ဖွယ် ဘုံဗိမာန်ပဒေသာပင် အစရှိသော ကောင်းကျိုးချမ်းသာ ပြည့်ပြည့်ဝဝရရှိ ခံစားစံစားနိုင်ပါစေ။

တပည့်တော်များသည်လည်း အရှိခန္ဓာသတိပါကပ်၊ အသိပါကပ် ဝိပဿနာ ကျင့်ကြံကာဖြင့် အေးရာနိဗ္ဗာန် အမြန်ရောက်လိုတောင်းဆု ဆိုကြပါကုန်၏။

http://www.dhammadownload.com



နိဗ္ဗာန်မရ ဘဝဝဲသံသရာကျင်လည်ရာ၌ ဘုရားစစ်, ဘုရားမှန်၊ တရားစစ်, တရားမှန်၊ သံဃာစစ်, သံဃာမှန်၊ မိဘစစ်, မိဘမှန်၊ ဆရာစစ်, ဆရာမှန်၊ မိတ်ဆွေစစ်, မိတ်ဆွေမှန် ကေန်နွေည တွေ့ဆုံရလို တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ယခု မိဘများအား ရည်စူး၍ ပြုလိုက်ရသော ဒါနသီလဘာဝနာ ပေါင်းစု မြတ်ကောင်းမှုများ၏ အဖို့ဘာဂမှန်သမျှကို အထူးအားဖြင့် ကွယ်လွန်သူ ဖခင်ကြီး ဦး (　　)အား ဒေါ် (　　)အား သိစေရစေ ပေးမျှဝေ၏။

ထိုမှတစ်ပါး ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် အစရှိသော နတ်လူ ပြဟ္မာ သတ္တဝါတို့အား သိစေရစေပေးမျှဝေသည် ကောင်းပေသာဓုခေါ်စေသော်။

အားလုံးအမျှ၊ အမျှ၊ အမျှ

ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု

၁၃-၂-၂၀၀၃

ည (၁၁) နာရီ

× × ×

http://www.dhammadownload.com



## သံယုတ္တနိကာယ် + သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ် + ဆေတွာဝဂ် + ဘီတာသုတ်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြားပြောကြားအပ်သော

## "ဘဝခုနှောင် + အလင်းရောင်" တရားတော်

၁၃၆၄-ခု၊ တပို့တွဲလဆုတ် (၁) ရက်
၁၇-၂-၂၀၀၃ (တနင်္လာနေ့)

ဒီနေ့ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော် အမှတ် ( )၊ ( )လမ်းနေ ကိုသန်းမြင့် + မဘောဘီတို့ရဲ့ အိမ်၌ မဘောဘီရဲ့ (၄၃)နှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြု၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်လှသော ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကော်ရောက်ပူဇော်တဲ့ မွေးနေ့အလှူမင်္ဂလာပွဲမှာ မွေးနေ့လက်ဆောင်အနေနဲ့ အသိဉာဏ်ပေးဟောကြားမည့် တရားတော်က "ဘဝခုနှောင် + အလင်းရောင်"တရားတော်တဲ့။

ဘာတရားတဲ့လဲ? (ဘဝခုနှောင် အလင်းရောင် တရားတော်ပါဘုရား)

အေး…အဲဒီ ဘဝခုနှောင်အလင်းရောင်ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြားနာကြရအောင်။

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့က ကျောင်းဒကာ အနာထပိဏ်သူဌေးရဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ညဦးနက်သန်းခေါင်အချိန်မှာ နတ်သားတစ်ယောက် ရောက်လာပြီးတော့ မြတ်စွာဘုရား ဘယ်လိုတရားတွေ ဆောင်ထားရင် တမလွန်လောက နောက်ဘဝကို

http://www.dhammadownload.com



မကြောက်ရပါသလဲ?(ဘဝနောက်နောင် အပါယ်လေးပါးဆိုတဲ့ မကောင်းတဲ့ အမှောင်ဘဝတွေ ဝေးကွာပြီးတော့ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ သုဂတိဘဝ အလင်းရောင်ဘဝကို ရနိုင်ပါသလဲ)လို့ လျှောက်ထားပါတယ်။ (သံ၊ ပါ၊ ၁၊ ၃၉။ ဋ္ဌ၊ ၁၊ ၉၂)

အပါယ်လေးပါးဆိုတဲ့ မကောင်းတဲ့ဘဝကို အမှောင်ဘဝလို့ ခေါ်တယ်။ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ဘဝတွေကို အလင်းရောင်ဘဝလို့ ခေါ်တယ်နော်။ (မှန်လှပါဘုရား)

အဲဒီနတ်သားက အမှောင်ဘဝဝေးကွာပြီး အလင်းရောင်ဘဝရောက်ကြောင်း တရားကောင်းများကို ရွေးချယ်ပြီး ဟောပေးပါဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က အမောင်နတ်သား -

နှုတ်နဲ့ကောင်းတာပြောပါ၊

စိတ်နဲ့ကောင်းတာကြံပါ၊

ကိုယ်နဲ့ကောင်းတာလုပ်ပါ၊

အဲဒီလို ကံသုံးပါးကို ကောင်းအောင်ပြုပြင်ပြီးတော့ အိမ်မှာအုပ်စိုးပြီး နေတဲ့သူဟာ -

၁။ သဒ္ဓါယုံကြည်ချက်အားကောင်းရမယ်။ ဘုရား၊ တရား၊ သံဃာ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံရဲ့ ကောင်းကျိုးပေးပုံ၊ အကုသိုလ်ကံရဲ့ ဆိုးကျိုးပေးပုံ၊ ခုဘဝ၊ နောက်ဘဝ အဲဒီ (၇)မျိုးရဲ့ အပေါ်မှာ ယုံကြည်ချက် အပြည့်အဝရှိတာကို သဒ္ဓါလို့ ခေါ်တယ်။ အဲဒီသဒ္ဓါတရားကို ကိုယ့်ရင်ထဲ ကိုယ့်နှလုံးသားထဲမှာ ရှိထားရင်၊ ဆောင်ထားရင် နောက်ဘဝ နောက်လောက မကောင်းတဲ့ အမှောင်ဘဝတွေရောက်မှာ ကြောက်စရာမလိုဘူး။ နောက်ဘဝ နောက်လောက လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းမြတ်တဲ့ အလင်းရောင်ဘဝကို ရောက်ကြောင်း အဆောင်ကောင်းတစ်ပါးဖြစ်တယ်။ ဒါ့ကြောင့် အမောင်နတ်သား သဒ္ဓါဆောင်ထားပါလို့ ဟောတော်မူတယ်။

ဒီနေ့ မွေးနေ့ရှင်မိသားစုတို့ရဲ့ သန္တာန်မှာလည်း အဲ ယုံကြည်ချက် သဒ္ဓါတရားကိုယ်စီရှိထားသဖြင့် ဒါနပြုဖြစ်တယ်၊ သီလဆောက်တည်ဖြစ်တယ်၊ တရားတွေနာဖြစ်တယ်ဆိုတာ အဲဒီသဒ္ဓါတရားရှိလို့နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ မိမိတို့သန္တာန်မှာ ရှိထားတဲ့ ဆောင်ထားတဲ့ သဒ္ဓါတရားဟာ ဘဝခုနှောင် + အလင်းရောင်ဘဝတွေကိုရောက်ကြောင်း အဆောင်ကောင်း ဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာ မှတ်သားကြရမယ်နော်။ (မှန်လှပါဘုရား)

၂။ မုဒု - အမောင်နတ်သား၊ နူးညံ့သိမ်မွေ့ရမယ်တဲ့။ ပြောတာ၊ဆိုတာ၊ နေတာ၊ထိုင်တာ၊ စားတာ၊သောက်တာ၊ ဝတ်တာစသည် အားလုံးပါဝင်ပါ တယ်။ အရာအားလုံးမှာ နူးညံ့သိမ်မွေ့ခြင်းတရားဟာလည်း မကောင်းတဲ့ ဘဝအမှောင်တွေ ဝေးကွာပြီး ကောင်းမြတ်တဲ့ ဘဝအလင်းရောင်ရကြောင်း တရားကောင်းဖြစ်တယ်။ ဒါ့ကြောင့် အမောင်နတ်သား နူးညံ့သိမ်မွေ့ခြင်းတရား ဆောင်ထားပါတဲ့။

ဒီနေ့ မွေးနေ့ရှင်မိသားစုတို့ရဲ့ သန္တာန်မှာ အဲဒီနူးညံ့သိမ်မွေ့ခြင်းတရား ရှိထားကြတယ်။ အဲဒီတရားဟာ တို့အတွက် ဘဝခုနှောင် အလင်းရောင်ဘဝ၊ အလင်းရောင်ကောင်းကျိုးတွေရမှာ မလွဲဘူးလို့ စွဲစွဲမြဲမြဲ မှတ်သားပါ။

အဲဒီ နူးညံ့သိမ်မွေ့ခြင်းတရားဟာလည်း အင်မတန် အရေးကြီးပါတယ်။ ခုလောကကြီးကြည့်ရတာ၊ တွေ့ရမြင်ရတာ၊ ပြောကြ သီဆိုကြတာ၊ ဝတ်ကြ စားကြတာတွေဟာ တော်တော်ကြီး အမြင်မတော်တာတွေ များနေတယ်။ ပြုပြင် စရာတွေ အများကြီးဖြစ်နေတယ်။ သားသမီးတွေရဲ့ အနီးကပ်ဆရာဟာ မိဘတွေ ဖြစ်တယ်။ တပည့်တွေရဲ့ အနီးကပ်ဆရာဟာ ဆရာတွေ ဖြစ်တယ်။ သားသမီး မကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်းတဲ့။ အနီးကပ်မိဘ၊ အနီး ကပ်ဆရာတွေဟာ အနီးကပ်ကြည့်ကြပ်ပြင်ဆင်ပေးသင့်တယ်။ ညွှန်ကြားသင့် တယ်။ သားသမီးတွေ၊ တပည့်တွေကို ဒီအတိုင်းသာ ပစ်ထားရင်တော့ အပြစ် များတော့မှာ ဖြစ်တယ်။ နူးညံ့သိမ်မွေ့မှုကင်းတဲ့ ဝတ်တာစားတာ နေတာထိုင်တာ ပြောတာဆိုတာတွေကို အမြဲဂရုစေ သတိပေးနေသင့်တယ်။ သတိအမြဲပေးနေမှ ခုခေတ်က တော်ရုံကျခေတ် ဖြစ်နေတယ်။ ဒါ့ကြောင့် ကိုယ့်သားသမီး၊ ကိုယ့် တပည့်တွေကို အမြဲမပြတ် သတိပေးပါ၊ အသိဉာဏ်ပေးပါ၊ ဆုံးမကြပါလို့ မှာကြားလိုပါတယ်။

ကဲ…နောက်တစ်ပိုဒ်ဆက်ကြရအောင်။

http://www.dhammadownload.com



၃။　　သံဝိဘာဂီ - ခွဲခြားဝေဖန်မှုရှိရမယ်တဲ့။ ကိုယ့်ရှိနေတာလေးတွေ ကိုယ်တစ်ယောက်တည်း မစားရဘူး၊ မသုံးရဘူး၊ မဝတ်ရဘူး။ ဘုရားနဲ့ခွဲ၊ တရားနဲ့ခွဲ၊ သံဃာနဲ့ခွဲ၊ မိဘနဲ့ခွဲ၊ ဆရာသမားတွေနဲ့ခွဲ။ ကိုယ့်အပေါ်မှာ ကျေးဇူးများတဲ့ မိတ်ကောင်းဆွေကောင်းတွေနဲ့ ခွဲပြီးတော့ စားရတယ်၊ သုံးရတယ်၊ ဝတ်ရတယ်။ အဲဒီလို ခွဲခြမ်းဝေဖန်ပြီးတော့ သုံးဆောင်ခြင်းဟာ အမှောင်ဘဝတွေဝေးကွာပြီး သုဂတိဘဝအလင်းရောင်ရကြောင်း အဆောင်ဖြစ်တယ်။

မကောင်းတဲ့ဘဝ မရောက်ချင်ရင် ခွဲခြမ်းဝေဖန်ခြင်း သံဝိဘာဂီဆောင်ရမယ်။ အလင်းရောင်ဘဝရောက်ချင်ရင် ခွဲခြမ်းဝေဖန်ခြင်း သံဝိဘာဂီ ဆောင်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့မွေးနေ့ရှင်မိသားစုတို့မှာ အဲဒီ သံဝိဘာဂီ ခွဲခြမ်းဝေဖန်ခြင်းတရားရှိထားကြခြင်းဟာ ဘဝခုနောင်အလင်းရောင်ဘဝရောက်ကြောင်း အဆောင်ကောင်းဖြစ်တယ်။

၄။　　ဝေဒညူ - တောင်းစားတတ်တဲ့ အလှူခံတွေရဲ့စကားကို မျက်နှာကိုကြည့်လိုက်မြင်လိုက်တာနဲ့ နားလည်သဘောပေါက်ရမယ်။ အဲဒီလူတွေရဲ့ စကားကို ကြားပြီးတော့ သြော်…ဒီတောင်းစားတတ်တဲ့ လူတွေဟာ ရှေးတုန်းက မလှူခဲ့လို့ အခုလို တောင်းစားနေရတာပဲ။ ငါတို့ အဲဒီလို တောင်းစားရတဲ့ ဘဝတွေ မဖြစ်ရအောင် လှူမှပဲလို့ တောင်းစားသူတွေရဲ့အပေါ်မှာ သနားစိတ်လေးဝင်ပြီးတော့ ကိုယ်တတ်နိုင်တဲ့ စားစရာ, သောက်စရာ, ဝတ်စရာလေးတွေ ပေးရမယ်။ (ဣတိဝုတ်ဋ္ဌ၊ ၂၂၅)

နောက်ပြီးတော့ ပညာရှိသူတော်ကောင်းတွေရဲ့ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်တယ် စသည်ဖြင့် ပြောဟောပြတတ်တဲ့စကားကို သိတတ်လိုက်နာကျင့်သုံးတတ်တာကိုလည်း ဝေဒညူလို့ ဆိုတယ်။ (ဣတိဝုတ်၊ ဋ္ဌ၊ ၂၂၅)

အဲဒီ ဝေဒညူတရားဆောင်ထားရင်လည်း နောက်ဘဝ မကောင်းတဲ့ဘဝရောက်မှာ ကြောက်စရာမလိုဘူး။ ကောင်းတဲ့လူနတ်ဘဝ အလင်းရောင်ဘဝရောက်နိုင်တယ်။ ဒါ့ကြောင့် အမှောင်နတ်သား ဝေဒညူတရား ရင်မှာထားပါ၊ ဆောင်ထားပါတဲ့။

http://www.dhammadownload.com



ဒီနေ့ မွေးနေ့ရှင်မိသားစုရဲ့သန္တာန်မှာ အလှူခံပုဂ္ဂိုလ်တွေရဲ့စကားကို နားလည်သဘောပေါက်ပြီး ပေးလှူကြတယ်။ အခုသူတော်ကောင်းတရားတွေကိုလည်း နာယူကြတယ်။ လိုက်နာကျင့်သုံးကြတယ်ဆိုတော့ မကောင်းတဲ့ဘဝအမှောင်တွေ ဝေးကွာပြီးတော့ ကောင်းမြတ်တဲ့ လူ့ဘဝနတ်ဘဝ သုဂတိဘဝ အလင်းရောင်တွေ ရရာရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်တယ်လို့ အသိဉာဏ်ပေးကာ ဟောပြောခဲ့ပါတယ်။

ဒီနေ့ မွေးနေ့လက်ဆောင်အနေနဲ့ အသိဉာဏ်ပေးဟောပြောခဲ့တဲ့ တရားဟာ ဘာတရားတဲ့လဲ? (ဘဝခုနှောင်အလင်းရောင်)တရားတော်ပါဘုရား။

နတ်သားက နောက်ဘဝမကြောက်ရတဲ့တရား၊ နောက်ဘဝ အလင်းရောင်ဘဝရောက်နိုင်တဲ့တရားဟောပါဘုရားလို့ လျှောက်ထားတော့ ဘုရားက သဒ္ဓါ၊ မုဒု၊ သံဝိဘာဂီ၊ ဝဒညူ ဒီတရားလေးပါးဆောင်ထားရင် ရှိထားရင် နောက်ဘဝ မကောင်းတဲ့ဘဝတွေရောက်မှာ ကြောက်စရာမလို၊ နောက်ဘဝ ကောင်းတဲ့ အလင်းရောင်ဘဝရောက်မယ်လို့ ဟောလိုက်တယ်နော်။ (မှန်ပေပါဘုရား)

နတ်သားလျှောက်တဲ့အမေးအတိုင်း အဖြေကို မြတ်စွာဘုရားက အမေးနဲ့ အဖြေကိုက်အောင် ဖြေတော်မူခြင်းဖြစ်ပါတယ်။ အမှန်ကတော့ အဲဒီတရားလေးပါးဆောင်ထားရင် ခုဘဝ မကောင်းတာဖြစ်မှာ ကြောက်စရာမလိုပါ။ ကောင်းကျိုးတရား အလင်းရောင်တွေရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘုန်းကြီးတို့က ဒီတရားလေးမျိုးဟာ ခုနှောင်ဘဝ မကောင်းတာတွေဖြစ်မှာ ကြောက်စရာမလိုကြောင်း၊ ခုနှောင်ဘဝ အမှောင်ကင်းပျောက် အလင်းရောင်ဘဝ၊ အလင်းရောင်ကောင်းကျိုးတွေ ရရာရောက်ကြောင်း အဆောင်ကောင်းဖြစ်တယ်လို့ အသိဉာဏ်ပေးကာ "ဘဝခုနှောင် + အလင်းရောင်"တရားတော်လို့ အမည်ပေးဟောခဲ့ပါတယ်။

ကဲ…ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်ကြရအောင်။

၁။ ယုံကြည်ချက်သဒ္ဓါ၊

၂။ နူးညံ့ခြင်းမုဒု၊

၃။ ခွဲဝေမျှတခြင်း သံဝိဘာဂီ၊

၄။ တောင်းစားသူများရဲ့စကားကို နားလည်သဘောပေါက်ခြင်း၊

http://www.dhammadownload.com



သူတော်ကောင်းများရဲ့ စကားကို လေးစားလိုက်နာကျင့်သုံးခြင်း ဝဒညုပုဒ်ဓိတရားလေးမျိုးဆောင်ထားရင် ဘဝခုနှောင် အလင်းရောင်ဘဝ၊ အလင်းရောင် အလှ၊ အလင်းရောင်ကောင်းကျိုးအမျိုးမျိုးတွေ ရနိုင်ရောက်နိုင်တယ်လို့ ဆိုလိုတာနော်။ (မှန်လှပါဘုရား)

ကဲ...လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

၁။ *သဒ္ဓါရှိက၊ ခုဘဝ၊ ဝေးရအမှောင်ပါ။*
*သဒ္ဓါရှိက၊ နောင်ဘဝ၊ ဝေးရအမှောင်ပါ။*
*သဒ္ဓါရှိက၊ ခုဘဝ၊ လင်းရကောင်းကျိုးပါ။*
*သဒ္ဓါရှိက၊ နောင်ဘဝ၊ လင်းရကောင်းကျိုးပါ။*
*သဒ္ဓါကိုဆောင်၊ အလင်းရောင်၊ ခုနှောင်ကောင်းကျိုးလာ။*
*သဒ္ဓါကိုဆောင်၊ အလင်းရောင်၊ ခုနှောင်ဘဝမှာ။*

၂။ *နှုးညွှံ့ပါက၊ ခုဘဝ၊ ဝေးရအမှောင်ပါ။*
*နှုးညွှံ့ပါက၊ နောင်ဘဝ၊ ဝေးရအမှောင်ပါ။*
*နှုးညွှံ့ပါက၊ ခုဘဝ၊ လင်းရကောင်းကျိုးပါ။*
*နှုးညွှံ့ပါက၊ နောက်ဘဝ၊ လင်းရကောင်းကျိုးပါ။*
*နှုးညွှံ့မှုဆောင်၊ အလင်းရောင်၊ ခုနှောင်ဘဝမှာ။*
*နှုးညွှံ့မှုဆောင်၊ အလင်းရောင်၊ ခုနှောင်ကောင်းကျိုးလာ။*

၃။ *ခွဲဝေမျှတ၊ ခုဘဝ၊ ဝေးရအမှောင်ပါ။*
*ခွဲဝေမျှတ၊ နောင်ဘဝ၊ ဝေးရအမှောင်ပါ။*
*ခွဲဝေမျှတ၊ ခုဘဝ၊ လင်းရကောင်းကျိုးပါ။*
*ခွဲဝေမျှတ၊ နောင်ဘဝ၊ လင်းရကောင်းကျိုးပါ။*
*ခွဲဝေမှုဆောင်၊ အလင်းရောင်၊ ခုနှောင်ကောင်းကျိုးလာ။*
*ခွဲဝေမှုဆောင်၊ အလင်းရောင်၊ ခုနှောင်ဘဝမှာ။*

၄။ *တောင်းစားသူများ၊ စကားသိက၊ ခုဘဝ၊ ဝေးရအမှောင်ပါ။*
*တောင်းစားသူများ၊ စကားသိက၊ နောင်ဘဝ၊ ဝေးရအမှောင်ပါ။*
*ပညာရှိများ၊ စကားလိုက်နာ၊ သိကျင့်ပါက၊ ခုဘဝ၊ ဝေးရအမှောင်ပါ။*
*ပညာရှိများ၊ ပြောစကားကို၊ လေးစားလိုက်နာ၊ သိကျင့်ပါက၊*
*နောင်ဘဝ၊ ဝေးရအမှောင်ပါ။*

http://www.dhammadownload.com



*တောင်းစားသူများ၊ စကားသိက၊ ခုဘဝ (နောင်ဘဝ)၊ လင်းရကောင်းကျိုးပါ။*

- *ပညာရှိများ၊ ပြောစကားကို လေးစားလိုက်နာ၊ သိကျွင့်ပါက၊ ခုဘဝ (နောင်ဘဝ)၊ လင်းရကောင်းကျိုးပါ။*
- *ဘဝခုနောင်၊ အလင်းရောင်၊ ရအောင်ဆောင်သဒ္ဓါ။*
- *ဘဝခုနောင်၊ အလင်းရောင်၊ ရအောင်နူးညံ့ပါ။*
- *ဘဝခုနောင်၊ အလင်းရောင်၊ ရအောင်ခွဲဝေပါ။*
- *ဘဝခုနောင်၊ အလင်းရောင်၊ ရအောင်သိလိုက်နာ။*

ကဲ…ရေစက်ချအမျှဝေရအောင် ရေစက်ခွက်ကိုင်။

၁။ အရှင်ဘုရား တပည့်တော်များသည် မွေးနေ့မင်္ဂလာရောက်ရှိရာဝယ် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား မွန်မြတ်လှသော ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် စေတနာသုံးသွယ် အပြုံးချယ်ကာ ဆက်ကပ် လှူဒါန်းပါကုန်၏။

၂။ ဤကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရရပါလို့ တောင်းဆု ဆိုကြကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာ ကျင်လည်ရာ၌ မွေးနေ့မင်္ဂလာရောက်ချိန် ခါဝယ်

- ဒါနပိုင်ပိုင် မွေးထုတ်နိုင်လို၊
  သီလပိုင်ပိုင် မွေးထုတ်နိုင်လို၊
  ဘာဝနာပိုင်ပိုင် မွေးထုတ်နိုင်လို၊
  သဒ္ဓါပိုင်ပိုင် မွေးထုတ်နိုင်လို၊
  နူးညံ့ပိုင်ပိုင် မွေးထုတ်နိုင်လို၊
  ခွဲဝေပိုင်ပိုင် မွေးထုတ်နိုင်လို၊
  သိတတ်ပိုင်ပိုင် မွေးထုတ်နိုင်လို၊
  သိကျွင့်ပိုင်ပိုင် မွေးထုတ်နိုင်လို၊
  မေတ္တာပိုင်ပိုင် မွေးထုတ်နိုင်လို၊
  သစ္စာပိုင်ပိုင် မွေးထုတ်နိုင်လို တောင်းဆုဆိုကြပါကုန်၏။

http://www.dhammadownload.com



၃။ ယနေ့ယခု မွေးနေ့ကောင်းမှုအကြောင်းပြုကာ ပြုလိုက်ရသော ဒါန+သီလ၊ ဘာဝနာပေါင်းစု မြတ်ကောင်းမှု၏ အဖို့ဘာဂ မှန်သမျှကို မိဘဆရာဉာတကာ များ အစထား၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် အစရှိသော မြင်ဘူး၊ မမြင်ဘူး၊ နှစ်ဦးများစွာ၊ နတ်လူဗြဟ္မာသတ္တဝါတို့အား သိစေရစေ ပေးမျှဝေသည် ကောင်းပေသာခု ခေါ်စေသော်။ ။

အားလုံး အမျှ အမျှ အမျှ
ယူတော်မူကြပါကုန်လော။ ၃

၁၇-၂-၂၀၀၃
နေ့ (၁)နာရီ ပြီး၏။

× × ×

http://www.dhammadownload.com



# "ပုံတော်၊ ဂုဏ်တော်၊ တွဲပူဇော်" တရားတော်

၁၃၆၄-ခု၊ တပို့တွဲလဆန်း (၄)ရက်
(၅-၂-၂၀၀၃)၊ ဗုဒ္ဓဟူးနေ့၊ နံနက်။

ရန်ကုန်၊ သာကေတမြို့နေ၊ ဦးဉာဏ်မြင့် + ဒေါ်ခင်မာရီ မိသားစုတို့၏ ဘုရားအနေကဇာတင်ပွဲ၌ ဝိနယပိဋက၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဝေရဉ္ဇကဏ္ဍ ဝဏ္ဏနာ (နှာ-၈၄)လာ အရဟံဂုဏ်တော်အဖွင့်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြားပြောကြားအပ်သော "ပုံတော်၊ ဂုဏ်တော်၊ တွဲပူဇော်"တရား။

ဘုရားပူဇော်တဲ့အခါမှာ ပုံတော်ကို အဓိကထားပြီးတော့ ပူဇော်ရမှာ မဟုတ်ဘူး။ လူတွေဟာ များသောအားဖြင့် ပုံတော်ကို အဓိကထားပြီးတော့ ပူဇော်နေကြတယ်။ အမှန်ကတော့ ဂုဏ်တော်ကို အဓိကထားပြီးတော့ ပူဇော်ရမှာ။

နောက်ပြီးတော့ လူတွေဟာ နာမည်နဲ့အချိန်ကုန်နေကြတယ်။ ဘုရားပူဇော်တဲ့အခါမှာ အောင်တော်မူအမည်ပါတာ၊ ဆုတောင်းပြည့်အမည်ပါတာ စတဲ့ ဘုရားတွေကိုပဲ ရွေးပြီးတော့ ပူဇော်နေကြတယ်။ အောင်တော်မူ၊ ဆုတောင်းပြည့်စတဲ့ အမည်တွေပါတာ မပါတာဟာ အဓိကမဟုတ်ပါဘူး။ ဘုရားရဲ့ အရဟာတာအစလာတဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး ပူဇော်တတ်ဖို့က အဓိက ပဓာနပါ။

ပုံတော်လောက် နာမည်လောက်နဲ့သာ အချိန်ကုန်ကျနေမယ်ဆိုရင် ရာနှုန်းပြည့်ကောင်းကျိုးမရနိုင်ပါဘူး။ ပုံတော်နဲ့ဂုဏ်တော်ကို တွဲပြီးတော့ ပူဇော်ပါမှ ကောင်းကျိုးတရားတွေ အပြည့်အဝရနိုင်မှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့် ဘယ်ဘုရားကိုပဲ ပူဇော်ပူဇော် ပုံတော်နဲ့ဂုဏ်တော်တွဲပြီးတော့ ပူဇော်ကြပါလို့ သတိပေးတိုက်တွန်းလိုပါတယ်။

ဒီနေ့ မိမိတို့အိမ်ဂေဟာမှာ ဘုရားကိုယ်စားအနေအားဖြင့် ကိုးကွယ်ဆည်းကပ်ပူဇော်ထားတဲ့ မြတ်စွာဘုရားရဲ့ ပုံတော်ပေါ်မှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးအနက်က ပထမဆုံး အရဟံဂုဏ်တော်တစ်ပါးနဲ့ တွဲပြီးတော့ ပူဇော်ကြည့်ကြရအောင်။ အရဟံဂုဏ်တော်ဟာ ဂုဏ်တော် (၉)ပါးမှာ အဓိက ပဓာနဂုဏ်တော်ဖြစ်တယ်။ အရဟံ (၃)မျိုးကို လွယ်လွယ်လေးမှတ်သားထားရမယ်။

## အရဟံ (၃)မျိုး

၁။ **အရ-ဟံ** - ကိလေသာရန်သူတွေကို ပယ်သတ်တော်မူသော မြတ်စွာဘုရား။ အရဆိုတာ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာရန်သူတွေကို ဆိုလိုတယ်။ ဟံဆိုတာကတော့ အဲဒီ ကိလေသာရန်သူတွေကို သတ်တော်မူတယ်လို့ ဆိုလိုတယ်။

ဒီတော့ တို့မြတ်စွာဘုရားက လောဘရန်သူကို ပယ်သတ်တော်မူတဲ့ မြတ်စွာဘုရားလို့ အဓိပ္ပါယ်ရတယ်။ တို့မြတ်စွာဘုရားရဲ့ လောဘရန်သူကို ပယ်သတ်တဲ့ဂုဏ်ကို အာရုံပြုပြီး ရှိခိုးလိုက်ရတော့ သိပ်ပြီးတော့ ကြည်နူးစရာကောင်းတယ်။ ဘယ်ဘုရားကိုပဲ ပူဇော်ပူဇော် အဲဒီ အရ-ဟံ ဂုဏ်တော်နဲ့ ပုံတော်ကိုတွဲပြီး ပူဇော်ရမယ်။ ပူဇော်သူကိုယ်တိုင်လည်းပဲ ဪ…တို့ မြတ်စွာဘုရားဟာ လောဘပယ်သတ်နိုင်သလို တို့လည်းပဲ လောဘပယ်သတ်နိုင်အောင် ကြိုးစားရမယ်။ လောဘပါးအောင်၊ လောဘနည်းနိုင်သမျှနည်းအောင် ကြိုးစားရမယ်လို့ ဆုံးဖြတ်ချက်ချပြီး ပွားများရမယ်နော်။ (မှန်လှပါဘုရား)

လောဘကင်းတဲ့ ဘုရားကို ဦးချရတာ၊ ကြည်ညိုရတာ၊ ပန်း၊ ဆီးမီး၊ ဆွမ်း အစရှိသည် အလီလီတို့နဲ့ ပူဇော်ရတာ သိပ်ပြီးတော့ အရသာရှိတယ်။ ပူဇော်သူကိုယ်တိုင်လည်း လောဘကင်းအောင် လုပ်ရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



တို့မြတ်စွာဘုရားဟာ လောဘကင်းလို့ အရဟန်တော်မူတာဖြစ်တယ်။ လောဘကင်း၍ အရဟန်တော်မူသော မြတ်စွာဘုရားလို့ မြတ်စွာဘုရားရဲ့ ပုံတော်မှာ မြတ်စွာဘုရားရဲ့ အရ-ဟံဂုဏ်တော်နဲ့ တွဲပြီးတော့ ပူဇော်ပါ။ ကိုယ်လိုလားတောင့်တထားတဲ့ ကောင်းကျိုးတရားတွေ အပြည့်အဝရလာပါလိမ့်မယ်။

မိမိတို့ဘဝ ကြီးပွားရေး၊ စီးပွားရေး အလုပ်လုပ်တဲ့အခါမှာလည်း လောဘများများနဲ့ မလုပ်ပါနဲ့။ လောဘနည်းနည်းနဲ့ အလုပ်လုပ်ပါ။ သူများဆီက အမြတ်တွေ အများကြီးရအောင် လောဘများများနဲ့ အလုပ်လုပ်ရင် လောဘကြီးမှန်းသိရင် မိတ်ပျက်တတ်တယ်။ လောဘနည်းနည်းနဲ့ သူရောကိုယ်ပါ အဆင်ပြေအောင် ဆောင်ရွက်ရင် မိတ်မပျက်ဘဲ မိတ်ဆက်နေမယ်။ ဒီတော့ စီးပွားရေးလုပ်တဲ့အခါမှာလည်း အရ-ဟံဂုဏ်တော်လေး ရွတ်ဆိုပွားများပြီး အလုပ်လုပ်ပါ။ ကိုယ်လိုတာ ကိုယ်တ,တာတွေ အမြန်ရလာပါလိမ့်မယ်။ ဟန်လာပါလိမ့်မယ်။ အရ-ဟံဂုဏ်တော်နဲ့ အလုပ်လုပ်ရင် ရတယ်၊ ဟန်တယ်။ အရဟံမှာ ရပါတယ်၊ ဟန်ပါတယ်လို့ သတိပေး အသိပေးပါတယ်။ တကယ် ကိုယ်လိုတဲ့ ကိုယ်တတဲ့ ကောင်းကျိုးတရားတွေ ရအောင်၊ ဟန်အောင် အရ-ဟံ ဆောင်ပါလို့ ညွှန်ကြားလိုပါတယ်။ ရ-အောင် ဟန်အောင် ဘာဆောင်ရမတဲ့လဲ? (အရ-ဟံ ဆောင်ရမှာပါဘုရား)

လောဘကင်းရင် ရတယ်၊ ဟန်တယ်နော်။ (မှန်လှပါဘုရား)

လောဘကင်းမှ အရဟန်တာကို သတိထားပါ။ လောဘမကင်းရင်၊ လောဘများနေရင် မရဘူး၊ မဟန်ဘူးနော်။ (မှန်လှပါဘုရား)

ဒီတော့ သွားလည်း အရ-ဟံ၊ စားလည်း အရ-ဟံ၊ ထိုင်လည်း အရ-ဟံ၊ အိပ်လည်း အရ-ဟံ၊ ဝတ်လည်း အရ-ဟံလို့ ပွားများလိုက်နာကျင့်သုံးနေရင် ကုသိုလ်လည်းရ ဝမ်းလည်းဝ ကောင်းကျိုးတရားတွေလည်း ရနေမယ်နော်။ (မှန်လှပါဘုရား)

အရ-ဟံ ဂုဏ်တော်ဟာ ပွားများရမယ့်၊ လိုက်နာကျင့်သုံးရမယ့် ဂုဏ်တော်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



တို့မြတ်စွာဘုရားဟာ ဒေါသကင်း၍ အရဟန်တော်မူတဲ့ မြတ်စွာဘုရား ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ ပုံတော်ပေါ်မှာ မြတ်စွာဘုရားရဲ့ ဒေါသကင်းစင်တဲ့ အရ-ဟံဂုဏ်တော်နဲ့တွဲပြီးတော့ ပူဇော်ရမယ်။ မြတ်စွာဘုရား ဒေါသကင်း၍ အရဟန်တော်မူသလို တို့လည်းပဲ လူ့ဘဝသက်တမ်းတိုတိုလေး ရလာတဲ့အခါမှာ ဒေါသကင်းအောင် ကြိုးစားပွားများပြီး နေရမယ်။ ဒေါသကင်းမှ လူ့ဘဝအရ ဟန်မယ်ဆိုတာကို သတိထားရမယ်။

ဒေါသကင်းမှ ရတယ် ဟန်တယ်နော် (မှန်လှပါဘုရား) ဒေါသကင်းမှ၊ နည်းမှ၊ ပါးမှ အရဟန်တာကို သတိပြုပါ။

ဒေါသမကင်းရင်၊ ဒေါသများနေရင် မရဘူး၊ မဟန်ဘူးနော်။ (မှန်လှပါဘုရား)

တို့မြတ်စွာဘုရားရဲ့ မောဟကင်း၍ အရဟန်တော်မူတဲ့ အရ-ဟံဂုဏ်တော်နဲ့ မြတ်စွာဘုရားရဲ့ ပုံတော်ကို တွဲပြီးတော့ ပူဇော်ရမယ်။ ဘယ်အလုပ်ကိုပဲလုပ်လုပ် အသိဉာဏ်နဲ့ လုပ်ရမယ်။ မြတ်စွာဘုရားရဲ့ မောဟကင်းတော်မူတဲ့ဂုဏ်ကို အမြဲအာရုံပြုပြီးတော့ ကိုယ်တိုင်လည်းပဲ မောဟကင်းနိုင်သမျှကင်းအောင် သတိထား၊ အသိထားပြီးတော့ လုပ်ရမယ်၊ ပြောရမယ်၊ ကြံရမယ်၊ စားရမယ်၊ သွားရမယ်၊ ဝတ်ရမယ်နော်။ (မှန်လှပါဘုရား)

မြတ်စွာဘုရားအရ ဟန်တော်မူတာဟာ မောဟကင်းလို့နော်။ (မှန်လှပါဘုရား)

ဒီတော့ မောဟကင်းမှ ရတယ်၊ ဟန်တယ်နော်။ (မှန်လှပါဘုရား)

မောဟကင်းမှ ရတာ၊ ဟန်တာကို သတိထားပါ၊ မောဟမကင်းရင် မရဘူး၊ မဟန်ဘူးနော်။ (မှန်လှပါဘုရား)

မြတ်စွာဘုရားရဲ့ ပုံတော်ပေါ်မှာ အရ-ဟံဂုဏ်တော်နဲ့ တွဲပြီးတော့ ပူဇော်ပါ။ ပုံတော်နဲ့ ဂုဏ်တော်ဟာ ခွဲပြီးတော့ ပူဇော်ရမှာ မဟုတ်ဘူး။ တွဲပြီးတော့ ပူဇော်ရမှာနော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



၂။ အ-ရဟံ - ဆိတ်ကွယ်ရာ (မမြင်ရာ)အရပ်၌ မကောင်းမှုတို့ကို ပြုတော် မမူသော မြတ်စွာဘုရား။

ရဟဆိုတာက ဆိတ်ကွယ်ရာ၊ မမြင်ရာ။ အ - ဆိုတာက မပြုတာ၊ မပြောတာ၊ မကြံတာကို ဆိုလိုတယ်နော်။ (မှန်လှပါဘုရား)

မြတ်စွာဘုရားရဲ့ ပုံတော်ပေါ်မှာ မြတ်စွာဘုရားရဲ့ အ-ရဟံ ဂုဏ်တော်နဲ့ တွဲပြီးတော့ ပူဇော်ပါ။

ကိုယ်တိုင်လည်း ဆိတ်ကွယ်ရာ၊ မမြင်ရာအရပ်တွေမှာ မကောင်းတာ တွေ မပြု၊ မပြော၊ မကြံဖို့ လိုပါတယ်နော်။ (မှန်လှပါဘုရား)

အရ-ဟံ၊ အ-ရဟံ ဆိုတဲ့ ဂုဏ်တော်တွေဟာ ရွတ်နေ၊ ပွားနေရုံတင် ရပ်မနေရဘူး။ လိုက်နာကျင့်သုံးမှု အကျင့်အထိ ရောက်စေရမယ်နော်။ (မှန်လှပါ ဘုရား)

မြတ်စွာဘုရား အရဟန်တော်မူတာဟာ မကောင်းမှုတွေ မပြု၊ မပြော၊ မကြံလို့ အရဟန်တယ်ဆိုတာကို သတိထားပါ။ မကောင်းတာတွေ မပြုရင် ရတယ်။ ဟန်တယ်၊ အရဟန်တယ်။ မကောင်းတာတွေ မပြောရင် ရတယ်၊ ဟန်တယ်၊ အရဟန်တယ်။ မကောင်းတာတွေ မကြံရင် ရတယ်။ ဟန်တယ်၊ အရဟန်တယ်။ ဒီတော့ ရအောင် အ-ရဟံဆောင်၊ ဟန်အောင် အ-ရဟံဆောင်၊ အရဟန်အောင် အ-ရဟံဆောင်ပါ။

၃။ အရဟံ - လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့ရဲ့ ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား။

မြတ်စွာဘုရားရဲ့ ပုံတော်ပေါ်မှာ မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်နဲ့ တွဲပြီးတော့ ပူဇော်ပါ။ ပူဇော်ခံရတဲ့ ကောင်းကျိုးတွေ ရလာပါလိမ့်မယ်။ ကိုယ်လိုတာ, ကိုယ်တ,တာတွေ ရလာပါလိမ့်မယ်။

ဒီနေ့ ကိုဉာဏ်မြင့် + မခင်မာရီတို့ရဲ့ ဘုရားအနေကဇာတင်ပွဲမှာ မြတ်စွာဘုရားရဲ့ ပုံတော်ပေါ်မှာ မြတ်စွာဘုရားရဲ့ အရ-ဟံ၊ အ-ရဟံ၊ အရဟံ ဆိုတဲ့ ဂုဏ်တော်သုံးပါးနဲ့ တွဲပြီးတော့ ပူဇော်တတ်ကြပါစေလို့ အသိဉာဏ်ပေး ဟောကြားခဲ့ပါတယ်။

http://www.dhammadownload.com



ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ? (ပုံတော်, ဂုဏ်တော်+ တွဲပူဇော်တရားပါဘုရား)

အရ-ဟံ ဂုဏ်တော်ရွတ်၊ အရ-ဟံ ဂုဏ်တော်ပွား၊ အရ-ဟံ ဂုဏ်တော် ကျင့်ပါ။

ဒီအရ-ဟံဂုဏ်၊ အ-ရဟံဂုဏ်တော်နှစ်မျိုးဟာ အကြောင်းဂုဏ်တော် ဖြစ်တယ်။ အရဟံဂုဏ်တော်ဟာ အဲဒီအကြောင်းဂုဏ်တော်နှစ်မျိုးကြောင့် ပူဇော်ခံရတဲ့ အကျိုးဂုဏ်တော်ဖြစ်တယ်။ အဲဒီလိုလည်း ကွဲပြားအောင် ခွဲခြား ပြီးတော့ မှတ်ပါ။

အကြောင်းဂုဏ်ပွားများ လိုက်နာကျင့်သုံးရင် အကျိုးဂုဏ်တွေ ရလာပါ လိမ့်မယ်။ မြတ်စွာဘုရားရဲ့ လောဘ, ဒေါသ, မောဟစတဲ့ ကိလေသာအဆိုး တရားတွေ ကင်းစင်ပုံကို အာရုံပြုဘုရားရှိခိုးပြီး အဆိုး လောဘ၊ ဒေါသ၊ မောဟတရားတွေ ကင်းဝေးရပါလို၏လို့ ဆုတောင်းကာ တရားသိမ်းကြရ အောင် အားလုံးညီညီညာညာ လိုက်ဆိုကြပါ။

၁။ *လောဘကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးသည်၊ အဆိုးလောဘကင်းစေသော်။*

၂။ *ဒေါသကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးသည်၊ အဆိုးဒေါသကင်းစေသော်။*

၃။ *မောဟကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးသည်၊ အဆိုးမောဟကင်းစေသော်။*

* လောဘ+ဒေါသ၊ မောဟကင်းစင်၊ ဘုရားရှင်ကို၊ ဦးတင်ရိုကျိုး၊ ကျွန်ုပ်ရှိခိုးရ၊ ကုသလ‌ကြောင့်၊ သုခချမ်းသာ၊ မင်္ဂလာပြည့်ဝ၊ လောကသာသနာ၊ အရာရာတွက်၊ ဆောင်ရွက်ပြောပြု၊ ကြံစည်မှုမည်၊ ဤသုံးလီတို့၊ အတည်နှေးညွှ၊ ဘေးမခ၊ အေးမြအောင်စေသော်။ ။

သာဓု သာဓု သာဓုပါဘုရား

http://www.dhammadownload.com



ကဲ…ရေစက်သွန်းချ အမျှဝေရအောင်၊ ရေစက်ချကိုင်၊ လိုက်ဆိုကြပါ။

၁။ အရှင်ဘုရား တပည့်တော်များသည် ဘုရားအနေကဇာတင်၊ ကုသိုလ် မင်္ဂလာ၊ ပြုလုပ်ရာဝယ် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား မွန်မြတ်လှသော ဆွမ်းဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါ ကုန်၏။

၂။ ဤကောင်းမှုကြောင့် နိဗ္ဗာန်ချမ်းသာ ရရပါလို တောင်းဆုဆိုကြပါကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာကျင်လည်ရာ၌ လောဘ+ဒေါသ၊ မောဟဆိုး များ နည်းအောင်, ပါးအောင် ကျင့်ဆောင်နိုင်လို တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ပြုရ၊ ဒါန, သီလာ၊ ဘာဝနာပေါင်းစု မြတ်ကောင်းမှု၏ အဖို့ ဘာဂ မှန်သမျှကို မိဘဆရာ အစဖြာသား နတ်လူပြဟ္မာ သတ္တဝါအများတို့ အား သိစေရစေ ပေးမျှဝေသည် ကောင်းပေသာဓုခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှ

ယူတော်မူကြပါကုန်လော့။[၃]

သာဓု သာဓု သာဓု

၁၇-၂-၂၀၀၃

ည (၆)နာရီ ပြီး၏။

× × ×

http://www.dhammadownload.com



# "မွေးနေ့အစစ် + မွေးနေ့ချစ်" တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) တို့ရဲ့ ( )နှစ်မြောက် မွေးနေ့ပွဲမှာ ဟောကြားမည့်တရားတော်က **"မွေးနေ့အစစ် + မွေးနေ့ချစ်"** တရားတော်တဲ့။

ဘာတရားတဲ့လဲ (မွေးနေ့အစစ် + မွေးနေ့ချစ် တရားတော်ပါဘုရား)

ဘုန်းကြီးတို့ရဲ့အမြင်က မွေးနေ့ကို ဒီလိုမြင်၊ ဒီလို တင်ပြချင်တယ်။ ကိုယ့်မွေးနေ့ရောက်လာတဲ့အခါမှာ ဒါန ကုသိုလ်တွေ မွေးထုတ်နိုင်ရင် မွေးနေ့၊ သီလကုသိုလ်တွေ မွေးထုတ်နိုင်ရင် မွေးနေ့၊ ဘာဝနာကုသိုလ်တွေ မွေးထုတ်နိုင်ရင် မွေးနေ့လို့မြင်တယ်၊ ဆိုလိုချင်တယ်။

ကိုယ့်မွေးနေ့ရောက်လာရင် ဒါန, သီလ, ဘာဝနာ ကုသိုလ်တရားတွေ မွေးထုတ်နိုင်ရင် မွေးနေ့ရှင်ဖြစ်တယ်။

ဒီနေ့ ဦး ( ) ဒေါ် ( ) က မိမိမွေးနေ့မှာ ဒါန၊ သီလ၊ ဘာဝနာတရားတွေ မွေးထုတ်နေရတယ်လို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါ။

ဘုန်းကြီးတို့အမြင် တင်ပြထားတဲ့ မွေးနေ့ငါးမျိုးကို တန်ဆာဆင်ထားတဲ့ "မွေးနေ့အစစ် + မွေးနေ့ချစ်" ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြားနာကြရအောင် ...

၁။ **အဖြစ်မွေးနေ့တဲ့။** အဖြစ်မွေးနေ့ဆိုတာ လူတစ်ဦး တစ်ယောက် လောကထဲ ရောက်လာတဲ့အခါမှာ မိမိအတွက်၊ သူတစ်ပါးအတွက်၊ မိဘ၊ ဆရာသမား အတွက်၊ လောကအတွက်၊ သာသနာတော်အတွက် ကောင်းကျိုးထွက်အောင် ဘာတစ်ခုမှ မဆောင်ရွက်နိုင်ဘူးဆိုရင် အဲဒီလူရဲ့ လောကထဲ ရောက်လာတဲ့ မွေးနေ့ဟာ အလကား မွေးနေ့၊ အဖြစ်မွေးနေ့ပါပဲ။

http://www.dhammadownload.com



နောက်တစ်မျိုး တင်ပြချင်သေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကိုယ့်မွေးနေ့ရောက်လာတဲ့အခါမှာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေလည်းမပါ၊ ရတနာသုံးပါးလည်းမပါ၊ ရတနာသုံးပါးနဲ့ပတ်သက်တဲ့ ကုသိုလ်တွေလည်း မပါဘဲ လောကအနေနဲ့ ပျော်စရာရွှင်စရာ အဆို အက အတီးအမှုတ် ကာမဂုဏ်အာရုံမျိုးစုံနဲ့ အချိန်ကုန်သွားစေတဲ့ အကျိုးမရှိတဲ့မွေးနေ့ကိုလည်း အဖြစ်မွေးနေ့လို့ပဲ ဆိုချင်တယ်။

အဲဒီလို အဖြစ်မွေးနေ့မျိုးကို ရှောင်ရှားရမှာ ဖြစ်ပါတယ်။

၂။ **အသစ်မွေးနေ့တဲ့။** အသစ်မွေးနေ့ဆိုတာ ကိုယ့်မွေးနေ့ရောက်လာရင် ဒါနကုသိုလ်ကောင်းမှု အသစ် အသစ်လေးတွေ မွေးထုတ်နိုင်ရမယ်။ သီလကုသိုလ် အသစ် အသစ်တွေ မွေးထုတ်နိုင်ရမယ်။ ဘာဝနာကုသိုလ် အသစ် အသစ်တွေ မွေးထုတ်နိုင်ရမယ်။ ဘုရား, တရား, သံဃာ, မိဘ, ဆရာသမား, မိတ်ကောင်းဆွေကောင်းများနဲ့ပတ်သက်တဲ့ ကုသိုလ်အသစ် အသစ်လေးတွေ မွေးထုတ်နိုင်ရမယ်၊ အဲဒီလို အသစ် အသစ်ကုသိုလ်တွေ မွေးထုတ်နိုင်တဲ့ မွေးနေ့ကို အသစ်မွေးနေ့လို့ ဆိုလိုတယ်။

ဒီနေ့ ဦး ( ) ဒေါ် ( ) ရဲ့ ( ) နှစ်မြောက် မွေးနေ့ဟာ အထက်က ပြောပြခဲ့တာတွေ ပါဝင်နေတော့ အသစ်မွေးနေ့ပဲနော် (မှန်လှပါဘုရား)

အေး အဲဒီအသစ်မွေးနေ့မျိုးကို ဆောင်ရမယ်နော် (မှန်လှပါဘုရား)

၃။ **အနှစ်မွေးနေ့တဲ့။** အနှစ်မွေးနေ့ဆိုတာ ကိုယ့်မွေးနေ့ ရောက်လာတဲ့အခါမှာ ရန်သူငါးပါးနဲ့ ဆက်ဆံနေတဲ့ အကာ စီးပွားဥစ္စာတွေထဲကနေပြီးတော့ ဒါနကုသိုလ် အနှစ်တွေ ဒီနေ့ထုတ်ယူနေတယ်။ ၉၆ ပါး၊ ၉၈ ပါး ရောဂါများစွာ ဆက်ဆံနေတဲ့ အကာခန္ဓာကိုယ်ကြီးထဲက နေပြီးတော့ သီလရှိတဲ့ ရဟန်းသံဃာ၊ မိဘ၊ ဆရာသမား၊ အသက်အရွယ်ကြီးမားတဲ့ အဘိုးအဖွားများရဲ့အပေါ်မှာ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း စတဲ့ သီလ ကုသိုလ်အနှစ်တွေ ဒီနေ့ ထုတ်ယူနေတယ်။

http://www.dhammadownload.com



မမြဲခြင်းနိုပ်စက်ဒဏ် ခံနေရတဲ့အတွက် အကာ အသက်ထဲကနေပြီးတော့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရ အနှစ်သာရမရှိခြင်းဆိုတဲ့ ဝိပဿနာ မျက်လုံး တပ်ပြီးတော့ မိမိရဲ့ခန္ဓာကိုယ်အပေါ်မှာ ရှုမှတ်ဆင်ခြင် နှလုံးသွင်းပွားများနေတဲ့ ဝိပဿနာကုသိုလ်အနှစ်တွေ ဒီနေ့ မွေးနေ့ရှင်ဟာ ထုတ်ယူနေတယ်။ အဲဒါကြောင့် ဒီနေ့မွေးနေ့ရှင်ရဲ့ ( ) နှစ်မြောက်မွေးနေ့ဟာ အနှစ်မွေးနေ့ဖြစ်တယ်လို့ အသိဉာဏ်ပေးပါတယ်။ (၈၊ ၃၊ ၄၊ ၇၊ ၈) မှီး။

၄။ **အစစ်မွေးနေ့တဲ့။** အစစ်မွေးနေ့ဆိုတာ ကိုယ့်မွေးနေ့ ရောက်လာတဲ့အခါမှာ ဒါနကုသိုလ်ကောင်းမှုပြုလုပ်တော့၊ ဖြစ်လေရာဘဝတိုင်း စီးပွားဉစ္စာတွေပေါ်များတဲ့ ကောင်းကျိုးတရားအစစ်ကိုရမယ်။

သီလကုသိုလ်ကောင်းမှု ဆောက်တည်ပြုတော့ ဖြစ်လေရာဘဝတိုင်း ကိုယ်ကျန်းမာ၊ စိတ်ကျန်းမာ၊ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာခြင်း ကောင်းကျိုး အစစ်၊ ကောင်းရာသုဂတိဖြစ်တဲ့ လူ့နတ်ဘဝရောက်ရခြင်း ကောင်းကျိုး တရားအစစ်များကိုရမယ်။

ဝိပဿနာ ဘာဝနာတရားတွေ ပွားများအားထုတ်တော့၊ ဆင်ခြင်နှလုံး သွင်းတော့၊ ဖြစ်လေရာဘဝတိုင်းမှာ ပညာကြီးမယ်၊ ပညာရေးပန်းတိုင်များ ပြီးဆုံးမယ်၊ ပြီးမြောက်မယ်၊ ပညာတော်မယ်၊ ပညာကျော်မယ်၊ ပညာနဲ့ ပတ်သက်ရင် ပေါ်လွင်ထင်ရှား ကျော်ကြားမယ်၊ မဂ်ဖိုလ် နိဗ္ဗာန်အထိ ရမယ်ဆိုတဲ့ ကောင်းကျိုးတရား အစစ်တွေရမယ်။

ဒီနေ့ ဦး ( ) ဒေါ် ( ) ရဲ့ ( ) နှစ်မြောက် မွေးနေ့ဟာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေ ပါဝင်တဲ့အတွက် ဆိုင်ရာဆိုင်ရာ ကောင်းကျိုးတရား အစစ်တွေ ရမယ်လို့ အသိဉာဏ်ပေးပါတယ်။ ဒီတော့ ဒီနေ့ မွေးနေ့ရှင်ရဲ့ ဒါန သီလာ ဘာဝနာပေါင်းစု မြတ်ကောင်းမှုတွေဟာ ခုဘဝ နောက်ဘဝ မဂ်ဖိုလ် နိဗ္ဗာန်ရသည်အထိ ကောင်းကျိုး တရားအစစ်တွေရမယ်လို့ ဝမ်းမြောက်ဝမ်းသာ မှတ်ယူရမယ့် အစစ်မွေးနေ့ဖြစ်တယ်။

http://www.dhammadownload.com



ဒါနဉ္စ ဓမ္မစရိယာ စ၊
သီလေန သုဂတုပဂေါ။
ဘာဝနာယ စ နိဗ္ဗာတိ၊
ဣစ္စေဝံ မနသာသယ။

(အပဒါနပါဠိ ၂၊ ၁၆၆) မှီး။

၅။ **အချစ်မွေးနေ့တဲ့။** အချစ်မွေးနေ့ဆိုတာ ကြားပြီးတော့ လန့်မသွားနဲ့၊ အချစ်မွေးနေ့ဆိုတာ ကိုယ့်မွေးနေ့ ရောက်လာတဲ့အခါမှာ ကိုယ်နဲ့ ဒါန + သီလ + ဘာဝနာ ဆိုတဲ့ ကောင်းတာတွေလုပ်တယ်၊ နှုတ်နဲ့ ကောင်းတာတွေ ပြောတယ်၊ စိတ်နဲ့ ကောင်းတာတွေကြံတယ်ဆိုရင် အဲဒီ မွေးနေ့ရှင်ဟာ ကိုယ့်ကိုယ်ကို တစ်ကယ်ချစ်ရာရောက်တဲ့ မွေးနေ့လို့ ဆိုလိုပါတယ်။ (ပိယသုတ်၊ သံ၊ ပါ၊ ၁၊ ၇၁)မှီး။

ဒီနေ့ မွေးနေ့ရှင် ဦး (   ) ဒေါ် (   ) ဟာ မိမိ မွေးနေ့မှာ ကိုယ်တိုင် ကိုယ်ကျ ဆွမ်း၊ သင်္ကန်းတွေကပ်ပြီး ကိုယ်နဲ့ ကောင်းတာတွေလုပ်၊ နှုတ်နဲ့လည်း တရားစကားလေးတွေ လိုက်ဆိုတာကအစ ကောင်းတာတွေသာ ပြောနေတယ်၊ စိတ်နဲ့လည်း ရတနာသုံးပါးနဲ့ပတ်သက်တာ၊ ဒါန သီလ ဘာဝနာနဲ့ပတ်သက်တာ ကောင်းတာလေးတွေပဲ ကြံစည်နေတယ်ဆိုတော့ သြော် - ငါ့မွေးနေ့ဟာ တစ်ကယ် ပဲ ငါ့ကိုယ်ငါ ချစ်ရာရောက်တဲ့မွေးနေ့လို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူရမှာ ဖြစ်ပါတယ်။

ငါ့မွေးနေ့ဟာ ကောင်းကျိုးအစစ်တွေပေးမယ့် မွေးနေ့၊ ကိုယ့်ကိုယ်ကို တစ်ကယ်ချစ်ရာရောက်တဲ့မွေးနေ့ လို့ အဓိကအားဖြင့် အသိဉာဏ်ပေးလိုက်တဲ့ "မွေးနေ့အစစ် + မွေးနေ့ချစ်" တရားတော်တဲ့။

ဒီနေ့ဟောလိုက်တဲ့ မွေးနေ့တရားက ဘာတရားတဲ့လဲ။ (မွေးနေ့အစစ် မွေးနေ့ချစ် တရားတော်ပါဘုရား။)

အဖြစ်မွေးနေ့ကိုရှောင်၊ အသစ်၊ အနှစ်၊ အစစ်၊ အချစ်မွေးနေ့တွေကို ဆောင်ရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ - မွေးနေ့ဆိုင်ရာ တရားကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင် -

ဒါန + သီလာ၊ ဘာဝနာဟု၊
သုံးဖြာအလှ၊ မွေးနိုင်မှလျှင်၊
အလှအသစ်၊ မွေးနေ့ဖြစ်၏၊
အလှအနှစ်၊ မွေးနေ့ဖြစ်၏၊
အလှအစစ်၊ မွေးနေ့ဖြစ်၏၊
အလှအချစ်၊ မွေးနေ့ဖြစ်၏။
ဒါနတရား၊ အစားစား၊ မွေးဖွားမွေးနေ့ပါ။
သီလတရား၊ အစားစား၊ မွေးဖွားမွေးနေ့ပါ။
ဘာဝနာတရား၊ အစားစား၊ မွေးဖွားမွေးနေ့ပါ။

၁။ အကျိုးနှစ်တွေ၊ မဖြစ်ချေ၊ ခေါ်လေအဖြစ်ပါ။
ရတနာတွေ၊ မဖြစ်ချေ၊ ခေါ်လေအဖြစ်ပါ။
ဒါ + သီ + ဘာတွေ၊ မဖြစ်ချေ၊ ခေါ်လေအဖြစ်ပါ။
ကာမဂုဏ်တွေ၊ ပါဝင်နေ၊ ခေါ်လေအဖြစ်ပါ။

၂။ ဒါနအသစ်၊ မွေးထုတ်လစ်၊ အသစ်မွေးနေ့ပါ။
သီလအသစ်၊ မွေးထုတ်လစ်၊ အသစ်မွေးနေ့ပါ။
ဘာဝနာအသစ်၊ မွေးထုတ်လစ်၊ အသစ်မွေးနေ့ပါ။
ရတနာအသစ်၊ မွေးထုတ်လစ်၊ အသစ်မွေးနေ့ပါ။

၃။ ဒါနအနှစ်၊ မွေးထုတ်လစ်၊ အနှစ်မွေးနေ့ပါ။
သီလအနှစ်၊ မွေးထုတ်လစ်၊ အနှစ်မွေးနေ့ပါ။
ဘာဝနာအနှစ်၊ မွေးထုတ်လစ်၊ အနှစ်မွေးနေ့ပါ။

http://www.dhammadownload.com



၄။ ဒါနအစစ်၊ မွေးဖွားလစ်၊ အစစ်ပေါများမှာ။
ဒါနအစစ်၊ မွေးဖွားလစ်၊ အစစ်မွေးနေ့ပါ။
ဒါနမွေးလစ်၊ ပေါများဖြစ်၊ အစစ်မွေးနေ့ပါ။
သီလမွေးလစ်၊ ချမ်းသာဖြစ်၊ အစစ်မွေးနေ့ပါ။
သီလမွေးလစ်၊ ကောင်းရာဖြစ်၊ အစစ်မွေးနေ့ပါ။
ဘာဝနာမွေးလစ်၊ ပညာဖြစ်၊ အစစ်မွေးနေ့ပါ။
ဘာဝနာမွေးလစ်၊ နိဗ္ဗာန်ဖြစ်၊ အစစ်မွေးနေ့ပါ။

၅။ ကောင်းတာလုပ်လစ်၊ ကောင်းကျိုးဖြစ်၊ အချစ်မွေးနေ့ပါ။
ကောင်းတာပြောလစ်၊ ကောင်းကျိုးဖြစ်၊ အချစ်မွေးနေ့ပါ။
ကောင်းတာကြံလစ်၊ ကောင်းကျိုးဖြစ်၊ အချစ်မွေးနေ့ပါ။
မွေးနေ့ငါးခု၊ သတိပြု၊ ယခုဟောခဲ့တာ။
နေ့ရမှာက၊ မကြာလှ၊ ဒါနမွေးထုတ်ပါ။
နေ့ရမှာက၊ မကြာလှ၊ သီလမွေးထုတ်ပါ။
နေ့ရမှာက၊ မကြာလှ၊ မွေးကြဘာဝနာ။

ဒါနလည်းမွေး၊ သီလမွေး၊ ဘာဝနာမွေးပါ။
ဒါနမွေးထုတ်၊ သီလထုတ်၊ မွေးထုတ်ဘာဝနာ။
ဒါနမွေးက၊ ပေါများရ၊ ဘဝဖြစ်လေရာ။
သီလမွေးဘိ၊ သုဂတိ၊ ရောက်ဖို့လူနတ်ရွာ။
သီလမွေးက အေးချမ်းရ၊ ဘဝဖြစ်လေရာ။
ဘာဝနာမွေး၊ ပညာရေး၊ မနေးကြီးမားမှာ။
ဘာဝနာမွေး၊ နိဗ္ဗာန်အေး၊ မနေးရောက်မြန်စွာ။

ကဲ - ရေစက်ချအတိုလေး လိုက်ဆို -

http://www.dhammadownload.com



၁။ အရှင်ဘုရား တပည့်တော်များသည် မွေးနေ့မင်္ဂလာချိန်အခါ၌ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား မွန်မြတ်သော ဆွမ်းဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ မွေးနေ့မှာပြု ဤကောင်းမှုကြောင့် နိဗ္ဗာန်ချမ်းသာ ရရပါလို ဆုတောင်းကြပါကုန်၏။

နိဗ္ဗာန်မရ ဘဝသံသရာ ကျင်လည်ရာ၌ အဖြစ်မွေးနေ့ ရှောင်ကြဉ်၍သာ အသစ်မွေးနေ့၊ အနှစ်မွေးနေ့၊ အစစ်မွေးနေ့၊ အချစ်မွေးနေ့၊ မွေးနေ့များကို ကြိုးစားပိုင်ပိုင် ဆောင်ထားနိုင်လို တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ယခု မွေးနေ့မင်္ဂလာ ချိန်အခါ၌ သေချာကျန လှပဝေဆာ ပြုလိုက်ပါရ ဒါနသီလာ ဘာဝနာပေါင်းစု မြတ်ကောင်းမှု၏ အဖို့ဘာဂ မှန်သမျှကို မိဘဆရာ ဉာတကာများ အစထား၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ် အစရှိသော မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ နတ်လူပြဟ္မာ သတ္တဝါတို့အား သိစေရစေ ပေးမျှဝေသည် ကောင်းပေသာဝ ခေါ်စေသော်။

အားလုံး အမျှ၊ အမျှ၊ အမျှ။

ယူတော်မူကြပါကုန်တော့။

သာဓု၊ သာဓု၊ သာဓု။

၁၈-၂-၂၀၀၃

ည (၆) နာရီပြီး။

× × ×

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ် + စတုက္ကနိပါတ် + ပဉ္စမပဏ္ဏာသက + စတ္တဝဂ် + အဂ္ဂပ္ပသာဒသုတ်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

## "မွေးနေ့ကောင်းကျိုး + အမြဲတိုး" တရားတော်

ဒီနေ့ မောင်( ) မ( ) ရဲ့မွေးနေ့ပွဲမှာ ဟောကြားမည့် တရားတော်က "မွေးနေ့ကောင်းကျိုး + အမြဲတိုး" တရားတော်တဲ့။

ဘာတရားတဲ့လဲ (မွေးနေ့ကောင်းကျိုး အမြဲတိုး တရားတော်ပါဘုရား။)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

**အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊**
**အဂ္ဂံ ပုညံ ပဝဍ္ဎတိ။**
**အဂ္ဂံ အာယုစ ဝဏ္ဏောစ၊**
**ယသော ကိတ္တိ သုခံ ဗလံ။**

(အံ၊ ပါ၊ ၁၊ ၃၄၄)

**အဂ္ဂသ္မိံ** - မြတ်သောရတနာသုံးပါး၌။ **ဒါနံ** - မွေးနေ့လှူဖွယ်၊ အသွယ်သွယ်ကို။ **ဒဒတံ** - ပေးလှူကြသူ၊ အများလူတို့အား။ **အဂ္ဂံ** - နေ့နေ့ညည၊ မြင့်မြတ်လှသော။ **ပုညံ** - ကောင်းမှုတရား၊ အစားစားသည်။ **ပဝဍ္ဎတိ** - အမြဲတစေ၊ တိုးပွားနေ၏။ **အဂ္ဂံ**၊ အမြဲနေ့ည၊ မြင့်မြတ်လှသော။ **အာယုစ** - အသက်ရှည်ရ၊ ကောင်းကျိုးလှသည်လည်းကောင်း။ **အဂ္ဂေါ** - အမြဲနေ့ည၊ မြင့်မြတ်လှသော။ **ဝဏ္ဏောစ** - လူနတ်အဆင်း၊ လှပခြင်းသည်လည်းကောင်း။ **ယသောစ** - အခြံအရံ၊ အမှန်ပေါ်ရ၊ ကောင်းကျိုးလှသည်လည်းကောင်း။

http://www.dhammadownload.com



အဂ္ဂါ - အမြဲနေ့ညာ၊ မြင့်မြတ်လှသော။ ကိတ္တိစ - ကျော်စောထင်ရှား၊ ကောင်းကျိုးတရားသည်လည်းကောင်း။ အဂ္ဂ - အမြဲနေ့ညာ၊ မြင့်မြတ်လှသော။ သုခံ - ကိုယ်စိတ်နှစ်ဖြာ၊ စခန်းသာ၍ ချမ်းသာပြည့်ဝ၊ ကောင်းကျိုးလှသည်လည်းကောင်း။ ဗလံ - ကိုယ်အားဉာဏ်အား စွမ်းပကားတို့၊ ဆန်းပြားပြည့်ဝ၊ ကောင်းကျိုးလှသည်လည်းကောင်း။ ပဝဍ္ဎတိ - အမြဲတစေ၊ တိုးပွားရပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

× × ×

ဒီနေ့ မွေးနေ့ရှင် မောင်( ) မ( ) က မိမိရဲ့ ( ) နှစ်မြောက်မွေးနေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ပင့်ဖိတ်ပြီးတော့ ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့နဲ့ ဆက်ကပ်လှူဒါန်းနေတယ်။

အဲဒီလို ဆက်ကပ်လှူဒါန်းတော့ မွေးနေ့ရှင်မှာ -

၁။ လူ့ပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ဖြစ်လေရာဘဝမှာ အသက်ရှည်ခြင်းဆိုတဲ့ကောင်းကျိုး အမြဲတိုးနေမယ်။

၂။ အဆင်းလှခြင်းဆိုတဲ့ကောင်းကျိုး အမြဲတိုးနေမယ်။

၃။ အခြံအရံ ပရိသတ်ပေါများခြင်းဆိုတဲ့ကောင်းကျိုး အမြဲတိုးနေမယ်။

၄။ ထင်ပေါ်ကျော်စောခြင်း၊ ကျော်ကြားခြင်းဆိုတဲ့ကောင်းကျိုး အမြဲတိုးနေမယ်။ (အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံပေါများခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ကိုယ်အားဉာဏ်အားကြီးမားခြင်း၊ ပညာကြီးခြင်း၊ ပညာတော်ခြင်း၊ ပညာရေး ပန်းတိုင်များ ပြီးမြောက်ခြင်း၊ ပြီးဆုံးခြင်း စတဲ့ နေရာတိုင်းမှာ သို့မဟုတ် တစ်ခုခုမှာ ထင်ပေါ်ကျော်ကြားခြင်းကို ဆိုလိုပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သူက ဒါနအားကောင်းတယ်၊ သီလအားကောင်းတယ်၊ သမာဓိအားကောင်းတယ်၊ ပညာအားကောင်းတယ် စသည်ဖြင့် ထင်ပေါ်ကျော်ကြားခြင်းတွေကို ဆိုလိုပါတယ်။)

http://www.dhammadownload.com



၅။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ကောင်းကျိုးတွေ အမြဲတိုးနေမယ်။

၆။ ကိုယ်အားကြီးမားခြင်း၊ ဉာဏ်အားကြီးမားခြင်း ကောင်းကျိုးတွေ အမြဲတိုးနေမယ်လို့ အသိဉာဏ်ပေးပါတယ်။

ဒါကြောင့် ဒီနေ့ မွေးနေ့ရှင် မောင်( ) မ( ) ရဲ့ ( )နှစ်မြောက်မွေးနေ့မှာ အသိဉာဏ်ပေးတဲ့တရားကို "မွေးနေ့ကောင်းကျိုး + အမြဲတိုး"လို့ အမည်ပေးကာ ဟောခဲ့ပါတယ်။

ဒီနေ့လိုပဲ မွေးနေ့ကောင်းကျိုးတွေ အမြဲတိုးနေအောင် နေ့တိုင်း၊ ရက်တိုင်း၊ နှစ်တိုင်း ကြိုးစားနိုင်ပါစေ လို့ ဆုတောင်းပေးခဲ့ပါတယ်။

ကဲ - တရားကဗျာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင် -

*၁။ မွေးနေ့ရှင်မှာ၊ ဘေးရန်ကွာ၊ ဖြစ်ရာအသက်ရှည်။*

*၂။ မွေးနေ့ရှင်မှာ၊ ဘေးရန်ကွာ၊ ဖြစ်ရာဆင်းလှမည်။*

*၃။ မွေးနေ့ရှင်မှာ၊ ဘေးရန်ကွာ၊ ဖြစ်ရာခြံရံစီ။*

*၄။ မွေးနေ့ရှင်မှာ၊ ဘေးရန်ကွာ၊ ဖြစ်ရာကျော်ကြားမည်။*

*၅။ မွေးနေ့ရှင်မှာ၊ ဘေးရန်ကွာ၊ ကျန်းမာ၊ချမ်းသာမည်။*

*၆။ မွေးနေ့ရှင်မှာ၊ ကိုယ်အားသာ၊ ဉာဏ်သာကြီးမားမည်။*

*မွေးနေ့ကောင်းကျိုး၊ အမျိုးမျိုး၊ အမြဲတိုးရမည်။*

ကဲ - ရေစက်ချအတိုလေး လိုက်ဆို -

၁။ အရှင်ဘုရား၊ တပည့်တော်များသည် မောင်( ) မ( )၏ ( )နှစ်မြောက် မွေးနေ့မင်္ဂလာ ရောက်ရှိရာဝယ် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား မွန်မြတ်လှသော ဆွမ်းဘောဇဉ် ချိုချဉ်ရသာ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါကုန်၏။

၂။ ယနေ့ယခု ပြုလိုက်ရသော မွေးနေ့ကောင်းမှု အစုစုကြောင့် နိဗ္ဗာန်ချမ်းသာ ရရပါလို ဆုတောင်းကြပါကုန်၏။

နိဗ္ဗာန်မရ၊ ဘဝသံသရာ၊ ကျင်လည်ရာ၌၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံပေါခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ

http://www.dhammadownload.com



ချမ်းသာခြင်း၊ ကိုယ်အားဉာဏ်အားကြီးမားခြင်း အစရှိသော ကောင်းကျိုး ချမ်းသာ ပြည့်ပြည့်ဝဝ ရရပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ မွေးနေ့ကောင်းမှု အစုစု၏ အဖို့ဘာဂ မှန်သမျှကို မိဘဆရာ၊ အစဖြာသား နတ်လူပြဟ္မာ သတ္တဝါတို့အား သိစေရစေ ပေးမျှဝေသည့် ကောင်းပေ သာဓု ခေါ်စေသော်။

အားလုံး အမျှ၊ အမျှ၊ အမျှ
ယူတော်မူကြပါကုန်လော့။²
သာဓု၊ သာဓု၊ သာဓု။

၁၈-၂-၂၀၀၃
ည (၉) နာရီပြီး။

× × ×

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ်+ပဉ္စကနိပါတ်ပါဠိတော်+
## စတုတ္ထပဏ္ဏာသက + ဗြာဟ္မဏဝဂ် + ပိင်္ဂိယာနိ သုတ္တန်လာ
## နောက်ဆုံးအချက်တစ်ချက်ကို တန်ဆာဆင်၍
## အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

## "ကျေးဇူးသိတတ် + ကျေးဇူးဆပ်တာ + ရတနာ"
## တရားတော်

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဖခင်ကြီး ဦး( ) မိခင်ကြီး ဒေါ်( ) အတွက် ရည်စူးချက်ထားပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်လှသော ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်တောင်၊ နေရာထိုင်၊ သောက်ရေစတဲ့ လှူဖွယ်ဝတ္ထုအစုစုများဖြင့် ဆက်ကပ်လှူဒါန်းပြီးတော့ ဖခင်ကျေးဇူးဆပ်တဲ့ (မိခင် ကျေးဇူးဆပ်တဲ့၊ မိဘကျေးဇူးဆပ်တဲ့) ကုသိုလ်ပြုပွဲမှာ ဟောကြားမည့်တရားတော်က "ကျေးဇူးသိတတ် + ကျေးဇူး ဆပ်တာ + ရတနာ" တရားတော်တဲ့။

ဘာတရားတဲ့လဲ။ (ကျေးဇူးသိတတ် ကျေးဇူးဆပ်တာ ရတနာ တရား တော်ပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

**ကတညူ ကတဝေဒီ ပုဂ္ဂလော -**
**ဒုလ္လဘော လောကသ္မိံ။**

(အံ၊ ပါ၊ ၂၊ ၂၀၉။)

http://www.dhammadownload.com



**လောကသ္မိံ** - လောက၌။ **ကတညူ** - သူတစ်ပါးပြုဘူး၊ မြတ်ကျေးဇူးကို၊ အထူးမပြတ်၊ သိမြင်တတ်သော။ (မိဘကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးမပြတ်၊ သိမြင်တတ်သော) **ကတဝေဒီ** - သူတစ်ပါးပြုဘူး၊ မြတ်ကျေးဇူးကို၊ အထူး ဖော်တတ်၊ ပေးဆပ်တတ်သော (ဒါက အများ နဲ့သက်ဆိုင်တဲ့ အနက်ပါ) အခု မိဘများ ရည်စူးပြီးတော့ ကျေးဇူးဆပ်တဲ့ပွဲဆိုတော့ ဒီနေရာနဲ့သင့်လျော်တဲ့ အနက်ကို ဒီလိုပေးရမယ်။

**ကတဝေဒီ** - မိဘပြုဘူး၊ မြတ်ကျေးဇူးကို၊ အထူးဖော်တတ်၊ ပေးဆပ်တတ်သော။ **ပုဂ္ဂလော** - ပုဂ္ဂိုလ်ကို (ဝါ) သားသမီးကို၊ **ဒုလ္လဘော** - သူငါ အမြဲ၊ ရနိုင်ခဲ၏။

လောကမှာ ကိုယ့်အပေါ်မှာ ကျေးဇူးတရား အလွန်များတဲ့ မိဘကျေးဇူး သိတဲ့ ဆပ်တဲ့ သားသမီးဆိုတာ ရခဲတယ်၊ ရှားတယ်တဲ့။ မိဘကျေးဇူးသိတဲ့ ဆပ်တဲ့ သားသမီးဆိုတာ ရှိတော့ရှိတယ်၊ ဒါပေမယ့် ရှားတယ်။

ဒီနေ့ မိဘများအတွက် ရည်စူးချက်ထားပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးနေတဲ့ သားသမီးတွေဟာ မိဘများရဲ့ကျေးဇူးကို သိနေတာဖြစ်တယ်၊ သိတဲ့အတိုင်း ပေးဆပ်နေတာဖြစ်တယ်၊ မိဘကျေးဇူးသိတဲ့၊ ဆပ်တဲ့ သားသမီးဟာ ရတနာ သားသမီးဖြစ်တယ်၊ ရတနာဆိုတာ နှစ်သက်စရာကောင်းတာကို ရတနာလို့ ဆိုတယ်၊ လောကီရွှေငွေ စိန် ကျောက်စတဲ့ ရတနာတွေဟာ လူတွေကို စွဲလန်းနှစ်သက် မြတ်နိုးစေတယ်၊ အဲဒါက လောကီရတနာပေါ့၊ အဲဒီ လောကီရတနာတွေထက် တန်ဖိုးရှိတာ၊ နှစ်သက်စရာ ပိုကောင်းတာ ကတော့ အခုလို မိဘများရဲ့ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တတ်တယ်ဆိုတဲ့ ရတနာက ပိုပြီးတော့ နှစ်သက်မြတ်နိုးစရာကောင်းတယ်။

မိဘကျေးဇူးသိတတ်တာ ဘာတဲ့လဲ၊ (ရတနာပါဘုရား) မိဘကျေးဇူး သိတဲ့အတိုင်း ပေးဆပ်တာ (ရတနာပါဘုရား)

ဒါဆိုရင် ဒီနေ့ မိဘကျေးဇူးသိနေ၊ ဆပ်နေတဲ့ သားသမီးတွေဟာ နှစ်သက်စရာကောင်းတဲ့ ရတနာသားသမီးတွေ ဖြစ်တယ်နော် (မှန်လှပါဘုရား)

ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။ (ကျေးဇူးသိတတ် ကျေးဇူးဆပ်တာ ရတနာတရားတော်ပါ ဘုရား)

http://www.dhammadownload.com



မိဘကျေးဇူးသိတတ်၊ ဆပ်တတ်ရင် နှစ်သက်စရာ ကောင်းတဲ့ ရတနာသားသမီးဖြစ်တယ်။ မိဘကျေးဇူးမသိ မဆပ်တဲ့ သားသမီးတွေကိုတော့ သူတို့ကို မိဘများ မွေးထုတ်ရတာ ကိုယ်နာရတယ်၊ ရင်နာရတယ်၊ စိတ်နာရတယ်၊ ဒါ့ကြောင့် ရ-တာနာ သားသမီးတွေ ဖြစ်တယ်လို့ ကောက်ချက်ချမိတယ်။

ဒီနေ့ကစ မက်ဖိုလ်နိဗ္ဗာန်ရမည့် ဘဝတိုင်အောင် မိဘကျေးဇူး အထူးသိတတ်၊ အထူးဆပ်တတ်တဲ့ သားကောင်းသမီးမြတ်တွေဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ ဆုပေး ဆုတောင်းခဲ့ပါတယ်။

ကဲ လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင် -

* *မိခင်ကျေးဇူး၊ အထူးသိတာ၊ လောကမှာ၊ ရတနာဖြစ်သည်။*
* *ဖခင်ကျေးဇူး၊ အထူးသိတာ၊ လောကမှာ၊ ရတနာဖြစ်သည်။*
* *မိခင်ကျေးဇူး၊ အထူးဆပ်တာ၊ လောကမှာ၊ ရတနာဖြစ်သည်။*
* *ဖခင်ကျေးဇူး၊ အထူးဆပ်တာ၊ လောကမှာ၊ ရတနာဖြစ်သည်။*
* *မိဘကျေးဇူး၊ အထူးသိတတ်၊ အထူးဆပ်တာ၊ လောကမှာ၊ ရတနာဖြစ်သည်။*
* *ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တာ၊ ရတနာ၊ သေချာဟောခဲ့ပြီ။*

ဒီနေ့ပြုရတဲ့ ကုသိုလ်တွေကို ဘာဝတစ်ပါးပြောင်း သွားကြတဲ့ ဖခင်ကြီး ဦး( ) မိခင်ကြီး ဒေါ်( ) တို့ သိပါစေ ရပါစေ လူ့ဘုံနတ်ဘုံ အရပ်စုံမှာ စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် ရုံဖွယ် ဘုံဗိမာန် ပဒေသာပင် အစရှိတဲ့ ကောင်းကျိုးချမ်းသာအဖြာဖြာတွေ ပြည့်ပြည့်ဝဝ ရရှိခံစား စံစားနိုင်ပါစေလို့ မိဘတွေကို အဓိကထားကာ ရေစက်သွန်းချ အမျှဝေကြရအောင် ကဲ - ရေစက်ခွက်ကိုင် လိုက်ဆို -

၁။ အရှင်ဘုရား၊ တပည့်တော်များသည်၊ ဘဝတစ်ပါး၊ ပြောင်းရွှေ့သွားသော ဖခင်ကြီး ဦး( ) မိခင်ကြီး ဒေါ် ( ) တို့အား ရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား မွန်မြတ်လှသော ဆွမ်း၊ သင်္ကန်း၊ အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါကုန်၏။

http://www.dhammadownload.com



၂။ မိဘဂုဏ်ထူး စိတ်ရည်စူးကာ ပြုလိုက်ရသော ဤကောင်းမှုများကို ဘဝတစ်ပါး ပြောင်းသွားကြသော ဖခင်ကြီး ဦး( ) မိခင်ကြီး ဒေါ်( ) သိရှိဝမ်းမြောက်နုမော် သာဓုခေါ်၍ လူ့ဘုံနတ်ဘုံ အရပ်စုံ၌ စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် ရုံဖွယ် ဘုံဗိမာန်ပဒေသာပင် အစရှိသော ကောင်းကျိုး ချမ်းသာ ပြည့်ပြည့်ဝဝ ရရှိခံစားစံစားနိုင်ပါစေ။

မိဘကျေးဇူး၊ အထူးသိတတ်၊ အထူးဆပ်ရ၊ ဒါန သီလ ဘာဝနာပေါင်းစု ဤကောင်းမှုကြောင့် တပည့်တော်များသည်လည်း နိဗ္ဗာန်ချမ်းသာ ရရပါလို ဆုတောင်းကြပါကုန်၏။

နိဗ္ဗာန်မရ၊ ဘဝသံသရာ၊ ကျင်လည်ရာ၌၊ ယနေ့ကဲ့သို့ မိဘကျေးဇူး၊ အထူးသိတတ်၊ အထူးဆပ်တတ်သော သားကောင်းသမီးမြတ်တွေ ဖြစ်ရပါလို ဆုတောင်းကြပါကုန်၏။

၃။ မိဘကျေးဇူး၊ အထူးသိတတ်၊ အထူးဆပ်ရသော ဒါနသီလာ ဘာဝနာ ပေါင်းစု မြတ်ကောင်းမှုများ၏အဖို့ ဘာဂမှန်သမျှကို အထူးအားဖြင့် ကွယ်လွန်သူ ဖခင်ကြီး ဦး( ) ဒေါ်( )အား သိစေရစေ ပေးမျှဝေ၏။

ထိုမှတစ်ပါး ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ် အစရှိသော မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ နတ်လူပြဟ္မာ သတ္တဝါတို့အား သိစေရစေ ပေးမျှဝေသည် ကောင်းပေ သာဓုခေါ်စေသော်။

အားလုံး အမျှ၊ အမျှ၊ အမျှ

ယူတော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

၁၉-၂-၂၀၀၃

နေ့ (၂) နာရီပြီး။

× × ×

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ + ပဥ္စကနိပါတ်ပါဠိတော် + အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ်နှင့် တိရောကုဋ္ဋပေတဝတ္ထုဝဏ္ဏနာကို တန်ဆာဆင်၍ ဟောကြားအပ်သော

## "ဖြေ့ဝေအမျှ + ကောင်းကျိုးရ" တရားတော်

ဒီနေ့ ဘဝတစ်ပါး ပြောင်းသွားတဲ့ ဦး(     ) ဒေါ် (     )အတွက် ရည်စူးပြီးတော့ပြုတဲ့ ကုသိုလ်ပွဲမှာ ဟောကြားမည့် တရားတော်က **"ဖြေ့ဝေအမျှ + ကောင်းကျိုးရ"** တရားတော်တဲ့။

ဘာတရားတဲ့လဲ (ဖြေ့ဝေအမျှ ကောင်းကျိုးရ တရားတော်ပါဘုရား)

ဒီလို နာရေးကိစ္စတွေ ကြုံလာတဲ့အခါမှာ ကိုယ့်အကျွက် သောကပရိဒေဝစတဲ့ အပူမီးတောက်တွေ ငြိမ်းပျောက်ဖို့ရန်အတွက် တရားနဲ့ဆင်ခြင်ကာ ဖြေရမယ်၊ ဘယ်တရားတွေနဲ့ဆင်ခြင်ကာ ဖြေရမလဲဆိုတော့ အဘိဏှသုတ်တော်လာ တရားတွေနဲ့ ဆင်ခြင်ကာ ဖြေရမယ်။

(အံ၊ ပါ၊ ၂၊ ၆၃)

၁။ သူသူငါငါ သတ္တဝါတွေဟာ အိုရမယ်၊ အိုခြင်း သဘောကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးလို့ အိုရေးကို ကြိုတွေးကာ အမြဲဆင်ခြင်ရမယ်၊ အဲဒီလို မအိုခင်ကပင် အိုရေးကို ကြိုတွေးကာဆင်ခြင်ထားတော့ အိုတဲ့အခါမှာ အိုတာဘာဆန်းလို့လဲ၊ မအိုရင်တာ ဆန်းတာ၊ ငါက အိုရေးကို ကြိုတွေးကာ ဆင်ခြင်ပြီးပြီပဲလို့ သက်သာရာရတယ်၊ ဖြေဆည်ရာရတယ်၊ ဖြေနိုင်တယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ သတ္တဝါတွေကို သက်သာရာရအောင်၊ အပူတွေ ပျောက်အောင် ဆောင်ရွက်ပေးနိုင်ပါတယ်။ ခန္ဓာရရင် အိုဒဏ်ခံရမှာပဲ။ အိုဒဏ်ခံနိုင်အောင် အိုရေးကို ကြိုတွေးကာ ဆင်ခြင်ထားပါ။

http://www.dhammadownload.com



၂။ သူသူငါငါ သတ္တဝါတွေဟာ နာရမယ်၊ နာခြင်း သဘောကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးလို့ နာရေးကို ကြိုတွေးကာ ဆင်ခြင်ရမယ်၊ အဲဒီလို မနာခင် ကပင် နာရေးကိုကြိုတွေးကာ ဆင်ခြင်ထားတော့ နာတဲ့အခါမှာ နာတာ ဘာဆန်းလို့လဲ၊ မနာတာမှ ဆန်းတာ၊ ငါက နာရေးကို ကြိုတွေးကာ ဆင်ခြင်ပြီးပြီပဲလို့ သက်သာရာရတယ်၊ ဖြေနိုင်တယ်၊ ဒီတော့ ခန္ဓာရရင် နာဒဏ် ခံရမှာပဲ၊ နာဒဏ်ခံနိုင်အောင် မနာခင်ကပင် နာရေးကိုကြိုတွေးကာ ဆင်ခြင်ထားပါ။

၃။ သူသူငါငါ သတ္တဝါတွေဟာ သေရမယ်၊ သေခြင်းသဘောကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးလို့ သေရေးကို ကြိုတွေးကာ ဆင်ခြင်ရမယ်၊ အဲဒီလို မသေခင်ကပင် သေဘေးကို ကြိုတွေးကာ ဆင်ခြင်ထားရင် ကိုယ်ပဲ သေသေ၊ သူများပဲသေသေ၊ သေတာဘာဆန်းလို့လဲ၊ မသေရင်တာဆန်းတာ၊ ငါက သေရေးကို သေဘေးကို ကြိုတွေးကာ ဆင်ခြင်ထားပြီးပြီပဲလို့ သက်သာရာရတယ်၊ ဖြေဆည်ရာရတယ်၊ ဖြေနိုင်တယ်။

ခန္ဓာရရင်တော့ သေဒဏ်ခံရမှာပဲ၊ သေဒဏ်ခံနိုင်အောင် သေရေးကို ကြိုတွေးကာ ဆင်ခြင်ထားပါ။

၄။ သူသူငါငါ သတ္တဝါတွေဟာ ချစ်ခင်မြတ်နိုးအပ်တဲ့ သက်ရှိသက်မဲ့ အရာအားလုံးနဲ့ ရှင်ကွဲကွဲရမယ် (ရှင်ခွဲခွဲရမယ်)၊ သေကွဲကွဲရမယ် (သေခွဲခွဲရမယ်) လို့ မကွဲသေးခင် ကွဲဘေးကို ကြိုတင်မြင်ထားတာ ဆင်ခြင်မယ်၊ အဲဒီလို ဆင်ခြင်ထားတော့ တစ်ကယ်ရှင်ကွဲကွဲရတဲ့အခါ၊ သို့မဟုတ် သေကွဲကွဲရတဲ့ အခါမှာ အို - ကွဲရ၊ ခွဲရတာ ဘာဆန်းလို့လဲ၊ မကွဲရ၊ မခွဲရရင်တာ ဆန်းတာ၊ ငါက ကွဲဘေးကို၊ ကွဲရေးကို ကြိုတင်ပြီးတော့ ဆင်ခြင်ပြီးပြီပဲလို့ သက်သာရာ ရတယ်၊ ဖြေဆည်ရာရတယ်၊ ဖြေနိုင်တယ်။

ခန္ဓာရရင်တော့ ကွဲရတဲ့ဒဏ်၊ ခွဲရတဲ့ဒဏ်ခံရမှာပါပဲ၊ ကွဲဒဏ်၊ ခွဲဒဏ် ခံနိုင်အောင် ကြိုတင်ပြီးတော့ ဆင်ခြင်ထားပါ။

http://www.dhammadownload.com



၅။ သူသူငါငါ သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ကံရဲ့အမွေခံဖြစ်တယ်၊ ကံသာလျှင် အကြောင်း ရှိတယ်၊ ကံသာလျှင် ဆွေမျိုး ရှိတယ်၊ ကံသာလျှင် ကိုးကွယ် မှီခိုရာ ရှိတယ်၊ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲ ဖြစ်ဖြစ် ကိုယ်ပြုတဲ့ကံအတိုင်းပဲဖြစ်ရတယ်လို့ ကံကို အမြဲဆင်ခြင်ရမယ်။

ဒီတော့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဦး( ) ဒေါ် ( )လည်း သူပြုခဲ့တဲ့ကံအတိုင်းပဲ ဘဝနိဂုံးချုပ်သွားရတာပဲလို့ ကံကို ဆင်ခြင်လိုက်ရင် သက်သာရာ၊ ဖြေဆည်ရာရတယ်။

ဒီလို နာရေးကိစ္စတွေကြုံတွေ့လာတဲ့အခါမှာ အဲဒီ အဘိဏှသုတ်တော်လာ တရားငါးမျိုးနဲ့ ဆင်ခြင်ဖြေသိမ့်ရင် ကိုယ့်အတွက် (ကျန်ရစ်သူမိသားစုတွေ အတွက်) သောက၊ ပရိဒေဝစတဲ့ အပူမီးတောက်တွေ ငြိမ်းပျောက်တဲ့ ကောင်းကျိုးရမှာ မလွဲပါဘူး။ ဒါ့ကြောင့် အဲဒီတရားငါးမျိုးနဲ့ ဆင်ခြင်ကာ ဖြေပါလို့ အသိဉာဏ်ပေးပါတယ်။

ကိုယ့်အတွက် အပူပြေအောင်၊ အပူသေအောင် တရားနဲ့ဖြေပြီးရင် ဘဝတစ်ပါး ပြောင်းသွားတဲ့ ဦး( ) ဒေါ်( ) အတွက် ဒီနေ့ပြုတဲ့ကုသိုလ်တွေကို အမျှဝေရမယ်၊ ဝေတဲ့အလုပ် လုပ်ရမယ်။

ဒီတော့ ဒီနေ့ ကျန်ရစ်တဲ့မိသားစုတွေ ပြုလုပ်ထားတဲ့ ဒါန သီလ ဘာဝနာပေါင်းစု မြတ်ကောင်းမှုများကို ဘဝတစ်ပါးပြောင်းသွားတဲ့ ဦး( ) ဒေါ်( ) သိပါစေ၊ ရပါစေလို့ အမျှဝေလိုက်တဲ့အခါမှာ ဘဝတစ်ပါးပြောင်း သွားတဲ့ ဦး( ) ဒေါ်( )က သိရှိဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင်ရင် ပြိတ္တာဘဝဖြစ်နေပါက အဲဒီပြိတ္တာ ဘဝမှလွတ်မြောက်ပြီး လူ့ဘုံနတ်ဘုံ အရပ်စုံမှာ စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် ရုံဖွယ် နေဖွယ် ထိုင်ဖွယ် ဘုံဗိမာန် ပဒေသာပင် စတဲ့ ကောင်းကျိုးတရားတွေ ခံစားစံစားနိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဒီလို ဘဝတစ်ပါးပြောင်းသွားသူတွေအတွက် ကုသိုလ်ပြု ပေးတဲ့နေရာမှာ အချက် (၃)ချက်ကို သိထားစေချင်တယ်၊ သတိထား စေချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ -

http://www.dhammadownload.com



၁။ သေသူသိဖို့၊ ရဖို့အတွက် သေသူအတွက် ရည်ရွယ်ပြီး ကုသိုလ်ကို ပြုပေးရမယ်။

၂။ သီလရှိတဲ့ ရဟန်းသံဃာ (သို့မဟုတ်) သီလရှိတဲ့ ကိုရင်၊ လူတွေကို ရွေးချယ်ပြီး အလှူပေးရမယ်။ (ဒီအချက် အရေးကြီးတယ်၊ ဒါ့ကြောင့် သံဃာတော်များရဲ့ဂုဏ်ကို အာရုံပြုပြီးလှူပါ။)

၃။ သေသွားတဲ့ ဦး( ) ဒေါ်( )ကလည်း လာရောက်ပြီး ဝမ်းမြောက်နမော် သာဓု ခေါ်နိုင်ရမယ်။

ဒီအချက်လည်းအရေးကြီးတယ်။ သေတဲ့သူအတွက် ရည်ရွယ်ပြီး ကုသိုလ် ပြုတဲ့အိမ်တိုင်းမှာ တွေ့ရတာကတော့ တရားနာတော့မယ်ဆိုရင် ဦး( ) ဒေါ်( ) တရားနာတော့မယ်၊ တရားနာလာပါလို့ (၃)ကြိမ်လောက်ခေါ်တာ တွေ့ရတယ်၊ အဲဒီလောက်ခေါ်ရုံနဲ့တော့ ဘုန်းကြီးတို့က သိပ်အားမရဘူး။

ဘုန်းကြီးကတော့ ဘဝတစ်ပါး ပြောင်းသွားတဲ့ ဦး( ) ဒေါ်( ) ယခု တရားနာတော့မယ့်အိမ်တွင်းကို လာရောက်နိုင်ပါစေ၊ အကယ်၍ ဒီနေ့ပြုနေတဲ့ကုသိုလ်တွေကို သိနိုင်မြင်နိုင်တဲ့ ဒီအနီးအနားနေရာမှာ မရှိဘူး ဆိုရင်လည်း (တစ်နယ်တစ်ကျေး အရပ်ဝေးမှာ ရောက်နေတယ်ဆိုရင်လည်း) ကုဝေရ၊ ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ ဆိုတဲ့ စတုလောကပါလ နတ်မင်းကြီး လေးယောက်ရဲ့ ပြောကြားချက်ကို အမြန်ဆုံးသိရှိပြီး ဤအိမ်အတွင်းကို ရောက်လာနိုင်ပါစေ၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ လမ်းစောင့်နတ်၊ အိမ် တံခါးစောင့်နတ်များကလည်း ဦး( ) ဒေါ်( )ကို ဝင်ခွင့်ပေးပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်၊ အဲဒီလို ပြည့်ပြည့်စုံစုံပြောပြီး ဖိတ်မံလိုက်တာ ပူးဝင်ပြီး သာဓုခေါ်နိုင်သူများစွာ တွေ့ရတယ်။

အဲဒီအချက် (၃) ချက်နဲ့ပြည့်စုံမှ သေတဲ့သူဟာ ပြိတ္တာဘဝရောက်နေရင် အဲဒီဘဝမှ လွတ်မြောက်နိုင်တယ်။ နာရေးကိစ္စကြုံလာတိုင်း အဲဒီအချက် (၃)ချက်ကို သိထား၊ သတိထားပြီးပြုကြပါလို့ တိုက်တွန်းလိုပါတယ်။

(ပေပ၁၊ ၄၊ ၂၅) ၅

အဓိက အဆုံးသတ်ပြောလိုတာကတော့ နာရေးကိစ္စတွေ တွေ့ကြုံ လာတဲ့အခါမှာ ကိုယ့်အတွက် သောက၊ ပရိဒေဝ စတဲ့ အပူမီးတွေ အေးငြိမ်း

http://www.dhammadownload.com



အောင် အပူသက်သာအောင် တရားနဲ့ဖြေတတ်ရင် သောက၊ ပရိဒေ၀စတဲ့ အပူတွေသက်သာတဲ့ ကောင်းကျိုးတွေရတယ်။

ဘ၀တစ်ပါးပြောင်းသွားတဲ့သူအတွက် ရည်ရွယ်ချက်ထားပြီးတော့ ပြုတဲ့ကုသိုလ်တွေကို စနစ်တကျရွေးချယ်လှူကာ၊ စနစ်တကျ ဖိတ်မံပြီး အမျှဝေတတ်မယ်ဆိုရင် သေသူအတွက် ပြိတ္တာဘ၀မှ လွတ်မြောက်တဲ့ကောင်းကျိုး တွေကို မုချပိုင်ပိုင် ရနိုင်တယ်လို့ အသိဉာဏ်ပေးဝါတယ်။

စနစ်တကျဖြေတတ်၊ အမျှဝေတတ်ရင် ဖြေသူ၊ သေသူ နှစ်ဦးနှစ်ဝ ကောင်းကျိုးတွေရတယ်လို့ ဆိုလိုတဲ့ "ဖြေ, ဝေအမျှ ကောင်းကျိုးရ" တရားတော်တဲ့၊ ဘာတရားတဲ့လဲ (ဖြေဝေအမျှ + ကောင်းကျိုးရ တရားတော် ပါဘုရား)

နာရေးကိစ္စတွေ ကြုံလာတဲ့အခါမှာ စနစ်တကျ ဖြေတတ်၊ ဝေတတ် ရမယ်နော်။ (မှန်လှပါဘုရား)

ဖြေတတ်ဝေတတ်၊ ပြေသေမြတ်တဲ့။ ဖြေတတ်တဲ့သူ အပူပြေတယ်၊ စနစ်တကျ အမျှဝေတတ်ရင် သေတဲ့သူ ပြိတ္တာဘ၀မှ လွတ်မြောက်ခြင်း ကောင်းကျိုး အမြတ်ရတယ်နော် (မှန်လှပါဘုရား)။

သေတဲ့သူဆိုတာ ရှာလို့ကော တွေ့ပါဦးမလား။ (မတွေ့ပါဘုရား)

ရှာလို့မတွေ့ပေမယ့် သူ့ရဲ့ကျေးဇူးတရားတွေက တစ်ကယ်များတာ ဆိုတော့ ကြာလို့ကော မေ့လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)

အခု သေသူတွေသွားတဲ့လမ်းကြီးကို အခု တရားဟော၊ တရားနာ သူတွေကော ရှောင်လို့ရပါ့မလား (မရပါဘုရား)

ဒီလိုဆိုရင် တရားဟော၊ တရားသူတွေအနေနဲ့ "ငါတို့လည်း တစ်နေ့" သေရမှာမလွဲပါဘူးလို့ သံဝေဂ ယူကြရမယ်နော် (မှန်လှပါဘုရား)

ရှာလို့လည်းမတွေ့၊ ကြာလို့လည်းမမေ့၊ ငါတို့လည်း တစ်နေ့လို့ မှတ်ထားပါ။ သံဝေဂယူကာ ဆင်ခြင် နှလုံးသွင်းပါ။

http://www.dhammadownload.com



ကဲ ကဗျာလင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင် -

* သေတဲ့သူဆိုတာ၊ ရှာလို့လည်း မတွေ့ပါ။
* သေတဲ့သူကို၊ ကြာလို့လည်း မမေ့ရာ။
* သေတဲ့သူလို၊ ငါတို့လည်း တစ်နေ့မှာ၊ မလွဲမုချ သေရမှာ။
* မအိုသေးခင်၊ အိုဘေးမြင်၊ ဆင်ခြင်အိုက၊ သက်သာရ၏။
* မနာသေးခင်၊ နာဘေးမြင်၊ ဆင်ခြင်နာက၊ သက်သာရ၏။
* မသေသေးခင်၊ သေဘေးမြင်၊ ဆင်ခြင်သေက၊ သက်သာရ၏။
* မကွဲသေးခင်၊ ကွဲဘေးမြင်၊ ဆင်ခြင်ကွဲက၊ သက်သာရ၏။

  (မခွဲသေးခင်၊ ခွဲဘေးမြင်၊ ဆင်ခြင်ခွဲက၊ သက်သာရ၏။)
* သူသူငါငါ၊ သတ္တဝါကို၊ ကံသာစီမံ၊ ကံသာဖန်ဟု၊ ကံကိုရှုက၊ သက်သာရသည်၊ နှလုံးရှုလေအမြဲတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ် + ပဉ္စကနိပါတ်ပါဠိတော် + တတိယပဏ္ဏာသက + တိကဏ္ဍကီဝဂ် + သပ္ပုရိသဒါနသုတ္တန်ကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြား ပြောကြားအပ်သော

## "ကောင်းသောအလှူ + ကောင်းသောလှူ" တရားတော်

ဒီနေ့ ဦး( ) ဒေါ်( ) မိသားစုတို့ရဲ့ ရဟန်းခံ ရှင်ပြု ကုသိုလ်မင်္ဂလာပွဲမှာ ဟောကြားမည့်တရားတော်က "ကောင်းသောအလှူ + ကောင်းသောလှူ" တရားတော်တဲ့။ ဘာတရားတဲ့လဲ (ကောင်းသောအလှူ ကောင်းသောလှူ တရားတော်ပါဘုရား)။

ကောင်းတဲ့အလှူဆိုတာ ဘယ်လိုအလှူ၊ ကောင်းတဲ့လှူဆိုတာ ဘယ်လိုလှူ ဖြစ်တယ်ဆိုတာကို အသိဉာဏ်ပေးမယ့် တရားနော် (မှန်လှပါဘုရား)

ကဲ - စပြီးတော့ ဟောကြနာကြရအောင် -

**ပဉ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ။**

(အံ၊ ပါ၊ ၂၊ ၁၅၂)

**ဘိက္ခဝေ** - ရဟန်းတို့။ **သပ္ပုရိသဒါနာနိ** - သူတော်ကောင်းတို့၏ ပေးလှူခြင်းတို့သည်။ **ဣမာနိပဉ္စ** - ဤငါးပါးတို့ပါပေတည်း။

ရဟန်းတို့ သူတော်ကောင်းတွေရဲ့ ပေးလှူတဲ့ အလှူငါးမျိုးရှိတယ်။ ကောင်းသောအလှူငါးမျိုးရှိတယ်။

**ကတမာနိပဉ္စ** - အဘယ်ငါးမျိုးတို့နည်းဟူမူ။ အဲဒီ ငါးမျိုးက ဘာတွေလဲဆိုတော့။

http://www.dhammadownload.com



၁။ သဒ္ဓါယ ဒါနံ ဒေတိ၊

(အံ၊ ပါ၊ ၂၊ ၁၅၂)

**သဒ္ဓါယ** - ဒါနကုသိုလ်နှင့် ဒါနကုသိုလ်၏အကျိုးကို ယုံကြည်၍။ **ဒါနံ** - လှူဖွယ်ဝတ္ထု၊ အစုစုကို။ **ဒေတိ** - ပေးလှူ၏။

ဒါနကုသိုလ်နဲ့ ဒါနကုသိုလ်ရဲ့အကျိုးကို ယုံကြည်ပြီးတော့ လှူတာကို သဒ္ဓါဒါန လို့ဆိုတယ်၊ အဲဒီ **သဒ္ဓါ** ဒါန ဟာကောင်းသော အလှူဖြစ်တယ်၊ အဲဒီလို **သဒ္ဓါဒါန** သဒ္ဓါတရားနဲ့လှူတဲ့လူက ကောင်းသောလူဖြစ်တယ်။

ဒီတော့ သဒ္ဓါနဲ့လှူရင် ကောင်းသောအလှူကောင်းသောလူဖြစ်တယ်၊ ဒီနေ့ ရဟန်းခံ ရှင်ပြုကုသိုလ်မင်္ဂလာ ပြုနေကြတဲ့ ဒကာ၊ ဒကာမတွေဟာ သဒ္ဓါတရားနဲ့ လှူနေကြတဲ့သူတွေဆိုတော့ ကောင်းသောအလှူကောင်းသော လူတွေဖြစ်တယ်လို့ အသိဉာဏ်ပေးပါတယ်။

ကောင်းသောအလှူဆိုတာ သဒ္ဓါနဲ့လှူတာ၊ ကောင်းသောလူဆိုတာ သဒ္ဓါနဲ့လှူသူ၊ ဒီလိုနော် (မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ပြောတဲ့တရားက ဘာတရားတဲ့လဲ (ကောင်းသောအလှူ ကောင်းသောလူ တရားတော်ပါဘုရား)

ကောင်းသောအလှူ၊ ကောင်းသောလူ ဟုတ်/မဟုတ်ကို သဒ္ဓါနဲ့ တိုင်းရမယ်နော် (မှန်လှပါဘုရား) ဘာနဲ့တိုင်းရမတဲ့လဲ။ (သဒ္ဓါနဲ့တိုင်းရမှာပါ ဘုရား)

ဒီတော့ ဒီနေ့ အလှူရှင်တွေက သဒ္ဓါနဲ့လှူနေတာ ဆိုတော့ ဒီနေ့အလှူဟာ ဘယ်လိုအလှူပါလိမ့် (ကောင်းသောအလှူပါဘုရား) ဒီနေ့အလှူရှင်တွေဟာ ဘယ်လိုလူတွေပါလိမ့် (ကောင်းသောလူတွေပါဘုရား)

ကဲ - လင်္ကာလေးတွေ လိုက်ဆို -

* *သဒ္ဓါနဲ့လှူ၊ ကောင်းအလှူ၊ မှတ်ယူဖြစ်ပေသည်။*
*သဒ္ဓါနဲ့လှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*
*ကောင်းသောအလှူ၊ ကောင်းသောလူ၊ မှတ်ယူဟောခဲ့သည်။*

အဲဒီလို သဒ္ဓါနဲ့လှူတော့ ဘယ်လိုကောင်းကျိုးတွေ ရတယ်ဆိုတာကို ဆက်ပြီးတော့ ဟောကြနာကြရအောင်-

http://www.dhammadownload.com



**သဒ္ဒါယ ခေါ ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ**

**တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ။**

**ဘိက္ခဝေ** - ရဟန်းတို့၊ **သဒ္ဒါယ** - ယုံကြည်၍၊ **ဒါနံ** - အလှူကို၊ **ဒတွာ** - ပေးလှူခြင်းကြောင့်၊ **ယတ္ထ ယတ္ထ** - အကြင်အကြင်ဘဝ၌။ **တဿဒါနဿ** - ထိုပေးလှူကြောင်း ကုသိုလ်စေတနာ၏၊ **ဝိပါကော** - အကျိုးသည် **နိဗ္ဗတ္တတိ** - ဖြစ်၏။

ရဟန်းတို့ ယုံကြည်ပြီးလှူတဲ့အတွက်ကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ဒါနရဲ့အကျိုးကို မလွဲမသွေ ခံစားရမယ်။

**အဍ္ဎောစ ဟောတိ မဟဒ္ဓနော**

**မဟာဘောဂေါ၊ အဘိရူပေါစ ဟောတိ**

**ဒဿနီယော ပါသာဒိကော ပရမာယ**

**ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော။**

**အဍ္ဎောစ** - ကိုယ်ပိုင်ဥစ္စာ၊ အဖြာဖြာအဝဝ၊ ပေါ်များရသည်လည်း၊ **ဟောတိ** - ဖြစ်၏။ **မဟဒ္ဓနော** - တွက်ရေမရ၊ များလှလေဘိ၊ ဥစ္စာရှိသည်။ **မဟာဘောဂေါ** - များပြားလှစွာ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်စည်းစိမ်ရှိသည်၊ (**ဟောတိ** - ဖြစ်၏) **အဘိရူပေါစ** - လွန်ကဲအဆင်း၊ လှပခြင်းရှိသည်လည်း၊ **ဟောတိ** - ဖြစ်၏။ **ဒဿနီယော** - ကြည့်ရှုချင်ဖွယ်၊ တစ်ကယ်နှေညာ၊ တင့်တယ်လှသည်၊ **ပါသာဒိကော** - တွေ့ရမြင်ရ၊ တဒင်္ဂနှင့်၊ ထာဝရအစဉ်၊ စိတ်ကြည်မှုကို ဖြစ်စေတတ်သည်၊ **ပရမာယ**-မြတ်သော **ဝဏ္ဏပေါက္ခရတာယ** - အဆင်း၏ကောင်းမွန်လှပသည့် အဖြစ်နှင့်၊ ဝါ - တင့်တယ်ဝင်းပ၊ အဆင်းလှ၍၊ ကိုယ်ကာယသဏ္ဌာန်၊ ပုံစံကျနသည့်အဖြစ်နှင့်၊ **သမန္နာဂတော** - ပြည့်စုံသည်၊ **ဟောတိ** - ဖြစ်၏။

ဖြစ်လေရာဘုံဘဝမှာ ကိုယ်ပိုင်ဥစ္စာ ကြွယ်ဝပေါများမယ်၊ ရေတွက်မရအောင် ဥစ္စာပေါမယ်၊ များပြားလှတဲ့ ငါးပါးအာရုံ ကာမဂုဏ်စည်းစိမ်တွေ ရမယ်၊ အလွန်အဆင်းလှမယ်၊ ကြည့်ရှုချင်ဖွယ်ရှိမယ်၊ တွေ့ရမြင်ရသူတွေရဲ့ သန္တာန်မှာ တဒင်္ဂ၊ သို့မဟုတ် အစဉ်ထာဝရပင် စိတ်ကြည်လင်မှုကို ဖြစ်စေမယ်၊ မြတ်တဲ့အဆင်းရဲ့ ကောင်းမွန်လှပခြင်းနဲ့ ပြည့်စုံမယ်။

http://www.dhammadownload.com



ရှင်းရှင်းပြောရရင် သဒ္ဓါဒါနကြောင့် ဥစ္စာပေါမယ်၊ ရုပ်ရည်အဆင်း ချောမောလှပမယ်နော် (မှန်လှပါဘုရား)

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*သဒ္ဓါဒါန၊ ပေးလှူကာ၊ ဘဝဖြစ်လေရာ။*

*ဥစ္စာပေါရ၊ ရုပ်ရည်လှ၊ မှချအဆင်းသာ။*

၂။ သက္ကစ္စံ ဒါနံ ဒေတိ၊

သက္ကစ္စံ - ရိုသေစွာ၊ ဝါ၊ လှူဖွယ် + လှူခံ ထိုနှစ်တန်၌၊ ကေန်မသွေ၊ ရိုသေသမှု၊ ကောင်းစွာပြု၍။ ဒါနံ - လှူဖွယ်ပစ္စည်း၊ အသီးသီးကို၊ ဒေတိ - အလေးတမူ၊ အရေးယူကာ၊ ပေးလှူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

ရိုရိုသေသေ လှူရမယ်တဲ့၊ ဒီနေရာမှာ ထပ်ပြီးတော့ မှတ်ရမှာက ကိုယ်လှူမည့် လှူဖွယ်ပစ္စည်းတွေကို ကောင်းကောင်းမွန်မွန် သန့်သန့်ရှင်းရှင်း ဖြစ်အောင်လုပ်ထားတာဟာ အလှူဝတ္ထုကို ရိုသေတာဖြစ်တယ်၊ သက်မဲ့လှူဖွယ် ပစ္စည်းကို ရိုသေပါလို့ ဆိုလိုတယ်၊ နောက်ပြီးတော့ အလှူခံပုဂ္ဂိုလ်ကို ရိုရိုသေသေ လေးလေးစားစား လက်နှစ်ဖက်နဲ့ လှူရမယ်။ သက်ရှိအလှူခံပုဂ္ဂိုလ်ကို ရိုသေပါလို့ ဆို လိုတယ်။ ခုခေတ်လူတွေကတော့ လက်တစ်ဖက်နဲ့၊ လက်ပြတ်ကြီးနဲ့ လှူနေ ယူနေကြတာဟာ မြင်ရတာ တော်တော်ဆိုးတယ်၊ အမြင်မတော်ဘူး၊ ဘုန်းကြီးက တော့ အဲဒီ လက်တစ်ဖက်နဲ့၊ လက်ပြတ်ကြီးနဲ့လှူတဲ့၊ ယူတဲ့လူတွေကို ဒီလို ပြောလိုက်တယ်၊ လက်တစ်ဖက်က ဘာဖြစ်လို့တုန်း၊ ပြတ်နေလို့လားလို့ မြောလိုက် တယ်၊ လက်တစ်ဖက်နဲ့ လှူတာ၊ ယူတာတွေဟာ ကြည့်မကောင်းဘူး၊ ရိုရိုသေသေ လှူရာမရောက်ဘူးလို့ သေသေချာချာမှတ်ပြီးတော့ လှူဖွယ်ဝတ္ထုကို သန့်ရှင်း ကောင်းမွန်အောင်စီမံပြီး အလှူခံပုဂ္ဂိုလ်ကို လက်နှစ်ဖက်နဲ့ ရိုရိုသေသေ လေးလေး စားစား လှူကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဒီတော့ လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်ကို ရိုသေစွာ လှူဟာဟာ ကောင်း သောအလှူဖြစ်တယ်၊ ရိုသေစွာလှူတဲ့လူဟာ ကောင်းသောလူဖြစ်တယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ - ကဗျာလေးတွေ လိုက်ဆို -

* *လှူဖွယ် + လှူခံ၊ ရှိသေပြန်၊ အမှန်ကောင်းအလှူ။*
* *လှူဖွယ် + လှူခံ၊ ရှိသေပြန်၊ အမှန်ကောင်းသောလှူ။*
* *ရှိသေစွာလှူ၊ ကောင်းအလှူ၊ မှတ်ယူဖြစ်ပေသည်။*
* *ရှိသေစွာလှူ၊ ကောင်းသောလှူ၊ မှတ်ယူဖြစ်ပေသည်။*
* *ကောင်းသောအလှူ၊ကောင်းသောလှူ၊မှတ်ယူဖြစ်ပေသည်။*

ရှိသေစွာလှူရင် ကောင်းကျိုးရပုံကို ဆက်ပြီးတော့ ဟောကြားကြရအောင်

**သက္ကစ္စံ ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿတဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဎောစ ဟောတိ၊ မဟဒ္ဓနော မဟာဘောဂေါ၊**

ဆိုတဲ့ ဒီအပိုဒ်အထိ အနက်ပေးနဲ့ အဓိပ္ပာယ်ကို ရှေ့ကအတိုင်းမှတ်ပါ။

ထူးတဲ့ ပါဠိအနက်ပေး၊ အဓိပ္ပာယ်ကို ဆက်လက် နာယူကြရအောင် -

**ယေ ပိဿ တေ ဟောန္တိ "ပုတ္တာ"တိဝါ "ဒါရာ"တိဝါ "ဒါသာ"တိဝါ "ပေဿာ"တိဝါ "ကမ္မကရာ" တိဝါ၊ တေပိသုဿူသန္တိ၊ သောတံ ဩဒဟန္တိ၊ အညာစိတ္တံ ဥပဋ္ဌပေန္တိ။**

**အပိ** - ထိုမျှလောက်သာ၊ မကပါသေး။ **အဿ** - ရှိသေကြည်ဖြူ ထိုအလှူပေးခဲ့ဘူးသူ၏၊ **ပုတ္တာတိဝါ** - သားသမီးတို့လည်း ဖြစ်ကုန်သော။ **ဒါရာတိဝါ** - မယားတို့လည်း ဖြစ်ကုန်သော။ **ဒါသာတိဝါ**-ကျွန်တို့လည်း ဖြစ်ကုန်သော၊ **ပေဿာတိဝါ**-အစေခံတို့လည်း ဖြစ်ကုန်သော။ **ကမ္မကရာတိဝါ**-အလုပ်သမားတို့လည်း ဖြစ်ကုန်သော။ **ယေတေ** - အကြင်အခြွေအရံဖြစ်သူ၊ အများလူတို့သည်။ **ဟောန္တိ**-ရှိကုန်၏။ **တေပိ**-ထိုအခြွေအရံဖြစ်သူ၊ အများ လူတို့သည်လည်း။ **သုဿူသန္တိ**-ပြောဆိုဆုံးမ၊ စကားလှကို၊ နားဝချိုချို၊ နာယူ လိုကြကုန်၏။ **သောတံ**-နားကို၊ **ဩဒဟန္တိ**-ကြည်သာ နှေ့ညာ၊ စွင့်ထောင်ထား ကြကုန်၏။ **အညာ** (အညာယ) သိခြင်းငှာ။ **စိတ္တံ** - စိတ်ကို၊ **ဥပဋ္ဌပေန္တိ** - ဖြစ်ပေါ်လာစေကြကုန်၏။

http://www.dhammadownload.com



ရှိသေစွာလှူဒါန်းရင် ဖြစ်လေရာ ဘဝတိုင်းမှာ ကြွယ်ဝမယ်၊ ချမ်းသာမယ်၊ ဥစ္စာပေါမယ်၊ အသုံးအဆောင် ပေါများမယ်ဆိုတဲ့ ကောင်းကျိုးတွေ ရရုံတင်မကသေးပါဘူးတဲ့၊ ကိုယ့်ရဲ့အခြွေအရံ ပရိသတ်တွေဖြစ်တဲ့ သားသမီးတွေ၊ ဇနီးမယားတွေ၊ ကျွန်တွေ၊ အစေခံတွေ၊ အလုပ်သမားတွေ အားလုံးကလည်း ကိုယ့်စကားကို နာယူကြတယ်၊ နားထောင်ကြတယ်၊ လိုက်နာကြတယ်၊ ကိုယ့်ရဲ့ အထာကို သိကြတယ်၊ နားလည်သဘောပေါက်ကြတယ်။ ကိုယ့်စကားကို ဘယ်သူကမျှ မတော်လှန်ကြဘူး၊ တော်လှန်ဦးတော့ တော်လှန်လို့ မရဘူးဆိုတဲ့ ကောင်းကျိုးတွေရတာဟာ ရှိသေစွာလှူတဲ့ သက္ကစ္စဒါနကြောင့်ရတာ ဖြစ်တယ်။

ကိုယ့်ရဲ့စကားကို ကိုယ်နဲ့ပတ်သက်တဲ့သူတွေ၊ မပတ်သက်တဲ့ သူတွေ လေးစားလိုက်နာစေချင်ရင် ကိုယ်က. လှူတဲ့အခါမှာ ရိုရိုသေသေ လှူဖို့လို တယ်နော် (မှန်လှပါဘုရား)

ခုခေတ်လူတွေ၊ ရဟန်းတွေ သိပ်ပြီးတော့ ညည်းကြတယ်၊ သားသမီး၊ ဇနီးမယား၊ အလုပ်သမားတွေ ပြောမကောင်းဘူး၊ တပည့်တွေ ပြောမကောင်းဘူး၊ စကားနားမထောင်ဘူးလို့ မညည်းကြဘူးလား (ညည်းကြပါတယ်ဘုရား) ဒီတော့ ပြောမကောင်းတဲ့၊ နားမထောင်တဲ့သူတွေ အပြစ်တင်ရမှာလား၊ ကိုယ် ရှိသေစွာ မလှူခဲ့တာ အပြစ်တင်ရမှာလား (ကိုယ် ရှိသေစွာ မလှူခဲ့တာ အပြစ်တင်ရမှာပါဘုရား) အေး - လူတွေ၊ ရဟန်းတွေ အပြစ်တင်၊ အပြစ်မြင် မှားနေတယ်နော် (မှန်လှပါဘုရား)

အာဏာမြဲချင်ရင်၊ အာဏာကြီးချင်ရင်လည်း ရှိသေစွာလှူပါ၊ လောက လူတွေ ပြောကြတယ်မဟုတ်လား၊ အာဏာကြီးချင်ရင်၊ အာဏာမြဲချင်ရင် ရှိသေစွာလှူပါ လို့ ပြောကြတယ်နော်။ (မှန်လှပါဘုရား)

ကဲ - ကဗျာလေးတွေလိုက်ဆို -

*ရှိသေဒါန၊ ပေးလှူကာ၊ ဘဝဖြစ်လေရာ။*

*သားသမီးများ၊ အစဉ်ထား၊ စကားမြဲလိုက်နာ။*

*ဇနီးမယား၊ သမီးသား၊ စကားရှိသေရှာ။*

*ကျွန်+အိမ်စေများ၊ လုပ်သမား၊ စကားရှိသေရှာ။*

http://www.dhammadownload.com



၃။ ကာလေန ဒါနံ ဒေတိ၊

ကာလေန - အချိန့်ကိုကြည့်၊ အချိန့်သိလင့်၊ ပေးလှူသင့်ရာ၊ ချိန့်အခါ၌။ ဒါနံ - အလှူကို၊ ဒေတိ - အလေးတစ်မူ၊ အရေးယူကာ၊ ပေးလှူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

အချိန်ကိုကြည့် အချိန်ကိုသိပြီးတော့ ပေးလှူသင့်တဲ့အချိန်မှာ ပေးလှူတာကို ကာလဒါနလို့ဆိုတယ်။

ဒီတော့ ဒကာ၊ ဒကာမတွေ လှူတဲ့အခါမှာ အချိန်ကို ကြည့်ပြီးတော့ လှူရမယ်။ အချိန်ကိုသိပြီးတော့ လှူရမယ်။ အခုလို ရဟန်းခံရှင်ပြုအလှူပွဲအချိန်ဆိုရင် ရဟန်းလောင်းကို သွားလှူမယ်၊ သိမ်ဆင်းသွားပြီးတော့ လောင်းလှူမယ်၊ ဝါဆိုချိန်ဆိုရင် ဝါဆိုသင်္ကန်းလှူမယ်၊ ကထိန်ချိန်ဆိုရင် ကထိန်သင်္ကန်းကပ်လှူမယ်၊ ရဟန်းသံဃာ၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း၊ ဧည့်သည်တွေ ကိုယ့်ကျောင်း၊ ကိုယ့်အိမ်ရောက်လာရင် ဧည့်သည်လာချိန်ကိုကြည့်၊ သိပြီးတော့ ကိုယ်တတ်နိုင်တဲ့ စားစရာ သောက်စရာ ဝတ်စရာ ရုံစရာတွေ ပေးလှူရမယ် (ဧည့်သည် ဒါန)။

(အံ၊ ပါ၊ ၂၊ ၃၅)

ရဟန်းသံဃာ၊ မိဘ၊ ဆရာသမား၊ မိတ်ဆွေတွေ၊ အသက်အရွယ်ကြီးသူတွေ ခရီးသွားမယ်၊ ဘုရားဖူးသွားမယ်ကြားရင် ခရီးသွားချိန်ဆိုတာ သူပဲဖြစ်ဖြစ်၊ ကိုယ်ပဲ ဖြစ်ဖြစ် လိုတတ်၊ တ,တတ်တာပဲလို့ ခရီးသွားချိန်ကိုကြည့်၊ ခရီးသွားချိန်ကိုသိပြီးတော့ ခရီးသွားဒါန ခရီးစရိတ်၊ စားစရာ စတာတွေ လှူပေးရတယ်။ (ခရီးသွား ဒါန။)

(အံ၊ ပါ၊ ၂၊ ၃၅)

အထက်ကပြောခဲ့တဲ့ပုဂ္ဂိုလ်တွေ နေမကောင်းဘူး ကြားရင် ဩော် - နေမကောင်းတဲ့အချိန်ဆိုတာ သူပဲဖြစ်ဖြစ် ကိုယ်ပဲဖြစ်ဖြစ် လိုတတ်၊ တ,တတ်တာပဲ၊ အားငယ်တတ်တာပဲလို့ နေမကောင်းတဲ့အချိန်ကိုကြည့်ပြီး၊ သိပြီးတော့

http://www.dhammadownload.com



ဆေးဝါးစရိတ်၊ ဆေးဝါးဒါန၊ အားဆေး၊ အားဖြစ်စေမယ့် အစားအသောက်တွေ ပေးလှူရမယ်။(ဂိလာနဒါန)

(အံ၊ ပါ၊ ၂၊ ၃၅)

နောက်ပြီးတော့ ရှားပါးတဲ့အချိန်ကိုကြည့်၊ ရှားပါးတဲ့အချိန်ကို သိပြီးတော့ ပြော် - သူပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ် ရှားပါးတဲ့အချိန်ဆိုတာ လိုတတ်၊ တ,တတ်တာပဲ၊ အားငယ်တတ်တာပဲလို့ ရှားပါးတဲ့အချိန်ကိုကြည့်၊ ရှားပါးတဲ့အချိန်ကို သိပြီးတော့ ပေးလှူရမယ်။ (ဒုဗ္ဘိက္ခဒါန)

(အံ၊ ပါ၊ ၂၊ ၃၅)

စားစရာ၊ သောက်စရာ၊ ဝတ်စရာ စတဲ့အရာတွေ ဦးဦးဖျားဖျားပေါ်လာရင် အဲဒီအဦးအဖျားပေါ်တဲ့အချိန်ကို ကြည့်၊ အဦးအဖျားပေါ်တဲ့အချိန်ကို သိပြီးတော့ သီလရှိတဲ့ ရဟန်းသံဃာ၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း၊ အသက်အရွယ်ကြီးသူများကို ရွေးလှူ ပေးလှူရမယ်။ (အဦးဒါန)

(အံ၊ ပါ၊ ၂၊ ၃၅)

ဒီတော့ အချိန်ကိုကြည့်၊ အချိန်ကို သိပြီးတော့ လှူတဲ့အလှူဟာ ကောင်းသောအလှူ၊ (အလှူကောင်း)၊ အချိန်ကိုကြည့်၊ အချိန်ကိုသိပြီးတော့ လှူတဲ့လူဟာ ကောင်းသောလူ၊ (လူကောင်း)လို့ မှတ်ရမယ်။

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*အချိန်ကြည့်လှူ၊ ကောင်းအလှူ၊ မှတ်ယူဖြစ်ပေသည်။*
*အချိန်ကြည့်လှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*
*ကောင်းသောအလှူ၊ ကောင်းသောလူ၊ မှတ်ယူဟောခဲ့ပြီ။*

## ကာလဒါန + ကောင်းကျိုးရပုံ

ကာလဒါနကြောင့် ကောင်းကျိုးရပုံကို ဆက်ပြီးတော့ ဟောကြ နာကြရအောင် -

**ကာလေန ဒေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဍောစ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊**

(ဒီအပိုဒ်ကို ရှေ့ကအတိုင်း အနက်ပေး၊ အဓိပ္ပာယ် မှတ်ပါ။)

http://www.dhammadownload.com



ထူးတဲ့ ပါဠိ၊ အနက်၊ အဓိပ္ပာယ်ကို ဟောကြ နာကြရအောင် -
**ကာလာဂတာစဿ အတ္ထာ ပစုရာ ဟောန္တိ။**

**စ** - ထို့အပြင်ရလာ၊ ကောင်းကျိုးမှာကား။ **အဿ** - အချိန်ကိုကြည့်၊ အချိန်သိကြည်ဖြူ ထိုအလှူပေးခဲ့ဘူး သူအား။ **အတ္ထာ** - သက်ရှိ,သက်မဲ့၊ ကောင်းတဲ့အကျိုး၊ အမျိုးမျိုးတို့သည်။ **ကာလာဂတာ** - ပဌမခေါ်၊ အရွယ်တော်လှ၊ ချိန်ကာလဌ်၊ နေ့ညစုပြုံ၊ ဆိုက်ရောက်လာကြ ကုန်သည်၊ **ပစုရာ** - မနည်းမပါး၊ များလည်းများကုန်သည်၊ **ဟောန္တိ** - အမြဲတစေ၊ ဖြစ်ကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

အချိန်ကိုကြည့်၊ အချိန်ကိုသိပြီးတော့ ပေးလှူသင့်တဲ့အခါမှာ ပေးလှူရင် ဖြစ်လေရာ ဘဝတိုင်းမှာ ကြွယ်ဝမယ်၊ ချမ်းသာမယ်၊ ဥစ္စာပေါများမယ်၊ အသုံးအဆောင် ပေါများမယ်ဆိုတဲ့ ကောင်းကျိုးတွေ ရရုံတင်မကသေးပါဘူးတဲ့၊ ထူးထူးခြားခြားရရှိတဲ့ ကောင်းကျိုးက ပဌမအရွယ် ငယ်တဲ့အချိန်မှာပဲ သက်ရှိသက်မဲ့ ကောင်းကျိုးတရားတွေ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတယ်၊ အသက်အရွယ်ကြီးအောင် စောင့်မနေရတော့ဘူး၊ ငယ်ငယ်လေးနဲ့ ကောင်း ကောင်းကျိုးတရားတွေ ရလာတယ်လို့ ဆိုလိုပါတယ်။

တစ်ချို့ကျတော့ မစားနိုင်၊ မသောက်နိုင်၊ မဝတ်နိုင်၊ မစီးနိုင်တဲ့ အသက်အရွယ်ကြီးမှ စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ စီးစရာ စတာတွေ ပေါများလာတယ်၊ အဲဒီလူတွေဟာ ကာလဒါန မလုပ်ခဲ့လို့၊ ကာလဒါန အားနည်းခဲ့လို့ စားနိုင်သောက်နိုင်တဲ့ ငယ်ရွယ်ချိန်မှာ အကျိုးမပေးတာပဲလို့ မှတ်ရမယ်။ ချဲ့ပြောရရင်တော့ ငယ်ရွယ်ချိန်မှာ စားစရာ၊ သောက်စရာ၊ နေစရာ၊ ထိုင်စရာ၊ ဝတ်စရာ၊ ရုံစရာ၊ စီးစရာ စတဲ့ ကောင်းကျိုးတရားတွေဟာ အစုလိုက် အပြုံလိုက် ရောက်လာတယ်၊ ရောက်လာတဲ့အခါမှာလည်း နည်းနည်းပါးပါးလေး ရောက်လာတာမဟုတ်ဘူး၊ အများကြီးရောက်လာတာ၊ စားနိုင်သောက်နိုင်၊ စားချင်၊ သောက်ချင်၊ ဝတ်ချင်တဲ့ ပဌမအရွယ် အကောင်းဆုံးအချိန်မှာပဲ ရောက်လာတာ၊

http://www.dhammadownload.com



ရလာတာ၊ ဝတ်ရတာ၊ စားရတာ၊ သောက်ရတာ၊ စီးရတာများဟာ ကာလ ဒါနရဲ့ အကျိုးဆက်တွေပါပဲ။

ဒါ့ကြောင့် အချိန်ကိုကြည့်၊ အချိန်ကိုသိပြီးတော့ ကာလဒါနကုသိုလ် လုပ်သင့်တယ်နော် (မှန်လှပါဘုရား)

ပဌမအရွယ်မှာပဲ ကောင်းကျိုးတရားတွေ အပြည့်အဝရချင်ရင် ဘာဒါန လုပ်ရမတဲ့လဲ။ (ကာလဒါနလုပ်ရမှာပါဘုရား)

အချိန်ကိုကြည့်၊ အချိန်ကိုသိပြီးတော့ ပေးလှူရင် ဖြစ်လေရာဘဝတိုင်းမှာ ကိုယ်လိုရင် ကိုယ်လိုတဲ့အချိန်မှာ၊ ကိုယ်တ,ရင် ကိုယ်တ,တဲ့အချိန်မှာ သက်ရှိ၊ သက်မဲ့ ကောင်းကျိုးတရားတွေ ပဌမအရွယ်မှာပဲ ရနိုင်တယ်၊ ကာလဒါနကို လိုတရဒါနလို့ အမည်ပေးချင်တယ်၊ ကိုယ်လိုရင် ကိုယ်လိုတဲ့အချိန်မှာ၊ ကိုယ်တ,ရင် ကိုယ်တ,တဲ့ အချိန်မှာ လိုတာ, တ,တာတွေ မရတာလောက် စိတ်ဆင်းရဲစရာကောင်းတာ ဘာရှိဦးမှာလဲ။ ဒီတော့ ကာလဒါနအရေး လက်မနှေးနဲ့နော်။ (မှန်လှပါဘုရား)

## သားသမီးကာလ + မြတ်ဒါန

နောက် လောကလူတွေပြောတာ ကြားဖူးသေးတယ်၊ အဲဒါ ဘာလဲ ဆိုတော့ တပည့်တော်တို့တော့ သားလေး (သို့မဟုတ်) သမီးလေးမွေးလာမှ အစစအရာရာ အဆင်ပြေလာတယ် ဆိုတဲ့စကားပါပဲ၊ အဲဒီစကားကို ကောက်ချက်ချကြည့်လိုက်တော့ အဲဒီမွေးလာတဲ့ သားလေး (သို့မဟုတ်) သမီးလေးဟာ အချိန်ကိုကြည့်၊ အချိန်ကိုသိပြီးတော့ ပေးလှူခဲ့သူ ကာလဒါန ကုသိုလ်ရှင်လေးဆိုတော့ မိဘတွေမှာ သူ့ကိုမွေးဖွားလာမှ အစစအရာရာ အဆင်ပြေတာဟာ ကလေးရဲ့ ကာလဒါနကြောင့်ပါပဲလို့ ကောက်ချက်ချ မိပါတယ်။

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*ကာလဒါန၊ ပေးလှူက၊ ဘဝဖြစ်လေရာ။*

*ပဌမအရွယ်၊ ကောင်းကျိုးကြွယ်၊ တစ်ကယ်ရရှိလာ။*

*ပဌမခေါ်၊ အရွယ်တော်၊ ရပျော်ကောင်းကျိုးပါ။*

http://www.dhammadownload.com



*ကိုယ်လိုကိုယ်တ၊ ကောင်းကျိုးလှ၊ ယော်ကရရှိလာ။*
*ကာလဒါန၊ လို့တ့ရ၊ လှူကြချိန်ကြည့်ကာ။*
*ကာလဒါန၊ လို့တ့ရ၊ လှူကြချိန်သိကာ။*

၄။ အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ၊

**အနုဂ္ဂဟိတစိတ္တော** - ပစ္စည်းဥစ္စာ၊ အဖြာဖြာ၌၊ တွယ်တာကပ်ငြိ၊ စိတ်မရှိသည်ဖြစ်၍၊ **ဒါနံ** - အလှူကို၊ **ဒေတိ** - မနေးကြည်ဖြူ၊ ပေးလှူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

ကိုယ်လှူတဲ့ ပစ္စည်းဥစ္စာများရဲ့အပေါ်မှာ တွယ်တာ ကပ်ငြိတဲ့စိတ် ကင်းကင်းရှင်းရှင်းနဲ့လှူတာကို အနုဂ္ဂဟိတဒါနလို့ ခေါ်တယ်။

အဲဒီလို ကပ်ငြိတဲ့စိတ် ကင်းကင်းရှင်းရှင်းနဲ့လှူတဲ့ အလှူဟာ ကောင်းသော အလှူ (အလှူကောင်းဖြစ်တယ်)၊ ကပ်ငြိတဲ့စိတ်မရှိဘဲ လှူတဲ့လူဟာ ကောင်းသောလူ လူကောင်း) ဖြစ်တယ်။

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*ကပ်ငြိကင်းလှူ၊ ကောင်းအလှူ၊ မှတ်ယူဖြစ်ပေသည်။*
*တွယ်တာကင်းလှူ၊ ကောင်းအလှူ၊ မှတ်ယူဖြစ်ပေသည်။*
*ကပ်ငြိကင်းလှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*
*တွယ်တာကင်းလှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*
*ကောင်းသောအလှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*

အနုဂ္ဂဟိတဒါနကြောင့် ကောင်းကျိုးရပုံကို ဆက်ပြီးတော့ ဟောကြနာကြရအောင် -

**အနုဂ္ဂဟိတစိတ္တော ဒေါယန ဘိက္ခဝေ**
**ဒါနံဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ**
**ဝိပါကော နိဗ္ဗတ္တတိ၊ အဗျောစ ဟောတိ**
**မဟဒ္ဓနော မဟာဘောဂေါ၊**
**(ရှေ့ကအတိုင်း မှတ်ပါ။)**

http://www.dhammadownload.com



ထူးတဲ့ပါဠိ၊ အနက်၊ အဓိပ္ပာယ်ကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်

**ဉဠာရေသု စ ပဥ္စသုကာမဂုဏေသု**
**ဘောဂါယ စိတ္တံ နမတိ။**

**စ** - ထိုမှတစ်ပါး၊ ထူးခြားရလာ၊ ကောင်းကျိုးမှာကား။ **ဉဠာရေသု** - အထူးအစုံ၊ မွန်မြတ်ကုန်သော။ **ပဥ္စသု** - ရူပါရုံစသား၊ ငါးပါးကုန်သော။ **ကာမဂုဏေသု**-ကာမအာရုံ၊ ကာမဂုဏ်တို့၌။ **ဘောဂါယ**-ခံစားခြင်းငှာ။ **စိတ္တံ**-စိတ်သည်။ **နမတိ**-ညွတ်၏။

အနဂ္ဃဟိတ ဒါနကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ကြွယ်ဝမယ်၊ ချမ်းသာမယ်၊ ဥစ္စာပေါများမယ်၊ အသုံးအဆောင်ပေါများမယ်ဆိုတဲ့ ကောင်းကျိုးတွေ ရရုံတင် မကသေးပါဘူး။

ထူးထူးခြားခြားရတဲ့ကောင်းကျိုးက မွန်မြတ်တဲ့ ရူပါရုံ စတဲ့ ငါးပါးအာရုံ ကာမဂုဏ်တွေမှာ ခံစားရန် စိတ်ညွှန်ခြင်းပဲ ဖြစ်ပါတယ်။

ရှင်းရှင်းပြောရရင် ကောင်းတာတွေ စားချင်၊ သောက်ချင်၊ ဝတ်ချင်၊ ရုံချင်၊ ခံစားချင်တဲ့စိတ်တွေ ဖြစ်ပေးလာခြင်းပဲ ဖြစ်ပါတယ်၊ ကောင်းတာတွေကို မကြိုက်ခြင်း၊ မခံစားလိုခြင်းဟာ လှူတဲ့အခါမှာ တွယ်တာစိတ်နဲ့ ကပ်ငြိစိတ်နဲ့ လှူခဲ့လို့လို့ ပြောလို့ရပါတယ်။

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*မကပ်မငြိ၊ လှူတဲ့ဘိ၊ ဖြစ်သည့်ဘဝမှာ။*
*ကာမဂုဏ်ငါး၊ အာရုံများ၊ ခံစားစိတ်ညွတ်လာ။*
*ကောင်းတာတွေပင်၊ ခံစားချင်၊ စိတ်စဉ်ဖြစ်ပေါ်လာ။*
*မတွယ်ဒါန၊ ပေးလှူက၊ ဘဝဖြစ်လေရာ။*
*မွန်မြတ်တာပင်၊ ခံစားချင်၊ စိတ်စဉ်ဖြစ်ပေါ်လာ။*

၅။ **အတ္တာနဥ္စ ပရဥ္စ အနုပဟာစ္စ ဒါနံ ဒေတိ၊**

**အတ္တာနဥ္စ** - မိမိ၏ဂုဏ်အလုံးစုံကိုလည်းကောင်း။ **ပရဥ္စ** - ကိုယ်မှတစ်ပါး၊ သူတစ်ပါးဂုဏ်၊ အလုံးစုံကို လည်းကောင်း။ **အနုပဟာစ္စ** - မထိုးမနှက်၊ မချေဖျက်ပြား၊ မထိပါးမူ၍။ **ဒါနံ** - အလှူကို **ဒေတိ** - ဘလေးတစ်မူ၊ အရေးယူကာ၊ ပေးလှူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

http://www.dhammadownload.com



လှူတဲ့အခါမှာ ကိုယ့်ရဲ့ဂုဏ်ကိုဖော်ပြီးတော့ မလှူရဘူး၊ ကိုယ့်ဂုဏ်ကိုဖော်ဘာတဲ့လဲ (မသူတော်ပါဘုရား) ကိုယ့်ဂုဏ်ကို ကိုယ်ဖော်စရာမလိုဘူး၊ ကိုယ့်မှာတစ်ကယ် ဂုဏ်ရှိရင် ကိုယ့်ကို သူများက ဖော်ပေးလိမ့်မယ်၊ ဖော်မပေးလည်း ဝမ်းနည်းစရာမဟုတ်ပါဘူး၊ ကိုယ့်မှာရှိတဲ့ဂုဏ် ကိုယ်သိနေတာပါပဲ၊ ပညာရှိသူတော်ကောင်းကြီးတွေရဲ့ ဆုံးမစကားက ဂုဏ်မဖော်နဲ့ ဂုဏ်ချောတတ်တယ်၊ ဂုဏ်မမက်နဲ့၊ ဂုဏ်ပျက်တတ်တယ်၊ ဂုဏ်မလုပ်နဲ့၊ ဂုဏ်ပြုတ်တတ်တယ်၊ ဂုဏ်ယုတ်တတ်တယ်၊ ဂုဏ်မလိုနဲ့ ဂုဏ်ပြိုတတ်တယ်၊ ဂုဏ်မမောက်နဲ့၊ ဂုဏ်ပျောက်တတ်တယ်၊ ဂုဏ်မယူနဲ့၊ ဂုဏ်ပူတတ်တယ်၊ ဂုဏ်ဆူတတ်တယ်တဲ့။ သတိထားစရာကောင်းတဲ့ စကားကောင်းတွေပါ။

ခုခေတ်ကတော့ ဂုဏ်ဖော်တဲ့ခေတ် ဖြစ်နေတယ်။ ကိုယ့်ဂုဏ်ကိုဖော်ပြီးတော့ လှူတာဟာ ကိုယ့်ကိုယ်ကို ထိုးနှက်မှန်းမသိ ထိုးနှက်၊ ချေဖျက်မှန်းမသိ ချေဖျက်၊ ထိပါးမှန်းမသိ ထိပါးပြီး လှူနေတာပါပဲ၊ ကိုယ်ကတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ တရားဆိုးတွေကြောင့် သတိထားမိချင်မှ သတိထားမိမယ်၊ သိချင်မှ သိမယ်၊ ဘေးကကြည့်နေတဲ့ ပညာရှိ သူတော်ကောင်းကြီးတွေကတော့ သိနေ မြင်နေတယ်။

ကောင်းသောအလှူဆိုတာ ကိုယ့်ဂုဏ်ကိုမဖော်ပဲ၊ ကိုယ့်ကိုယ်ကို မထိပါးမထိုးနှက် မချေဖျက်ပဲ လှူတဲ့ အလှူဖြစ်တယ်၊ ကောင်းသောလှူဆိုတာ ကိုယ့်ကိုယ်ကို မထိပါးပဲ၊ ကိုယ့်ဂုဏ်ကိုမဖော်ပဲ လှူသူဖြစ်တယ်။

နောက်ပြီးတော့ သူများကိုထိုးနှက်တိုက်ခိုက် ချေဖျက်ထိပါးပြီးတော့ မလှူရဘူးတဲ့၊ သူများကို စောင်းမြောင်းကဲ့ရဲ့ထိပါးပုတ်ခတ်ပြီး လှူရင် ကောင်းသောအလှူ ကောင်းသောလှူ မဟုတ်တော့ဘူး၊ ဒီတော့ သူတစ်ပါးကို မထိပါးဘဲ မပုတ်ခတ်ဘဲ လှူတဲ့အလှူဟာ ကောင်းသောအလှူဖြစ်တယ်၊ မထိပါးမပုတ်ခတ်ပဲ လှူသူဟာ ကောင်းသောလှူဖြစ်တယ်။

ဒီတော့ အလှူလှူတဲ့အခါမှာ ကိုယ့်ကိုယ်ကို ချီးမြှောက်၊ သူများကို နှိမ်ချပြုလုပ်ပြောဆိုပြီး မလှူရဘူးနော် (မှန်လှပါဘုရား)

ကိုယ့်ရဲ့အလှူဟာ ကောင်းသောအလှူ ဟုတ်/ မဟုတ်၊ ကိုယ်ဟာ ကောင်းသောလှူ ဟုတ်/မဟုတ် အနုပဟာစ္စဒါနနဲ့ တိုင်းတာရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



မိမိ၊ သူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးစေပဲ လှူတဲ့အလှူဟာ (လှူတဲ့သူဟာ) ကောင်းသောအလှူ၊ ကောင်းသောလူဖြစ်တယ်လို့ မှတ်သားပါ။

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*မိမိသူတစ်ပါး၊ မထိပါး၊ လှူငြား ကောင်းအလှူ။*

*မိမိသူတစ်ပါး၊ မထိပါး၊ လှူငြား ကောင်းသောလူ။*

*မထိပါးမှု၊ ကောင်းအလှူ၊ မှတ်ယူဖြစ်ပေသည်။*

*မထိပါးလှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*

*ကောင်းသောအလှူ၊ ကောင်းသောလူ၊ မှတ်ယူဖြစ်ပေသည်။*

အဲဒီ အနုပဟစ္စဒါနကြောင့် ကောင်းကျိုးရပုံကို ဆက်ပြီးတော့ ဟောကြ နာကြရအောင် -

**အတ္တာနဥ္စ ပရဥ္စ အနုပဟစ္စခေါ်ယန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဎောစ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊** (ဒီအထိ ရှေ့ကအတိုင်းသိပါ။)

ထူးတဲ့ပါဠိ၊ အနက်၊ အဓိပ္ပာယ် ဆက်ပြီးတော့ ဟောကြ နာကြရအောင်

**န စ ဿ ကုတောစိ ဘောဂါနံ ဥပဃာတော အာဂစ္ဆတိ အဂ္ဂိတောဝါ ဥဒကတောဝါ ရာဇတောဝါ စောရတောဝါ အပ္ပိယတောဝါ ဒါယာဒတော။**

**စ** - ထိုမှတစ်ပါး၊ ထူးခြားရလာ၊ ကောင်းကျိုးမှာကား။ **အဿ** - မိမိသူတစ်ပါး၊ နှစ်ဦးသားကို၊ ထိပါး ပုတ်ခတ်၊ မပြုလတ်လှူ၊ ထိုအလှူ ပေးခဲ့ဘူးသူမှာ။ **အဂ္ဂိ တောဝါ** - မီးဘေးကြောင့်လည်းကောင်း။ **ဥဒကတောဝါ** -ရေဘေးကြောင့်လည်းကောင်း။ **ရာဇတောဝါ** -မင်းဘေးကြောင့်လည်းကောင်း။ **စောရတောဝါ** -သူခိုးဓားပြဘေးကြောင့်လည်းကောင်း။ **အပ္ပိယတောဝါ** - မချစ်လုံးလုံး၊ မုန်းသူဖြစ်သော။ **ဒါယာဒတောဝါ** -အမွေခံဆိုးအမျိုးမျိုးကြောင့် လည်းကောင်း။ **ကုတောစိ**-မည်သည့်ဘေးရန် ကြောင့်မျှ။ **ဘောဂါနံ** - စီးပွားဥစ္စာ၊ အဖြာဖြာတို့၏။ **ဥပဃာတော**-ပျက်စီးလုံးလုံး၊ ဆုံးရှုံးမှုသည်။ **နအာဂစ္ဆတိ** -မဖြစ်ပေါ်လာ။

http://www.dhammadownload.com



အနုပဟာစ္စဒါနကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ကြွယ်ဝခြင်း၊ ချမ်းသာခြင်း၊ ဥစ္စာပေါများခြင်း၊ အသုံးအဆောင် ပေါများခြင်းဆိုတဲ့ ကောင်းကျိုးတွေရရုံတင် မကသေးပါဘူး။

ထူးထူးခြားခြားရတဲ့ ကောင်းကျိုးက မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဆိုတဲ့ ရန်သူမျိုးငါးပါးကြောင့် (သို့မဟုတ်) ရန်သူမျိုးတစ်ပါးပါးကြောင့် ကိုယ်ပိုင်ဆိုင်ထားတဲ့ စီးပွားဥစ္စာတွေဟာ ပျက်စီးဆုံးရှုံးမှု မဖြစ်နိုင်ဘူးတဲ့။

ဒီအကျိုးဟာလည်း တစ်ကယ်လိုလားချင်စရာ ကောင်းတဲ့အချက်ဖြစ်ပါတယ်၊ ကိုယ်က မိမိသူတစ်ပါး မထိပါးပဲ လှူခဲ့ရင် ကိုယ့်ပစ္စည်းဥစ္စာတွေ ရန်သူမျိုးငါးပါး ဘေးရန်ကင်းမယ်နော် (မှန်လှပါဘုရား)။

ရန်သူမျိုးငါးပါးကြောင့် ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးရှုံးမှုတွေကြုံရရင်ကော် - ငါက အနုပဟာစ္စဒါန မလုပ်ခဲ့လို့ပဲလို့ ဖြေတတ်ရမယ်နော် (မှန်လှပါဘုရား)

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*မထိမပါး၊ လှူတုံငြား၊ ထူးခြားဖြစ်လေရာ။*

*မထိမပါး၊ လှူသူများ၊ ထူးခြားဖြစ်လေရာ။*

*ကိုယ်ပိုင်ဆိုင်ထား၊ ပစ္စည်းများ၊ ဘေးငါးကင်းဝေးမှာ။*

*ကိုယ်ပိုင်ဆိုင်ထား၊ ပစ္စည်းများ၊ ဝေးသွားမီးဘေးပါ။*

*ကိုယ်ပိုင်ဆိုင်ထား၊ ပစ္စည်းများ၊ ဝေးသွားရေဘေးပါ။*

*ကိုယ်ပိုင်ဆိုင်ထား၊ ပစ္စည်းများ၊ ဝေးသွားမင်းဘေးပါ။*

*ကိုယ်ပိုင်ဆိုင်ထား၊ ပစ္စည်းများ၊ ဝေးသွားခိုးသူပါ။*

*ကိုယ်ပိုင်ဆိုင်ထား၊ ပစ္စည်းများ၊ ဝေးသွားမွေခံအဆိုးပါ။*

ကဲ ဒီနေ့ ရဟန်းခံ၊ ရှင်ပြုကုသိုလ်က မင်္ဂလာပွဲမှာ ဟောကြားလိုက်တဲ့ တရားက ဘာတရားတဲ့လဲ။ (ကောင်းသောအလှူ ကောင်းသောလှူ တရားပါဘုရား)။

http://www.dhammadownload.com



ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်ရအောင် -

၁။ သဒ္ဓါနဲ့လှူရင် ကောင်းသောအလှူ၊
သဒ္ဓါနဲ့လှူရင် လှူသူဟာ ကောင်းသောလူ၊
ဘဝတိုင်း ရုပ်ရည်ချောမောလှပမယ်။

၂။ ရိုရိုသေသေလှူရင် ကောင်းသောအလှူ၊
ရိုရိုသေသေလှူရင် ကောင်းသောလူ၊
ဘဝတိုင်း ဩဇာအာဏာကြီးမားမယ်၊ ကိုယ့်စကားကို သူများနားထောင်လိုက်နာမယ်၊

၃။ အချိန်ကိုကြည့်၊ သိပြီးလှူရင် ကောင်းသောအလှူ၊
အချိန်ကိုကြည့်၊ သိပြီးလှူသူဟာ ကောင်းသောလူ၊
ဘဝတိုင်း၊ ပဌမအရွယ်မှာပဲ ကောင်းကျိုးတွေ ခံစားရမယ်။

၄။ ပစ္စည်းဥစ္စာအပေါ်မှာ မကပ်ငြိပဲလှူရင် ကောင်းသောအလှူ၊
ပစ္စည်းဥစ္စာအပေါ်မှာ မကပ်ငြိပဲလှူသူဟာ ကောင်းသောလူ၊
ဘဝတိုင်း ကောင်းတာတွေပဲ ခံစားစံစားရမယ်၊
ဘဝတိုင်း ကောင်းတာတွေပဲ ခံစားစံစားချင်စိတ်ဖြစ်မယ်။

၅။ မိမိသူတစ်ပါးမထိပါးပဲလှူရင် ကောင်းသောအလှူ၊
မိမိသူတစ်ပါးမထိပါးပဲလှူသူဟာ ကောင်းသောလူ၊
မိမိပိုင်ပစ္စည်းများ ရန်သူမျိုးငါးပါးဘေး ကင်းဝေးမယ်။

ဒီသပ္ပုရိသဒါန (ကောင်းသောအလှူ ကောင်းသောလူ) တရားတော်လာအတိုင်း လိုက်နာကျင့်သုံးနိုင်ကြကာ ကောင်းသောအလှူရှင်၊ ကောင်းသောလူမွန်၊ လူမြတ်၊ လူတော်၊ လူကောင်းတွေ ဖြစ်နိုင်ကြပါစေသောရယ်လို့ ညီညီညာညာ စုပေါင်း၍ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓု။

၂၀-၂-၀၃

ည (၁၁) နာရီပြီး။

× × ×

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ် + ဇာတကပါဠိတော်+ အသီတိနိပါတ်+မဟာသုတသောမဇာတ်တော်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "မွေးနေ့ဆင်ခြင် + မွေးနေ့ရှင်" တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) ရဲ့ ( )နှစ်မြောက် မွေးနေ့မှာ ဟောကြားမည့်တရားတော်က "မွေးနေ့ဆင်ခြင် + မွေးနေ့ရှင်"တရားတော်တဲ့။ ဘာတရေးတဲ့လဲ (မွေးနေ့ဆင်ခြင် မွေးနေ့ရှင်တရားပါဘုရား)

## မွေးထုတ်နိုင်မှမွေးနေ့

မွေးနေ့ရှင်ဆိုတာ မွေးနေ့ကို သတိထားရမယ်၊ မွေးနေ့ကိုဆင်ခြင်ရမယ်၊ မွေးနေ့ရောက်လာရင် သတိ တရားတွေ မွေးထုက်နိုင်ရမယ်၊ ဆင်ခြင်မှုတရားတွေ မွေးထုတ်နိုင်ရမယ်၊ ဒါန, သီလ, ဘာဝနာကရားတွေ မွေးထုတ်နိုင်ရမယ်၊ အဲဒီလိုသတိတရား၊ ဆင်ခြင်မှု တရား၊ ဒါနသီလ၊ ဘာဝနာစတဲ့ ကုသိုလ် တရားတွေ စိတ်ကောင်း၊ စေတနာကောင်း၊ မွေးထုတ်နိုင်တာကို မွေးနေ့လို့ဆိုလိုတယ်။ အမေမွေးတဲ့မွေးနေ့ကို ကျော်လွန်ပြီးတော့ မွေးနေ့ကို ဒီလိုမြင်တတ်ရမယ်။

## မွေးနေ့ရှင်+မွေးနေ့သေ

အဲဒီလိုကုသိုလ်တရားတွေ မွေးထုတ်နိုင်တဲ့သူဟာ အမြဲတစေ ကုသိုလ် တရားတွေနဲ့ ရှင်သန်နေတဲ့အတွက် မွေးနေ့ရှင်အစစ်ဖြစ်တယ်လို့လည်း အသိဉာဏ်ပေးပါတယ်။ ဆိုလိုတာကတော့ ကုသိုလ်တရားတွေနဲ့ ရှင်သန်နေမှ မွေးနေ့အရှင် (မွေးနေ့ရှင်)ဖြစ်တယ်။

http://www.dhammadownload.com



ကိုယ့်ဘ၀ကို (ကိုယ့်မွေးနေ့)ကို ကုသိုလ်တရားတွေနဲ့ ရှင်သန်အောင် မကြိုးစားနိုင်ဘူးဆိုရင် အဲဒီသူရဲ့ မွေးနေ့ဟာ အသက်ရှင်နေပေမယ့် ရှင်ရာ မရောက်ပါဘူး။ ကုသိုလ်တရားတွေ သေနေတဲ့အတွက် မွေးနေ့သေဖြစ်နေ ပါတယ်။

မွေးနေ့ရှင်နဲ့ မွေးနေ့သေကို ကွဲပြားအောင် ခွဲခြားတတ်ဖို့ လိုပါတယ်။

အမှန်ကတော့ နေ့စဉ်နေ့တိုင်း ကုသိုလ်တရားတွေ မွေးထုတ်ရမယ်။ ကုသိုလ် တရားတွေ ရှင်သန်နေအောင် ကြိုးစားရမှာပဲ၊ ဒီနေ့အလှူကတော့ မွေးနေ့အလှူဖြစ်လို့ မွေးနေ့ကို အဓိကထားပြောဟောနေတာပါပဲ။

## မွေးနေ့ရှင်

ဒီနေ့ ဦး (　　) ဒေါ် (　　)က မိမိရဲ့မွေးနေ့ကို သတိထား၊ ဆင်ခြင်ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်း၊ သင်္ကန်းစတဲ့ လှူဖွယ်ဝတ္ထုတွေနဲ့ ဆက်ကပ်လှူဒါန်းတယ်။ တရားနာတယ်။ ဥပုသ်ရိပ်သာ တွေကို ကျွေးမွေးပြုစု ဥပုသ်ခံတယ်ဆိုတော့ ကုသိုလ်အပင်တွေ၊ ကုသိုလ် အခက်တွေ၊ ကုသိုလ်အလက်တွေ၊ ကုသိုလ်ပန်းတွေ ရှင်သန်လန်းဆန်းနေတဲ့ အတွက် မွေးနေ့အရှင် (မွေးနေ့ရှင်) ဖြစ်တယ်လို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါ။

ကဲ-မွေးနေ့ဆင်ခြင် မွေးနေ့ရှင်ဆိုတဲ့တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင်-

**ဇီရန္တိ ဝေ ရာဇရထာသုစိတ္တာ၊**<br>
**အထော သရီရမ္ပိ ဇရံ ဥပေတိ။**<br>
**သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊**<br>
**သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။**

(ဓာ၊ ပါ၊ ၂၊ ၁၃၆၊ ၁၄၁)

ရာဇ-သုတသောမ၊ နာမမည်ဟိုး၊ အိုမြတ်သော မင်းကြီး။ သုစိတ္တာ- ရတနာများ၊ ခုနစ်ပါးနှင့်၊ အခြား အရာ၊ အဖြာဖြာတို့၊ တန်ဆာဆင်ယဉ်၊ ပြုပြင်ချယ်သ၊ ဟာကယ်လှစုံ၊ ဆန်းကြယ်ကုန်သော။ ရာဇရထာ-မင်းစီး ရထား၊

http://www.dhammadownload.com



အစားစားတို့သည်။ ဝေ-စင်စစ်ဧကန်၊ အမှန် တကယ်ပင်။ ဇီရန္တိ-တစ်နေ့တစ်နေ့၊ တစ်ရွေ့ရွေ့နှဲ့၊ ဆွေးမြေ့ယိုယွင်း၊ အိုမင်းမပြတ်၊ ပျက်စီးတတ်ကုန်၏။

ဒီအပိုဒ်နဲ့ ဘာပြောသလဲဆိုတော့ တရားဟောဆရာ ရှင်အာနန္ဒာအလောင်းနန္ဒပုဏ္ဏားက မြတ်သောမဟာသုတ သောမင်းတရားကြီးတဲ့၊ ရွှေငွေစိန်ကျောက်စတဲ့ ရတနာခုနစ်ပါးနဲ့ အခြားအရာဝတ္ထုတွေနဲ့ တန်ဆာဆင်ပြီးတော့ ပြုပြင်ချယ်သ ဆန်းဆန်းကြယ်ကြယ် တကယ်လှပတဲ့ အရှင်မင်းကြီးတို့စီးနေတဲ့ မင်းစီးရထား အစားစား အမျိုးမျိုးတွေဟာ တကယ်တော့ တစ်နေ့တစ်နေ့ တစ်ရွေ့ရွေ့နဲ့ ဆွေးမြေ့ယိုယွင်းဟောင်းနွမ်း အိုမင်းပျက်စီးတတ်ပါတယ်။ အိုမင်းပျက်စီးနေပါတယ်လို့ သက်မဲ့ရဲ မမြဲဟန်ကို သတိပြုမိအောင် သတိပေး၊ အသိပေးလိုက်ပါတယ်။ သက်မဲ့ ရှုကြည့်မမြဲသိပါလို့ တရားဟောလိုက်ပါတယ်။ သိလွယ် မြင်လွယ်အောင် အဲဒီခေတ် အဲဒီအချိန်တွေက မင်းတွေ သုံးတဲ့ စီးတဲ့ မင်းစီးရထားတွေကို အဓိကပြောဟောလိုက်တာပါပဲ။ အမှန်ကတော့ သက်မဲ့ အရာအားလုံး မမြဲဘူးလို့ သတိထားကာ ရှုပွားရမှာဖြစ်ပါတယ်။

ဒီနေ့ မွေးနေ့ရှင် ဦး ( ) ဒေါ် ( )လည်း အော် ငါတို့နေ့စဉ်အမြဲတန်း ဝတ်စားဆင်ယင် အသုံးပြုနေတဲ့ သက်မဲ့အရာအားလုံးဟာ မမြဲပါလားလို့ သတိထားကာ သက်မဲ့ရဲ မမြဲဟန်ကို ရှုပွားဆင်ခြင်ရမှာ ဖြစ်ပါတယ်။ ကိုယ့်မွေးနေ့မှာ သက်မဲ့ကို ဆင်ခြင်ရမယ်နော် (မှန်လှပါဘုရား)

သက်မဲ့အရာအားလုံးရဲ့အပေါ်မှာ မမြဲမှု၊ ပျက်မှုကို နှလုံးသွင်းဆင်ခြင်နေတာဟာ ဝိပဿနာဖြစ်နေတယ်နော် (မှန်လှပါဘုရား)

သက်မဲ့ရဲ မမြဲဟန်ကို ဝိပဿနာရှုဆင်ခြင်ပြီးတော့ သက်ရှိခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရဲ့မမြဲဟန်ကို ဝိပဿနာ ရှုမှတ်ဆင်ခြင်ပွားများပုံကို ဆက်ကြပါစို့-

## အထော သရီရမ္ပိ ဇရံ ဥပေတိ။

**အထော** - သက်မဲ့ပျက်ဟန်၊ မမြဲဟန်ကို၊ ဝေဘန် ရှုကြ၊ ထိုမှတစ်ပါး၊ **သရီရမ္ပိ**-သူသူငါငါ၊ သတ္တဝါထိုထို၊ ခန္ဓာကိုယ်ကြီးသည်လည်း။ **ဇရံ**-ဆွေးမြေ့ယိုယွင်း၊ အိုမင်း ပျက်စီးရခြင်းသို့၊ **ဥပေတိ**-မလွဲပိုသေ၊ ရောက်တတ်ပေ၏။ (ရောက်ရပေ၏။)

http://www.dhammadownload.com



အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့ရဲ့ သက်မဲ့မင်းစီးရထား အစားစားတွေ သာမမြဲတာ၊ ပျက်တာမဟုတ်ပါဘူး။ အရှင်မင်းကြီးတို့ရဲ့ သက်ရှိခန္ဓာကိုယ်၊ သတ္တဝါအားလုံးတို့ရဲ့ သက်ရှိခန္ဓာကိုယ်ကြီးဟာလည်း အမြဲပျက်နေပါတယ်။ မမြဲပါဘူး။ အရှင်မင်းကြီး သက်ရှိ ခန္ဓာကိုယ်ကြီးရဲ့မမြဲဟာန၊ ပျက်စီးဟာန်ကိုလည်း သတိပြုကြည့်ရှုတော်မူပါ။ သက်ရှိကို ဝိပဿနာရှုတော်မူပါလို့ သတိပေးကာ ဟောကြားတော်မူပါတယ်။

ဒီတော့ ဒီအပိုဒ်နဲ့ သက်ရှိကို ဝိပဿနာရှုရေး ညွှန်ပြပေးတယ်နော် (မှန်လှပါဘုရား)

ဒီနေ့ မွေးနေ့ရှင် ဦး (　) ဒေါ် (　)လည်း မိမိရဲ့သက်ရှိခန္ဓာကိုယ်ကြီးရဲ့ မမြဲဟာန်၊ ပျက်စီးဟာန်ကို အမြဲတစေ ဆင်ခြင်နေကာ ဝိပဿနာရှုရမယ်နော် (မှန်လှပါဘုရား)

ဒီတော့ သက်မဲ့ကိုလည်း ဝိပဿနာ ရှုရမယ်၊ ဝိပဿနာ ရှုရတယ်၊ သက်ရှိ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကိုလည်း ဝိပဿနာရှုရမယ်။ သက်မဲ့သက်ရှိ အားလုံးကို ဝိပဿနာရှု၊ ဒီလိုနော် (မှန်လှပါဘုရား)

ဒီနေ့ မွေးနေ့ရှင်ဟာ မိမိရဲ့ မွေးနေ့ကို အဓိကအားဖြင့် အထူးအားဖြင့် ဝိပဿနာရှု ဆင်ခြင်ပွားများရမယ်လို့ ဒဿိဉာဏ်ပေးတဲ့ "မွေးနေ့ဆင်ခြင် + မွေးနေ့ရှင်" တရားတော်ဖြစ်တယ်။

ဘာတရားတဲ့လဲ (မွေးနေ့ဆင်ခြင် မွေးနေ့ရှင်တရားပါဘုရား)

နောက်ပြီး ထပ်ဆင်ခြင်ရမှာက ငါ့မွေးနေ့ဟာ ပျိုလာတဲ့ မွေးနေ့မဟုတ်ဘူး။ အိုလာတဲ့ မွေးနေ့ဖြစ်တယ်။ ကျန်းမာတဲ့၊ သာတဲ့ မွေးနေ့မဟုတ်ဘူး၊ နာလာတဲ့ မွေးနေ့ဖြစ်တယ်၊ အိုဘက်၊ နာဘက်၊ သေဘက်ကို အမြဲမပြတ် ပြေးလွှားနေတဲ့ မွေးနေ့ဖြစ်တယ်လို့ ဆင်ခြင်ရမယ်။ မွေးနေ့ကို အိုနေ့၊ နာနေ့၊ သေနေ့တွေနဲ့ တွဲဖက် ပြီးတော့ ဆင်ခြင်ရမယ်။ နှလုံးသွင်းရမယ်။ ထိတ်လန့်မှု သံဝေဂမြင်ကွင်း ရင်မှာသွင်းပြီးတော့ အို၊ နာ၊ သေ တရားတွေ လက်မဦးခင် ကိုယ်က ဉာဏ်ဦးပြီး အို၊ နာ၊ သေလွတ်ကြောင်း ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ် တရားကောင်းတွေ အမြန်လုပ်ရမယ်လို့ ဆင်ခြင်ရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ငါ့မွေးနေ့ဟာ ဘုရားပါတဲ့ မွေးနေ့၊ တရားပါတဲ့ မွေးနေ့၊ သံဃာပါတဲ့ မွေးနေ့၊ ဒါနပါတဲ့မွေးနေ့၊ သီလပါတဲ့မွေးနေ့၊ ဘာဝနာပါတဲ့မွေးနေ့၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတွေပါတဲ့ မွေးနေ့ဖြစ်တဲ့အတွက် မင်္ဂလာရှိတဲ့မွေးနေ့ဖြစ်တယ်လို့လည်း ဝမ်းမြောက်ဝမ်းသာ ဆင်ခြင်ရမယ်။

အဲဒီ လေးနက်တဲ့အဓိပ္ပာယ်တွေကိုရည်ညွှန်းပြီးတော့ အသိဉာဏ်ပေးတဲ့ "မွေးနေ့ဆင်ခြင် မွေးနေ့ရှင်" တရားတော် ဖြစ်တယ်။

သက်မဲ့/သက်ရှိ အရာအားလုံးဟာ အိုတယ်၊ မမြဲဘူး၊ ပျက်စီးတယ် ဆိုတော့ အိုတာရှိရင် မအိုတာလည်း ရှိရဦးမယ်၊ မမြဲတာရှိရင် မြဲတာလည်း ရှိရဦးမယ်၊ ပျက်စီးတာရှိရင် မပျက်စီးတာလည်း ရှိရဦးမယ်နော် (မှန်လှပါဘုရား)

အဲဒီ မအိုရာ၊ မြဲရာ၊ မပျက်စီးရာကို ညွှန်ပြတဲ့တရား ဆက်ပြီးတော့ ဟောကြား နာယူကြပါစို့ -

**သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊**

**သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။**

**သတံ** - ဘုရားစတောင်း၊ သူတော်ကောင်းတို့၏ **ဓမ္မောစ** - နိဗ္ဗာန် ခေါ်မှတ်၊ တရားမြတ်သည်ကား။ **ဇရံ** - ဆွေးမြေ့ယိုယွင်း၊ အိုမင်းပျက်စီးခြင်းသို့။ **နဥပေတိ** - မရောက်။

နိဗ္ဗာန်တရားကတော့ ဘယ်တော့မှ မအိုဘူး၊ ဘယ်တော့မှ မပျက်စီးဘူး၊ မြဲတယ်။ ဒီနေ့ မွေးနေ့ပေါင်းစု မြတ်ကောင်းမှုကြောင့် အဲဒီ မအိုရာ၊ မပျက်စီးရာ၊ မြဲရာ နိဗ္ဗာန်ကို လျင်မြန်စွာ ရရောက်ရပါလို၏ ဆုတောင်းမယ်နော် (မှန်လှပါဘုရား)

**သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။**

**သန္တော**-ဘုရားစတောင်း၊ သူတော်ကောင်းတို့သည်။ **ဟဝေ** - စင်စစ်ကေန်၊ အမှန်တကယ်ပင်။ **သဗ္ဘိ** - နိဗ္ဗာန်ခေါ်မှတ်၊ တရားမြတ်ကို။ **ပဝေဒယန္တိ** - အိုနာသေတွက်၊ ကင်းသည့်ကွက်ကြောင့်၊ ဆက်ဆက်ကောင်းပုံ၊ ချီးမွမ်းတော်မူကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

× × ×

http://www.dhammadownload.com



ဘုရားစတဲ့ သူတော်ကောင်းတွေက နိဗ္ဗာန်ကို တကယ်ပင် ကောင်းတယ်လို့ ချီးမွမ်းတော်မူကြတယ်၊ နိဗ္ဗာန် ဘာပြုလို့ ကောင်းတာလဲဆိုတော့ မွေး၊ အို၊ နာ၊ သေ တရားဆိုးတွေ မရှိလို့နော် (မှန်လှပါဘုရား)

အဲဒီ မွေး၊ အို၊ နာ၊ သေ တရားဆိုးတွေမရှိတဲ့ နိဗ္ဗာန်ကိုလည်း မှန်းဆဆင်ခြင်ရမယ်၊ ဆုတောင်းရမယ်လို့လည်း မွေးနေ့ရှင်ကို သတိပေး၊ အသိပေးပါတယ်။

အဓိကကတော့ ကိုယ့်မွေးနေ့မှာ ခန္ဓာငါးပါး ရုပ် နာမ်နှစ်ပါးတွေရဲ့ မမြဲဟာန်၊ ဆင်းရဲဟာန်၊ အစိုးရ အနှစ်သာရ မရှိဟာန်တွေကို ဆင်ခြင်ရမယ်လို့ ဝိပဿနာ မွေးနေ့ဖြစ်အောင် ကြိုးစားပါလို့ သတိပေး၊ အသိပေးတဲ့ "မွေးနေ့ဆင်ခြင် + မွေးနေ့ရှင်"တရားတော်ဖြစ်ပါတယ်။

ကဲ-မွေးနေ့လက်ဆောင်တရား ကဗျာလေးတွေ လိုက်ဆိုကာ တရားသိမ်းကြရအောင် -

*ကုသိုလ်ကောင်းမှု၊ ရှင်သန်ပြု၊ ခေါ်မှုမွေးနေ့ရှင်။*
*မင်းစီးရထား၊ အစားစား၊ ပျက်သွားမြဲဆင်ခြင်။*
*မင်းစီးရထား၊ အစားစား၊ အိုသွားမြဲဆင်ခြင်။*
*သက်မဲ့အိုဟာန်၊ ပျက်စီးဟာန်၊ အမှန်မြဲဆင်ခြင်။*
*သက်ရှိအိုဟာန်၊ ပျက်စီးဟာန်၊ အမှန်မြဲဆင်ခြင်။*
*သက်မဲ့လည်းအို၊ သက်ရှိအို၊ အအိုမြဲဆင်ခြင်။*
*သက်မဲ့လည်းပျက်၊ သက်ရှိပျက်၊ အပျက်မြဲဆင်ခြင်။*
*ငါ့မွေးနေ့ဟာ၊ ပျို့မလာ၊ အိုလာမြဲဆင်ခြင်။*
*ငါ့မွေးနေ့ဟာ၊ နာဘက်သာ၊ ပြေးတာမြဲဆင်ခြင်။*
*ငါ့မွေးနေ့ဟာ၊ သေဘက်သာ၊ ပြေးတာမြဲဆင်ခြင်။*
*အိုနာသေဘေး၊ အမြဲပြေး၊ မနေးမြဲဆင်ခြင်။*
*ငါ့မွေးနေ့မှာ၊ ဘုရားပါ၊ ဝမ်းသာမြဲဆင်ခြင်။*
*ငါ့မွေးနေ့မှာ၊ တရားပါ၊ ဝမ်းသာမြဲဆင်ခြင်။*
*ငါ့မွေးနေ့မှာ၊ သံဃာပါ၊ ဝမ်းသာမြဲဆင်ခြင်။*
*ငါ့မွေးနေ့မှာ၊ ဒါနပါ၊ ဝမ်းသာမြဲဆင်ခြင်။*

http://www.dhammadownload.com



ငါ့မွေးနေ့မှာ၊ သီလပါ၊ ဝမ်းသာမြဲဆင်ခြင်။
ငါ့မွေးနေ့မှာ၊ ဘာဝနာပါ၊ ဝမ်းသာမြဲဆင်ခြင်။
ငါ့မွေးနေ့မှာ၊ မိဘပါ၊ ဝမ်းသာမြဲဆင်ခြင်။
ငါ့မွေးနေ့မှာ၊ ဆရာပါ၊ ဝမ်းသာမြဲဆင်ခြင်။
ငါ့မွေးနေ့မှာ၊ မိတ်ဆွေပါ၊ ဝမ်းသာမြဲဆင်ခြင်။
ငါ့မွေးနေ့မှာ၊ မင်္ဂလာ၊ ဖြစ်တာမြဲဆင်ခြင်။
နိဗ္ဗာန်ဆိုတာ၊ မအိုပါ၊ သေချာမြဲဆင်ခြင်။
နိဗ္ဗာန်ဆိုတာ၊ မနာပါ၊ သေချာမြဲဆင်ခြင်။
နိဗ္ဗာန်ဆိုတာ၊ မသေပါ၊ သေချာမြဲဆင်ခြင်။
နိဗ္ဗာန်ဆိုတာ၊ မပျက်ပါ၊ သေချာမြဲဆင်ခြင်။
နိဗ္ဗာန်ဆိုတာ၊ အိုသေနာ၊ ကင်းကာကောင်းသည်ပင်။
ဘုရားစတောင်း၊ သူတော်ကောင်း၊ အကောင်းချီးမွမ်းတင်။
နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ ဆုတောင်းကျင့်အစဉ်။

၂၁-၂-၂၀၀၃
နေ့ (၁း၃၀) နာရီပြီး။

× × ×

http://www.dhammadownload.com



ဗုဒ္ဓဝံသအဋ္ဌကထာ၊ အနန္တရာယိကစမ္မကထာနှင့်
ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊
ဝေရဉ္ဇကဏ္ဍဝဏ္ဏနာကိုတန်ဆောင်၍
ဟောကြားပြောကြားအပ်သော

## "အန္တရာယ်မပြု + ဂုဏ်လေးခု"
## တရားတော်

ဒီနေ့ ဦး (   ) ဒေါ် (   ) တို့ရဲ့ အန္တရာယ်ကင်း ဆွမ်းကပ်ပွဲမှာ ဟောကြားမည့် တရားတော်က "အန္တရာယ်မပြု + ဂုဏ်လေးခု" တရားတော်တဲ့။

ဘာတရားတဲ့လဲ (အန္တရာယ်မပြု ဂုဏ်လေးခုတရားပါဘုရား)

ကဲ စပြီးတော့ ဟောကြ နာကြရအောင်-

၁။ **ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။**

**(ပါရာဇိကကဏ္ဍအဋ္ဌကထာ ၁၄၇/၈)**

**ဗုဒ္ဓါနံ**-ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏။ **ဇီဝိတဿ**-အသက်တော်၏။ **ကေနစိ**-တစ်စုံတစ်ယောက်သော သူသည်။ **အန္တရာယော**-အန္တရာယ်ကို။ **ကာတုံ**- ပြုခြင်းငှာ။ **နသက္ကာ**-မစွမ်းနိုင်။

မြတ်စွာဘုရားရှင်တို့ရဲ့ အသက်တော်ကို ဘယ်သူ တစ်ဦးတစ်ယောက်ကမှ အန္တရာယ်ဖြစ်အောင် လုပ်လို့ မရဘူးတဲ့။

မြတ်စွာဘုရားရဲ့ပုံတော်ပေါ်မှာ မြတ်စွာဘုရားရဲ့ အသက်တော်ကို အန္တရာယ် ဖြစ်အောင် ဘယ်သူကမှ လုပ်လို့မရတဲ့ဂုဏ်တော်ကို တွဲဖက်ပြီးတော့ ပူဇော်ပါ။ အဲဒီလိုပုံတော်နဲ့ ဂုဏ်တော်တွဲဖက်ပြီးပူဇော်ရတာဟာ တကယ်

http://www.dhammadownload.com



လေးနက်သွားတယ်။ တကယ် အရသာရှိတယ်။ အဲဒီလို တွဲဖက်ပြီး ရွတ်ဖတ် သရဇ္ဈာယ် ကြည်ညိုတော့ ကိုယ့်အတွက်လည်း သွားရာ၊ လာရာ၊ စားရာ၊ သောက်ရာ၊ နေရာ၊ ထိုင်ရာ စတဲ့ အရာအားလုံးမှာ အသက်အန္တရာယ် ကာကွယ်ပြီးသားဖြစ်သွားတယ်။ အသက်အန္တရာယ်ကင်းဝေးခြင်း ကောင်းကျိုး ရမယ်လို့ဆိုလိုတယ်။

အသက်အန္တရာယ် ကင်းဝေးချင်သူများ ရွတ်ဖတ် သရဇ္ဈာယ်ကြည်ညို ပူဇော်ပါ။ ဘုန်းကြီးတို့ကတော့ သွားရာ၊ လာရာ၊ စားရာ၊ သောက်ရာ စတဲ့ အရာအားလုံးမှာ အသက်အန္တရာယ်လည်း ကင်းဝေးအောင် ဘုရားကိုလည်း ပူဇော်ရာရောက်အောင် အမြဲတစေ ရွတ်ဖတ်ပူဇော်နေပါတယ်။

အဲဒီလို ရွတ်ဖတ်ပူဇော်တဲ့နေရာမှာ သစ္စာပြုတဲ့ စာပိုဒ် လေးထည့်ပြီးတော့ ရွတ်ဖတ်ပူဇော်ပါ။

**ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတု သဗ္ဗဒါ။**
**တေ**

**ဧတေန သစ္စဝဇ္ဇေန** - ဤသို့မှန်သား စကားသစ္စာ၊ ပြောရတာကြောင့်။ **မေ**-တပည့်တော်အား (မိမိအတွက်) **တေ**-သင့်အား၊ (သူတစ်ပါးအတွက်)။ **တထာ** -ထို့အတူ။ သဗ္ဗဒါ-အခါခပ်သိမ်း။ **ဟောတု**-ဖြစ်ပါစေသားလို့ ဖြည့်စွက်ရွတ်ဖတ်ပူဇော်ပါ။

မြန်မာလို လွယ်လွယ်ရွတ်ဖတ်ပူဇော်မယ်ဆိုရင်တော့

"မြတ်စွာဘုရားတို့၏ အသက်တော်ကို ဇာစ်စုံတစ် ယောက်သောသူသည် အန္တရာယ်ပြုလို့ မရသလို တပည့်တော်၏ (သင်၏) အသက်ကိုလည်းပဲ ဘယ်သူတစ်ဦး တစ်ယောက်ကမှ အန္တရာယ်ပြုလို့ မရပါစေသား"လို့ ရွတ်ဖတ်ပူဇော်ပါ။

ဦး ( ) ဒေါ် ( ) တို့ မိသားစု အသက်အန္တရာယ် မကင်းဝေးချင်ဘူးလား (ကင်းဝေးချင်ပါတယ် ဘုရား) အေး - ကင်းဝေးချင်ရင် အသက်အန္တရာယ် ကင်းဝေးကြောင်း ရွတ်ရမယ့်အဆောင်ကောင်း ပေးခဲ့တယ်နော်၊ (မှန်လှပါဘုရား)

http://www.dhammadownload.com



တစ်ချို့လူတွေက ပြောကြတယ်၊ ရွှတ်မနေနဲ့၊ ရွှတ်နေရင် အရွှတ်ပဲစားရမယ် ဆိုတဲ့စကား ဘုန်းကြီးတို့ နားတော့ သိပ်ခါးတာပဲ။ အဲဒီစကားဟာ ပရိယတ်ကို ပုတ်ခတ်တာဖြစ်တယ်။ သင်္ဂါယနာတင်ကြတာဟာ စုပေါင်းပြီး ရွှတ်ဖတ်ကြတာ ဖြစ်ပါတယ်။ အဲဒီ စုပေါင်းရွှတ်ဖတ် သရဇ္ဈာယ်ကြတဲ့ သင်္ဂါယနာကျေးဇူးကြောင့် ယနေ့ တရားကောင်း၊ တရားမြတ်တွေ သင်ယူခွင့်၊ နာကြားခွင့်၊ ကျင့်သုံး ခွင့်ရနေတာဖြစ်တယ်။ အရွှတ်ကြောင့် အသားတွေ စားနေရတာကို သတိပြု သင့်ပါတယ်။ ရွှတ်ဖတ်သရဇ္ဈာယ်ရင်း ဖြစ်ပျက်ဆင်ခြင် ရဟန္တာအရှင်သူမြတ် ဖြစ်သွားတဲ့ သဇ္ဈာယမထေရ်ဆိုတာ ရှိပါတယ်။ ရွှတ်လို့ မဂ်ဖိုလ် ရသွားတဲ့ မထေရ်လို့ ဆိုနိုင်ပါတယ်။ (သဇ္ဈာယသုတ်၊ သံ၊ ပါ၊ ၁၊ ၂၀၄)

ဒီတော့ ဘုန်းကြီးတို့က ဘာပြောလိုသလဲဆိုတော့ ရွှတ်ရင်ရတယ်၊ ဘာတွေရသလဲ။

၁။ ဘုရားပုံပေါ်မှာ ဘုရားဂုဏ်ဖော်ပြီးတော့ ပူဇော်ရတော့ စိတ်ချမ်းသာမှု လက်တွေ့ရတယ်၊ စိတ်ထဲအေးမြမှု လက်တွေ့ခံစားရတယ်။

၂။ အန္တရာယ်ကင်းခြင်း ကောင်းကျိုးရတယ်။

၃။ အခက်အခဲတွေတွေ့လာတောင်မှ လွယ်လွယ်လေးနဲ့ ကျော်လွှားနိုင်တဲ့ ကောင်းကျိုးရတယ်။

၄။ စိတ်လွတ်လပ်ပေါ့ပါးခြင်း

၅။ စိတ်လုံခြုံခြင်းဆိုတဲ့ ကောင်းကျိုးတွေ လက်တွေ့ရလာတယ်။

နောက်ဆုံး သဇ္ဈာယမထေရ်လို့ရွှတ်ရင်း ခန္ဓာငါးအင် ဖြစ်ပျက်ဆင်ခြင် နိုင်ကာ ရဟန္တာဖြစ်သည်အထိ ကောင်း ကျိုးရနိုင်တယ်လို့ ဆိုချင်ပါတယ်။

(သံ၊ ဋ္ဌ၊ ၁၊ ၂၇၀)

၂။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတုသဗ္ဗဒါ။

တေ

(ဝိ၊ ဋ္ဌ၊ ၁၊ ၁၄၈)

http://www.dhammadownload.com



**ဗုဒ္ဓါနံ** -ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏။ **သဗ္ဗညုတဉာဏသ** - သဗ္ဗညုတဉာဏ်တော်၏။ **ကေနစိ** - တစ်စုံတစ်ယောက်သော သူသည်။ **အန္တရာယော** - အန္တရာယ်ကို။ **ကာတုံ** - ပြုခြင်းငှာ။ **နသက္ကာ** - မစွမ်းနိုင်။ **တေန** **သစ္စဝဇ္ဇေန** - ဤသို့မှန်သား၊ စကားသစ္စာ၊ ပြောရတာကြောင့်။ **မေ** - တပည့်တော်အား (**တေ** - သင့်အား)။ **တထာ** - ထို့အတူပင်။ **သဗ္ဗဒါ** - အခါ ခပ်သိမ်း။ **ဟောတု** - ဖြစ်ပါစေသား။

မြတ်စွာဘုရားရှင်တို့ရဲ့ သဗ္ဗညုတဉာဏ်တော်ကို ဘယ်သူတစ်ဦး တစ်ယောက်ကမှ အန္တရာယ်ဖြစ်အောင် လုပ်လို့မရဘူးတဲ့။ အဲဒီ မှန်ကန်တဲ့သစ္စာ စကားကြောင့် တပည့်တော်အား (သင့်အား) ထို့အတူပင် အခါခပ်သိမ်း ဖြစ်နိုင်ပါစေသားလို့ သစ္စာပြုဆုတောင်းရွတ်ဆိုပူဇော်ပါ။ မိမိရဲ့ ဉာဏ်ကောင်း၊ အကြံကောင်း တွေကိုလည်း ဘယ်သူကမှ အန္တရာယ်မပြုနိုင်တဲ့ ကောင်းကျိုးရလာပါလိမ့်မယ်။

မိမိရဲ့ဉာဏ်ကောင်း၊ အကြံကောင်းတွေကို အန္တရာယ်ပြုလို့မရအောင် အဲဒီ အပိုဒ်ရွတ်ဖတ်ပူဇော်ပါ။

**၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ**
**နသက္ကာ ကေနစိ အန္တရာယောကာတုံ**
**တေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတုသဗ္ဗဒါ။**
**တေ**

**(ဗုဒ္ဓဝံသဋ္ဌ၊ ၃၅၂)**

**ဗုဒ္ဓါနံ**-ဘုရားရှင်တို့အား၊ **ဥဒ္ဒိဿ**-ရည်ရွယ်၍၊ **အဘိဟဋာနံ**-ရှေးရှု ဆောင်ယူအပ်ကုန်သော။ **စတုန္နံပစ္စယာနံ**- ပစ္စည်းလေးမျိုးတို့၏။ **ကေနစိ**- တစ်စုံတစ်ယောက်သာ သူသည်၊ **အန္တရာယော** -အန္တရာယ်ကို။ **ကာတုံ** - ပြုခြင်းငှာ၊ **နသက္ကာ**-မစွမ်းနိုင်။

**တေနသစ္စဝဇ္ဇေန**-ဤသို့မှန်သား၊ စကားသစ္စာ၊ ပြောရတာကြောင့်၊ **မေ** -တပည့်တော်အား (**တေ**-သင့်အား) **တထာ**-ထို့အတူပင်၊ **သဗ္ဗဒါ**၊ အခါခပ်သိမ်း၊ **ဟောတု**-ဖြစ်နိုင်ပါစေသတည်း။

သာဓု သာဓု သာဓု

× × ×

http://www.dhammadownload.com



မြတ်စွာဘုရားရှင်တို့အတွက် ရည်ရွယ်ပြီး ရှေးရှု ဆောင်ယူလာတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို ဘယ်သူကမှ မလှူဖြစ်အောင် (အန္တရာယ် ဖြစ်အောင်) လုပ်လို့မရပါဘူး၊ အဲဒီ မှန်ကန်တဲ့သစ္စာစကားကြောင့် တပည့်တော်အား (သင့်အား) ထို့အတူသာ အခါခပ်သိမ်း ဖြစ်ပါစေလို့ သစ္စာပြုကာ ရွတ်ဆိုပူဇော်ပါ၊ အဲဒီလို သစ္စာပြုရွတ်ဆိုပူဇော်ရင် ကိုယ့်အတွက် ရပိုင်ခွင့် လာဘ်လာဘ၊ ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ ရတနာ ရွှေငွေ အထွေထွေအတွက် အန္တရာယ်ကင်းတဲ့ကောင်းကျိုး ရလာပါလိမ့်မယ်။

၄။ ဗုဒ္ဓါနံ ဒ္ဒတ္တိံသ မဟာပုရိသလက္ခဏာနံ
အသီတိယာ အနုဗျဉ္ဇနာနဥ္စ ဗျာမပ္ပဘာယဝါ
နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတုသဗ္ဗဒါ။
တေ

(ဗုဒ္ဓဝံသဋ္ဌ၊ ၃၅။ ဝိ၊ ဋ္ဌ၊ ၁၊ ၁၄၈)

ဗုဒ္ဓါနံ - ဘုရားရှင်တို့၏၊ ဒ္ဒတ္တိံသ မဟာပုရိသ လက္ခဏာနံ - သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတော်ကြီးတို့၏လည်းကောင်း။ အသီတိယာ - ရှစ်ဆယ်သော။ အနုဗျဉ္ဇနာနဥ္စ-အဖန်ဖန်ထင်ရှား၊ ပြတတ် ငြားသည့်၊ ထူးခြားထင်ပေါ်၊ လက္ခဏာတော်ငယ်တို့၏လည်းကောင်း။ ဗျာမပ္ပဘာယဝါ-တစ်လံမျှလောက်သော ကိုယ်ရောင်တော်၏လည်းကောင်း။ ကေနစိ-တစ်စုံတစ်ယောက်သော သူသည်၊ အန္တရာယော-အန္တရာယ်ကို။ ကာတုံ- ပြုခြင်းငှာ။ နသက္ကာ-မစွမ်းနိုင်။

ဧတေနသစ္စဝဇ္ဇေန-ဤသို့မှန်သား၊ စကားသစ္စာ၊ ပြောရတာကြောင့်။ မေ- တပည့်တော်အား (တေ-သင့်အား) တထာ-ထို့အတူ။ သဗ္ဗဒါ-အခါခပ်သိမ်း။ ဟောတု -ဖြစ်နိုင်ပါစေသား။

ဘုရားရှင်တို့ရဲ့ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်နဲ့ တစ်လံလောက်ထွက်နေတဲ့ ကိုယ်ရောင်တော်ကို တစ်စုံတစ်ယောက် သောသူသည် အန္တရာယ်ပြုခြင်း မစွမ်းနိုင်ဘူးတဲ့၊

http://www.dhammadownload.com



အဲဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် တပည့်တော်အား (သင့်အား) ထို့အတူပင် အခါခပ်သိမ်းဖြစ်ပါစေလို့ သစ္စာပြုကာ ဆုတောင်းရွတ်ဆိုပါ။

မိမိရဲ့ မျက်စိ, နား, နှာ အစရှိတဲ့ ခန္ဓာကိုယ်ရဲ့ အင်္ဂါကြီးငယ် အသွယ်သွယ်တွေမှာ အန္တရာယ်ကင်းဝေးခြင်း ကောင်းကျိုးများကို ရရှိလာပါလိမ့်မယ်။

အဲဒီ မြတ်စွာဘုရားတိုင်းရဲ့အပေါ်မှာ အန္တရာယ်ပြုလို့ မရတဲ့ ဂုဏ်လေးခုကို သတိထားပြီး ရွတ်ဖတ်ပူဇော်ကြကာ အန္တရာယ်ခပင်း ရန်စွယ်တွေအားလုံး ရှင်းကြပါစေလို့ ဆုပေးဆုတောင်းခဲ့ပါတယ်။

ဒီနေ့ ဦး( ) ဒေါ်( ) မိသားတို့ရဲ့ အန္တရာယ်ကင်း ဆွမ်းကပ်ပွဲမှာ ဟောကြားခဲ့တဲ့တရားက ဘာတရားတဲ့လဲ (အန္တရာယ်မပြု + ဂုဏ်လေးခုတရား ပါဘုရား)

ဒီတရားတော်ကို အကျဉ်းချုပ်ကြည့်ကြရအောင် -

၁။ ဘုရားရှင်တို့ရဲ့ အသက်တော်ကို ဘယ်သူကမှ အန္တရာယ်ပြုလို့မရ။

၂။ ဘုရားရှင်တို့ရဲ့ သဗ္ဗညုတဉာဏ်တော်ကို ဘယ်သူကမှ အန္တရာယ်ပြုလို့ မရ။

၃။ ဘုရားရှင်တို့ရဲ့ လာဘ်လာဘတော်ကို ဘယ်သူကမှ အန္တရာယ်ပြုလို့မရ။

၄။ ဘုရားရှင်တို့ရဲ့လက္ခဏာတော်ကြီး (၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)နဲ့ တစ်လံမျှလောက်ထွက်နေတဲ့ ကိုယ်ရောင်တော်ကို ဘယ်သူကမှ အန္တရာယ်ပြုလို့မရ။

မြန်မာလိုအကျဉ်း အလွယ်ဆုံးရွတ်ဖတ်ပူဇော်မယ်ဆိုရင် အောက်ပါအတိုင်း ရွတ်ဖတ်ပူဇော်ပါ -

"ဘုရားရှင်တို့၏ အသက်တော်၊ သဗ္ဗညုတဉာဏ်တော်၊ လာဘ်လာဘတော်၊ လက္ခဏာကြီးငယ်အသွယ်သွယ်နဲ့ ကိုယ်ရောင်တော်ကို ဘယ်သူကမှ အန္တရာယ်ပြုလို့ မရသလို တပည့်တော်၏ (သင်၏) အသက်၊ အကြံကောင်း၊ ဉာဏ်ကောင်း၊ လာဘ်လာဘ၊ ခန္ဓာကိုယ်အင်္ဂါ ကြီးငယ်အသွယ်သွယ်နဲ့ သီလ, သမာဓိ, ပညာရောင်များကိုလည်း ဘယ်သူကမှ အန္တရာယ်ပြုလို့မရပါစေသား" လို့ ရွတ်ဖတ်ပူဇော်ပါ။

http://www.dhammadownload.com



ကဲ - အန္တရာယ်မပြုဂုဏ်လေးခု ကဗျာလေးကို ရွတ်ဆိုပူဇော်ကာ တရားသိမ်းကြရအောင် -

*ဘုရားအသက်၊ ဉာဏ်၊လာဘ်၊လက်၊ ဖြာထွက်ကိုယ်ရောင်မှာ။*
*အန္တရာယ်ပြု၊ မရှုမှု၊ ရွတ်ပြုပူဇော်ပါ။*
*အန္တရာယ်မပြု၊ ဂုဏ်လေးခု၊ ရွတ်ပြုပူဇော်ပါ။*
*ဤသို့မှန်သား၊ မြတ်စကား၊ ပြတ်သားဆိုရကာ။*
*မိမိအသက်၊ ဉာဏ်၊လာဘ်၊လက်၊ နှောင့်ယှက်ဘေးရန်ကွာ။*
*မိမိအသက်၊ ဉာဏ်၊လာဘ်၊လက်၊ ဖြိုဖျက်မရပါ။*
*အန္တရာယ်မပြု၊ ဂုဏ်လေးခု၊ ရွတ်ပြုစွဲမြဲစွာ။*

× × ×

http://www.dhammadownload.com



## ခုဒ္ဒကနိကာယ် + ထေရာပဒါနပါဠိတော် + ဘဒ္ဒိယဝဂ် စူဠသုဂန္ဓတ္ထေရအပဒါနလာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြားအပ်သော

## "ဘဝတစ်ခု + အလှုစု"
## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) တို့ရဲ့ ဆွမ်း (သင်္ကန်း)ကပ်ပွဲမှာ ဟောကြားမည့်တရားတော်က "ဘဝတစ်ခု+အလှုစု" တရားတော်တဲ့။

ဘာတရားတဲ့လဲ (ဘဝတစ်ခု + အလှုစု တရားပါ ဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

ဒါနံဒတွာ မဟာဘောဂေါ၊
သီလေန သုဂတူပဂေါ။
ဘာဝနာယစ နိဗ္ဗာတိ၊
ဣစ္စေဝ မနုသာသထ။

(အပဒါနပါဠိ၊ ၂၊ ၁၆၆)

ဒါနံ ဒတွာ မဟာဘောဂေါ၊

ဒါနံ-အလှူကို။ ဒတွာ-ပေးလှူခြင်းကြောင့်။ မဟာ ဘောဂေါ - ဘဝဖြစ်ရာ၊ အဖြာဖြာ၌၊ များစွာအပြည့်၊ စည်းစိမ်ရှိ၏။

အလှူပေးတဲ့အတွက် ဘဝတိုင်း ဘဝတိုင်းမှာ စည်းစိမ်ဥစ္စာ အဖြာဖြာတွေ ပေါများမယ်၊ ပေါပေါများများ စားရ၊ သောက်ရ၊ ဝတ်ရမယ်၊ ဘဝတစ်ခု ဖြစ်လာတဲ့အခါမှာ ဘဝတိုင်း ပေါများကြွယ်ဝချမ်းသာဖို့အတွက် ဒါနဆိုတဲ့ အလှုကို စုရမယ်၊ ဒီနေ့ ဦး ( ) ဒေါ် ( ) တို့ အခု ဆွမ်း (သင်္ကန်း၊ ဆေး) စတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေ ဆက်ကပ်လှူဒါန်းနေတာတွေ၊

http://www.dhammadownload.com



ဉ္စည်ပရိသတ်တွေကို ကျွေးမွေးပြုစု စောင့်ရှောက် စည့်ခံနေတာတွေဟာ ဒါနဆိုတဲ့ အလှူစုနေတာဖြစ်တယ်၊ တို့အလှူလုပ်နေတာတွေဟာ ကုန်တာ မဟုတ်ပါဘူး၊ ဘဝတစ်ခုဖြစ်လာတဲ့အခါမှာ ဘဝတိုင်း ပေါများပြည့်စုံဖို့အတွက် ဒါနဆိုတဲ့အလှူကို စုနေတာဖြစ်တယ်လို့ နားလည်သဘောပေါက်ရမယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်။

ဘုန်းကြီးတို့က (ဦးဇင်းတို့က) ဘဝတစ်ခုဖြစ်လာမှုမှာ ဒါနဆိုတဲ့အလှူကို စုပါလို့ သတိပေး၊ အသိပေးပါတယ်။

ဘဝတစ်ခုဖြစ်လာမှုမှာ ဒါနဆိုတဲ့အလှူကိုစုရင် ဘဝတိုင်း ပေါများ ကြွယ်ဝ ချမ်းသာမယ်၊ ဒါနစုသူဟာ (ဒါနပြုသူ)ဟာ အလှူစုသူ၊ အလှူပြုသူဖြစ်တယ်၊ ဒီတော့ ကိုယ့်ဘဝကို ဒါနနဲ့ လှအောင်သ,ရမယ်၊ ပြင်ရမယ်၊ ဘဝကို ဒါနနဲ့ အလှပြင်ပါ၊ အလှဆင်ပါ။

ဘဝတိုင်း ပေါချင်ရင် လှူရတယ်၊ ပေးရတယ်၊ ကျွေးရတယ်။ ဒကာ, ဒကာမတွေ မပေါချင်ဘူးလား (ပေါချင်ပါတယ်ဘုရား) ပေါချင်ရင် ဘာတဲ့လဲ (လှူရ၊ ပေးရ၊ ကျွေးရမှာပါဘုရား)

ကဲ - ကဗျာလေးတွေ လိုက်ဆို -

* *ပေါချင်ရင် လှူပါ*
*လှူချင်ရင် ပေါပါလိမ့်မယ်။*

* *ပေါချင်ရင် ပေးပါ*
*ပေးချင်ရင် ပေါပါလိမ့်မယ်။*

* *ပေါချင်ရင် ကျွေးပါ*
*ကျွေးချင်ရင် ပေါပါလိမ့်မယ်။*

ဘဝတစ်ခုဖြစ်လာမှုမှာ ဘာစုရမတဲ့လဲ။ (ဒါနစုရမှာ ပါဘုရား) ဒါနစုသူဟာ (အလှူစုသူပါဘုရား) ဒါနစုတာဟာ (ဒါနပြုတာဟာ) စိတ်ချရ တယ်နော် (မှန်လှပါဘုရား) ဒါနစုတာလောက် ဘယ်နေရာမှ စိတ်မချရပါဘူး၊ ဒါ့ကြောင့် ဒါနပြုပါ၊ ဒါနစုပါလို့ သတိပေးပါတယ်။ ဒါနပြုရင်၊ ဒါနစုရင် ပေါလည်းပေါမယ်၊ ချောလည်း ချောမယ်။ ပေါချင်လည်း ဒါနစု၊ ချောချင်လည်း ဒါနစု။

http://www.dhammadownload.com



ကဲ - ကဗျာလေးတွေ လိုက်ဆို -

* *ဘဝတစ်ခု၊ ဖြစ်လာမှု၊ ဒါနစုထားပါ။*
*ဘဝတစ်ခု၊ ဖြစ်လာမှု၊ ဒါနပြုထားပါ။*
*ဘဝတစ်ခု၊ ဒါနစု၊ အလှုစုသူပါ။*

* *ဒါနစုက၊ ပေါများရ၊ ဘဝဖြစ်လေရာ။*
*ဖြစ်ရာပေါချင်၊ ဒါနပင်၊ အစဉ်စုထားပါ။*
*ဖြစ်ရာပေါချင်၊ ဒါနပင်၊ အစဉ်ပြုထားပါ။*
*ဖြစ်ရာချောချင်၊ ဒါနပင်၊ အစဉ်ပြု + စုပါ။*

ဒီနေ့ အလှူရှင် ဦး ( ) ဒေါ် ( ) တို့ ဘာလုပ်နေတာလဲလို့မေးရင် ဒါနဆိုတဲ့အလှုကို စုနေတာလို့ အားရပါးရ ဝမ်းမြောက်ဝမ်းသာ ဖြေလိုက်စမ်းပါ။ ဒီနေ့ဟာ ဒါနဆိုတဲ့ အလှုစုတဲ့နေ့နော် (မှန်လှပါဘုရား) ဘာနေ့တဲ့လဲ (အလှုစုတဲ့ နေ့ပါဘုရား)

**သီလေန သုဂတူပဂေါ။**

**သီလေန**-သီလကြောင့်။ **သုဂတူပဂေါ**-အပါယ်လေးဖြာ၊ ကင်းဝေးကွာ၍၊ လူ့ရွာနတ်ရပ်၊ ဘုံအမြတ်သို့၊ မပြတ်ပုံသေ၊ ရောက်ရပေ၏။

ဒါနဆိုတဲ့အလှုကိုစုပြီးရင် ကိုယ်ကျင့်တရားကောင်းတဲ့ သီလကို ထပ်ပြီးတော့ စုရမယ်။ ဒါနအလှုကို သီလအလှုနဲ့ ထပ်ပြီးတော့ ခြယ်သ ပြင်ဆင်ပေးရမယ်၊ ဒါနကို သီလနဲ့အလှုဆင်ပါ၊ အလှုပြင်ပါလို့ ဆိုလိုတယ်။

ကိုယ်ကျင့်တရားကောင်းတဲ့ သီလရှိရင် အဲဒီသီလကြောင့် အပါယ် လေးပါး ဘေးအများတွေ ကင်းဝေးပြီးတော့ ဒီဘဝ ဒီခန္ဓာ စွန့်ခွာသွားရတဲ့ အခါမှာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကောင်းတဲ့ဘဝတွေကို မုချပိုင်ပိုင် ရောက် နိုင်တယ်။

ဒီနေ့ ဦး ( ) ဒေါ် ( ) တို့မိသားစု ကောင်းရာ မရောက်ချင်ဘူးလား (ရောက်ချင်ပါတယ်ဘုရား) အေး ကောင်းရာရောက်ချင်ရင် ဘာစုရမတဲ့လဲ (သီလအလှု စုရမှာပါဘုရား)

http://www.dhammadownload.com



ဘဝတစ်ခု ဖြစ်လာမှုမှာ သီလစုသူဟာ အလှစုသူ ဖြစ်တယ်၊ သီလအလှကို စုပါလို့ သတိပေးပါတယ်၊ ဒီနေ့ သီလခံယူနေကြတာတွေဟာ သီလအလှစုနေကြတာ ဖြစ်တယ်။

ကဲ - ကဗျာလေးတွေ လိုက်ဆို -

*ဘဝတစ်ခု၊ ဖြစ်လာမှု၊ သီလစုထားပါ။*

*ဘဝတစ်ခု၊ သီလစု၊ အလှစုသူပါ။*

*သီလစုက၊ လူဘဝ၊ ရောက်ရမလွဲပါ။*

*သီလစုက၊ နတ်ဘဝ၊ ရောက်ရမလွဲပါ။*

*သီလစုလျှင်၊ လူ့နတ်ပင်၊ အစဉ်ရောက်နိုင်တာ။*

*သီလစုလျှင်၊ ကောင်းရာပင်၊ အစဉ်ရောက်နိုင်တာ။*

*ကောင်းရာရောက်ချင်၊ သီလပင်၊ အစဉ်စုထားပါ။*

*ကောင်းရာရောက်ချင်၊ သီလပင်၊ လှရှင်စုရမှာ။*

**ဘာဝနာယ စ နိဗ္ဗာတိ၊ ဣစ္စေဝံ မနုသာသထ။**

စ-ဒါန, သီလ၊ အလှထက်သာ၊ ဘာဝနာအလှ၊ ဆိုကာပြလိုက်ပါဦးအံ့။ **ဘာဝနာယ** - အကျိုးတရား၊ အလွန်များ၍၊ ဖြစ်ပွားစေအပ်၊ တရားမြတ်သေချာ၊ ဘာဝနာကြောင့်။ **နိဗ္ဗာတိ**-ကိလေသာမီး၊ အသီးသီးတို့၊ အငြိမ်းပိုင်ပိုင်၊ ငြိမ်းအေးနိုင်၏။ **ဣစ္စေဝံ**-ဤသို့သာလျှင်၊ **အနုသာသထ** -ကဿပတွင်၊ ဘုရားရှင်က၊ ဟောညွှန် ပြသ၊ ဆိုဆုံးမတော်မူလိုက်ပါပေ၏။

ဒါနအလှ၊ သီလအလှထက်သာတဲ့အလှဟာ ဘာဝနာအလှဖြစ်တယ်၊ ဘာဝနာဆိုတာ အကျိုးတရားအလွန်များတဲ့အတွက် မိမိတို့သန္တာန်၌ အဖန်ဖန် ဖြစ်စေထိုက်တဲ့တရားကို ဘာဝနာလို့ဆိုပါတယ်။ ဘာဝနာကလည်း နှစ်မျိုးရှိပါတယ်၊ **သမထဘာဝနာ**-ကာမစ္ဆန္ဒစတဲ့ နီဝရဏတရားတွေကို ငြိမ်သက်စေ၊ ငြိမ်းအေးစေတဲ့ သမာဓိကို သမထဘာဝနာလို့ ခေါ်တယ်။ **ဝိပဿနာဘာဝနာ**-တေဘူမက ရုပ်နာမ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုတတ်တဲ့ ဉာဏ်ပညာကို ဝိပဿနာဘာဝနာလို့ ခေါ်တယ်။

http://www.dhammadownload.com



အဲဒီ ဘာဝနာနှစ်ပါးကြောင့် လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာမီးတွေအားလုံး ငြိမ်းအေးနိုင်တယ်၊ နိဗ္ဗာန်အထိ ရောက်နိုင်တယ်လို့ ကဿပဘုရားရှင်က ဟောပြတော်မူပါတယ်။ ဘဝတစ်ခုဖြစ်လာတဲ့အခါမှာ အဲဒီဘာဝနာအလုပ်ကိုလည်း တစ်ကယ်စုရမှာဖြစ်ပါတယ်၊ ဘာဝနာစုသူဟာ အလုပ်စုသူဖြစ်ပါတယ်၊ မိမိရဲ့ရုပ်နာမ် တရားများရဲ့အပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုပွားတဲ့ ဝိပဿနာဘာဝနာအလုပ်ကို ထာဝရ ဆင်ခြင်ပွားများကာ စုထားနိုင်ကြပါစေလို့ ဆုပေးဆုတောင်းခဲ့ပါတယ်။

ကိလေသာမီးတွေ ငြိမ်းအေးအောင် နိဗ္ဗာန်ရောက်အောင် ဘယ်အလုပ်ကို စုရမတဲ့လဲ (ဝိပဿနာ ဘာဝနာ အလုပ်ကို စုရမှာပါဘုရား)

ကဲ - ကဗျာလေးတွေ လိုက်ဆိုကာ တရားသိမ်းကြရအောင် -

*ဘဝတစ်ခု၊ ဖြစ်လာမှု၊ ဘာဝနာစုပါ။*
*ဘဝတစ်ခု၊ ဘာဝနာစု၊ အလုပ်စုသူပါ။*
*ဘာဝနာစုက၊ ကိလေသာ၊ ငြိမ်းရအေးရမှာ။*
*ဘာဝနာစုက၊ နိဗ္ဗာန်ရ၊ ငြိမ်းရအေးရမှာ။*
*ကိလေငြိမ်းချင်၊ ဘာဝနာပင်၊ လူရှင်စုရမှာ။*
*နိဗ္ဗာန်ရောက်ချင်၊ ဘာဝနာပင်၊ လူရှင်စုရမှာ။*
*ဘဝတစ်ခု၊ ဖြစ်လာမှု၊ ပွားစုဘာဝနာ။*

## ကောင်းထက်ကောင်းမှာမလွဲပါ

*ဘဝတစ်ခု၊ ဖြစ်လာမှုမှာ၊ ယခုကစ၊*
*နိဗ္ဗာန်ရအောင်၊ ဒါန+သီလာ၊ ဘာဝနာဟု၊*
*သုံးဖြာအလုပ်၊ စုနိုင်မှလျှင်၊ ဘဝခုကောင်း၊*
*နောင်လည်းကောင်းကာ၊ ကောင်းဆက်သာမည်၊*
*ကောင်းထက်ကောင်းမှာမလွဲတည်း။*

http://www.dhammadownload.com



## ဒါန,သီလာ+ဘာဝနာစုရ+ကောင်းကျိုးလှ

* *ဘဝတစ်ခု၊ ဒါနစုက၊ ခုဘဝနှင့်၊ ဘဝနောင်ခါ၊ ဖြစ်လေရာ၌၊ ဥစ္စာလည်းပေါ၊ ရုပ်ပါချော၏။*
* *ဘဝတစ်ခု၊ သီလစုက၊ ခုဘဝမှာ၊ အေးချမ်းသာ၍၊ ခန္ဓာစွန့်ရ၊ နောက်ဘဝလည်း၊ ကောင်းလှဘုံသာ၊ ရောက်ရပါ၏။*
* *ဘဝတစ်ခု၊ ဘာဝနာစုက၊ ခုဘဝနှင့်၊ ဘဝနောင်ခါ၊*
*ကိလေသာမီး၊ အသီးသီးတို့၊ အပြီးငြိမ်းကာ၊*
*ဘေးဘယာကင်း၊ ဝေးကွာရှင်းပြန့်၊ အေးနိဗ္ဗာန်တိုင်၊*
*ရောက်ရနိုင်သည်၊ ပိုင်ဆိုင်ဘာဝနာစုကျိုးတည်း။*

သာဓု သာဓု သာဓု

၂၂-၂-၂၀၀၃

× × ×

http://www.dhammadownload.com



## အင်္ဂုတ္တရနိကာယ် + စတုက္ကနိပါတပါဠိ
## တတိယပဏ္ဏာသက+အာဘာဝဂ္ဂ+အာလောကသုတ်ကို
## တန်ဆာဆင်၍
## အသိဉာဏ်ပေးဟောကြားပြောကြားအပ်သော

## “အရောင်အားလုံး + အသာဆုံး”
## တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ပညာရေးပဒေသာ စိုက်ထူလှူဒါန်းပွဲ၊ တရားစာအုပ်များ လှူဒါန်းပွဲ၌ ဟောကြားမည့်တရားတော်က **“အရောင်အားလုံး အသာဆုံး”**တရားတော်တဲ့။

-ဘာတရားတဲ့လဲ (အရောင်အားလုံး အသာဆုံးတရားတော်ပါဘုရား)

ကဲ-စပြီးတော့ ဟောကြ နာကြရအောင် -

**စတ္တာရောမေ ဘိက္ခဝေ အာလောကာ။**

(အံ၊ ပါ၊ ၁၊ ၄၅၆)

**ဘိက္ခဝေ**-ရဟန်းတို့။ **အာလောကာ**-ထွန်းလင်းတောက်ပြောင် အရောင်တို့သည်။ **ဣမေစတ္တာရော** - ဤလေးမျိုးတို့ပါပေတည်း။

လောကမှာ ထွန်းလင်း တောက်ပြောင်တတ်တဲ့ အရောင်လေးမျိုးရှိတယ်။

**ကတမေ စတ္တာရော**-

အဲဒီ အရောင်လေးမျိုးက ဘာတွေလည်းဆိုတော့ -

http://www.dhammadownload.com



စန္ဒာလောကော သူရိယာ လောကော
အဂ္ဂိလောကော ပညာလောကော။
စန္ဒာလောကော - လရောင်လည်းကောင်း။
သူရိယာလောကော - နေရောင်လည်းကောင်း။
အဂ္ဂိလောကော - မီးရောင်လည်းကောင်း။
ပညာလောကော - ပညာအရောင်လည်းကောင်းတည်း။

လရောင်၊ နေရောင်၊ မီးရောင်၊ ပညာရောင်ဆိုတဲ့ အရောင်လေးမျိုးပဲ ဖြစ်တယ်။

အဲဒီ အရောင်လေးမျိုးထဲမှာ ဘယ်အရောင်ဟာ အကောင်းဆုံးအရောင် ဖြစ်တယ်။ အသာဆုံးအရောင် ဖြစ်တယ်ဆိုတာကိုဆက်ပြီးတော့ ဟောကြ နာကြ ရအောင်။

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ စတုန္နံ
အာလောကာနံ ယဒိဒံ ပညာလောကောတိ။

ဘိက္ခဝေ-ရဟန်းတို့။ စတုန္နံ-လေးမျိုးကုန်သော။ ဣမေသံ အာလောကာနံ-ဤအရောင်တို့တွင်။ ယဒိဒံ- ယောအယံပညာလောကော-အကြင်ပညာ အရောင်သည်။ (အတ္ထိ=ရှိ၏) ဧတံ-သော၊ ပညာလောကော= ဤပညာ အရောင်သည်။ အဂ္ဂံ-အဂ္ဂေါ= အရောင်အားလုံးမှာ။ အသာဆုံး အမြတ်ဆုံး ဖြစ်ပါပေ၏။ ဣတိ=ဤသို့။ (ဘဂဝါ- မြတ်စွာဘုရားသည်။ အဝေါစ- ကောင်းစွာမသွေ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။)

သာဓု သာဓု သာဓု

× × ×

http://www.dhammadownload.com



လရောင်၊ နေရောင်၊ မီးရောင်၊ ပညာရောင်ဆိုတဲ့ အရောင်လေးမျိုးထဲမှာ အသာဆုံးအရောင်၊ အကောင်းဆုံးအရောင်၊ အမြတ်ဆုံးအရောင်က ပညာရောင် ဖြစ်တယ်။

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတွေ ပညာတောက်ပြောင်ဖို့၊ ပညာကျော်ဖို့၊ ပညာတော်ဖို့၊ ပညာကြီးဖို့၊ ပညာရေးယှဉ်ပြိုင်မှု ဘွဲ့ထူးဂုဏ်ထူး စုံစုံညီညီ ရရှိသည်အထိ ပညာပြီးဖို့၊ မဂ်ဖိုလ်ပညာရသည်အထိ ကောင်းကျိုးရှိဖို့ ရည်ရွယ်ချက် ကြီးကြီးမားမား ထားပြီးတော့ ပညာရေးပဒေသာတွေ စိုက်ထူ လှူဒါန်းကြတာ၊ စာချစာသင် သံဃာတော်အရှင်မြတ်တွေအတွက် မူလ၊ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းဆိုင်ရာ တရားစာအုပ်တွေ လှူဒါန်းကြတာဟာ ပညာဆီမီးအရောင်ကောင်းကြီး တောက်ပရာ တောက်ပကြောင်း ဆည်းပူး အားထုတ်နေကြတာဖြစ်တယ်။ ဒီနေ့ မိမိတို့ဆည်းပူးအားထုတ်နေတဲ့ ပညာရေး အထောက်အပံ့ ကုသိုလ်ကောင်း ပညာအလှူများဟာ အရောင်အားလုံးမှာ အသာဆုံးအရောင် ဖြစ်တယ်။ အရောင်အားလုံးမှာ အသာဆုံးအရောင်ကြီးကို ပေးလှူနေရတယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမယ်။

ပညာအလှူဟာ သင်ရောငါပါ အတူတူ အစဉ်သာ လှူသင့်တဲ့ အလှူ ဖြစ်တယ်။ ပညာအလှူသင်ငါအတူ အစဉ်သာလှူကြပါစို့လို့ တိုက်တွန်း လိုက်ပါတယ်။

ပညာအရောင်ဟာ အရောင်လေးမျိုးထဲမှာ ဘယ်လိုအရောင်တဲ့လဲ (အသာဆုံး အရောင်ပါဘုရား) ဒါဆိုင် ဒီနေ့ ပညာရေးပဒေသာလှူပွဲ၊ ပညာရေး အထောက်အပံ့ စာအုပ်လှူပွဲမှာ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ (အရောင်အားလုံး အသာဆုံးတရားပါဘုရား)

ဒီတော့ အော် တို့ကုသိုလ်ဟာ အသာဆုံးအရောင် ဖြစ်တယ်။ အသာဆုံး ကုသိုလ်ဖြစ်တယ်လို့ ဝမ်းမြောက်ကြရမယ်။ ဂုဏ်ယူကြရမယ်နော် (မှန်လှပါ ဘုရား)

http://www.dhammadownload.com



## ပညာဆိုင်ရာ ဆုတောင်းပါ

ဒီနေ့ ပညာရေးပဒေသာလှူရတဲ့ အသာဆုံးကုသိုလ်၊ ပညာရေးအထောက်အပံ့ တရားစာအုပ်တွေလှူရတဲ့ အသာဆုံးကုသိုလ်များကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ ပညာကြီးရပါလို၏။ ပညာရေးပန်းတိုင်များ ဘွဲ့ထူး ဂုဏ်ထူး အသီးသီး ပြည့်စုံရရှိသည်အထိ ပညာပြီးရပါလို၏လို့ ဆုတောင်းပါ။ ဒီဆိုလည်း တကယ်တောင်းသင့်တယ်။ တစ်ချို့လူတွေ ရဟန်းတွေ ဉာဏ် သိပ်ကောင်းတယ်။ မိဘ၊ ဆရာသမား၊ နာရေးကိစ္စ၊ ရပ်ရွာကိစ္စ စတဲ့ အကြောင်းများကြောင့် ပညာရေးပန်းတိုင်အပြီး အဆုံးမရောက်ပဲ နစ်နာတဲ့လူတွေ၊ ရဟန်းတွေအများကြီး ရှိတယ်။

## ပညာခရီး + မပြီးကာဝိ

ဒီနေ့ရာမှာ စကားမစပ် သို့မဟုတ် စကားစပ်နေတဲ့အတွက် အတွေ့အကြုံလေးတွေ ပြောပြလိုပါသေးတယ်။ ပညာရေးမပြီးခဲ့တဲ့အတွက် နောင်မှရတဲ့ ဘဝနောင်တ အကြောင်းလေးများပါပဲ။ တစ်ခါက မကွေးဘက် ရွာတစ်ရွာ ပဋ္ဌာန်းပွဲမှာ တရားသွားဟောတော့ ဆရာတော် သံဃာတော်တွေ တော်တော်စုံပါတယ်။ အဲဒီဆရာတော်တွေထဲမှာ ဆရာတော်တစ်ပါးက "ကိုယ်တော်လေး တရားဟောသလား"လို့မေးတော့ "ဟောပါတယ်ဘုရား"လို့ လျှောက်လိုက်ပါတယ်။

အဲဒီတော့ အဲဒီဆရာတော်က ကိုယ်တော်လေး တရားဟောတာ ကိုယ့်ကိုယ်ကို ငိုအောင်ဟောနိုင်ရဲ့လားတဲ့။ ကိုယ့်ကိုယ်ကို ငိုအောင်ဟောနိုင်မှ တရားဟော ကောင်းတယ်လို့ ပြောလို့ရတယ်တဲ့။ သူက သူ့ကိုယ်သူ ငိုအောင်ဟောနိုင်ခဲ့တယ်တဲ့။ ဒီတော့ မိမိက ဆရာတော်တရား တယ်ထူးတဲ့တရားပါလား။ ကိုယ်ဟောတဲ့တရားနဲ့ ကိုယ့်ကိုယ်ကို ငိုအောင်ဟောခဲ့တဲ့တရားလေး နာကြားပါရစေ ဗဟုသုတဖြစ်အောင် ဟောပါဘုရားလို့ လျှောက်ထားလိုက်ပါတယ်။

အဲဒီ ဆရာတော်က ဒီလိုပါ ကိုယ်တော်တဲ့။ တပည့်တော်က အသက် (၂၀)ကျော်မှ ကြီးမှရဟန်းဖြစ်ရတာ။ ရဟန်းဖြစ်ပြီးတော့ မြို့က စာသင်တိုက်ကြီး တစ်တိုက်ကို စာသင်ဖို့ ရောက်သွားပါတယ်။ ကြီးမှ စာသင်ရတော့ စာတွေ

http://www.dhammadownload.com



နောက်ကျနေပြီဆိုပြီးတော့ စာတအားကြိုးစားတယ်။ ပထမငယ်တန်းမှာ ကျောင်းအစမ်းဖြေတိုင်း တစ်၊ နှစ်၊သုံးရတာများတယ်။ အဲဒီလို စာတွေ တအားကြိုးစားနေတုန်း အစိုးရ စာမေးပွဲဖြေခါနီးမှာ ရွာက ဆရာတော်ကြီး ပျံလွန်တော်မူပါရော၊ ဒီတော့ ရွာက လူကြီးတွေ လိုက်လာ၊ ရွာပြန်ပင့်၊ ဘုန်းကြီးပျံကိစ္စဆောင်ရွက်ပြီး မြို့ပြန်စာမေးပွဲဖြေ၊ ကျောင်းတိုက်အောင် လက်မှတ်ကပ် စာအောင်ဆုပေးတဲ့ ကျောင်းအစမ်းစာမေးပွဲကြီး ပထမ ဂုဏ်ထူးနဲ့ အောင်၊ အစိုးရစာမေးပွဲလည်း အောင်ပါတယ်။

စာမေးပွဲဖြေပြီး ရွာပြန်တော့ ရွာက လူကြီးတွေက အရှင်ဘုရား မြို့ပြန်စာသင်မနေပါနဲ့တော့။ ရွာမှာ ကျောင်းထိုင်မည့်ဘုန်းကြီးမရှိဘူး။ အရှင်ဘုရားပဲ ကျောင်းထိုင်ပါ။ သီလပေး၊ ရေစက်ချ၊ တရားလေး နည်းနည်း ပါးပါး ဟောတတ်တော်ပြီပေါ့ ဘုရားလို့ ဝိုင်းပြီးလျှောက်ကြတဲ့အတွက် ပထမငယ်တန်းအောင်ဘဝနဲ့ ရွာမှာ ကျောင်းထိုင် ဆရာတော်လုပ်လိုက် ရပါတယ်။ ကျောင်းထိုင်ကာစတော့ ငယ်ငယ်လေးနဲ့ ကျောင်းထိုင်ဆရာတော် လုပ်ရတယ်။ စားရ၊သောက်ရ၊ သုံးရတာတွေဟာ စာသင်သားဘဝနဲ့ ဘာမှ မဆိုင်ဘူး။ မိုးနဲ့မြေကွာတယ်။ ကျောင်းထိုင်ဆရာတော်လုပ်ရတာတယ်၊ အဆင်ပြေတာပဲလို့ မြောက်ကြွ မြောက်ကြွဖြစ်နေတယ် ကိုယ်တော်၊ ကိုယ့်ကိုယ်ကို တော်တော်လေးဟုတ်လိုက်လေလို့ အထင်ကြီးမိတယ် ကိုယ်တော်။

ဒီလိုနဲ့ နောက်ဆယ်နှစ်ကျော်လောက်ကြာတဲ့အခါမှာ မြို့မှာအတူ စာသင်ခဲ့တဲ့ စာသင်ဖက်ကိုယ်တော်တွေ တပည့်တော်ရွာကို ခဏခဏ တရားဟော ကိစ္စ ကြွလာကြတယ်။ အဲဒီကိုယ်တော်တွေက ပိဋကတစ်ပုံအောင်၊ နှစ်ပုံအောင်တွေ၊ တစ်ချို့ကတော့ အနည်းဆုံး ဓမ္မာစရိယဘွဲ့ရ ကိုယ်တော်တွေဖြစ်တယ်။

အဲဒီကိုယ်တော်တွေ ပြန်သွားတော့ စဉ်းစားကြည့်မိတယ်။ သူတို့မှာတော့ ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ပြည့်ပြည့်စုံစုံ ရကြတယ်။ ပညာရေးပန်းတိုင်တွေ ပြီးမြောက်ကြတယ်၊ ငါ့မှာတော့ ပဌမငယ်တန်းအောင်နဲ့ ကျောင်းထိုင်လုပ်လိုက် ရတယ်။ ပညာရေးမပြီးခဲ့ဘူးလို့ စဉ်းစားမိတယ်။

http://www.dhammadownload.com



ဥပုသ်နေ့ရောက်တော့ ဇ နာရီလောက်မှာ သီလယူ၊ တရားနာဖို့ လူတွေ စုံစုံညီညီ ရောက်လာတဲ့အခါ သီလပေးလိုက်တယ်။ သီလပေးနေတုန်းတော့ အေးအေးဆေးဆေးပါပဲ။ သီလပေးပြီး တရားလည်းစဟောတော့ ကိုယ့်ဘဝခရီး ပညာရေးမပြီးဆုံးပဲ ကျောင်းထိုင်လိုက်ရတဲ့မြင်ကွင်း ရင်တွင်းကို ဆို့နင့်ပြီး ဝင်လာတယ် ကိုယ်တော်၊ မြို့က ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ တရားဟောသွားတဲ့ သူငယ်ချင်းကိုယ်တော်တွေနဲ့ ကိုယ့်ဘဝ ယှဉ်ကြည့်တဲ့အခါ မိုးနဲ့မြေပမာ ကွာခြားနေတာကို တော်တော်ဝမ်းနည်းမိလာတယ် ကိုယ်တော်၊ ဒီလိုနဲ့ တရားဟောရင်း ကိုယ့်စိတ်ထဲ ဖြစ်ပေါ်လာတဲ့ ခံစားချက်အကြောင်းစုံကို တရားနာ ပရိသတ်တွေကို ပြောပြရင်း ဝမ်းနည်းကြေကွဲသံကြီးနဲ့ ဒီရွာနဲ့ ဒီရွာကလူတွေကို ငဲ့ပြီး ကျောင်းထိုင်လိုက်ရတာ "ကျုပ်ဘဝတော့ အခု ကိုယ်ကျိုးနည်းပါပြီဗျာ"လို့ ငိုချလိုက်တယ် ကိုယ်တော်တဲ့၊ တပည့်တော်လည်း ငိုချလိုက်တော့ ရွာက တရားနာတဲ့လူတွေကလည်း တပည့်တော်ကို သနားပြီး တော်တော်ငိုကြတယ် ကိုယ်တော်တဲ့၊ ကိုယ်ဟောတဲ့တရားနဲ့ ကိုယ့်ကိုယ်ကို ငိုအောင်ဟောလိုက်တာကတော့ အဲဒါပါပဲ ကိုယ်တော်တဲ့။

ကိုယ်တော်က စာသင်တိုက်ဆရာတော်တစ်ပါးဆိုတော့ ဒီဘဝ ကိုယ်တွေ့လေး ပြောပြတာ အကြောင်းရှိတယ် ကိုယ်တော်တဲ့။

ကိုယ်တော်ကျောင်းက စာသင်သားလေးတွေကို ပညာပြီးဆုံးအောင် ကြိုးစားဖို့ တိုက်တွန်းပေးစေချင်လို့ ပြောပြတာပါတဲ့။ တပည့်တော် အကြောင်းလေးကို ပြောပြီး "ကျုပ်ဘဝတော့ အခု ကိုယ်ကျိုးနည်းပါပြီဗျာ"ဆိုတဲ့ ဘဝမရောက်အောင် သတိပေးစေချင်ပါတယ်တဲ့။ ဒါ့ကြောင့် ပြောပြတာပါတဲ့။

## ပညာခရီးအပြီးနောက်ကျ
## မတွယ်တာသင့်တာ မတွယ်တာပါစေနဲ့

နောက် ဆရာတော်တစ်ပါးကတော့ ကိုရင်ဝတ်နဲ့ ဓမ္မာစရိယ ရောက်နေပါတယ်၊ သူလည်း ရွာတစ်ရွာမှာ ကျောင်းထိုင်တဲ့သူတို့ရွာက ဆရာတော် တစ်ပါး ပျံလွန်တော်မူတော့ အဲဒီရွာက လူတွေက ကျောင်းထိုင်ဖို့ ဖွတ်

http://www.dhammadownload.com



အတင်းလျှောက်ကြတဲ့အတွက် ကိုရင်ဝတ်နဲ့ပဲ ကျောင်းထိုင်လိုက်ရပါတယ်။ ကျောင်းထိုင်ရင်းနဲ့ ဓမ္မာစရိယ စာမေးပွဲဆက်ဖြေတာဆိုတော့ မအောင်နိုင်ပါဘူး။ "ကိစ္စများမြောင် ကျောင်းထိုင်ဘုန်းကြီးဘောင်"ရဲ့ သာရေး၊ နာရေး၊ ဟောရေး၊ ပြောရေး၊ ရွာရေးရပ်ရေး ကိစ္စများနဲ့ မအားနိုင်ပဲရှိနေပါတယ်။

တိုတိုပဲပြောပါတော့မယ်။ ကိုရင်ဝတ်နဲ့ ဓမ္မာစရိယ တန်းရောက်တဲ့ ဆရာတော်ဟာ အသက် (၄၀)ကျော်မှ ဓမ္မာစရိယအောင်ပါတော့တယ်၊ ဘွဲ့ရသွားပါတော့တယ်။

အဲဒီဆရာတော်နဲ့ ဘုန်းကြီးပျံတစ်ခုမှာကြုံတော့ ပညာရေးကိစ္စတွေ ပြောရင်း အဲဒီဆရာတော်က "လူဟာ မတွယ်တာသင့်တဲ့နေရာမှာ တွယ်တာ ငဲ့ကွက်ပြီးနေမိရင် ဘဝမှာ ဒုက္ခရောက်သွားတာပဲ၊ မယုံမရှိနဲ့၊ ကိုယ်တွေ့"လို့ သူ့ဘဝအကြောင်းကို ပြန်ပြောပြပါတယ်။ သူ့ဘဝ ပညာခရီးငယ်ငယ်လေးနဲ့ ပြီးရမှာကို နှစ်ပေါင်း (၂၀) ကျော်ကြာမှ နောက်ကျပြီး ပြီးရတဲ့အကြောင်းကို ပြောပြတာပါ။

အဲဒီဆရာတော်ကလည်း ကိုယ်တော်စာသင်တိုက်က စာသင်သား တပည့်တွေကို ငယ်ငယ်လေးလေးနဲ့ ကျောင်းမထိုင်စေနဲ့။ မတွယ်တာသင့်တဲ့ အရာ၊ မတွယ်တာသင့်တဲ့ အရပ်မှာ မတွယ်တာပါစေနဲ့လို့ သတိပေးဖို့ အကြောင်းပါ မှာလိုက်ပါသေးတယ်။

ကဲ ထားပါတော့ --

ပညာကြီးဖို့၊ ပညာပြီးဖို့ ဆုတောင်းပြီးတဲ့အခါမှာ ပညာတော်ရပါလို၏၊ ပညာကျော်ရပါလို၏၊ ပညာပေါ်ရပါလို၏။ (ပညာနဲ့ပတ်သက်ရင် ပေါ်လွင် ထင်ရှားရပါလို၏)လို့ ဆုတောင်းပါ။ ဘဝခရီးပညာကြီး၊ ပညာပြီး၊ ပညာတော်၊ ပညာကျော်၊ ပညာပေါ်ပေါ်နဲ့ လျှောက်လှမ်း နိုင်ရပါလို၏ ဆုတောင်းရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ-ကဗျာလေးတွေလိုက်ဆိုပြီးတရားသိမ်းကြရအောင်-

*နေ+လ+မီးရောင်၊ ပညာရောင်၊ အရောင်လေးမျိုးလာ။*

*ပညာအရောင်၊ သင်ငါဆောင်၊ အရောင်အားလုံးသာ။*

*ပညာအရောင်၊ အစဉ်သာဆောင်၊ အရောင်အားလုံးသာ။*

*အရောင်အားလုံး၊ အသာဆုံး၊ မှတ်ထုံးမြတ်ပညာ။*

*အရောင်အားလုံး၊ အသာဆုံး၊ ရွှင်ပြုံးဟောခဲ့တာ။*

ယနေ့ကစ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် ဘ၀တိုင်အောင် အရောင်အားလုံး အသာဆုံးဖြစ်တဲ့ ပညာအရောင်ကို အစဉ်သာရင်မှာဆောင်နိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ရပါလိုအရှင်ဘုရား။)

၂၂-၂-၂၀၀၃

ည (၉) နာရီပြီး။

× × ×

http://www.dhammadownload.com



## ခုဒ္ဒကနိကာယ် + ဓမ္မပဒပါဠိတော်+ နာဂဝဂ်+မာရဝတ္ထုလာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော

## "သုခချမ်းသာ + မင်္ဂလာ" တရားတော်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတို့ရဲ့ ဆွမ်း (သင်္ကန်း၊ ကျောင်း၊ ဆေး)ကပ်လှူပွဲမှာ ဟောကြားမည့် တရားတော်က "သုခချမ်းသာ + မင်္ဂလာ"တရားတော်တဲ့။

ဘာတရားတဲ့လဲ (သုခချမ်းသာမင်္ဂလာ တရားတော်ပါဘုရား)

လောကမှာ လူတွေဟာ သုခချမ်းသာမင်္ဂလာတွေကို လိုလားကြတယ်။ အဲဒီသုခချမ်းသာမင်္ဂလာတွေကို တကယ်လိုလားတောင့်တကြရင် သုခချမ်းသာ မင်္ဂလာ ဖြစ်ကြောင်း တရားကောင်းတွေကို ရင်မှာအစဥ်သာအောင် ထားရမယ်။

ကဲ-စပြီးတော့ ဟောကြနာကြပါစို့။

အတ္ထမှိ ဇာတမှိ သုခါ သဟာယာ၊
တုဋ္ဌီ သုခါ ယာ ဣတရီတရေန။
ပုညံ သုခံ ဇီဝိတ သင်္ခယမှိ၊
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

(ဓမ္မပဒ၊ ၄၊ ၂၊ ၃၂၅)

http://www.dhammadownload.com



## ၁။ အတ္ထမှိ ဇာတမှိ သုခါ သဟာယာ။

**အတ္ထမှိ**-ကိစ္စကြီးငယ်၊ အသွယ်သွယ်သည်။ **ဇာတမှိ** -သူငါနေ့ညာ၊ တွေ့ကြုံရသည်ရှိသော်။ **သဟာယာ**-မိတ်ဆွေပေါင်းသင်း၊ သူငယ်ချင်းတို့သည်။ **သုခါ**-ဝမ်းသာအကောင်း၊ ချမ်းသာကြောင်းတို့ပါပေတည်း။

လောကမှာ သူသူငါငါ သတ္တဝါတွေဟာ ကိစ္စကြီးငယ် အသွယ်သွယ် တွေနဲ့ အမြဲနေ့ည တွေ့ကြုံနေရတယ်၊ လူတွေဆိုရင် လယ်ယာလုပ်ခြင်းစတဲ့ကိစ္စ၊ အားကြီးတဲ့ အင်အားကောင်းတဲ့လူတွေရဲ့ နှိပ်စက်ဖိစီးခြင်းခံခဲ့ရတဲ့ကိစ္စ၊ ရဟန်းတွေဆိုရင် သင်္ကန်းချုပ်ခြင်းစတဲ့ကိစ္စ၊ အဓိကရုဏ်းကို ငြိမ်းစေခြင်းစတဲ့ ကိစ္စတွေပါပဲ။ အဲဒီလို တွေ့ကြုံနေရတဲ့အခါမှာ မိတ်ကောင်းဆွေကောင်း သူငယ်ချင်းကောင်း အပေါင်းအသင်းကောင်းတွေလိုတယ်။

မိတ်ကောင်းဆွေကောင်းတွေရဲ့ အစွမ်းကြောင့် မိမိရဲ့ အခက်အခဲတွေ ကျော်လွှား အောင်မြင်သွားရင် ဝမ်းသာရတယ်။ ချမ်းသာရတယ်။ မင်္ဂလာဖြစ်သွားတယ်။ ဒါ့ကြောင့် မိတ်ကောင်းဆွေကောင်းတွေရှိထားခြင်းဟာ သုခချမ်းသာ မင်္ဂလာဖြစ်တယ်။

လောကကြီးပွားတိုးတက်ရေးအတွက် ကိုယ့်ကို ငွေရေးကိစ္စကအစ ကူညီပေးမယ့် လောကီမိတ်ကောင်း ဆွေကောင်းတွေရှိထားရမယ်။ လောကမှ လွတ်မြောက်ရေးအတွက် ခုနှောင်ဘဝ ကောင်းကျိုးရရေးအတွက် ကိုယ့်ကို တရားဓမ္မဟောပြောပြသ ညွှန်ကြားဆုံးမပေးမယ့် လောကုတ္တရာ မိတ်ကောင်း ဆွေကောင်းတွေ ရှိထားရမယ်၊ အခု မိမိတို့ဆွမ်းကပ် (သင်္ကန်း၊ ကျောင်း၊ ဆေး) ကပ်ပွဲမှာ တရားကောင်းတွေ ဟောပြောပေးနေတဲ့ ရဟန်းကောင်းတွေဟာ လောကုတ္တရာမိတ်ကောင်းဆွေကောင်းတွေဖြစ်တယ်။ အဲဒီလို လောကီ၊ လောကုတ္တရာ မိတ်ကောင်းဆွေကောင်းတွေရှိထားတဲ့သူဟာ ခုနှောင်ဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ သုခချမ်းသာမင်္ဂလာ အပြည့်အဝဖြစ်တယ်လို့ အသိဉာဏ်ပေးပါတယ်။

http://www.dhammadownload.com



## မိတ်ဆွေကောင်းရ + အားလုံးလှပြီး

တစ်ချိန်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် သက္ကတိုင်း၊ သာကီဝင်တို့ရဲ့ နေရာ နဂရကအမည်ရတဲ့နိဂုံးမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအခါမှာ ရှင်အာနန္ဒာက မြတ်စွာဘုရားကို "အရှင်ဘုရား၊ မိတ်ကောင်းဆွေကောင်းရှိတဲ့ သူဟာ မြတ်သော (မဂ်အကျင့်)ရဲ့ ထက်ဝက် (တစ်ဝက်)ကို ပြီးစေနိုင်ပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။ ရှင်အာနန္ဒာက သူ့ရဲ့အထင်ကို လျှောက်ထားတာပါပဲ။

အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က ရှင်အာနန္ဒာကို "အာနန္ဒာ၊ အဲဒီလိုမပြောနဲ့၊ အာနန္ဒာ၊ အဲဒီလိုမပြောနဲ့၊ အာနန္ဒာ၊ မိတ်ကောင်းဆွေကောင်း ရှိထားတဲ့သူဟာ မြတ်တဲ့အကျင့်အားလုံး (မဂ်အကျင့်)အားလုံးကိုပင် ပြီးစေ နိုင်တယ်"လို့ သတိပေးဟောတော်မူလိုက်ပါတယ်။

(သံ၊ပါ၊ ၁၊ ၈၇၊ ၈၈)

ရှင်အာနန္ဒာအထင်က ကောင်းကျိုးတစ်ဝက်လောက်ပဲ ပြီးပြည့်စုံမယ် ထင်တာ၊ ဘုရားက တစ်ဝက်မကဘူး၊ ရာနှုန်းပြည့်အားလုံး (အကုန်လုံး) ကောင်းကျိုးတွေ ပြီးပြည့်စုံနိုင်တယ်။ ဒီလိုဟောလိုက်တာနော် (မှန်လှပါဘုရား)

နောက်ပြီးဘုရားရှင်က ရှင်အာနန္ဒာကို အာနန္ဒာတဲ့၊ မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းခွင့်ရသွားရင် မဂ္ဂင်ရှစ်ပါး ကျင့်သုံးဖြစ်သွားမယ်။ အဲဒီလို ကျင့်သုံးဖြစ်သွားရင် မြတ်တဲ့အကျင့် (မဂ်အကျင့်) အားလုံးပြီးစေနိုင်တယ်လို့ ဆက်တိုက်ဟောကြားတော်မူပါတယ်။

နောက်ပြီးတော့ အာနန္ဒာ၊ အဲဒီစကားဟာ သိပ်မှန်တာပဲတဲ့။ မိတ်ကောင်း ဆွေကောင်း (အကောင်းဆုံးမိတ်ဆွေ) ဖြစ်တဲ့ ငါဘုရားကို အကြောင်းပြုပြီးတော့ ပဋိသန္ဓေနေရခြင်းသဘောရှိတဲ့ သတ္တဝါတွေဟာ ပဋိသန္ဓေနေရခြင်းမှ လွတ်သွား ကြတယ် (မွေးဖွားရတဲ့ ဆင်းရဲမှ လွတ်သွားကြတယ်)၊ အိုရခြင်းသဘောရှိတဲ့ သတ္တဝါတွေဟာ အိုခြင်းဆင်းရဲမှ လွတ်သွားကြတယ်၊ နာရခြင်း သဘောရှိတဲ့ သတ္တဝါတွေဟာ နာရခြင်းဆင်းရဲမှ လွတ်သွားကြတယ်၊ သေရခြင်းသဘောရှိတဲ့ သတ္တဝါတွေဟာ သေရခြင်းဆင်းရဲမှ လွတ်သွားကြတယ်။ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်းသဘောရှိတဲ့ သတ္တဝါ

http://www.dhammadownload.com



တွေဟာ အပူသည်ဘဝ မှ လွတ်သွားကြတယ်။ အငိုသည်ဘဝမှ လွတ်သွားကြတယ်။ ဆင်းရဲသည်ဘဝ (ဆင်းရဲခြင်း) မှ လွတ်သွားကြတယ်တဲ့။ အဲဒါကြောင့် မိတ်ကောင်း ဆွေကောင်း (အကောင်းဆုံးမိတ်ဆွေ) ရှိထားခြင်းဟာ ပေါင်းသင်းရခြင်းဟာ အကျင့်မြတ်အားလုံး ပြီးနိုင်တယ်ဆိုတာ ဒီဟောပြောပြီးတဲ့ အကြောင်းနဲ့ပင်သိရမယ်လို့ ဟောတော်မူပါတယ်။

ဒီတော့ မိမိဘဝဆင်းရဲလွတ်မြောက်ရေးအတွက် အကောင်းဆုံးမိတ်ဆွေတွေဟာ ဗုဒ္ဓ၊ ဓမ္မ သံဃဖြစ်တယ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ ဦး ( ) ဒေါ် ( )တို့ မိသားစုတွေ ဘာလုပ်နေကြတာလဲလို့မေးရင် အကောင်းဆုံးမိတ်ဆွေတွေနဲ့ ပေါင်းသင်းနေတာ ဆည်းကပ်လှူဒါန်းနေတာ၊ အကောင်းဆုံး သုခချမ်းသာမင်္ဂလာတွေကို ရယူနေတာလို့ ဖြေရမယ်နော် (မှန်လှပါဘုရား)

ကဲ-ကဗျာလေးတွေလိုက်ဆို-

*မိတ်ကောင်းရှိက၊ ခုဘဝ၊ သုခမင်္ဂလာ။*
*မိတ်ကောင်းရှိက၊ နောက်ဘဝ၊ သုခမင်္ဂလာ။*
*မိတ်ကောင်းရှိက၊ အမြဲလှ၊ သုခမင်္ဂလာ။*
*မိတ်ကောင်းရှိက၊ ကောင်းကျိုးလှ၊ ပြီးရအားလုံးပါ။*

## ၂။ တုဋ္ဌိ သုခါ ယာ ဣတရီတရေန။

**ဣတရီတရေန** - နည်းနည်း၊များများ၊ ရရှိထားသည့်၊ စီးပွားဥစ္စာ၊ ရာထူးဂုဏ်သိန်၊ အရှိန်အဝါ၊ အဖြာဖြာဖြင့်။ **ယာတုဋ္ဌိ**-အစဉ်မပျက်၊ အခင်ဆက်၍၊ အကြင်နှစ်သက် ကျေနပ်နိုင်ခြင်းသည်။ (**အတ္ထိ**-သူတော်နလုံး၊ မှုဖော်သုံး၍၊ ရှင်ပြုံးမသွေ၊ ရှိပါပေ၏) **သာတုဋ္ဌိ**-ရရသမျှ၊ ကိုယ့်ဘဝကို၊ အလှဆိုတတ်၊ ထိုကျေနပ်နှစ်သက်နိုင်ခြင်းသည်။ **သုခါ**-ခုနောင်ဘဝ၊ ထာဝရကောင်း၊ ချမ်းသာကြောင်း၊ ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

× × ×

http://www.dhammadownload.com



လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ်၊ နည်းနည်းများများ၊ ကိုယ်တိုင်ကိုယ်ပိုင် ရထားတဲ့ စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါ လာဘ်လာဘနဲ့ ကိုယ့်ဘဝကို ကျေနပ်ရောင့်ရဲ တင်းတိမ်နိုင်မှ သုခချမ်းသာဖြစ်တယ်။ မင်္ဂလာဖြစ်တယ်။

ဒါ့ကြောင့် ကိုယ့်ဘဝမှာ သုခချမ်းသာမင်္ဂလာဖြစ်အောင် ရတာလေးနဲ့ ကျေနပ်ရမယ်၊ ရတာလေးနဲ့ နေတတ်ရမယ်၊ ရတာလေးနဲ့ဖြေတတ်ရမယ်နော် (မှန်လှပါဘုရား)

ရတာလေးနဲ့မကျေနပ်တဲ့လူတွေဟာ သူများပစ္စည်း ခိုးယူခြင်း စတဲ့ မကောင်းတဲ့အလုပ်တွေ လုပ်ကြတယ်။ ရတာလေးနဲ့ မကျေနပ်တဲ့ ရဟန်းတွေဟာ မအပ်စပ်တဲ့ ရဟန်းတွေမလုပ်ကောင်းတဲ့ ဗေဒင်ဟော၊ ဆေးကုစတဲ့ အလုပ်တွေ လုပ်နေကြတယ်။ အဲဒီလူ၊ အဲဒီရဟန်းတွေ သုခချမ်းသာမဖြစ်ဘူး၊ မင်္ဂလာမဖြစ်ဘူး (ဓမ္မပဒဋ္ဌ၊၂၊၃၂၅)

ဒီနေ့ ဦး ( ) ဒေါ် ( )တို့ မိသားစုဟာ ကိုယ် တိုင် တရားနဲ့အညီ ရှာပြီးတော့ ရလာတာနဲ့ ဆွမ်း(သင်္ကန်း၊ ကျောင်း၊ ဆေး) လှူဒါန်းဆက်ကပ် နေတာဟာ ကိုယ့် မိသားစုအတွက် ဘုရားအမှူးရှိတဲ့ သံဃာတော်များအတွက် သုခချမ်းသာမင်္ဂလာ ဖြစ်တယ်လို့ မှတ်ယူပါ။

## အောက်ဆိုက်

တစ်ခါက ဒကာမကြီးတစ်ယောက်ကို အစစအရာရာ အဆင်ပြေရဲ့လားလို့ ဘုန်းကြီးကမေးလိုက်တော့ အဲဒီ ဒကာမကြီးက အဆင်မပြေပါဘုရားလို့ ပြန်လျှောက်ထားပါတယ်။

ဘုန်းကြီးက ဘာပြုလို့ အဆင်မပြေတာလဲလို့ ထပ်ပြီးမေးလိုက်တော့ အဲဒီ ဒကာမကြီးက အရှင်ဘုရား ဒကာကြီးက အခုအောက်ဆိုက်ရတဲ့နေရာမှာ မဟုတ်တော့လို့ပါဘုရားလို့ လျှောက်ထားပါတယ်။

ဒီတော့ ဘုန်းကြီးကပြောရတယ်၊ ဒကာမကြီး အောက်ဆိုက်ရတဲ့ နေရာမှာ မဟုတ်တာ (မလုပ်ရတာ) ကောင်းတာပေါ့ အောက်ဆိုက်ရရင် (အောက်ဆိုက်လုပ်ရင်) ဘယ်ကို ဆိုက်မယ်ထင်သလဲ၊ အောက်ကိုဆိုက်မှာလို့ ပြောလိုက်ရတယ်။ အောက်ဆိုက်ကို စဉ်းစားကြည့်ပါ။ အောက်ဆိုက်ဆိုတာ

http://www.dhammadownload.com



ကိုယ်ပိုင်ကိုယ်တိုင်ရထားတာလေးတွေနဲ့ မကျေနပ်၊ မနေတတ်၊ မဖြေတတ်တာပဲဖြစ်တယ်။ ရသင့်တဲ့ အခွင့်အရေးထက် မသမာတဲ့နည်းနဲ့ ရှာတာရတာဟာ တရားပျက်သွားတာပဲ၊ တရားပျက်တဲ့ အောက်ဆိုက်၊ ဘယ်ကို ဆိုက်မှာတဲ့လဲ (အောက်ကိုဆိုက်မှာပါဘုရား)။ အောင်မယ် ကိုယ်ဆိုက်မယ့်နေရာ သိသားပဲ။ အောက်ဆိုက်စကားလုံးလေး နှစ်လုံး၊ အောက်ဆိုက် လုပ်ရင်၊ အောက်ဆိုက်ရှာရင် အောက်ကို (အပါယ်လေးပါးကို) ဆိုက်မယ်။ အောက်ဆိုက်ကို ဒီလိုမြင်၊ ဒီလိုတွေး၊ ဒီလိုရေးကာ၊ ဒီလိုအသိဉာဏ်ပေးခဲ့ပါတယ်။

အောက်ကိုဆိုက်မယ့် အောက်ဆိုက်ကို ဝေးဝေးက တွေးတွေးပြီး ရှောင်နိုင်ကြပါစေ။

ကဲ - ကဗျာလေးတွေလိုက်ဆို-

*ရရသမျှ၊ ကျေနပ်က၊ သုခမင်္ဂလာ။*
*ရရသမျှ၊ နေတတ်က၊ သုခမင်္ဂလာ။*
*ရရသမျှ၊ ဖြေတတ်က၊ သုခမင်္ဂလာ။*
*အောက်ဆိုက်လုပ်က၊ အောက်ဆိုက်ရ၊*
*ရှောင်ကြ အောက်ဆိုက်မှာ။*

## ၃။ ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊

**ဇီဝိတ သင်္ခယမှိ**-သူငါအပြီး၊ သေခါနီး၌။ **ပုညံ** - ဒါန,သီလာ၊ ဘာဝနာဟု၊ သူငါပြုလုပ်၊ ကုသိုလ်အလုပ်သည်၊ (ဒါန,သီလာ၊ ဘာဝနာဟု၊ သူငါပြုလုပ်၊ ကုသိုလ်အထုပ်သည်) **သုခံ** - ခုနောင်ဘဝ၊ ရှုဆောင်ဆ လျှင်၊ အောင်ရအေးစေ၊ ချမ်းသာကြောင်း ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု

× × ×

သေခါနီးကျတော့ ကိုယ့်အတွက် အားကိုးရမှာ၊ ချမ်းသာဖြစ်အောင် ဆောင်ရွက်ပေးမှာက ကိုယ်တိုင်လုပ်ထားတဲ့ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်အလုပ်ကြီး သုံးလုပ်ဖြစ်တယ်၊ ကုသိုလ်အထုပ်ကြီးသုံးထုပ် ဖြစ်တယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



အလုပ်ကြီးသုံးလုပ်၊ အထုပ်ကြီးသုံးထုပ်ကို လုပ်ထား၊ ထုပ်ထားရင် ခုနောင်ဘဝ မင်္ဂလာဖြစ်မယ်၊ ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုတွေလုပ်နေတဲ့၊ ထုပ်နေတဲ့ ဆွမ်း (သင်္ကန်း၊ ကျောင်း၊ ဆေး) ကုသိုလ်အလုပ်တွေဟာ ကုသိုလ်အထုပ်တွေဟာ ကိုယ့်အတွက် သုခချမ်းသာမင်္ဂလာဖြစ်နေတယ် လို့ မှတ်ယူကြပါ။

ကဲ-ကဗျာလေးတွေလိုက်ဆို-

သေခါနီးက၊ ကုသိုလ်လှ၊ သုခမင်္ဂလာ။

သေခါနီးက၊ ကိုယ့်ဒါန၊ သုခမင်္ဂလာ။

သေခါနီးက၊ ကိုယ့်သီလ၊ သုခမင်္ဂလာ။

သေခါနီးက၊ ဘာဝနာ၊ သုခမင်္ဂလာ။

နေရမှာက၊ မကြာလှ၊ ဒါနထုပ်ကြပါ။

နေရမှာက၊ မကြာလှ၊ သီလထုပ်ကြပါ။

နေရမှာက၊ မကြာလှ၊ ထုပ်ကြဘာဝနာ။

သေရမည်မှာ၊ မလွဲပါ၊ သေရာပါအောင်လုပ်။

သေရမည်မှာ၊ မလွဲပါ၊ သေရာပါအောင်ထုပ်။

ဒါန+သီလာ၊ ဘာဝနာ၊ သေရာပါအောင်လုပ်။

ဒါန+သီလာ၊ ဘာဝနာ၊ သေရာပါအောင်ထုပ်။

## ၄။ သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

သဗ္ဗဿ-ဖြစ်ပျက်သမျှ၊ စစ်တွက်ဆခြုံ၊ အလုံးစုံသော။ ဒုက္ခဿ-သံသရာထဲ၊ ဖန်ခါခွဲ၍၊ တစ်ဝဲလည်လည်၊ အမြဲတွယ်ရ၊ ဝဋ္ဋဆင်းရဲဟူသမျှကို။ ပဟာနံ- တကယ်ကင်းအောင်၊ ပယ်ရှင်းဆောင်တတ်၊ အရဟတ္တဖိုလ်၊ ခေါ်ဆိုသတ်မှတ်၊ တရားမြတ်သည်။ သုခံ-မှန်းပါယခု၊ ချမ်းသာမှုတွင်၊ အစဉ်အကောင်း၊ ချမ်းသာကြောင်းစစ်၊ ချမ်းသာတစ်သာ၊ ဖြစ်ရပါပေတော့သတည်း။

သာဓု. သာဓု သာဓု

× × ×

http://www.dhammadownload.com



သံသရာဝဋ်ဆင်းရဲအားလုံးကို ပယ်ရှင်းနိုင်တဲ့ အရဟတ္တဖိုလ် တရားမြတ်ကိုရမှ တကယ်ချမ်းသာအစစ် ဖြစ်တယ်။ မင်္ဂလာဖြစ်တယ်။ ယနေ့ပြုရတဲ့ ဆွမ်း (သင်္ကန်း၊ ကျောင်း၊ ဆေး) ကုသိုလ်များနဲ့အခြားသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကြောင့် အရဟတ္တဖိုလ်တရားမြတ်ကို ရရပါလို၏ ဆုတောင်းရမယ်နော် (မှန်လှပါဘုရား)

ကဲ - ကဗျာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင် -

*ဆင်းရဲပယ်မှ၊ အမြဲလှ၊ သုခမင်္ဂလာ။*

*အရဟတ္တ၊ ဖိုလ်ရမှ၊ သုခမင်္ဂလာ။*

ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ (သုခချမ်းသာမင်္ဂလာ တရားပါဘုရား)

သုခချမ်းသာမင်္ဂလာဖြစ်ကြောင်း တရားကောင်းများ ရင်မှာထားကာ သုခချမ်းသာ မင်္ဂလာတွေ ရှိကြပါစေ၊

သုခချမ်းသာ မင်္ဂလာတွေ ထာဝရ ရကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ အရှင်ဘုရား)

၂၃-၂-၂၀၀၃

နေ့ (၃) နာရီပြီး။

× × ×

http://www.dhammadownload.com



## ၁။ ပဌမသမဓိဝိသုတ္တ

* ဥဘော သဒ္ဒါ ဝဒညူစ၊
သညတာ မေ့ဓိဝိနော။
တေ ဟောန္တိ ဇာနိပတယော၊
အညမညံ ဝိယံ ဝဒါ။

* အတ္ထာသံ ပစုရာ ဟောန္တိ၊
ဖာသုကာ ဥပဇာယတိ။
အဓိတ္တာ ဒုမ္မနာ ဟောန္တိ၊
ဥဘိန္နံ သမသီလိနံ။

* ဣဓ ဓမ္မံ စရိတွာန၊
သမသီလဗ္ဗတာ ဥဘော။
နန္ဒိနော ဒေဝလောကသ္မိံ၊
မောဒန္တိ ကာမကာမိနောတိ။

(အံ၊ ပါ၊ ၁၊ ၃၇၂)

* * *

http://www.dhammadownload.com



## ၂။ ဝေယျာဝစ္စကဗ္ဗြာရအပဒါန်

* ဝိပဿီသ ဘဂဝတော၊
မဟာပူဂဂဏော အဟု။
ဝေယျာဝစ္စကရော အာသိ၊
သဗ္ဗကိစ္စေသု ဝါဝဋော။

* ဒေယျဓမ္မော စ မေ နတ္ထိ၊
သုဂတဿ မဟေသိနော။
အဝန္ဒိ သတ္ထုနော ပါဒေ၊
ဝိပ္ပသန္နေန စေတသာ။

* ဧကနဝုတိတောကပ္ပေ၊
ဝေယျာဝစ္စံ အကာသဟံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဝေယျာဝစ္စဿိဒံ ဖလံ။

* ဣတော စ အဋ္ဌမေ ကပ္ပေ၊
ရာဇာ အာသိ သုစိန္တိတော။
သတ္တရတနသမ္ပန္နော၊
စက္ကဝတ္တီ မဟဗ္ဗလော။

* ပဋိသမ္ဘိဒါ ------ ပ ------- သာသနံ။

* * *

http://www.dhammadownload.com



## ၃။ မင်္ဂဒါယတွေ့ရအပဒါန

* ဥတ္တရိတ္တာန နဒိကံ၊
ဝနံ ဂစ္ဆတိ စက္ခုမာ။
တမဒ္ဒသာသိ သမ္ဗုဒ္ဓံ၊
သိဒ္ဓတ္ထံ ဝရလက္ခဏံ။

* ကုဒါလ ပိဋကမာဒါယ၊
သမံ ကတွာန တံ ပထံ။
သတ္ထာရံ အဘိဝါဒေတွာ၊
သကံ စိတ္တံ ပသာဒယိံ။

* စတုန္နဝုတိတော ကပ္ပေ၊
ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
မဂ္ဂဒါနဿိဒံ ဖလံ။

* သတ္တပညာသကပ္ပမှိ၊
ဧကော အာသိံ ဇနာဓိပေါ။
နာမေန သုပ္ပဗုဒ္ဓေါတိ၊
နာယကော သော နရိဿရော။

* ပဋိသမ္ဘိဒါ စတဿော၊
ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

* * *

http://www.dhammadownload.com



## ၄။ သဗ္ဗုသဒ္ဒတာလက္ခဏံ

ယမ္ဟိ ဘိက္ခဝေ တထာဂတော ပုရိမံ ဇာတိ ပုရိမံဘဝံ ပုရိမံ နိကေတံ ပုဗ္ဗေ မနုဿဘူတော သမာနော ဒါတာ အဟောသိ ပဏီတာနံ ရသိတာနံ ခါဒနီယာနံ ဘောဇနီယာနံ သာယနီယာနံ လေဟနီယာနံပါနာနံ။

သော တဿ ကမ္မဿ ကဋတ္တာ (ပ) သော တတော စုတော ဣတ္ထတ္တံ အာဂတော သမာနော ဣမံမဟာပုရိသလက္ခဏံပဋိလဘတိ။

သတ္တုဿဒေါ ဟောတိ၊
သတ္တဿ ဥဿဒါ ဟောန္တိ၊
ဥဘောသု ဟတ္ထေသု ဥဿဒါ ဟောန္တိ၊
ဥဘောသု ပါဒေသု ဥဿဒါ ဟောန္တိ၊
ဥဘောသု အံသကူဋေသု ဥဿဒါ ဟောန္တိ၊
ခန္ဓေ ဥဿဒေါ ဟောတိ။

သော တေနလက္ခဏေန သမန္နာဂတော သစေအဂါရံ အဇ္ဈာဝသတိ၊ ရာဇာ ဟောတိ စက္ကဝတ္တိ (ပ) ရာဇာ သမာနော ကိံ လဘတိ။

လာဘီ ဟောတိ ပဏီတာနံ ရသိတာနံ ခါဒနီယာနံ ဘောဇနီယာနံ သာယနီယာနံ လေဟနီယာနံ ပါနာနံ။

ရာဇာ သမာနော ဣဒံ လဘတိ (ပ)။
ဗုဒ္ဓေါသမာနောကိံလဘတိ။

လာဘီ ဟောတိ ပဏီတာနံ ရသိတာနံ ခါဒနီယာနံ ဘောဇနီယာနံ သာယနီယာနံ လေဟနီယာနံ ပါနာနံ ဗုဒ္ဓေါ သမာနော ဣဒံ လဘတိ။

(ပါထိကဝဂ္ဂပါဠိ-၁၂၄)

http://www.dhammadownload.com



## ၅။ သုဝဏ္ဏဝဏ္ဏလက္ခဏံ

ယမ္ပိ ဘိက္ခဝေ တထာဂတော ပုရိမံ ဇာတိံ ပုရိမံဘဝံ ပုရိမံ နိကေတံ ပုဗ္ဗေ မနုဿဘူတော သမာနော အက္ကောဓနော အဟောသိ အနုပါယာသဗဟုလော၊

ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇိ နာကုပ္ပိ နဗျာပဇ္ဇိ နပတိတ္ထီယိ၊

နကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတွာကာသိ

ဒါတာစ အဟောသိ သုခုမာနံ မုဒုကာနံ အတ္ထရဏာနံ ပါဝုရဏာနံ ခေါမသုခုမာနံ ကပ္ပာသိကသုခုမာနံ ကောသေယျသုခုမ ကမ္ဗလသုခုမာနံ။

သော တဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ (ပ) သော တတော စုတော ဣတ္ထတ္တံ အာဂတော သမာနော ဣမံ မဟာပုရိသလက္ခဏံ ပဋိလဘတိ။

သုဝဏ္ဏဝဏ္ဏော ဟောတိ ကဉ္စနသန္နိဘတ္တစော။

သော တေန လက္ခဏေန သမန္နာဂတော သစေ အဂါရံ အဇ္ဈာဝသတိ။

ရာဇာ ဟောတိ စက္ကဝတ္တိ (ပ) ရာဇာ သမာနော ကိံ လဘတိ။

လာဘီ ဟောတိ သုခုမာနံ မုဒုကာနံ အတ္ထရဏာနံ ပါဝုရဏာနံ ခေါမသုခုမာနံ ကပ္ပာသိကသုခုမာနံ ကောသေယျသုခုမာနံ ကမ္ဗလသုခုမာနံ။

ရာဇာ သမာနော ဣဒံလဘတိ (ပ)

ဗုဒ္ဓေါ သမာနော ကိံ လဘတိ။

လာဘီ ဟောတိ သုခုမာနံ မုဒုကာနံ အတ္ထရဏာနံ ပါဝုရဏာနံ ခေါမသုခုမာနံ ကပ္ပာသိကသုခုမာနံ ကောသေယျသုခုမာနံ ကမ္ဗလသုခုမာနံ။

ဗုဒ္ဓေါ သမာနော ဣဒံ လဘတိ။

(ပါထိကဝဂ္ဂပါဠိ-၁၃၀)

http://www.dhammadownload.com



## ၆။ သမ္မုခီဘာဝသုတ္တ

တိဏ္ဏံ ဘိက္ခဝေ သမ္မုခီဘာဝါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ။ ကတမေသံ တိဏ္ဏံ?

၁။ သဒ္ဓါယ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊
၂။ ဒေယျဓမ္မဿ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ၊
၃။ ဒက္ခိဏေယျာနံ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ။

ဣမေသံ ခေါ ဘိက္ခဝေ တိဏ္ဏံ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတီတိ။

(အံ၊ ပါ၊ ၁၊ ၁၄၈)

* * *

http://www.dhammadownload.com



## ၇။ ပဏ္ဍိတသုတ္တ

တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတပညတ္တာနိ သပ္ပုရိသပညတ္တာနိ။
ကတမာနိ တီဏိ။
၁။ ဒါနံ ဘိက္ခဝေ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ၊
၂။ ပဗ္ဗဇ္ဇာ ဘိက္ခဝေ ပဏ္ဍိတပညတ္တာ သပ္ပုရိသပညတ္တာ။
၃။ မာတာပိတူနံ ဘိက္ခဝေ ဥပဋ္ဌာနံ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ။

ဣမာနိ ခေါ ဘိက္ခဝေ တီဏိ ပဏ္ဍိတပညတ္တာနိ သပ္ပုရိသပညတ္တာနီတိ။

* သဗ္ဘိဒါနံ ဥပညတ္တံ၊
အဟိံသာ သံယမော ဒမော။
မာတာပိတု ဥပဋ္ဌာနံ၊
သန္တာနံ ဗြဟ္မစာရိနံ။

* သတံ ဧတာနိ ဌာနာနိ၊
ယာနိ သေဝေထ ပဏ္ဍိတော။
အရိယော ဒဿနသမ္ပန္နော၊
သလောကံ ဘဇတေ သိဝံ။'

(အံ၊ ပါ၊ ၁၊ ၁၄၉)

* * *

http://www.dhammadownload.com



## ၈။ ကောသနဒါယကဗွေရအပဒါန

၁။ ဟိမဝန္တဿာ ဝိဒူရေ၊ ဂေါသိတော နာမ ပဗ္ဗတော။
အဿမော သုကတော မယှံ၊ ပဏ္ဏသာလာ သုမာပိတာ။
၂။ နာရဒေါ နာမ နာမေန၊ ကဿပေါ ဣတိ မံ ဝိဒူ။
သုဒ္ဓိမဂ္ဂံ ဂဝေသန္တော၊ ဝသာမိ ဂေါသိတေ တဒါ။
၃။ ပဒုမုတ္တရော နာမဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဝိဝေကကာမော သမ္ဗုဒ္ဓေါ၊ အဂဉ္ဆိ အနိလဉ္ဇသာ။
၄။ ဝနဂ္ဂေ ဂစ္ဆမာနဿ၊ ဒိသွာ ရံသိံ မဟေသိနော။
ကဋ္ဌမဉ္စံ ပညာပေတွာ၊ အဇိနဉ္စ အပတ္ထရိံ။
၅။ အာသနံ ပညာပေတွာန၊ သိရေ ကတွာန အဉ္ဇလိံ။
သောမနဿံ ပဝေဒိတွာ၊ ဣဒံ ဝစန မဗြဝိံ။
၆။ သလ္လကတ္တော မဟာဝီရ၊ အာတုရာနံ တိကိစ္ဆကော။
မမံ ရောဂပရေတဿ၊ တိကိစ္ဆံ ဒေဟိ နာယက။
၇။ ကလ္လတ္ထိကာ ယေ ပဿန္တိ၊ ဗုဒ္ဓသေဋ္ဌ တုဝံ မုနေ။
ဓုဝတ္ထသိဒ္ဓိံ ပပ္ပောန္တိ၊ ဧတေသံ အဇရော ဘဝေ။
၈။ န မေ ဒေယျဓမ္မော အတ္ထိ၊ ပဝတ္တဖလဘောဇိ ဟံ။
ဣဒံ မေ အာသနံ အတ္ထိ၊ နိသီဒ ကဋ္ဌမဉ္စကေ။
၉။ နိသီဒိ တတ္ထ ဘဂဝါ၊ အသမ္ဘီတောဝ ကေသရီ။
မုဟုတ္တံ ဝီတိနာမေတွာ၊ ဣဒံ ဝစန မဗြဝိ။
၁၀။ ဝိဿဋ္ဌော ဟောဟိ မာဘာယိ၊ လဒ္ဓေါ ဇောတိရသော တယာ။
ယံ တုယှံ ပတ္ထိတံ သဗ္ဗံ၊ ပရိပူရိဿတိ နာဂတေ။
၁၁။ နမောဃံ တံ ကတံ တုယှံ၊ ပုညက္ခေတ္တေ အနုတ္တရေ။
သက္ကာ ဥဒ္ဓရိတုံ အတ္တာ၊ ယဿ စိတ္တံ ပဏီဟိတံ။
၁၂။ ဣမိနာ သနဒါနေန၊ စေတနာပဏိဓီဟိစ။
ကပ္ပသတသဟဿာနိ၊ ဝိနိပါတံ နဂစ္ဆသိ။

http://www.dhammadownload.com



၁၃။ ပညာသက္ကတ္တ ဒေဝိန္နော၊ ဒေဝရန္နံ ကရိဿတိ။
အသီတိက္ခတ္တုံ ရာဇာစ၊ စက္ကဝတ္တီ ဘဝိဿသိ။
၁၄။ ပဒေသရန္နံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
သဗ္ဗတ္ထ သုခိတော ဟုတွာ၊ သံသာရေ သံသရိဿသိ။
၁၅။ ကပ္ပ ဝတ္တာန သမ္ဘူတော၊ လေဓိုတ္တမနာမကော။
နဘံ အဗ္ဘုဂ္ဂမိ ဝီရော၊ ဟံသရာဇာဝ အမ္ဗရေ။
၁၆။ ဟတ္ထိယာနံ အဿယာနံ၊ သရထံ သန္ဒမာနိကံ။
လဘာမိ သဗ္ဗမေဝေတံ၊ ကောသနဿိဒံ ဖလံ။
၁၇။ ကာနနံ ပဝိသိတွာပိ၊ ယဒါ ဣစ္ဆာမိ အာသနံ။
မမ သင်္ကပ္ပမညာယ၊ ပလ္လင်္ကော ဥပတိဋ္ဌတိ။
၁၈။ ဝါရိမဇ္ဈဂတော သန္တော၊ ယဒါ ဣစ္ဆာမိ အာသနံ။
မမ သင်္ကပ္ပမညာယ၊ ပလ္လင်္ကော ဥပတိဋ္ဌတိ။
၁၉။ ယံယံယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
ပလ္လင်္ကသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။
၂၀။ ဒုဝေ ဘဝေ သံသရာမိ၊ ဒေဝတ္တေ အထမာနုသေ။
ဒုဝေ ကုလေ ပဇာယာမိ၊ ခတ္တိယေ အထ ဗြာဟ္မဏေ။
၂၁။ ကောသနံ ဒဒိတွာန၊ ပုညက္ခေတ္တေ အနုတ္တရေ။
ဓမ္မပလ္လင်္က မညာယ၊ ဝိဟရာမိ အနာသဝေါ။
၂၂။ သတသဟဿိတော ကပ္ပေ၊ ယံ ဒါန မဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ကော်သနဿိဒံ ဖလံ။
၂၃။ ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝေါ။
၂၄။ သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
၂၅။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(အပဒါန၊ ပါ၊ ၂၊ ၄)

http://www.dhammadownload.com



## ၉။ ဝိဟာရာနုမောဒနာ

အထခေါ ဘဂဝါ ရာဇဂဟတံ သေဋ္ဌိံ ဣမာဟိဂါထာဟိ အနုမောဒိ

*   သီတံ ဥဏှံ ပဋိဟန္တိ၊
တတော ဝါဠမိဂါနိစ။
သရီသပေစ မကသေ၊
သိသိရေစာပိ ဝုဋ္ဌိယော။

*   တတော ဝါတာတပေါ ဃောရော၊
သဉ္ဇာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊
ဈာယိတုဉ္စ ဝိပဿိတုံ။

*   ဝိဟာရဒါနံ သံဃဿ၊ ... ဝိဟာရေ ကာရယေ ရမ္မေ၊
ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊
ဝတ္ထသေနာသနာနိစ။

*   ဒဒေယျ ဥဇုဘူတေသု၊
ဝိပ္ပသန္နေန စေတသာ။
တေ တဿ ဓမ္မံ ဒေသေန္တိ၊
သဗ္ဗဒုက္ခာ ပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊
ပရိနိဗ္ဗာတိ အနာသဝေါတိ။

အထခေါ ဘဂဝါ ရာဇဂဟတံ သေဋ္ဌိံ ဣမာဟိဂါထာဟိ အနုမောဒိတွာ ဥဋ္ဌာယာသနာ ပက္ကာမိ။

(စူဠဝဂ္ဂပါဠိ-၂၉၀)

http://www.dhammadownload.com



၁၀။ သုခံ ယာဝ ဇရာ သီလံ၊
သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။
(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၅)

## အဋ္ဌကထာကောက်နုတ်ချက်

* သီလန္တိ မဏိကုဏ္ဍလရတ္တ ဝတ္ထာဒယော ဟိ အလင်္ကာရာ တသ္မိံ တသ္မိံ ဝယေ ဌိတာနံယေဝ သောဘန္တိ။

န ဒဟရာနံ အလင်္ကာရော မဟလ္လကကာလေ၊ မဟလ္လကာနံ ဝါ အလင်္ကာရော ဒဟရကာလေ သောဘတိ၊ "ဥမ္မတ္တကော သေ မညေ"တိ ဂရဟုပ္ပာဒနေနပန ဒေါသမေဝ ဇနေတိ။

ပဉ္စသီလ, ဒသသီလာဒိဘေဒံ ပန သီလံ ဒဟရဿာပိ မဟလ္လကဿာပိ သဗ္ဗဝယေသု သောဘတိယေဝ၊

"အဟောဝတာယံ သီလဝါ"တိ ပသံသုပ္ပာဒနေန သောမနဿ မေဝ အာဝဟတိ။

တေန ဝုတ္တံ သုခံ ယာဝ ဇရာ သီလန္တိ။

* သဒ္ဓါ ပတိဋ္ဌိတာတိ လောကိယ, လောကုတ္တရတော ဒုဝိဓာပိ သဒ္ဓါ နိစ္စလာ ဟုတွာ ပတိဋ္ဌိတာ။

* သုခေါ ပညာယ ပဋိလာဘောတိ လောကိယ, လောကုတ္တရ ပညာယ ပဋိလာဘော သုခေါ။

* ပါပါနံ အကရဏန္တိ သေတုဃာတဝသေန ပန ပါပါနံ အကရဏံ ဣမသ္မိံ လောကေ သုခန္တိ အတ္ထော။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၆)

http://www.dhammadownload.com


၁၁။ ဒွေမာနိ ဘိက္ခဝေ ဒါနာနိ။
ကတမာနိ ဒွေ?
အာမိသဒါနဉ္စ

ဓမ္မဒါနဉ္စ။

ဣမာနိ ခေါ ဘိက္ခဝေ ဒွေ ဒါနာနိ။
ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံဒါနာနံ၊
ယဒိဒံ ဓမ္မဒါနန္တိ။

(အံ၊ ပါ၊ ၁၊ ၉၀)

## အဋ္ဌကထာကောက်နုတ်ချက်

ဒါနာနီတိ ဒိယျနကဝသေန ဒါနာနိ၊
ဒေယျဓမ္မဿေတံ နာမံ။
သဝတ္ထုကာ ဝါ စေတနာ ဒါနံ၊
သမ္ပတ္တိပရိစ္စာဂဿေတံ နာမံ။

အာမိသဒါနန္တိ စတ္တာရော ပစ္စယာ ဒိယျနကဝသေန အာမိသဒါနံ နာမ။
ဓမ္မဒါနန္တိ ဣဓေကစ္စော အမတပတ္တိပဋိပဒံ ကထေတွာ ဒေတိ၊ ဣဒံ ဓမ္မဒါနံ နာမ။

(အံ၊ ဋ္ဌ၊ ၂၊ ၆၀)

## ဋီကာကောက်နုတ်ချက်

ဒီယတီတိ ဒါနံ၊
ဒေယျဓမ္မဿေတံ အဓိဝစနံ။
ဒီယတိ အနေနာတိ ဝါ ဒါနံ၊
ပရိစ္စာဂစေတနာယေတံ အဓိဝစနံ။
အမတ ပတ္တိပဋိပဒန္တိ အမတပ္ပတ္တိဟေတုဘူတံ သမ္မာပဋိပဒံ။

(အံ၊ ဋီ၊ ၂၊ ၅၈)

http://www.dhammadownload.com



၁၂။ မဏိဘဒ္ဒသုတ္တန်

ဧကံ သမယံ ဘဂဝါ မဂဓေသု ဝိဟရတိ မဏိမာလိကေ စေတိယေ မဏိဘဒ္ဒဿ ယက္ခဿ ဘဝနေ။

အထခေါ မဏိဘဒ္ဒေါ ယက္ခော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ

* သတိမတော သဒါ ဘဒ္ဒံ၊
သတိမာ သုခ မေဓတိ။
သတိမတော သုဝေ သေယျော၊
ဝေရာစ ပရိမုစ္စတီ တိ။

* သတိမတော သဒါ ဘဒ္ဒံ၊
သတိမာ သုခ မေဓတိ။
သတိမတော သုဝေ သေယျော၊
ဝေရာ န ပရိမုစ္စတိ။

* ယဿ သဗ္ဗမဟောရတ္တိံ
အဟိံသာယ ရတော မနော။
မေတ္တံသော သဗ္ဗဘူတေသု၊
ဝေရံ တဿ နကေနစီတိ။

(သံ၊ ပါ၊ ၁၊ ၂၁၀)

http://www.dhammadownload.com



## အဋ္ဌကထာကောက်နှုတ်ချက်

သုခ မေဓတီတိ သုခံ ပဋိလဘတိ။

သုခေ သေယျောတိ သုခံ သုခေ သေယျော၊ နိစ္စမေဝ သေယျောတိ အတ္ထော။

ဝေရာ နုပရိမုစ္စတီတိ အဟံ သတိမာတိ တွေကေန ဝေရတော နမုစ္စတိ။

ယဿာတိ ယဿ အရဟတော။

အဟိံသာယာတိ ကရုဏာယစေဝ ကရုဏာပုဗ္ဗဘာဂေစ။

မေတ္တံသောတိ သော မေတ္တဉ္စေဝ မေတ္တာပုဗ္ဗဘာဂဥ္စဘာဝေတိ။

အထဝါအံ သောတိ ကောဋ္ဌာသော ဝုစ္စတိ။

မေတ္တာ အံသော စေဿာတိ မေတ္တံသော။

ဣဒံ ဝုတ္တံ ဟောတိ ယဿ အရဟတော သဗ္ဗကာလံ အဟိံသာယ ရတော မနော၊

ယဿစ သဗ္ဗဘူတေသု မေတ္တာကောဋ္ဌာသော အတ္ထိ၊

တဿ ကေနစိ ပုဂ္ဂလေန သဒ္ဓိံ ဝေရံ နာမ နတ္ထိ ယက္ခာတိ။

(သံ၊ ဋ္ဌ၊ ၁၊ ၂၇၉)

## ဋီကာကောက်နှုတ်ချက်

မေတ္တံသောတိ မေတ္တစိတ္တံ အံသော ကော ကုသလကောဋ္ဌာသော တေဿာတိ မေတ္တံသော။

တဿ ကေနစီတိ တဿအရဟတော ကရုဏာယ မေတ္တာဘာဝနာယစ သာတိသယတ္တာ တဒဘာဝေန ကေနစိ ပုဂ္ဂလေန သဒ္ဓိံ ဝေရပ္ပသင်္ဂေါ နာမ နတ္ထိ။

ဣမိနာ ခီဏာသဝေပိ မေတ္တာကရုဏာဘာဝနာရဟိတေ ကောစိ အတ္တနော စိတ္တဒေါသေန ဝေရံ ကရေယျ၊

န ပန တာဒိသေ မေတ္တာကရုဏာစေတောဝိမုတ္တိ သမင်္ဂိတေ ကောစိ ဝေရံ ကရေယျ။

ဝေံ မဟိဒ္ဓိကာ ဗြဟ္မဝိဟာရဘာဝနာတိ ဒဿေတိ။

(သံ၊ ဋီ၊ ၁၊ ၃၁၁)

http://www.dhammadownload.com



၁၃။ သုခါ မတ္တေယျတာ လောကေ၊
အထော ပေတ္တေယျကာ သုခါ။
သုခါ သာမညတာ လောကေ၊
အထော ဗြဟ္မညတာ သုခါ။

မတ္တေယျတာတိ မာတရိ သမ္မာ ပဋိပတ္တိ။
ပေတ္တေယျတာတိ ပိတရိ သမ္မာ ပဋိပတ္တိ။
ဥဘယေန ပိ မာတာပိတူနံ ဥပဋ္ဌာနမေဝ ကထိတံ။
မာတာပိတရော ဟိ ပုတ္တာနံ အနုပဋ္ဌဟနဘာဝံ ဉတွာ အတ္တနော သန္တကံ ဘူမိယံ ဝါ နိဒဟန္တိ၊ ပရေသံ ဝါ ဝိဿဇ္ဇေန္တိ။
"မာတာပိတရော န ဥပဋ္ဌဟန္တိ" တိနေသံ နိန္ဒာပိ ဝဍ္ဎတိ၊ ကာယဿ ဘေဒါ ဂူထနိရယေပိ နိဗ္ဗတ္တန္တိ။

ယေ ပန မာတာပိတရော သက္ကစ္စံ ဥပဋ္ဌဟန္တိ၊ တေ တေသံ သန္တကံ ဓနမ္ပိ ပါပုဏန္တိ၊ ပသံသမ္ပိ လဘန္တိ၊
ကာယဿ ဘေဒါ သဂ္ဂေ နိဗ္ဗတ္တန္တိ။
တသ္မာ ဥဘယမ္ပေတံ သုခန္တိ ဝုတ္တံ။

သာမညတာတိ ပဗ္ဗဇိတေသု သမ္မာ ပဋိပတ္တိ။

ဗြဟ္မညတာတိ ဗာဟိတပါပေသု ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊
ဗုဒ္ဓသာဝကေသု သမ္မာ ပဋိပတ္တိယေဝ။
ဥဘယေနပိ တေသံ စတူဟိ ပစ္စယေဟိ ပဋိဇဂ္ဂနဘာဝေါ ကထိတော၊
ဣဒမ္ပိ လောကေ သုခံ နာမ ကထိတံ။
(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၅၊ ၃၂၆)

http://www.dhammadownload.com



## ၁၄။ ဘီတာသုတ္တန်

ကိံ သူဓ ဘီတာ ဇနတာ အနေကာ၊
မဂ္ဂေါစ နေကာယတနပ္ပဝုတ္တော။
ပုစ္ဆာမိ တံ ဂေါတမ ဘူရိပညာ၊
ကိသ္မိံ ဌိတော ပရလောကံ နဘာယေ။

* ဝါစံ မနဉ္စ ပဏိဓာယ သမ္မာ၊
ကာယေန ပါပါနိ အကုဗ္ဗမာနော။
ဗဟွန္နပါနံ ဃရ မာဝသန္တော၊
သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။
ဧတေသု ဓမ္မေသု ဌိတော စတူသု၊
ဓမ္မေ ဌိတော ပရလောကံ နဘာယေတိ။

(သံ၊ ပါ၊ ၁၊ ၄၀)

## အဋ္ဌကထာကောက်နုတ်ချက်

ပရလောကံ နဘာယေတိ ဣမသ္မာ လောကာ ပရံလောကံ ဂစ္ဆန္တော နဘာယေယျ။

ဗဟွန္နပါနံ ဃရမာဝသန္တောတိ အနုနာသိကလောပံ ကတွာ ဝုတ္တံ၊ ဗဟွန္နပါနေ ဃရေ ဝသန္တော။

သံဝိဘာဂီတိ အစ္ဆရာယ ဂဟိတမ္ပိ နခေန ဖာလေတွာ ပရဿ ဒတွာဝ ဘုဉ္ဇနသီလော။

ဧတေသု စတူသု ဓမ္မေသုဋ္ဌိတော ဓမ္မေဋ္ဌိတောနာမ ဟောတိ။

သော ဣတော ပရလောကံ ဂစ္ဆန္တော န ဘာယတိ။

(သံ၊ ဋ္ဌ၊ ၁၊ ၉၂၊ ၉၃)

http://www.dhammadownload.com



## ဋီကာကောက်နုတ်ချက်

သံဝိဘာဂီတိ အာဟာရုပရိဘောဂေ သမ္ဘဒေဝ ဝိဘာဇနသီလော။

ယထာ ဟိ သဒ္ဓေါ ပစ္စယံ ပစ္စုပ္ပန္နပေတွာ ဝတ္တုပရိစ္စာဂဿ ဝိသေသ ပစ္စယော် ကမ္မဖလဿ ပရလောကဿစ ပစ္စက္ခတောဝိယ ပတ္တိယာယနတော၊ ဧဝံ မုဒုဟာဒယော။

မုဒုဟာဒယော ဟိ အနုဒယံ ပတ္တာ ယံကိဉ္စိ အတ္တနော သန္တကံ ပရေသံ ဒေတိ။

ယော စ သံဝိဘာဂသီလော၊

သော အပ္ပကသ္မိမ္ပိ အတ္တနော သန္တကေ ပရေဟိ သာဓာရဏဘောဂီ ဟောတိ။

ဝဒညူ ဝဒါနိယတာယ ယာဂိနော ယုတ္တံ ယုတ္တကာလံ ဉတွာ အတ္တိကာနံ မနောရထံ ပူရေတီတိ ဝုတ္တံကူ''တိ (ပ) စတူသူတိ အာဟာ''တိ။

သမ္ပန္နသီလော ဟိ ပရလောကံ နဘာယေယျ။

သုဒ္ဓါသယဿ သမ္မာပယောဂေ ဋ္ဌိတဿ ကထံ ပရလောကတော ဘယန္တိ။

(သံ၊ ဋီ၊ ၁၊ ၁၃၈)

http://www.dhammadownload.com



၁၅။ * တေစာနေန ကိလေသာရဇယော မဂ္ဂေန ဟတာတိ အရိနံ ဟတတ္တာပိ အရ-ဟံ။

(ဝိ၊ ဋ္ဌ၊ ၁၊ ၈၄)

* ယထာ စ လောကေ ကေစိ ပဏ္ဍိတမာနိနော ဗာလာ အသိလောကဘယေန ရဟော ပါပံ ကရောန္တိ၊ ဧဝမေသ န ကဒါစိ ကရောတီတိ ပါပကရဏေ ရဟာဘာဝတောပိ အ-ရဟံ။

(ဝိ၊ ဋ္ဌ၊ ၁၊ ၈၇)

* အဂ္ဂဒက္ခိဏေယျတ္တာ စ စီဝရာဒိပစ္စယေ အရဟတိ ပူဇာဝိသေသဉ္စ၊ တေနေဝ, စ ဥပ္ပန္နေ တထာဂတေ ယေကေစိ မဟေသက္ခာ ဒေဝမနုဿာ၊ န တေ အညတ္ထပူဇံ ကရောန္တိ။

တထာ ဟိ ဗြဟ္မာ သဟမ္ပတိ သိနေရုမတ္တေန ရတနဒါမေန တထာဂတံ ပူဇေသိ၊

ယထာဗလဉ္စ အညေပိဒေဝါ မနုဿာ စ ဗိမ္ဗိသာရ, ကောသလ ရာဇာဒယော ပရိနိဗ္ဗုတမ္ပိစ ဘဂဝန္တံ ဥဒ္ဒိဿ ဆန္နဝုတိကောဋိဓနံ ဝိသဇ္ဇေတွာ အသောကမဟာရာဇာ သကလဇမ္ဗုဒီပေ စတုရာသီတိဝိဟာရသဟဿာနိ ပတိဋ္ဌာပေသိ၊

ကော ပန ဝါဒေါ အညေသံ ပူဇာဝိသေသာနန္တိ။ ဝံ ပစ္စယာဒီနံ အရဟတ္တာပိ အရဟံ။

(ဝိ၊ ဋ္ဌ၊ ၁၊ ၉၇)

http://www.dhammadownload.com



## ၁၆။ အနှစ်မွေးနေ့အတွက်

ပဥ္စန္နံ ဝေရာနံ သာဓာရဏာဘာဝေန ဟိ အသာရဿ ဓနဿ ဒါနံ သာရော၊

ဗဟုရောဂသာဓာရဏာဘာဝေန အသာရဿ သရီရဿ သီလဝန္တေသု အဘိဝါဒနာဒိကမ္မံ သာရော၊

အနိစ္စာဘိဘူတာဘာဝေန အသာရဿ ဇီဝိတဿ အနိစ္စာဒိဝသေန ဝိပဿနာယောဂေါ သာရော၊

တသ္မာ အသာရေဟိ ဘောဂေဟိ သာရဂ္ဂဟဏတ္ထံ ဒါနံ ဒဿာမိတိ။

(ဇာ၊ ဋ္ဌ၊ ၄။ ၇+၈)

### အချစ်မွေးနေ့အတွက်

ယေ စ ခေါ ကေစိ ကာယေန သုစရိတံ စရန္တိ၊
ဝါစာယ သုစရိတံ စရန္တိ၊
မနသာ သုစရိတံ စရန္တိ၊
တေသံ ပိယော အတ္တာ။
ယေစ ခေါ ကေစိ မဟာရာဇ ကာယေန သုစရိတံ စရန္တိ၊
ဝါစာယ သုစရိတံ စရန္တိ၊
မနသာ သုစရိတံ စရန္တိ၊
တေသံ ပိယော အတ္တာ။

(ပိယသုတ်၊ သံ၊ ပါ၊ ၁၊ ၇၁+၇၂)

http://www.dhammadownload.com



၁၇။　　အဂ္ဂသို ဒါန် ဒဒတံ၊

အဂ္ဂံ ပုညံ ပဝမှတိ။

အဂ္ဂံ အာယုစ ဝဏ္ဏောစ၊

ယသော ကိတ္တိ သုခံ ဗလံ။

(အံ၊ ပါ၊ ၁၊ ၃၄၅)

http://www.dhammadownload.com



## ၁၈။ ပိယဂိယာနိသုတ္တန်

အထခေါ ဘဂဝါ တေ လိစ္ဆဝိ ဧတဒဝေါစ "ပဉ္စန္နံ လိစ္ဆဝိ ရတနာနံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ။

ကတမေသံ ပဉ္စန္နံ?

* တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊
* တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသေတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊
* တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ ဝိညာတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊
* တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ ဝိညာတာ ဓမ္မာနုဓမ္မပ္ပဋိပန္နော ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ။
* ကတညူ ကတဝေဒီ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ။

ဣမေသံ ခေါ လိစ္ဆဝိ ပဉ္စန္နံရတနာနံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ"န္တိ။

(အံ၊ ပါ၊ ၁၊ ၂၀၈၊ ၂၀၉)

http://www.dhammadownload.com



## ၁၉။　အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ္တန်

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ
ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကတမာနိ ပဉ္စ?

* "ဇရာဓမ္မောမှိ၊
ဇရံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ
ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

* "ဗျာဓိဓမ္မောမှိ၊
ဗျာဓိ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ
ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

* "မရဏဓမ္မောမှိ၊
မရဏံ အနတီတော တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

* "သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

* "ကမ္မဿကောမှိ၊
ကမ္မဒါယာဒေါ
ကမ္မယောနိ
ကမ္မဗန္ဓု
ကမ္မပဋိသရဏော၊

ယံကမ္မံ ကရိဿာမိ ကလျာဏံဝါ ပါပကံဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီ"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

(အံ၊ ပါ၊ ၂၊ ၆၃)

ပေတာနဥ္စ အတ္တနော အနုမောဒနေန,
ဒါယကာနံ ဥဒ္ဒိသနေန,
ဒက္ခိဏေယျသမ္ပတ္တိယာ စာတိ တီဟိ အင်္ဂေဟိ ဒက္ခိဏာ တင်္ခဏညေဝ ဖလနိဗ္ဗတ္တိကာ ဟောတိ။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၂၅)

http://www.dhammadownload.com



## ၂၀။ သပ္ပုရိသဒါနသုတ္တန်

ပဉ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ။

ကတမာနိ ပဉ္စ?

### သဒ္ဓါယ ဒါနံ ဒေတိ၊

သဒ္ဓါယ ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊

အဍ္ဎော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊

အဘိရူပေါ စ ဟောတိ ဒဿနီယော ပါသာဒိကော ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော။

### သက္ကစ္စံ ဒါနံ ဒေတိ၊

သက္ကစ္စံ ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊

အဍ္ဎော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊

ယေ ပိဿ တေ ဟောန္တိ "ပုတ္တာ"တိဝါ "ဒါရာ"တိဝါ "ဒါသာ" တိဝါ "ပေဿာ" တိဝါ "ကမ္မကရာ"တိဝါ၊

တေပိ သုဿူသန္တိ၊ သောတံ ဩဒဟန္တိ၊ အညာ စိတ္တံ ဥပဋ္ဌပေန္တိ။

### ကာလေန ဒါနံ ဒေတိ၊

ကာလေန ခေါပန ဘိက္ခဝေ ဒါနံဒတွာ ယတ္ထ ယတ္ထ တဿဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊

အဍ္ဎော စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊

ကာလာဂတာ စဿ အတ္ထာ ပစုရာ ဟောန္တိ။

### အနုဂ္ဂဟိတ စိတ္တော ဒါနံ ဒေတိ၊

http://www.dhammadownload.com



အနုဂ္ဂဟိတစိတ္တော ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊

အဘော့စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊

ဥဠာရေသုစ ပဉ္စသုကာမ ဂုဏေသု ဘောဂေါယ စိတ္တံ နမတိ။

**အတ္တာနုဥ္ဇ ပရဥ္ဇ အနုပဟစ္စ ဒါနံ ဒေတိ၊**

အတ္တာနုဥ္ဇ အနုပဟစ္စ ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊

အဘော့စ ဟောတိ မဟဒ္ဓနော မဟာဘောဂေါ၊

န စဿ ကုတောစိ ဘောဂါနံ ဥပဃာတော အာဂစ္ဆတိ အဂ္ဂိတောဝါ, ဥဒကတောဝါ, ရာဇတောဝါ, စောရတောဝါ, အပ္ပိယတောဝါ ဒါယာဒတော။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ သပ္ပုရိသဒါနာနီတိ။

(အံ၊ ပါ၊ ၂၊ ၁၅၂)

http://www.dhammadownload.com



၂၁။ စိရဿ ဝေ ရာဧရယာ သုစိဗ္ဗာ၊
အဘော သရိရဿ ဧရဲ ဥပေတိ။
သတ္တဲ့ ဓမ္မော န ဧရဲ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။
(ဓာ၊ ပါ၊ ၂၊ ၁၃၆၊ ၁၄၁)

http://www.dhammadownload.com



## ၂၂။ အနန္တရာယိကမဂ္ဂကထာ

*　ဗုဒ္ဓါနံ ဓီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတု သဗ္ဗဒါ။
တေ

*　ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတု သဗ္ဗဒါ။
တေ

*　ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတု သဗ္ဗဒါ။
တေ

*　ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသလက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနဥ္စ ဗျာမပ္ပဘာယဝါ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဧတေန သစ္စဝဇ္ဇေန၊ တထာ မေ ဟောတု သဗ္ဗဒါ။
တေ

(ဝိ၊ ၄၊ ၁၊ ၁၄၇+၁၄၈။ ဗုဒ္ဓဝံသ၊ ၄၊ ၃၅၂)

http://www.dhammadownload.com



၂၃။ ဒါနံ ဒတွာ မဟာဘောဂေါ၊
သီလေန သုဂတူပဂေါ။
ဘာဝနာယစ နိဗ္ဗာတိ၊
ဣတိ ဗုဒ္ဓေါ ပဝေဒယိ။
(အပဒါနပါဠိ-၂၊ ၂၆၆)

http://www.dhammadownload.com



## ၂၄။ အာလောကသုတ္တန်

စတ္တာရော မေ ဘိက္ခဝေ အာလောကာ။

ကတမေ စတ္တာရော?

စန္ဒာ လောကော
သူရိယာလောကော
အဂ္ဂိလောကော
ပညာလောကော။

ဣမေ ခေါ ဘိက္ခဝေ စတ္တာရော အာလောကာ။

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ စတုန္နံ အာလောကာနံ ယဒိဒံ ပညာလောကောတိ။

(အံ၊ ပါ၊ ၁၊ ၄၅၆)

http://www.dhammadownload.com



၂၅။ အတ္တမ္ပိ ဓာတမ္ပိ သုခါ သဟာယာ။
တုဋ္ဌီ သုခါ ယာ ဣတရီတရေန။
ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။
(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၅)

* တတ္ထ အတ္ထမှိတိ ပဗ္ဗဇိတဿာပိ ဟိ စီဝရကရဏာဒိကေ ဝါ၊ အဓိကရဏဝူပသမာဒိကေ ဝါ၊ ဂိဟိနောပိ ကသိကမ္မာဒိကေ ဝါ၊ ဗလဝပက္ခသန္နိဿိတေဟိ အဘိဘဝနာဒိကေ ဝါ ကိစ္စေ ဥပ္ပန္နေ ယေ တံ ကိစ္စံ နိပ္ဖာဒေန္တိ ဝါ ဝူပသမေန္တိ ဝါ သဟာယာ။

ဝေရူပါ သုခါသဟာယာတိ အတ္ထော။

* တုဋ္ဌီ သုခါတိ ယသ္မာ ပန ဂိဟိနောပိ သကေန အသန္တုဋ္ဌာ သန္ဓိစ္ဆေဒါဒီနိ အာရဘန္တိ၊ ပဗ္ဗဇိတာပိ နာနပ္ပကာရံ အနေသနံ။ ဣတိ တေ သုခံ နဝိန္ဒန္တိယေဝ။ တသ္မာ ယာ ဣတရီတရေန ပရိတ္တေနဝါ ဝိပုလေနဝါ အတ္တနော သန္တကေန သန္တုဋ္ဌိ၊ အယမေဝ သုခါတိ အတ္ထော။

* ပုညန္တိ မရဏကာလေ ပန ယထာဇ္ဈာသယေန ပဝတ္တရိတွာ ကတပုညကမ္မမေဝ သုခံ။

* သဗ္ဗဿာတိ သကလဿပိ ပန ဝဋ္ဋဒုက္ခဿ ပဟာနသင်္ခါတံ အရဟတ္တမေဝ ဣမသ္မိံလောကေ သုခံ နာမ။
(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃၂၅၊ ၃၂၆)